ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com




အတွဲ(၁၀)၊ အမှတ်(၄၅)    ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည်    ၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် ၊ ကြာသပတေး၊ (ဇန်နဝါရီ ၂၆ ၊ ၂၀၁၂)



ကချင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းတစ်ခု၌ စစ်ဘေးဒုက္ခသည်များကိုတွေ့ရစဉ်။ ဓာတ်ပုံ - New York Times
ယခုအခါ အစိုးရတပ်များနှင့်ကေအိုင်အေကြား ဖြစ်ပွားနေသော တိုက်ပွဲများ အရှိန်လျော့ကျလာပြီး ဒေသတွင်းအခြေအနေမှာ ပိုမိုတည်ငြိမ်လာပြီဖြစ်သည်

# တွေ့ဆုံသွေးနွေးတဲ့ ၄၅ ရာမှာ ပွင့်လင်းဖို့အင်မတန် အရေးကြီးတယ်

ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာတူးဂျာနှင့် တွေ့ဆုံခြင်း

**အားမာန်**

ဒေါက်တာတူးဂျာသည် ကေအိုင်အို ဒုတိယဥက္ကဋ္ဌဟောင်းတစ်ဦးဖြစ်သည်။ ကေအိုင်အိုတွင် ဆေးရုံအုပ်တာဝန်၊ ဗဟိုကော်မတီဝင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို ၁၉၇၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

အချပ်ပို(B)သို့

ကုန်သွယ်ရေး မှောင်ခို

# ပြည်ပမှ မှောင်ခိုတင်သွင်းသော ပစ္စည်းများကို လိုက်လံစစ်ဆေး တော့မည်ဟုဆို

**အောင်သူရ**

**နေပြည်တော်၊ ဇန်နဝါရီ - ၂၃**

ပြည်ပမှ မှောင်ခိုတင်သွင်းသော ပစ္စည်းများကို သုံးလအတွင်း စစ်ဆေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က နေပြည်တော်တွင် ဇန်နဝါရီ ၂၃ ရက်ကပြုလုပ်သော ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးဆွေးနွေးပွဲ၌ပြောကြားသည်။

စာ(၁၂)သို့

# ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကိုစတင်ဖြေလျှော့

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

ဥရောပသမဂ္ဂ(အီးယူ)က မြန်မာနိုင်ငံအပေါ် ထားရှိသည့် အရေးယူပိတ်ဆို့မှုများအပေါ် ပထမအဆင့်ဖြေလျှော့သည့်အနေနှင့် သမ္မတအပါအဝင် အစိုးရထိပ်ပိုင်းအရာရှိများကို ဗီဇာပိတ်ပင်တားမြစ်ခြင်းကို ဖယ်ရှားပေးလိုက်ကြောင်း ဘရပ်ဆဲလ်မြို့တွင်ယနေ့ကျင်းပသော အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် သတင်းထုတ်ပြန်ခဲ့သည်။



အီးယူနိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်သူ ဗြိတိန်ဝန်ကြီး ဝီလျံဟေ့ဂ်ကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ပေါ်တွင်တွေ့ရစဉ်

# အာရှဖွံ့ဖြိုးမှုဘဏ်အကူအညီဖြင့် မြဝတီ - ကော့ကရိတ် ကားလမ်း တစ်နှစ်ခွဲအတွင်း အပြီးဖောက်လုပ်မည်

**အောင်သူရ**

**နေပြည်တော်၊ ဇန်နဝါရီ - ၂၃**

အာရှအဝေးပြေးလမ်းမကြီးပေါ်တွင်ပါဝင်သောမြဝတီ-ကော့ကရိတ်ကားလမ်းဖောက်လုပ်ရန်အတွက် အာရှဖွံ့ဖြိုးမှုဘဏ်က အကူအညီပေးမည်ဖြစ်ကြောင်း ကရင်ပြည်နယ် စီးပွားရေးဝန်ကြီးကပြောကြားသည်။

စာ(၁၂)သို့




# ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးခရီးစဉ်အဖြစ် ထားဝယ်၊မန္တလေး၊ပုသိမ်မြို့များသို့သွားမည်

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၂**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည်နေအိမ်အကျယ်ချုပ်မှလွတ်မြောက်လာပြီးနောက် ပထမဆုံးအကြိမ် နိုင်ငံရေးခရီးစဉ်အဖြစ် လာမည့် ဇန်နဝါရီ ၂၉ရက်တွင်ထားဝယ်မြို့သို့ နေ့ချင်းပြန်ခရီး သွားရောက်မည်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည် ထားဝယ်မြို့သို့ လာရောက်မည့် ခရီးစဉ်နှင့်ပတ်သက်၍ ထားဝယ်ဒေသခံတစ်ဦးက "လာမယ်ကြားတော့ဝမ်းသာတာပေါ့ဗျာ။ တစ်မြို့လုံးလည်းသိထားနေကြပြီဖြစ်တော့ ဝမ်းသာပါတယ်။ လောင်းလုံကို သွားမယ်သိရတယ်"ဟု ပြောကြားသည်။ ထားဝယ်မြို့တွင် လစ်လပ်နေရာမရှိဘဲ လောင်းလုံမြို့နယ်တွင်သာ လစ်လပ်မဲဆန္ဒနယ်ရှိသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်သည်ထားဝယ်မြို့မှတစ်ဆင့် ၁၀ မိုင်ကျော်ဝေးသော လောင်းလုံမြို့သို့ဆက်လက်သွားရောက်မည်ဟုသိရသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

# အစိုးရစိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရက် နှစ်လခွဲ နောက်ဆုတ်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

၂၀၁၁-၁၂ ဘဏ္ဍာနှစ်အတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးစရိတ် ချေးငွေရယူထားသော လယ်သမားများချေးငွေပြန်ဆပ်ရမည့် နောက်ဆုံးရက်ကို ၂၀၁၂ ခုနှစ် မတ် ၃၁ ရက်ထိ သတ်မှတ်ထားကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းမှ သတင်းရရှိသည်။

ယခင်က အဆိုပါဘဏ်ချေးငွေကိုဇန်နဝါရီလ ၁၅ရက်နောက်ဆုံးထားပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်ခွဲ၍ ကောက်ခံခြင်းဖြစ်ကြောင်းသိရသည်။ မိုးစပါးပေါ်ချိန်တွင် စပါးဈေးလွန်စွာကျဆင်းနေသဖြင့် အချိန်ပိုရပါက စပါးကို အချိန်စောင့်၍ ရောင်းချနိုင်သည်။ သို့သော် မတ်လကုန်ထိ ဘဏ်အကြွေးဆပ်၍ရသည်ကို တောင်သူများက သတင်းမရရှိခဲ့သည့်အတွက် ရသည့်ဈေးနှင့် ရောင်းချသူများရှိကြောင်း အဆိုပါအသင်းမှ တွဲဖက်အထွေထွေအတွင်းရေးမှူးဒေါက်တာစိုးထွန်းက ရှင်းပြသည်။



ပုဂ္ဂလိကကုမ္ပဏီတစ်ခုက ရောဝတီတိုင်း ညောင်တုန်းမြို့မှ ဒေသခံတောင်သူများ ချေးငွေထုတ်ပေးခဲ့စဉ် ဓာတ်ပုံ-အောင်သူရ

"ခုလိုမျိုးဆိုရင်ပဲပေါ်မှ ဆပ်လို့ရတာပေါ့။ စပါးကိုဈေးထိန်းပြီးတော့ ရောင်းလို့ရတယ်။ လယ်သမားတွေက မတ်လကုန်ထိဆပ်လို့ရတာမသိဘူး"ဟု ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဆန်စပါးလုပ်ငန်းအသင်း ဥက္ကဋ္ဌကဆိုသည်။

ယခုနှစ်ပြည်တွင်း၌ မိုးစပါးပေါ်ချိန်တွင် စပါးဈေး ကျဆင်းနေသဖြင့် တောင်သူများအခက်အခဲများနှင့် ကြုံတွေ့နေရသည်။ မိုးလယ်ကာလတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် စပါးခင်းများ ရေနစ်ပြီး အထွက်ဆုတ်ခဲ့သည်။

စပါးပေါ်ချိန်တွင်လည်း ဈေးကောင်းမရသဖြင့်ချေးငွေများ ပြန်ဆပ်ချိန်ကို နောက်ဆုတ်ပေးရန် တိုက်တွန်းလိုကြောင်း ပြည်ခရိုင်မှ လယ်သမားတစ်ဦးက ဆိုသည်။

ယခုနှစ်ပြည်တွင်း၌ စပါးဈေးကျဆင်းနေမှုကို ကာကွယ်ရန် နိုင်ငံတော်မှလည်း အရန်ဆန်တန်ချိန် ၁၀၀,၀၀၀ (စပါးတင်း ၈,၅၀၀,၀၀၀) ကို တစ်တင်းလျှင် ၃,၀၀၀ ကျပ်အနိမ့်ဆုံးသတ်မှတ်ဝယ်ယူရန်စီစဉ်နေသည်။ သို့သော် အချိန်ကာလ အနည်းငယ်နောက်ကျနေသည့်အတွက် လယ်သမားများလက်ထဲတွင် စပါးလက်ကျန်နည်းနေနိုင်ကြောင်းလည်း သတင်းရရှိသည်။

# ဖမ်းဆီးရမိသော ကျွန်းနှင့်သစ်မာများ လေလံပစ်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၀**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ဖမ်းဆီးရမိသော ကျွန်းနှင့် သစ်မာများကိုယခုလ ၂၆ရက်တွင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ လေလံတင်ရောင်းချမည့်သစ်များမှာ ကျွန်းသစ်လုံး ၁၀၀ ဒသမ ၈၁၇၀ တန်၊ ကျွန်းခွဲသား ၄၃ ဒသမ ၉၈၂၀ တန်၊ ကျွန်းတိုင် ၂ ဒသမ ၃၇၈၀ တန်၊ သစ်မာသစ်လုံး ၃ ဒသမ ၈၁၄၀ တန်နှင့် သစ်မာခွဲသား ၃၇ ဒသမ ၇၂၉၄တန်တို့ဖြစ်ကြောင်းသိရသည်။ ယင်းသစ်များကို ဇန်နဝါရီ၂၆ရက် နံနက် ၁၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူများမှာ လေလံတင် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ကသာခရိုင်ရှိလက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ဝယ်ယူနိုင်ပြီး၊ ရောင်းချမည့်သစ်များမှာ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်မှ ဖမ်းဆီးရမိထားသော သစ်များဖြစ်သည်။

# အစိုးရနှင့်ကေအိုင်အိုကြား စစ်ရေးအရှိန်လျှော့ချမည်

**အောင်သူရ** **ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ကေအိုင်အို ကိုယ်စားလှယ်တို့ ၂ရက်ကြာ တွေ့ဆုံပြီးနောက် စစ်ရေးအရှိန်များကို ထိန်းသိမ်းသွားရန်နှင့် ယုံကြည်မှုတည်ဆောက်ရန် ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိနှစ်ဖက်တပ်များအား ညှိနှိုင်းဆောင်ရွက်ရန် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

စာ(၁၂)သို့



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အပစ်အခတ်ရပ်စဲရေး သဘောတူပြီးနောက် မြဝတီမြို့ မြေခါဈေး မြင့်လာ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ကရင်အမျိုးသားအစည်းအရုံး(ကေအင်န်ယူ)နှင့် ပြည်နယ်အဆင့် အပစ်အခတ် ရပ်စဲပြီးနောက် မြဝတီမြို့ အိမ်ခြံမြေဈေးနှုန်းကိုကျပ်သိန်းထောင် ချီ၍ ဈေးခေါ် လာကြကြောင်း သတင်းရရှိသည်။

"အာရှလမ်းမကြီးတစ်လျှောက် သင်္ကန်းညီ နောင်ထိပေါ့။ အဲဒီနေရာတွေမှာ ပေ ၄၀×၆၀ တစ် ကွက်ကိုသိန်းငါးထောင်၊ခြောက်ထောင်အထိဈေး ခေါ် နေပြီ" ဟု မြဝတီမြို့ခံကုန်သည်တစ်ဦးကဆို သည်။ သို့သော် မြေကွက်အများစုမှာကျပ်သိန်းနှစ် ထောင်ဝန်းကျင်ဖြင့်သာ အရောင်းအဝယ်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များဖွင့်ရန် လာရောက်ဝယ်ယူကြ ခြင်းလည်းပါသည်။

ကေအင်န်ယူနှင့် အပစ်အခတ်ရပ်စဲပြီး နောက် တည်ငြိမ်မှုများရှိလာ၍ မြဝတီမြို့အနီး သင်္ကန်းညီနောင်တွင် စက်မှုဇုန်တစ်ခုပြုလုပ်မည် ဟု အပစ်အခတ်ရပ်စဲသည့်နေ့တွင် ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌကပြောသည်။ သို့သော် အဆိုပါ စက်မှုဇုန်အား ယခုရက်ပိုင်းအထိ အကောင်အ ထည်ဖော်ခြင်း မရှိသေးကြောင်း ဒေသခံများထံမှ သိရသည်။ ဖေဖော်ဝါရီလလယ်တွင် ထိုင်းလုပ်ငန်း ရှင်၃၀ဦးက ဘားအံနှင့် မြဝတီစက်မှုဇုန်သို့ လာ ရောက်ကြည့်ရှုမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

**PHOTO NEWS**

တရုတ်နှစ်သစ်ကူး ကာလတွင် ဇန်နဝါရီ ၂၃ ရက်ညက ရန်ကုန် မြို့လယ်၌ တရုတ်ရိုးရာ ခြင်္သေ့အကဖြင့် ကပြနေသည်ကို ကြည့်ရှုသူများနှင့်အတူ တွေ့ရစဉ်။ တရုတ်ရိုးရာ အယူအဆအရ ယုန်နှစ် ကုန်ဆုံးပြီးနောက် ၂၀၁၂မှာ ဇန်နဝါရီ၂၂ရက်မှစ၍ နဂါးနှစ်သို့ ရောက်ရှိ လာပြီဖြစ်သည်

# ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့အချို့ ရခိုင်ပြည်နယ် သုံးခွင့်ရမည်ဟုဆို

**မာန်ယုကျော်**

**ကျောက်ဖြူ၊ ဇန်နဝါရီ- ၂၁**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် တူး ဖော်လျက်ရှိသည့် ရွှေလုပ်ကွက်မှ ထွက်ရှိ သည့် သဘာဝဓာတ်ငွေ့အချို့ကို ရခိုင် ပြည်နယ်အကျိုးအတွက် သုံးစွဲခွင့်ရမည် ဟု ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန် လင်းကပြောသည်။

"ကျောက်ဖြူမှာ ခုလက်ရှိတူးဖော်နေ တဲ့ရွှေဂက်(စ်)က ထွက်ရှိတဲ့သဘာဝဓာတ် ငွေ့တွေကိုရခိုင်ပြည်နယ်အတွက် ဘာတစ် ခုမှ သုံးစွဲခွင့်မရဘဲ တရုတ်နိုင်ငံကို ရောင်း ချမယ်ဆိုတာ မဟုတ်ပါဘူး။ ထွက်ရှိလာတဲ့ သဘာဝဓာတ်ငွေ့ရဲ့ ၅ ပုံ ၁ ပုံလောက်ကို ပြည်နယ်အကျိုးအတွက် သုံးစွဲခွင့်ရမှာပါ" ဟု ယခုလ ၆ ရက်က စစ်တွေမြို့၊ ဦးဥတ္တမ ခန်းမတွင် ကျင်းပခဲ့သည့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် ကုလားတန်မြစ် ဘက်စုံစီမံကိန်း ဆွေးနွေးပွဲ၌ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းက ပြော ကြားသွားခြင်းဖြစ်သည်။ ထို့အပြင် ပြည် နယ်အတွက် သုံးစွဲခွင့်ရသည့် သဘာဝ ဓာတ်ငွေ့များကို စစ်တွေမြို့သို့ သယ်ယူ သွားရန်အစီအစဉ်ရှိကြောင်းနှင့် ယင်းကိစ္စ အတွက် နောက်ပိုင်းတွင် တာဝန်ရှိသူများ နှင့် ဆွေးနွေးသွားရဦးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

စာ(၁၂) သို့






7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## CRIME CORNER

### တရုတ်သို့ မှောင်ခိုတင်ပို့မည့် မြွေအကောင်ရေ ၉,၀၀၀ ကျော် ဖမ်းမိ

**စိုင်းသာအောင်၊ မင်းဒင်**

**မန္တလေး၊ ဇန်နဝါရီ- ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အနီးစခန်းတွင် တရုတ်နိုင်ငံသို့တင်ပို့မည့်မြွေသေတ္တာ အလုံးပေါင်း လေးရာကျော် တင်ဆောင်လာသော တီအီးကားနှစ်စီးအား ဇန်နဝါရီလ ၁၂ရက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

မြွေများကို တရုတ်နှစ်သစ်ကူးပွဲတော်အတွက် တင်ပို့လေ့ရှိပြီး ပြီးခဲ့သည့် တရုတ်နှစ်သစ်ကူးပွဲတော် မတိုင်မီကလည်း ယခုကဲ့သို့ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမြွေသေတ္တာပေါင်းလေးရာထဲမှမြွေပွေး၁,၉၁၁ကောင်၊မြွေဟောက်၄၈ကောင်နှင့်လင်းမြွေ၇,၂၁၇ကောင်ပါဝင်သည်။

ဖမ်းဆီးရမိသည့် ယင်းမြွေများအား ဇန်နဝါရီ ၁၃ ရက်ညက မန္တလေးမြို့ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင် ခေတ္တသိမ်းဆည်း၍ မြွေပွေးနှင့်မြွေဟောက်များအားမြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသို့လည်းကောင်း၊လင်းမြွေများအား ရွှေဥဒေါင်းဘေးမဲ့တောသို့လည်းကောင်း ပေးပို့ကာ ဘေးမဲ့ လွှတ်မှုများ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုမြွေများအားသယ်ဆောင်လာသောယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်နှင့်ဆက်နွယ်သူ ၆ဦးအား ပြင်ဦးလွင်ရဲစခန်းတွင် အမှုဖွင့်အရေးယူထားသည်။

မြွေသားမှာတရုတ်နိုင်ငံရှိစားသောက်ဆိုင်နှင့်ဟိုတယ်များတွင် လူကြိုက်များသော ဟင်းလျာတစ်မျိုးဖြစ်ကြောင်း ထိုကားများ ဖမ်းဆီးရာတွင်ပါဝင်သော သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ တရုတ်နှစ်သစ်ကူး ကာလများတွင် မြန်မာနိုင်ငံမှ မြွေများအပြင် လိပ်၊ မျောက်၊ သမင်၊ ဒရယ်၊ ဆတ်၊ ချေ၊ ယုန်အပါအဝင် တောကောင်မျိုးစုံကို နည်းမျိုးစုံဖြင့် မှောင်ခိုတင်ပို့လေ့ရှိသည်။

### မိခင်နှင့် စိတ်ဆိုးကာ ကိုယ့်အိမ်ကိုယ် မီးရှို့မှုဖြစ်

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇန်နဝါရီ- ၂၀**

မိခင်ဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး စိတ်ဆိုးကာ ကိုယ့်အိမ်ကိုယ် မီးနှင့်ပြန်ရှို့ခဲ့သော ဖြစ်စဉ်တစ်ခု နေပြည်တော် ပျဉ်းမနား၌ ယခုလ ၁၉ရက် ညဦးပိုင်းက ဖြစ်ပွားခဲ့ကြောင်းသိရသည်။

နေပြည်တော်ပျဉ်းမနားမြို့၊ နတ်သူရဲကျေးရွာအုပ်စု၊ နတ်သူရဲရွာတွင် ယခုလ ၁၉ရက်ည ၈း၄၅ မိနစ်အချိန်ခန့်က မီးလောင်မှုတစ်ခုဖြစ်ပွားကြောင်း၊ သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အဆိုပါ မီးလောင်မှုဖြစ်ပွားသောနေအိမ်တွင်နေထိုင်သူဇော်မင်းဦး(၃၀နှစ်)သည်ယင်း၏ မိခင်ဖြစ်သူနှင့် ရန်ဖြစ်စကားများစိတ်ဆိုးပြီး နေအိမ် သက်ငယ်မိုးအား မီးခြစ်ဖြင့် မီးရှို့ရာမှ သုံးပင်ပတ်လည် နေအိမ်ခေါင်မိုးတစ်ဝက်နှင့်(၆)ပေခန့်ရှိအဖီမိုးတစ်ဝက် လောင်ကျွမ်းသွားကြောင်းသိရသဖြင့် ရဲတပ်ဖွဲ့မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရသည်ဟုသိရသည်။

အဆိုပါအမှုကို နေပြည်တော်ပျဉ်းမနားရဲတပ်ဖွဲ့မှ နေပြည်တော်ပျဉ်းမနားရဲတပ်ဖွဲ့စခန်း(ပ)၆၅/ ၂၀၁၂ပုဒ်မ ၄၃၆ (မီး ရှို့မှု)အရ အမှုဖွင့်ခဲ့ပြီး မီးရှို့သူ ဇော်မင်းဦးမှာ ထွက်ပြေးတိမ်းရှောင်သွားနေ၍ လိုက်လံဖမ်းဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စုစုပေါင်း မီးလောင်ကျွမ်းချိန်က ငါးမိနစ်ပဲရှိပါတယ်။ အားလုံးက ဝိုင်းငြိမ်းသတ်တာမြန်လို့ပါ။ စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးက နှစ်သောင်းခွဲပဲရှိပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အများပိုင်ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ ယာယီဖွဲ့စည်း

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

အများပိုင်ကုမ္ပဏီအား ဒါရိုက်တာ ၂၉ဦး၊ တည်ထောင်သူ ၅၀ဦးဖြင့် ယာယီဖွဲ့စည်းထားလိုက်ပြီဖြစ်ကြောင်း ဒါရိုက်တာအဖွဲ့ဝင် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာစိုးထွန်းကပြောသည်။

"ဦးချစ်ခိုင်နဲ့ဦးဇော်ဇော်တို့က ဝမ်းဘီလီယံ(ကျပ်)စီထည့်တယ်။ လောလောဆယ် ခုနစ်ဘီလီယံရထားတယ်"ဟု ဒေါက်တာ စိုးထွန်းကပြောသည်။ ထို့အပြင် အများပိုင်ကုမ္ပဏီအတွက် နာမည် ၁၁ခုအား မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်သည်။ သက်ဆိုင်ရာက ခွင့်ပြုချက်ရရှိပြီးနောက် ရှယ်ယာများအား သွားလာရလွယ်ကူသောနေရာများတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောသည်။

အဆိုပါကိစ္စ ဆွေးနွေးရန်အတွက် အများပိုင်ကုမ္ပဏီတည်ထောင်သူများမှာ ဇန်နဝါရီ၂၃ရက်တွင် နိုင်ငံတော်သမ္မတနှင့်တွေ့ဆုံရန်ရှိကြောင်း သတင်း ရရှိသည်။

# သစ်နှင့် သစ်အခြေခံထုတ်ကုန် တန်ချိန်ကိုးသိန်းကျော် တင်ပို့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**



**သစ်လုံးသယ်ယာဉ်တစ်စီးကိုတွေ့ရစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သစ်နှင့်သစ်အခြေခံပစ္စည်းများကို ၂၀၁၀-၁၁ ဘဏ္ဍာနှစ်အတွက် ပြည်ပတင်ပို့မှုမှာ တန်ချိန်ကိုးသိန်းကျော်တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးမျိုးသက်က နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင်ပြောကြားခဲ့သည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ပြီးခဲ့သည့် ၂၀၁၀-၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်ပပို့ကုန်တန်ဖိုး၏ ၄၉ ဒသမ ၁၁ ဘီလီယံကျပ် (တစ်ဒေါ်လာ ၈၅၀ဖြင့်တွက်ပါဒေါ်လာ ၅၇သန်းကျော်)တန်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း စာရင်းဇယားများတွင် ဖော်ပြထားသည်။

သစ်မျိုးစုံ တင်ပို့မှုတန်ချိန်မှာ ၃ ဒသမ ၅ ဘီလီယံကျပ် တန်ဖိုးရှိသည်။ ကျွန်းသစ်တန်ချိန်မှာ တန်ချိန် ၂ ဒသမ ၄၃ သိန်း တင်ပို့နိုင်ခဲ့၍ ကျွန်းသစ်တင်ပို့မှုတန်ဖိုးမှာ ၁ ဒသမ ၇၄ ဘီလီယံကျပ် ရှိခဲ့သည်။

သစ်မာတင်ပို့မှုတန်ချိန်မှာ ၂ဒသမ ၁၂ သိန်းရှိပြီး တန်ဖိုး အားဖြင့် ၁ ဒသမ ၆ ဘီလီယံရှိသည်။ အထပ်သားတင်ပို့မှုမှာလည်း ၁၁၈ သန်း တင်ပို့နိုင်ခဲ့သည်ဟု အထက်ပါပုဂ္ဂိုလ်များကပြောသည်။

ယင်းသို့ တင်ပို့နိုင်သော်လည်း ကုန်ကြမ်းနှင့် တစ်ဝက်တစ်ပျက် ကုန်ချောအဖြစ်သာ တင်ပို့နိုင်သောကြောင့် ပို့ကုန်ဝင်ငွေများစွာ လျော့နည်းနေသေးကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

သစ်တောထွက်ပစ္စည်း ကုန်သွယ်မှုကဏ္ဍနှင့်ပတ်သက်၍ သစ်လုံးတင်ပို့မှုကို မှီခိုနေပြီး အချောထည်တင်ပို့မှုမှာ စုစုပေါင်း တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းအောက်တွင်သာရှိသည်ဟု အသင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

# ပြည်ပဈေးကွက် ယှဉ်ပြိုင်မှုမြှင့်တင်ရန် မြန်မာ့ဆန်တစ်တန် ဒေါ်လာ ၂၀ ဈေးချ

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ပြည်ပသို့တင်ပို့မည် မြန်မာဆန် ၂၅ မှတ်ကို ယခုလကုန်ပိုင်းမှ စတင်၍ တစ်တန်လျှင် ကန်ဒေါ်လာ ၂၀ လျှော့ချသတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ သတင်းထုတ်ပြန်သည်။

ပြည်ပပို့ကုန်ရငွေ တန်ဖိုး ပြန်မြင့်တက်လာသည့်အတွက် ယခင်က တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀ ရောင်းချရာမှ ၃၃၀ သို့ လျှော့ချလိုက်ခြင်းဖြစ်သည်။ ပြည်ပပို့ကုန်ရငွေတန်ဖိုးသည် ယခုရက်ပိုင်းတွင် တစ်ဒေါ်လာလျှင် ၈၅၀ ကျပ်ထိဈေးမြင့်လာကြောင်း အဆိုပါအသင်းမှတွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးထွန်းကဆိုသည်။

"ဒီဈေးနဲ့ဆို တစ်ဖက် ဝယ်သူကလည်းဝယ်ဖို့ရှိတယ်။ အိန္ဒိယကလည်း သူ့ဆန်ကို ၃၃၅ဒေါ်လာထိ ဈေးချလိုက်တယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။ ယခင်က အိန္ဒိယကလည်း ၎င်းတို့၏ ဆန်တစ်တန်လျှင် ၃၅၀ ဒေါ်လာသတ်မှတ်ထားသည်။

သုံးလနီးပါးကြာ ရပ်နားခဲ့ရသော ပြည်ပသို့ဆန်တင်ပို့မှုကို ၂၀၁၂နှစ်ဆန်းပိုင်းတွင်ပြန်လည်စတင်နိုင်ပြီး ၂၅ မှတ် အမျိုးအစားတန်ချိန် ၁၅,၀၀၀ ခွဲတင်ပို့ခဲ့သည်။ ရောင်းချသောဆန်များမှာ အာဖရိကနိုင်ငံများမှ ဝယ်ယူခြင်းဖြစ်ပြီး တစ်တန်လျှင်ကန်ဒေါ်လာ ၃၅၅ ထိ ရရှိခဲ့သည်။

ထို့အပြင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် တစ်လလျှင် တန်ချိန် ၇၀,၀၀၀ တင်ပို့နိုင်ရန် ခန့်မှန်းကြောင်းလည်း ဒေါက်တာစိုးထွန်းကဆိုသည်။

ယခုနှစ်မိုးစပါးပေါ်ချိန်တွင် ပြည်ပသို့ တင်ပို့မှုနည်းခဲ့သဖြင့် စပါးဈေးနှုန်းမှာ ပြည်တွင်း၌ တင်းတစ်ရာလျှင် အမျိုးအစားအလိုက် ကျပ် ၂၅၀,၀၀၀ မှ ၃၃၀,၀၀၀ ကြားသာ ဈေးရှိသည်။ သို့သော် ယင်းဈေးများမှာ စပါးတစ်တင်းလျှင် အနည်းဆုံးပေါင် ၅၀ ဈေးနှုန်းများသာ ဖြစ်သည်။ ရန်ကုန်ဈေးကွက်တွင် ၂၅ မှတ်ဆန်ဈေးမှာလည်း တစ်အိတ်လျှင် ၁၁,၅၀၀ ကျပ်ဝန်းကျင်သာရှိသည်။



7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012



# ကားပြပွဲတွင် ဝယ်သူအများစု တန်ဖိုးကျပ်သိန်း ၃၀၀ မှ ၄၀၀ အတွင်း အဓိကဝယ်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၂**

ပထမအကြိမ် ကျင်းပခဲ့သော ကားနှင့် ကုန်စည်ပြပွဲတွင် ကျပ်သိန်းသုံးရာမှ လေးရာခန့်အတွင်း ရှိ မော်ဒယ် ၂၀၀၀ နှင့်အထက် ကားများ အများဆုံးရောင်းချခဲ့ရကြောင်း သတင်းရရှိသည်။

မော်ဒယ်မြင့် Toyota, Honda, Pajero, Mark II စသော အမှတ်တံဆိပ်များမှ အင်ဂျင်ပါဝါ ၂၀၀၀၊ ၁၃၀၀၊ ၁၅၀၀၊ ၃၀၀၀ စီစီ ကားများကို ဝယ်ယူသူများကြောင်း ကားတင်သွင်းသော ကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောသည်။ အဆိုပါပြပွဲလေးရက်အတွင်းပြခန်းတစ်ခုလျှင်လူစီးကား အစီးရေ ၄၀ ခန့်စီရောင်းချရပြီး လုပ်ငန်းသုံးကုန်တင်ယာဉ်များလည်း တစ်ရက်လျှင် ၁၅ စီးအထက်ရောင်းရကြောင်း သတင်းရရှိသည်။ ယင်းကားပြပွဲတွင်ရောင်းချသောဈေးနှုန်းသည်အပြင်ပေါက်ဈေးထက်လျှော့၍ ရောင်းချပေးသည်ဟုဆိုသည်။ စက်မှုဇုန်ထုတ်ကားအချို့လည်း ဝင်ရောက်ပြသခဲ့ပြီး အချို့အရောင်းဆိုင်ခန်း၌ အရစ်ကျ ငွေချေစနစ်ဖြင့်လည်း ရောင်းချပေးခဲ့သည်။ ***စာ(၂၈) သို့***




*ကားပြပွဲတွင် ပြသထားသောကားတစ်စီးနှင့် သရုပ်ပြနေသော မော်ဒယ်တစ်ဦးကိုတွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# လွတ်မြောက်လာသော ယုံကြည်ချက်အကျဉ်းသားတစ်ဦး ကွယ်လွန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၃**

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ယခုလ ၁၃ ရက်က လွတ်မြောက်ခဲ့သော ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ဦးသက်နွယ် (ခေါ်)ဦးငြိမ်းလူမှာ ထောင်တွင်း၌ဖြစ်ပွားခဲ့သောရောဂါများဖြင့် ဇန်နဝါရီ ၂၂ ရက်က ကွယ်လွန်သွားခဲ့သည်။

အသက်၅၄နှစ်ရှိပြီဖြစ်သောဦးသက်နွယ်သည် ၂၀၀၂ခုနှစ်အောက်တိုဘာ ၁၁ ရက်ကတည်းက ၁၇/၁၊ ပုဒ်မ ၃၊ ၅၂/၃ တို့ဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းအပါအဝင် ၃၈ နှစ် ကျခံခဲ့ရသူဖြစ်သည်ဟု အစ်မဖြစ်သူ ဒေါ်မာလာနွယ်ကပြောကြားသည်။ အကျဉ်းထောင်တွင် ၁၀ နှစ်ကြာ နေထိုင်အပြီးတွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်လာသော်လည်း ထောင်တွင်း၌ ခံစားခဲ့ရသော အဆုတ်ရောဂါ၊ အသည်းရောဂါများဖြင့် ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်။

"သူ့ကို လွှတ်တဲ့နေ့မှာ ထောင်ဘူးဝအထိ ဆိုက်ကားနဲ့ တင်လာတယ်။ ထောင်က ထွက်ကတည်းက လူသုံးယောက်လောက်တွဲပြီးထုတ်လာရတာ။ ထောင်ထဲမှာလည်း ဆေးရုံတက်နေရတာ။ ဆုံးတာကတော့ အိမ်မှာပဲဆုံးသွားတာ"ဟုနိုင်ငံရေးအကျဉ်းသားလွတ်မြောက်ရေးလှုပ်ရှားသူများအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဦးသက်နွယ်သည် 'ငြိမ်းလူ' အမည်ဖြင့် ကဗျာများရေးသားခဲ့ပြီး ရွှေပြည်သာမြို့နယ်ရှိလူငယ်လှုပ်ရှားမှုအဖွဲ့နှင့်တွဲဖက်လုပ်ဆောင်ခဲ့သော NLD ပါတီဝင်တစ်ဦးဖြစ်ကြောင်း သိရသည်။

# သိပ္ပံဈေး အဆင့်မြှင့်ရန် ဈေးသူဈေးသားများ၏ ဆန္ဒမဲကောက်ယူဆုံးဖြတ်

**ကျော်သီဟ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ရန်ကုန်မြို့၊ အလုံမြို့နယ် ကမ်းနားလမ်းနှင့် ဆင်မင်းလမ်းရှိသိပ္ပံဈေးကို ဈေးသူ၊ ဈေးသားများ၏ ဆန္ဒဖြင့် အဆင့်မြှင့်တင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဈေးအဆင့်မြှင့်၊ မမြှင့် ဆန္ဒမဲကောက်ခံမှုကို ဇန်နဝါရီဒုတိယပတ်က ပြုလုပ်ခဲ့ရာစုစုပေါင်း ၆၅၅ မဲတွင် ထောက်ခံမဲ ၄၇၀ နှင့် ကန့်ကွက်မဲ ၁၈၅ မဲရခဲ့ကြသည်။ သိပ္ပံဈေးတွင် ကုန်ပစ္စည်းမျိုးစုံရောင်းသည့် ဆိုင်ခန်းပေါင်း ၇၂၇ ခန်းရှိပြီး ကိုယ်ထူကိုယ်ထ အဆင့်မြှင့်တင်ရန် ဆန္ဒပြုခဲ့ကြခြင်းဖြစ်သည်။

"ဈေးသူဈေးသားတွေကို မြေညီထပ်မှာ ဆိုင်ခန်းပြန်ပေးသွားမှာပါ။ ဆောက်လုပ်မယ့်နေရာက ဈေးရဲ့ညာဘက်ခြမ်းဘောလုံးကွင်းနောက်မှာပါ"ဟု ဈေးများဌာနတာဝန်ရှိသူတစ်ဦးက ဆိုသည်။ လက်ရှိ သိပ္ပံဈေးမှာ အကျယ်အဝန်းအားဖြင့် ၂၄၀ ပေနှင့် ၁၆၀ပေ၊ စတုရန်းပေ ၃၈,၄၀၀ ရှိပြီး၊ ၁၉၅၀ပြည့်နှစ်တွင် ဆောက်လုပ်ခဲ့သော တစ်ထပ်ဈေး ဖြစ်သည်။

"အဆင့်မြင့်ဈေး တည်ဆောက်ဖို့ မဲဆန္ဒကို ဈေးအဝင်ဘယ်ဘက်ခြမ်းက ဈေးတာဝန်ခံရုံးရှေ့မှာ အများမြင်သာအောင် ဆန္ဒပေးစေခဲ့တာ၊ ကျွန်မက သဘောတူမဲဆန္ဒထည့်ခဲ့တယ်"ဟု သိပ္ပံဈေးအထည်တန်းမှ ဆိုင်ရှင်တစ်ဦးကပြောသည်။

ထိုဈေး ဆောက်လုပ်မှုကို စည်ပင်ဈေးများဌာနမှ ကြီးကြပ်လျက် ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက တာဝန်ယူ၍ အထပ်မြင့်ဈေးအဖြစ်ဆောက်လုပ်သွားမည်ဖြစ်သည်။



7DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

# ၂၀၁၂ တွင် ပြည်ပရင်းနှီးမြှုပ်နှံမှု များစွာမလာနိုင်သေးဟုဆို

**ပြည်သိမ်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၂**

ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ၂၀၁၂ ခုနှစ်တွင်လည်း မျှော်မှန်းထားသလောက် ဝင်ရောက်လာနိုင်မည်မဟုတ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များကသုံးသပ်ကြသည်။

ရင်းနှီးမြှုပ်နှံမှုဥပဒေ ပြင်ဆင်ပြောင်းလဲမှုမထွက်လာသေးခြင်း၊ (SEZ)အထူးစီးပွားရေးဇုန်ဥပဒေမရှိသေးခြင်း၊ တိကျသေချာသည့် ငွေလဲနှုန်းမသတ်မှတ်နိုင်သေးခြင်း၊ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့်ဥပဒေများတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မှုအားနည်းနေခြင်းစသည်တို့ကို ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များက ထောက်ပြကြောင်း UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက ဆိုသည်။

"သူတို့က ရင်းနှီးမြှုပ်နှံဖို့အတွက် အသေအချာ စိစစ်နေကြတယ်။ လုပ်ပြီဆိုရင်လည်း ရေရှည်လုပ်ဖို့ရည်ရွယ်ကြတယ်" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေး စတင်ဖွင့်ခဲ့စဉ် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်က အမေရိကန်၊ အီးယူနိုင်ငံများအပါအဝင် နိုင်ငံအချို့မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုများပြည်တွင်းသို့ ဝင်ရောက်လာခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုဥပဒေ အားနည်းမှုကြောင့် ဆုံးရှုံးမှုများကြုံခဲ့ရသည့် အတွေ့အကြုံများရှိခဲ့သည်။ ယင်းကြောင့် လက်ရှိအချိန်တွင် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျစိစဉ်ခြင်းဖြစ်ကြောင်း ထုတ်ကုန်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

"စီးပွားရေးလုပ်ငန်းတွေမှာ ယုံကြည်မှုနဲ့ မျှော်လင့်ချက်ပေါ်မူတည်တယ်။ ယုံကြည်မှုရှိပြီး မျှော်လင့်ချက်ကောင်းမယ်ဆိုရင် ပြည်ပရင်းနှီးမြှုပ်နှံမှုက ဝင်လာမှာပါ" ဟု စီးပွားရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း) ဦးမော်သန်းက ရှင်းပြသည်။

မြန်မာ့စီးပွားရေးတွင် အခြေခံရမည့် ပဋိညာဉ်အက်ဥပဒေ၊ အစုစပ်လုပ်ငန်းဥပဒေ၊ စာချုပ်စာတမ်း ဥပဒေ စသည်တို့ရှိသော်လည်း အကောင်အထည်ဖော်ရာတွင် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အားနည်းမှုနှင့် အချိန်ကြန့်ကြာမှုများ ရှိနေသည်။ ကုမ္ပဏီများအက်ဥပဒေနှင့်ပတ်သက်၍လည်း အချို့အပိုင်းကို ပြန်လည်ပြင်ဆင်ရန် လိုအပ်နေကြောင်း ဦးမော်သန်းကဆိုသည်။ ရင်းနှီးမြှုပ်နှံမှုများကိုလည်း စနစ်တကျစိစစ်ခြင်းဖြစ်ကြောင်း ထုတ်ကုန်စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကဆိုသည်။

ထို့အပြင်ပြည်ပနိုင်ငံများက လက်ရှိ မြန်မာနိုင်ငံရေးအခြေအနေပေါ်တွင် လေ့လာစောင့်ကြည့်နေကြသည်။ ပြည်တွင်းတွင် နိုင်ငံရေးအပြောင်းအလဲများမှာ ထင်သာမြင်သာ ရှိသော်လည်း ရေရှည်စီးပွားရေးလုပ်ရန်အတွက် ချိန်ဆနေကြသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်မစ္စတာဒဲရက်မစ်ချယ်ကလည်း "တရားဥပဒေစိုးမိုးရေး၊ လယ်ယာမြေပြုပြင်ပြောင်းလဲရေးကိစ္စများသည် အမေရိကန်နိုင်ငံက စီးပွားရေးပိတ်ဆို့မှုနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း ယင်းအလုပ်များသည် အစိုးရကိုယ်တိုင် ဆောင်ရွက်ရမည့် အလုပ်များဖြစ်ကြောင်း" 7Day News ဂျာနယ် ကိုယ်စားပြုဆောင်းပါးရှင် ရဲမိုး၏ တွေ့ဆုံမေးမြန်းမှုတွင် ပြန်လည်ဖြေကြားခဲ့သည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရေးတွင် အရေးပါသည့် ငွေလဲနှုန်းကိုလည်း တစ်သမတ်တည်း သတ်မှတ်ရန် IMF Mission အဖွဲ့ အကူအညီဖြင့်ကြိုးစားနေသည်။ ယင်းအဖွဲ့တွင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)တို့မှ ပညာရှင်များ ပါဝင်သည်။

၎င်းတို့သည် ငွေလဲနှုန်းတစ်သမတ်တည်း သတ်မှတ်ရေးအတွက် ဘဏ်လုပ်ငန်းနှင့် သက်ဆိုင်သည့် ဥပဒေများဖြစ်သည့် ငွေကြေးစီမံခန့်ခွဲမှုဥပဒေအပါအဝင် ဗဟိုဘဏ်ကို သီးသန့်လုပ်ပိုင်ခွင့်ပေးရေး စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကရှင်းပြသည်။ "ဘဏ္ဍာရေးကိစ္စက ဥပဒေပိုင်းက ကျယ်ပြန့်တော့ ဝုန်းဒိုင်းလုပ်လို့မရဘူး။ ဘက်စုံပြန်ကြည့်ပြီးလုပ်နေရတယ်။ တစ်ဦးတစ်ယောက် နစ်နာသွားရင်မကောင်းဘူး"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အခြေခံဖြစ်သည့် လုပ်သားအရင်းအနှီး အဓိကထားသည့်လုပ်ငန်းများ တိုးတက်လာရန်အတွက်မှာလည်း အခွန်စနစ်၊ အခြေခံအဆောက်အအုံပြည့်စုံမှုတို့က အရေးပါသည်။ ထို့အပြင် ပြည်တွင်း၌ ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်မြင့်မားနေမှုကို ဖြည့်ရန်လည်း လိုအပ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်များကဆိုသည်။

# ညအချိန်မတော် မူးယစ်ရမ်းကားသည့် ရာအိမ်မှူးဟောင်းအား တရားစွဲ

**ဦးတင်လှိုင်(မိတ္ထီလာ)**

**မိတ္ထီလာ၊ ဇန်နဝါရီ - ၂၁**

မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြတိုင်ကြားထားသော ကျေးရွာသားတစ်ဦးကို မကျေနပ်၍ မူးယစ်ရမ်းကားခြိမ်းခြောက်ခဲ့သည့်ရပ်ကွက်ရာအိမ်မှူးဟောင်းကို တရားစွဲဆိုထားကြောင်း သတင်း ရရှိသည်။

မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာအုပ်စုကျိတ်ပုလဲ ကျေးရွာနေ ဦးဝင်းမြင့်(၄၇ နှစ်) သည် နေအိမ်တွင် ၂၀၁၁ဒီဇင်ဘာ ၆ ရက် ည ၁၂နာရီကျော်အချိန် အိပ်ပျော်နေစဉ် လွန်ခဲ့သော တစ်လခန့်က ပြဿနာဖြစ်ခဲ့ဖူးသူတစ်ရွာတည်းနေ ရာအိမ်မှူးကအရက်သေစာသောက်စားမူးယစ်ပြီး အိမ်ရှေ့မှ မကြားဝံ့မနာသာ အော်ဟစ်ဆဲဆို ခဲ့သည်ဟုဆို၏။ ထိုသို့ဆဲပြီး ပြန်သွားခဲ့သည်ဆို၏။ ၁၀ မိနစ်ခန့်အကြာတွင် တုတ်ကိုင်ဆောင်လာပြီးနောက် တစ်ခေါက်ပြန်လာကာ သားဖြစ်သူကိုပါ ခေါ်လာပြီး သားဖြစ်သူကလည်း ငှက်ကြီးတောင်ဓားကိုင်ဆောင်ပြီး၎င်းတို့က ဦးဝင်းမြင့်အား မကြားဝံ့မနာသာ အော်ဟစ်ဆဲဆိုခဲ့သည်ဆိုသည်။

ဦးဝင်းမြင့်က ၎င်းအားဆဲဆိုသူရာအိမ်မှူးဟောင်းနှင့် သားဖြစ်သူတို့အားအရေးယူပေးရန် အမှတ်-၁ ရဲစခန်းသို့ဒီဇင်ဘာ ၇ ရက်တွင် တိုင်ကြားခဲ့သည်။ ထို့ကြောင့်အမှတ်-၁ ရဲစခန်းက ရာအိမ်မှူးနှင့် သားဖြစ်သူတို့အား ရဲစခန်း(ပ)၅၆၇/ ၂၀၁၁၊ ပုဒ်မ-၂၉၄/၅၀၆ ဖြင့် အမှုဖွင့်အရေးယူထားသည်။ ထိုအမှုနှင့်ပတ်သက်၍ အမှတ်-၁ ရဲစခန်းမှ အမှုစစ်အရာရှိဒုရဲအုပ်သက်နိုင်က သွားရောက်စစ်ဆေးပြီး သက်သေခံငှက်ကြီးတောင်ဓားနှင့် တုတ်အားအပ်နှံရန်တောင်းရာ ရာအိမ်မှူးဟောင်းက မပေးဘဲနေခဲ့သည်ဆို၏။ ထိုအမှုကို ဒီဇင်ဘာ ၂၉ရက်တွင် မြို့နယ်တရားရုံးသို့တရားစွဲ တင်ပို့ခဲ့ရာမြို့နယ်တရားရုံးက အမှုအမှတ်-၇၉၅၇/ ၂၀၁၁၊ပုဒ်မ-၂၉၄/၅၀၆ သက်သေခံပစ္စည်းဖျောက်ဖျက်မှု ၂၀၁ ဖြင့် လက်ခံကြားနာစစ်ဆေးလျက်ရှိသည်။

ထိုဖြစ်စဉ်မတိုင်မီ ဦးဝင်းမြင့်က ခြံစည်းရိုးသစ်ပင်ခုတ်သည့်ကိစ္စဖြင့်အိမ်နီးချင်းတစ်ဦးနှင့်စကားများ၍ အထက်ပါရာအိမ်မှူးအား တိုင်ကြားခဲ့သည်။ ရာအိမ်မှူးက ထိုအမှုကိုဆုံးဖြတ်ရာတွင် ဘက်လိုက်၍ ဆုံးဖြတ်သည်ဟုဆိုကာ ဦးဝင်းမြင့်က မြို့နယ်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားခဲ့သည်။ ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးကာရာအိမ်မှူးအားတာဝန်မှ ရပ်စဲလိုက်ကြောင်း သိရသည်။

# လိမ်လည်ခေါ်ဆောင်သွားပြီး

**ကြီးမြင့်နိုင် (လွိုင်ကော်)**

**လွိုင်ကော်၊ ဇန်နဝါရီ- ၂၀**

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်အမျိုးသမီးငယ်တစ်ဦးအား အမျိုးသားတစ်ဦးက ရည်းစားဖြစ်သူက အခေါ်ခိုင်းသည်ဟု ပြော၍ လိမ်ညာခေါ်သွားပြီးသားမယားပြုကျင့်ခဲ့သည်ဆိုကာ တိုင်တန်းမှုကို လွိုင်ကော်ရဲစခန်းက ယခုလ ၁၂ရက်တွင် အမှုဖွင့်စုံစမ်းစစ်ဆေးကြောင်း သိရသည်။

ဖြစ်စဉ်မှာယခုလ ၁၁ရက်ည၇နာရီခွဲအချိန်ခန့်ကလွိုင်ကော်မြို့နယ်၊ ပန်ကန်ကျေးရွာအုပ်စု၊ ကျေးရွာတစ်ရွာနေ အသက် ၃၃ နှစ်အရွယ်အမျိုးသမီးသည် ကယားပြည်နယ်နေ့အထိမ်းအမှတ်ဈေးပွဲတော်၌မိသားစုနှင့်အတူ ဈေးရောင်းနေစဉ် အသက် ၁၇နှစ်အရွယ် ၎င်း၏သမီးဖြစ်သူ ပျောက်ဆုံးသွား၍ လိုက်လံရှာဖွေခဲ့သည်ဟုဆိုသည်။ ည ၁၀ နာရီအချိန်ခန့်တွင် တစ်ရွာတည်းနေအမျိုးသားတစ်ဦးက သမီးဖြစ်သူကို ဆေးရုံကုန်းအဆင်း၌ တွေ့ရှိ၍ ပြန်လည်ခေါ်ဆောင်လာသဖြင့် မိခင်ဖြစ်သူက သမီးဖြစ်သူကို အကျိုးအကြောင်းမေးမြန်းခဲ့သည်ဟုဆိုသည်။

သမီးဖြစ်သူအား တစ်ရွာတည်းနေ အသက် ၂၃ နှစ်အရွယ် မောင် ××× နှင့် သူ၏သူငယ်ချင်းတို့က ရည်းစားဖြစ်သူကခေါ်ခိုင်းလိုက်သည်ဟုပြောဆို၍ ကန္ဒရဝတီ အားကစားကွင်းအတွင်းသို့ လိမ်ညာခေါ်ဆောင်သွားခဲ့သည်။ ကန္ဒရဝတီ အားကစားကွင်းအတွင်းသို့ရောက်သောအခါ၎င်း၏သူငယ်ချင်းမှာပြန်လည်ထွက်ခွာသွားခဲ့သည်ဟုဆိုသည်။ မိန်းကလေးနှင့် မောင် ××× တို့ နှစ်ဦးတည်းကျန်ရှိစဉ် ၎င်းကအတင်းဆွဲ၍ သားမယားပြုကျင့်ခဲ့ပြီး ထို့နောက် မန္တလေးဘက်သို့ခိုးယူခေါ်ဆောင်လက်ထပ်ပါမည်ဟု ပြောကာ ကန္ဒရဝတီအားကစားကွင်းအပြင်ဘက်သို့ခေါ်ဆောင်သွားပြီး ထပ်မံ၍သားမယားပြုကျင့်ခဲ့သည်ဟုဆိုသည်။ မိန်းကလေး၏ မိခင်ဖြစ်သူက အမှုဖွင့်တိုင်ကြားခဲ့သဖြင့် လွိုင်ကော်ရဲစခန်းက(ပ)၁၂/ ၂၀၁၂ပြစ်မှုပုဒ်မ ၃၇၆/၁၁၄ အရ အမှုဖွင့်လှစ်ပြီး တရားခံနှင့်အဖော်လိုက်ပါပေးသော အသက် ၁၉ နှစ်အရွယ်

# ကုန်ကျစရိတ်များလာသော်လည်း မူဆယ် ၁၀၅ မိုင်တွင် ကုန်သွယ်မှုပိုမိုမြန်ဆန်လာ



**မူဆယ်၁၀၅မိုင်ကိုတွေ့ရစဉ်**

ဓာတ်ပုံ-အောင်သူရ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

မူဆယ် ၁၀၅မိုင်မှတစ်ဆင့်ပြည်ပနိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကမစစ်ဆေးတော့ဘဲ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကသာ စစ်ဆေးတော့ကြောင်း သတင်းရရှိသည်။

"ပိုလွယ်သွားတယ်။ ဘာပို့ပို့ ဘာသွင်းသွင်းအကုန်ညှိလို့ရတယ်" ဟု မူဆယ်ဒေသခံပို့ကုန်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ကုန်ပစ္စည်း တင်ပို့ခြင်းနှင့် တင်သွင်းရာ၌ အတိမ်းအစောင်း၊ အမှားအယွင်းလုံးဝလက်မခံကြောင်း ဒေသခံကုန်သည်များကပြောသည်။ ထိုကဲ့သို့ အပြောင်းအလဲပြုလုပ်ပြီးနောက်ကားတစ်စီး ကုန်ကျစရိတ်မှာ ယခင်ကထက် ပိုများလာကြောင်း ဒေသခံကုန်သည်များက ဆိုသည်။

တရုတ်နိုင်ငံသို့ တင်ပို့ရန် ကုန်စည်သယ်ဆောင် လာသောကားများမှာ ၁၀၅ မိုင်တွင် ကားပြောင်းစရာမလိုဘဲ တရုတ်နိုင်ငံ နယ်စပ်ကျယ်ဂေါင်မြို့အထိ တိုက်ရိုက်မောင်းနှင်ခွင့် ရရှိသွားကြောင်းလည်း သတင်းရရှိသည်။

ယခင်က အချို့ကားများမှာ ၁၀၅ မိုင်တွင် တင်ဆောင်လာသော ကုန်ပစ္စည်းများအား ကားပြောင်းပြီး စစ်ဆေးခံရသဖြင့် ၁၀ တန်ကားတစ်စီးလျှင် ပျမ်းမျှကျပ်လေးသိန်းခန့် ကုန်ကျခဲ့သည်။

ယခုရက်ပိုင်းတွင် မူဆယ် ၁၀၅ မိုင်၌ လယ်ယာထွက်ကုန်သီးနှံများထဲမှ နှမ်းဖြူ၊ ဖရဲနှင့် ဆန်များအရောင်းအဝယ်ကောင်းနေကြောင်း သတင်းရရှိသည်။



ဆူးလေစေတီတော် ရာပြည့်ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားစွာကျင်းပနေသည်ကို ဇန်နဝါရီ၂၁ရက်ညက တွေ့ရစဉ်ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဆူးလေစေတီတော် ရာပြည့်ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၂၂**

ဆူးလေစေတီတော် ရာပြည့် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ယခုလ ၁၉ရက်မှစတင်ကာ ၂၉ရက်အထိ အစီအစဉ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆူးလေစေတီတော်ကြီးသည် ရွှေတိဂုံစေတီတော်ကြီးနှင့် တည်ထားကိုးကွယ်သည့်ကာလ မတိမ်းမယိမ်းပင်ဖြစ်ပြီး နှစ်ပေါင်း ၂၃၃၆ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။

ယခုပြုလုပ်လျက်ရှိသော ပွဲတော်မှာ ဂေါပကအဆက်ဆက် ပြုလုပ်ခဲ့ကြသည့် ဗုဒ္ဓပူဇနိယပွဲတော်များ နှစ်တစ်ရာပြည့်ခြင်း အထိမ်းအမှတ်အဖြစ် ထူးခြားစွာကျင်းပခြင်းလည်းဖြစ်ကြောင်း ဆူးလေစေတီတော် ဂေါပကအဖွဲ့မှ ဦးကြိုင်မြင့်က 7Day News သို့ ပြောသည်။

"ရာပြည့်မို့လို့ ထူးထူးခြားခြားလုပ်တာပါ။ ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာဆိုပြီး ပူဇာသုံးမျိုးနဲ့ နှစ်စဉ်ပုံမှန်ပူဇော်ပါတယ်" ဟု ဦးကြိုင်မြင့်ကဆိုသည်။

ဘုန်းကြီးအပါး ၁၈၀ နှင့် သီလရှင်အပါး ၅၀တို့အား ယခင်နှစ်များက တစ်ပါးလျှင် ကျပ်တစ်သောင်းနှုန်းကပ်လှူခဲ့ရာမှ ယခုနှစ်တွင် တစ်ပါးလျှင် သုံးသောင်းကျပ်နှင့် စီဝိုင်စီသင်္ကန်း ကျပ်နှစ်သောင်းခွဲတန် တစ်စုံစီ ကပ်လှူပူဇော်ခဲ့သည်ဟု သိရသည်။

ဘုရားပွဲတွင် ပွဲဈေးတန်းအဖြစ် ဆိုင်ခန်းပေါင်း ၈၀ကျော် ခင်းကျင်းရောင်းချလျက် ရှိပြီး ချားရဟတ်များအပြင် ဇာတ်မင်းသားမိုးမင်း၏ ဇာတ်သဘင်ကိုပါ ငါးညတိုင်တိုင် ထည့်သွင်းကျင်းပလျက်ရှိသည်။ မုန့်နှင့်လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းချလျက်ရှိသော ဆိုင်ခန်းများအနေဖြင့် ရောင်းအားကောင်းနေသည်ဟု သိရသည်။

သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ ဇန်းမော်ဆရာတော်ဒေါက်တာ အရှင်ဘဒ္ဒန္တကုမာရာဘိဝံသ၊ ယောဆရာတော် အရှင်သီရိနန္ဒာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဘဒ္ဒန္တကုမာရ၊ ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒတို့၏ တရားဓမ္မသဘင်များလည်း ငါးညဆက်တိုက်ကျင်းပလျက်ရှိသည်။

**စာ(၁၂)သို့**

# ဖားကန့်တွင် ဆန်တစ်အိတ်ကျပ်တစ်သိန်းထိ ဈေးတက်ခဲ့

## ဇန်နဝါရီလလယ်က ဆန်ဈေးထိုးတက်ခဲ့သော်လည်း

**အောင်သူရ**

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကချင်ပြည်နယ် ဖားကန့်မြို့တွင် တစ်တင်းခွဲဆန်တစ်အိတ်လျှင် ကျပ်တစ်သိန်းထိဈေးပေါက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

နေပြည်တော်တွင်ဇန်နဝါရီလ ၂၃ရက်နေ့က ပြုလုပ်သော ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ "ဘယ်ဆန်ပဲဖြစ်ဖြစ် တစ်အိတ်တစ်သိန်းပဲ အတားအဆီးတွေများလာလို့ အခုရက်ပိုင်းမှာ တင်ပိုတဲ့လူတွေလည်း မတင်ပို့ရဲကြဘူး"ဟု မန္တလေးမြို့ခံကုန်သည်တစ်ဦးကပြောသည်။

ယခင်ကပင်မူဆယ်ဒေသတွင် သယ်ယူစရိတ်ကြီးမားသဖြင့် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ်ငါးသောင်းခန့်ဈေးရှိခဲ့သည်။ လက်ရှိမန္တလေးနှင့် ရန်ကုန်ဈေးကွက်တွင် ဧည့်မထအုပ်စုဝင်ဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်းနှစ်ထောင်ဝန်းကျင်သာဈေးရှိနေသည်။

မကြာသေးမီရက်ပိုင်းက ဖားကန့်ဒေသတွင် မငြိမ်မသက်မှုများရှိခဲ့သဖြင့် ဖားကန့်ဒေသသို့ ဒီဇယ်တင်ပို့ခြင်းအားရပ်နားထားခဲ့သည်။ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) ဗတိုကချင်ပြည်နယ်တွင်တိုက်ပွဲဖြစ်ပွားနေသည်မှာ ရှစ်လခန့်ကြာမြင့်နေပြီး ဒုက္ခသည် ခြောက်သောင်းခန့်ရှိနေပြီဟု သတင်းရရှိသည်။

ထိုသို့ ဆန်ဈေးများ ထိုးတက်သွားခြင်းမှာ ဖားကန့်ဒေသသို့ တပ်မတော်သားများနှင့် ကေအိုင်အေတပ်များရောက်ရှိလာပြီးနောက် လုပ်ငန်းရှင်များနှင့် ဒေသခံများက စိုးရိမ်ကာ ဆန်များဝယ်ယူသိုလှောင်ကြခြင်းကြောင့်ဖြစ်သည်။ သို့သော် ဆန်ဈေးနှုန်းမှာ ယခုအခါ ပုံမှန်ပြန်ဖြစ်နေပြီဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

"အခု ဆန်တစ်အိတ် နှစ်သောင်းကျော်ပဲရှိပါတော့တယ်။ ဈေးတက်ခဲ့တဲ့ ရက်တွေတုန်းက တချို့နေရာလည်း လေးသောင်း၊ တချို့နေရာလည်း ငါးသောင်း၊ တချို့ နေရာလည်း ခြောက်သောင်းလောက်အထိတော့ဖြစ်ခဲ့တာပေါ့။ အခု ပုံမှန်ပြန်ဖြစ်နေပါပြီ"ဟု ဖားကန့်မြို့ခံတစ်ဦးက ဇန်နဝါရီ၂၃ရက်တွင်ပြောကြားသည်။



7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## ၂၀၁၂ ဇန်နဝါရီ ၂၅မှ၃၁ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းဖြစ်ပေါ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်မှာ တိမ်အနည်းငယ်သာ ဖြစ်ထွန်းနိုင်ပါတယ်။ ခန့်မှန်းကာလအတွင်း အနောက်လေစီးကြောင်းများအတွင်း မျောပါလာတဲ့ လေဖိအားနည်းချိုင့်ဝှမ်းဖြတ်သန်းမှုကြောင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ တိမ်စွယ်တန်းများ တစ်ကြိမ်ခန့်ဖြတ်သန်းသွားဖွယ်ရာရှိပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်သာ ရှိနိုင်ပါတယ်။ အများဆုံး ဖြစ်ပေါ်နိုင်တဲ့ လှိုင်းအမြင့်ဟာ ၂ ပေမှ ၃ ပေခန့်သာ ရှိနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းမြန်မာ့ပင်လယ်ပြင်အစွန်းအစပ်လောက်မှာပဲ ဖြစ်နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

ပြီးခဲ့တဲ့ ဇန်နဝါရီလ(၁၄)ရက်မှ(၂၀)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ အနောက်လေစီးကြောင်းများအတွင်းမျောပါလာတဲ့ လေဖိ အားနည်းချိုင့်ဝှမ်းတစ်ခုဖြတ်သန်းသွားမှုကြောင့် မြန်မာနိုင်ငံနေရာအနှံ့ အပြားမှာ မိုးရေချိန် ၀.၂လက်မမှ ၀.၈ လက်မအထိ မြို့များနဲ့ ဆီးနှင်းမိုးများရွာသွန်းခဲ့သောဒေသများမှာ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့ အရှေ့ပိုင်းဒေသများဖြစ်ကြပြီး မိုးအနည်းငယ်ရွာသွန်းခဲ့တဲ့ဒေသတွေကတော့ အရှေ့တောင်ပိုင်းဒေသတွေ ဖြစ်ကြပါတယ်။ကျန်ဒေသတွေမှာတော့(၂)ရက်ခန့်မြို့များကျဆင်းခဲ့တာကလွဲရင် အများအားဖြင့် သာယာနေခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

လာမယ့်ရက်သတ္တတစ်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းစွန်းမှာ အနောက်လေစီးကြောင်းများအတွင်းမှာမျောပါလာမယ့် အနောက်မြောက်အရပ်မှ လေဖိအားနည်းချိုင့်ဝှမ်းတစ်ခု တိုးဝင်လာမှုကြောင့် နှင်းမိုးများနဲ့အတူ မိုးအနည်းငယ်တစ်ကြိမ်ရွာသွန်းနိုင်ပြီး၊ တောင်ပိုင်းစွန်းဒေသများမှာတော့ အရှေ့တောင်ဖက်မှတိုးဝင်လာမယ့် အရှေ့လေပွေလှိုင်းများကြောင့် မိုးအနည်းငယ် (၂)ရက်မှ(၃)ရက်ခန့် နေရာကွက်ကျားရွာသွန်းနိုင်တာကလွဲရင် တစ်ပြည်လုံးမှာ အများအားဖြင့် သာယာပါ့မယ်။

**ညအပူချိန်များ**

တရုတ်နိုင်ငံပြည်မကြီးအတွင်းမှ အရှေ့မြောက်လေအေးများတိုးဝင်လာမှုနဲ့အိန္ဒိယနိုင်ငံအတွင်းမှ အနောက်မြောက်လေအေးများတိုးဝင်လာမှုနဲ့အတူလေအေးများဖြတ်သန်းသွားမှုတို့ကြောင့် ညအပူချိန်များအနေနဲ့ကတော့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှာ ဖြစ်မြဲအောက်လျော့ပြီး အအေးပိုနိုင်ပါတယ်။ အထူးသဖြင့်ချင်းပြည်နယ်နဲ့ရှမ်းပြည်နယ်ကုန်းမြင့်ဒေသများမှာညအပူချိန်များသိသိသာသာကျဆင်းနိုင်ပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်း၊ မန္တလေးတိုင်းတောင်ပိုင်း၊ မြေလတ်ပိုင်းဒေသများနဲ့မြစ်ဝကျွန်းပေါ်ဒေသများတို့မှာညအပူချိန်များဟာ ဖြစ်မြဲခန့်သာရှိနိုင်ပါတယ်။ တောင်ပိုင်းဒေသများမှာတော့ ဖြစ်မြဲထက်ပို ပြီး အအေးပေါ့နိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိမြစ်တို့တွင်လက်ရှိရေအမှတ်များဟာဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် နောက်ပိုင်းရက်များမှာ ချင်းတွင်းမြစ်နဲ့ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက်ရေနည်းမှုအန္တရာယ်ကို သတိထားဖို့လိုလာပါလိမ့်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်တွင် မုန်တိုင်းဖြစ်ရန်အခြေအနေမရှိသဖြင့် အရှေ့လေပွေလှိုင်းကြောင့် မိုးရွာသွန်းမှုရှိမည်မဟုတ်ပါ။

**ဒေါက်တာထွန်းလွင်**

# ပို့ကုန်၊ သွင်းကုန်ဘဏ် ဖွင့်လှစ်ရန် စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရာတွင် မြန်မာလုပ်ငန်းရှင်များ ငွေကြေးကိစ္စအဆင်ပြေစေရေးအတွက် သွင်းကုန်၊ ထုတ်ကုန်ဘဏ် ဖွင့်လှစ်ရန်စီစဉ်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

"ပို့ကုန်လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရန် Export-Import Bank ထူထောင်မယ်"ဟု ၂၀၁၁ ခုနှစ်ဒီဇင်ဘာ ၃၀ ရက်က နေပြည်တော်တွင် ကျင်းပသော ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး၌ ဝန်ကြီးက ပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၃၁ ရက်ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခဲ့သည်။

ပခုက္ကူတွင်ရေကြီးခြင်း၊ မိုးဦးကာလတွင်ဒေသအများစု၌ရေလွှမ်းမိုးခြင်းတို့ကြောင့် စပါးစိုက်ဧက ခြောက်သိန်းနှင့် အခြားသီးနှံများ ပျက်စီးမှုရှိသောကြောင့်ပြည်ပပို့ကုန်ဈေးနှုန်းများ ကျဆင်းမှုအချို့ရှိခဲ့ကြောင်း ၎င်းကပြောသည်။

ထို့အတူ ရေထွက်ကုန်တင်ပို့သူများမှာလည်း ငွေလဲနှုန်းကျဆင်းမှုအပြင် ဘဏ်ငွေလွှဲမှုများ အခက်တွေ့ခဲ့ရကြောင်း ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ပုဂ္ဂလိကဘဏ်(သို့)အစိုးရဘဏ်များတွင် ပေးဆောင်ရမည့် အခွန်နှစ်ရာခိုင်နှုန်းအား သတ်မှတ်ထားသည့် ငွေလဲနှုန်းအတိုင်း ကြိုတင်ဆောင်ပြီးပါက ပြည်ပသို့တင်ပို့ခွင့်ပြုရန်နှင့် ကျန်ငွေ ၉၈ ရာခိုင်နှုန်းကို ဝယ်သူထံမှ ငွေအကျေရပြီးမှသာ MICB, MFTB ဘဏ်များသို့ ပေးသွင်းခွင့်ပြုရန် တောင်းဆိုထားကြသည်။

"ဝယ်သူ အသစ်ဖြစ်လို့ မယုံသေးရင် လျှောင်ထားတဲ့ကုန်က တစ်ရင်း၊ ပို့တဲ့ကုန်က တစ်ရင်း၊ ပို့ကုန်တန်ဖိုးအလိုက် ငွေပမာဏကို စင်ကာပူဘဏ်ကနေ ဒီကဘဏ်တွေကို ကြိုတင်လွှဲငွေကတစ်ရင်း စုစုပေါင်း သုံးရင်းဖြစ်နေကြလို့ တောင်းဆိုရတာပါ"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ညီနောင်အသင်းများ နှစ်ပတ်လည်အခမ်းအနားကျင်းပသော ဒီဇင်ဘာ၃၁ရက်တွင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

အထက်ပါပို့ကုန်၊ သွင်းကုန်ဘဏ် (Export-Import Bank ) ပေါ်ပေါက်လာပါက သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းရှင် အားလုံးဘဏ်လုပ်ငန်းဆိုင်ရာအခက်အခဲများ အဆင်ပြေနိုင်ကြောင်း ၎င်းထံမှသတင်းရရှိသည်။

# အရန်ဆန်ဝယ်ယူမှုတွင် မသမာမှုများရှိပါက တိုင်ကြားနိုင်

**အောင်သူရ**

**ရန်ကုန်၊**
**ဇန်နဝါရီ-၁၈**



ပုဂ္ဂလိကဂိုထောင်တစ်ခုတွင် သိုလှောင်ထားသော ဆန်အိတ်များကိုတွေ့ရစဉ်

အရန်ဆန်ဝယ်ယူရေးနှင့် ပတ်သက်၍ မသမာမှုများရှိပါက အရန်ဆန်ကြီးကြပ်ရေးကော်မတီနှင့် စီးပွားကူးသန်းဝန်ကြီးဌာနသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း အရန်ဆန်ဝယ်ယူရေးကော်မတီ ဥက္ကဋ္ဌဦးချစ်ခိုင်က ပြောသည်။

ထို့အပြင် အရန်ဆန်ဝယ်ယူမှုနှင့်ပတ်သက်၍ မှန်ကန်မှုရှိမရှိကိုလည်း မီဒီယာများနှင့် ဌာနဆိုင်ရာများက စောင့်ကြပ်ကြည့်ရှုနေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

"တောင်သူတွေမှာ စပါးသိပ်မရှိတော့တဲ့ အချိန်ဖြစ်နေတော့ အရန်ဆန် ကကြားစားသွားနိုင်တယ်။ စပါးလက်ဝယ်ရှိတဲ့လူတွေကြားစားသွားနိုင်တယ်"ဟု အရန်ဆန်ဝယ်ယူရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ပုဂ္ဂလိက၊ အစိုးရနှင့် သမဝါယမတို့ပူးပေါင်းကာ အရန်ဆန်တန်ချိန်တစ်သိန်းအား ဇန်နဝါရီ ၂၂ရက်မှစ၍ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် မြို့နယ်ကော်မတီများက ဝယ်ယူမည်ဖြစ်သည်။

ထိုသို့ဝယ်ယူရာတွင် တောင်သူများထံမှ တိုက်ရိုက်ဝယ်ယူရန် သတ်မှတ်ထားပြီး ဧည့်မထစပါး ၄၆ ပေါင်(တစ်တင်း)လျှင် ၃,၁၀၀ ကျပ်ဖြင့် ဝယ်ယူရန် သတ်မှတ်ပေးခဲ့သည်။

# သခွားမွေးဈေးပြုတ်ကျ၍ တောင်သူများအရှုံးပေါ်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

သခွားမွေးစိုက်ပျိုးသော တောင်သူများမှာ ယခုနှစ်တွင် ဈေးနှုန်းအရနည်းခြင်းကြောင့် အရှုံးပေါ်နေရကြောင်း ဘုတလင်မြို့နယ်မှ တောင်သူများကပြောသည်။

သခွားမွေးဈေးနှုန်းမှာ ယခင်နှစ်များက သီးနှံပေါ်ချိန် တစ်ကီလိုလျှင် ၆၅၀-၇၀၀ ကျပ်ကျော်ရရှိခဲ့သော်လည်း ယခုနှစ်တွင် လက်ရှိကာလ ၃၅၀ ကျပ်ဝန်းကျင်သာရရှိ၍ တောင်သူအများစုမှာ အရှုံးပေါ်နေခြင်းဖြစ်သည်ဟု ဘုတလင်မြို့နယ် ခဝဲကျင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ထို့ပြင် တောင်သူများအရှုံးပေါ်ရသည့်အကြောင်းမှာ ဈေးကျသည့်အပြင် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်အချို့က ပြည်တွင်းသို့ လာရောက်စိုက်ပျိုးလာကြခြင်း၊တရုတ်၌စိုက်သောသခွားမွေးများ ပေါ်လာခြင်း စသည်တို့ဖြစ်သည်။ဝယ်လက်များက၎င်းတို့လူမျိုးအချင်းချင်း စိုက်ပျိုးသောသီးနှံများကို ဦးစားပေး ဝယ်ယူခြင်းများကြောင့်လည်း တောင်သူများ ဈေးနှုန်းအရနည်းရခြင်းဖြစ်ကြောင်းလည်း တောင်သူတစ်ဦးက သူ၏အမြင်ကိုပြောသည်။

"သီးနှံတွေက အရင်လိုပဲကောင်းတယ်။ ဒါပေမဲ့ ဈေးက နှစ်တိုင်းလိုမပေးဘူး။ ဒီနှစ်က ပြည်တွင်းမှာ တရုတ်တွေ လာစိုက်တာများတော့ ဈေးကွက်ရောက်တော့လည်း သူတို့ပစ္စည်းကိုပဲ ဦးစားပေးဝယ်တော့ ဒီဘက်က တောင်သူတွေ ဈေးအရနည်းသွားတာ"ဟု ခဝဲကျင်းကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

သခွားမွေးစိုက်ပျိုးရန်အတွက် မုံရွာမြို့နယ် ဘုတလင်ဒေသတွင် တစ်ဧကလျှင်ကျပ် ၂၃သိန်းမှ၂၅ သိန်း ကုန်ကျကြောင်း သိရသည်။

တစ်ဧကလျှင် အပင်ပေါင်း ၅,၅၀၀မှ၆,၀၀၀ ကြား စိုက်ပျိုးနိုင်ပြီး အလုံးရေမှာလည်း ၅,၅၀၀ ဝန်းကျင်ထိထွက်လေ့ရှိကြောင်းတောင်သူများကပြောသည်။

သခွားမွေးများကို ဘုတလင်မှမူဆယ်ထိတင်ပို့ပါကကားတစ်စီးလျှင် တန်ဆာခကျပ် ၉၅၀,၀၀၀ ကုန်ကျပြီး ဂျူတီခမှာ ၁၄၈,၀၀၀ ကျပ်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

Life
7DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012








ဓာတ်ပုံများ–7Day News

# ပြန်ဆုံချိန်

**အေးမြကျော်**

ပင်နီရောင်ရှမ်းအင်္ကျီနှင့်ရှမ်းလုံချည်ကိုတွဲဖက်ဝတ်ဆင်ထားသော အသက် ၆၀ကျော် အမျိုးသမီးကြီးက နှစ်ထပ်တိုက်အဆောက်အအုံထဲသို့ အပြေးတစ်ပိုင်းဖြင့်ဝင်ရောက်လာသည်။ သူ့နောက်တွင်တော့အဖော်သုံးယောက်ပါသည်။ ဧည့်ခန်းအလယ်တွင်စကားဖောင်ဖွဲ့နေသော အဖြူရောင်ဖျော့ဖျော့ရှပ်အင်္ကျီနှင့် ခဲရောင်ရှမ်းဘောင်းဘီဝတ် ဝဝဖိုင့်ဖိုင့် အမျိုးသားကြီးက ရုတ်တရက်မတ်တတ်ရပ်ကာ ထိုအမျိုးသမီးကြီးကို ပွေ့ဖက်ခရီးဦးကြိုပြုသည်။

"ဖေကြီး။ နိုင်ငံရေးစကားတွေမပြောတော့ဘူးလို့ ပြောပါနော်" ဟုရှမ်းအမျိုးသမီးကြီးက အရယ်တစ်ဝက်ဖြင့် ပြောကြားအပြီးတွင် ဝဝဖိုင့်ဖိုင့်ရှမ်းကြီးက "ခုပဲပြောပြီးသွားပြီ"ဟုရယ်ကျဲကျဲနှင့်ပြန်ဖြေလိုက်လေရာ ဧည့်ခန်းတွင်းရှိ ကြားလိုက်ရသူများ ပွဲကျသွားကြတော့သည်။

ဆောင်းနံနက်ခင်းဖြစ်လင့်ကစားမိုးတပြိုက်ပြိုက်ရွာနေသည့် တောင်ငူထောင်ဘူးဝတွင် မိသားစုဝင်များကို မျက်စိဝေ့ကာရှာဖွေသော်လည်း ရောက်မလာသေးသည့်အတွက် အသင့်ရောက်နေသော သတင်းထောက်များသိလိုသမျှကိုသာဖြေကြားခဲ့ရသော ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးသည်ဇန်နဝါရီ၁၃ရက်တွင် လွတ်မြောက်လာသူများအနက်မှ တစ်ဦးဖြစ်သည်။ တောင်ငူထောင်တွင် ထောင်ဒဏ် ၉၃ နှစ်ချမှတ်ခံရပြီး ၇ နှစ်ကျော်မျှကျခံပြီးချိန်တွင်မူ သမ္မတ၏ ဇန်နဝါရီ ၁၂ ရက်ကကြေညာခဲ့သော လွတ်ငြိမ်းချမ်းသာမှုကြောင့် အသက် ၇၀ ကျော် ရှမ်းခေါင်းဆောင်ဦးခွန်ထွန်းဦးနှင့် မိတ်ဆွေယုံကြည်ချက်အကျဉ်းသား ၁၀ဦးတို့လွတ်မြောက်ခဲ့ကြသည်။

တောင်ငူမြို့ခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် တစ်ဦး၏ နေအိမ်တွင် ခရီးတစ်ထောက်နားကာ ထောင်အတွင်းရင်းနှီးခဲ့သော ၈၈ ကျောင်းသားခေါင်းဆောင် ဦးဇော်ဇော်မင်းနှင့် အခြားလွတ်မြောက်လာသူများနှင့် ရှေးဟောင်းနှောင်းဖြစ်ပြောဆိုရင်း သတင်းထောက်များနှင့် စကာပြောရင်း မိသားစုဝင်များကို စောင့်ဆိုင်းနေခဲ့ကြသည်။ အတန်ကြာလျှင် ရန်ကုန်မှကားဖြင့် အသော့နှင်လာသော ဇနီးသည်နှင့်ပြန်ဆုံချိန်တွင်တော့ ဦးခွန်ထွန်းဦး မျက်နှာထက်တွင် အပြုံးပန်းများ ဝေသွားတော့သည်။

ဇန်နဝါရီ ၁၃ ရက်တွင် တစ်နိုင်ငံလုံးရှိ ထောင်အသီးသီးတွင် အကျဉ်းကျခံနေရသော ယုံကြည်ချက် အကျဉ်းသားများ လွတ်မြောက်မည်ဟု သိရှိထားသဖြင့် မုံရွာထောင်မှ လွတ်မြောက်လာမည့်သားဖြစ်သူ ဒီငြိမ်းလင်းနှင့် ဖုန်းစကား ပြောရန်လည်း ဦးဇော်ဇော်မင်းတစ်ယောက်လည်း စိတ်စောနေလေသည်။ စာ(၁၁)သို့






ရှမ်းစာကြိုက်သူတွေအတွက်ကတော့ ပဲပုပ်ကို ဘယ်လိုပဲလုပ်လုပ် အရသာတွေ့ကြတာပါ။ အခုလည်းပဲပုပ်ကိုဝိုက်ဖီကမြေပဲဘာလချောင်ကြော်တို့လို၊ပဲငါးပိဘာလချောင်ကြော်တို့လိုကြော်ထားပါတယ်။

ပဲပုပ်ဘာလချောင်ကြော်ဖို့ပဲပုပ်ပြားအထုပ်သေးတစ်ထုပ်၊ ငရုတ်သီးခွဲခြမ်းနဲ့ကြက်သွန်ဖြူနီတို့ပဲလိုပါတယ်။ ပဲပုပ်ဘာလချောင်ကြော်ဖို့ပဲပုပ်ပြားတွေကိုအနေတော်အစိတ်လေးတွေဖြစ်အောင်လှီးဖြတ်ပြီးကြော်ထားရပါမယ်။

ကြက်သွန်ဖြူနီကိုလည်း ပါးပါးလှီးပြီးကြော်ထားပါ။ အဲဒီကြက်သွန်ဖြူနီကြော်တဲ့ဆီနဲ့ပဲငရုတ်သီးခွဲခြမ်းကိုထည့်ကြော်ပါမယ်။ ပြီးရင်ဆားနဲ့ကြက်သားမှုန့်ထည့်ပြီးမွှေပါ။ နောက်ဆုံးကျမှ ခုနကြော်ထားတဲ့ ပဲပုပ်ကြော်နဲ့ကြက်သွန်ဖြူနီကြော်ထားတာတွေကိုရောမွှေလိုက်ပြီး မီးဖိုပေါ်ကနေချလို့ရပါပြီ။


ဒါဆိုရင်ရှမ်းစာကြိုက်သူတွေအတွက်ပုံမှန်ဘာလချောင်ကြော်တွေနဲ့ အနံ့အရသာမတူတဲ့ ပဲပုပ်ဘာလချောင်ကြော်ကို သုံးဆောင်နိုင်ပြီပေါ့။

ဈေးဝယ်ထွက်မယ်

## ကိုရီးယားစတိုင် အနွေးထည်လှလှလေးတွေ ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**

ဆောင်းကုန်ခါနီးမှ အအေးလှိုင်းဖြတ်နေလို့ဆောင်းမကုန်နိုင်သေးဘဲ အေးနေတဲ့အတွက် အနွေးထည်မချွတ်နိုင်သေးကြတဲ့သူတွေ အနွေးထည်မိုက်မိုက်လေးတွေနဲ့ စတိုင်လ်ထုတ်လို့ရအောင် ဒီတစ်ပတ် ဈေးဝယ်ထွက်ကြည့်ရအောင်ပါ။

ကိုရီးယားဖက်ရှင်ဆိုရင် အမျိုးသား၊ အမျိုးသမီး ကြီးကြီး၊ ငယ်ငယ်မရွေး သဘောကျနှစ်ခြိုက်ပြီးသားဖြစ်လို့ အခုဈေးဝယ်ထွက်မယ့်ဆိုင်ကလည်းကိုရီးယားနိုင်ငံထုတ် အဝတ်အစားတွေကို သီးသန့်ရောင်းချတဲ့ဆိုင်ဆိုတော့ ပရိသတ်ကြီး ဈေးဝယ်ထွက်ချင်လောက်မယ်လို့ထင်ပါတယ်။

ဒီဆိုင်မှာက အမျိုးသား၊ အမျိုးသမီးဝတ် အထည်တွေကို အရွယ်စုံအတွက် ရနိုင်တာပါ။ ရာသီဥတုအေးတဲ့နိုင်ငံက တင်သွင်းတဲ့ အဝတ်အထည်တွေဖြစ်လို့ အေးနေတဲ့ မြန်မာနိုင်ငံအတွက်လည်းသင့်တော်တာသေချာပါတယ်။



အနွေးထည်ကိုဖန်စီပုံစံဒီဇိုင်းကြိုက်သူတွေရော စမတ်ပုံစံမျိုးကြိုက်သူတွေရော အကြမ်းဝတ်လို့ရတဲ့ပုံစံမျိုးကိုမှ နှစ်သက်တဲ့သူတွေရော အားလုံးအတွက် ဒီဆိုင်က အဆင်ပြေမယ့်ဆိုင်ဖြစ်မှာပါ။

ဈေးနှုန်းအနေနဲ့လည်း အမျိုးသမီးဝတ် အပါးလေးတွေဆို ကျပ် ၆,၅၀၀ လောက်ကနေ အမြင့်ဆုံးဈေး ၂၅,၀၀၀ ကျပ်လောက်ပဲရှိလို့ ပစ္စည်းအရည်အသွေးနဲ့ ယှဉ်ရင် သက်သာတဲ့ဈေးနှုန်းလို့ ဆိုနိုင်ပါတယ်။

နေ့စဉ်ဝတ်ဖို့ပဲဝယ်ဝယ်၊ခရီးသွားဖို့အတွက်ပဲဝယ်ဝယ် အနွေးထည်ဆိုရင်တော့ ဒီဆိုင်မှာက ဈေးဝယ်ထွက်မယ့်သူတွေ စိတ်ကြိုက်ရွေးဖို့ ပစ္စည်းကလည်း များပါတယ်။

ဆိုင်လိပ်စာကတော့ တိုက် ၃၄၊ အခန်း ၂၊ အောင်သပြေလမ်း၊ ယုဇနပလာဇာ အနောက်ဘက်ခြမ်းမှာရှိတဲ့ Bang Bang စင်တာမှာပါလို့ဈေးဝယ်ထွက်ဖို့လမ်းညွှန်ပေးလိုက်ပါတယ်။

7DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012




ဓာတ်ပုံ-နေလင်းအောင်

# ကိန္နရီကိန္နရာမျိုးနွယ်တို့၏ ပွဲတော်

နေလင်းအောင်



"ဆီးကြိုသံများနဲ့××× ကြွလာသူအဆွေများရယ်××× ဝမ်းမြောက်ဝမ်းသာ မိတ်ဆက်လို့ကြိုဆိုမယ်" ကယားဖားစည်သံစည်းချက်အလိုက် မြူးကြွဖွယ်ရေးစပ်ထားသည့် တေးသီချင်းနှင့်အတူ ဆင်တူဝတ်စုံဝတ်ဆင်ထားသည့်လူငယ်များက ယိမ်းနွဲ့ကခုန်နေကြပြီး ယင်းတို့၏ ရှေ့တွင် သစ်ချောင်းများကို စုထောင်၍ ၁၀ပေ ခန့်ရှိသည့် မီးပုံတစ်ခုကို ပြုလုပ်ထားသည်။

အကအဖွဲ့၏ ဘေးပတ်ပတ်လည်တွင် ညှော့ခံစားပွဲဝိုင်းများ ဝိုင်းပတ်ထားပြီး လာရောက်သည့် ဧည့်သည်များအတွက် ဧည့်ခံထားသည်က ကယားရိုးရာ ခေါင်ရည်နှင့် ဒေသထွက်အစားအစာများ၊ **တစ်ဖက်သို့**






## ကိန္နရာမျိုးနွယ်တို့၏ ပွဲတော်

ကောက်ညှင်းကျည်တောက်မှ အစရှိသည်တို့ပါဝင်သည်။ တေးသီချင်းငါးပုဒ်ခန့်နှင့်ပြည်နယ်တိုင်းရင်းသားများဖြစ်သည့် ကယန်း၊ ပဒေါင်၊ အစရှိသည့်တိုင်းရင်းသားအကများနှင့်ဖျော်ဖြေမှုအဆုံးတွင်ကြေညာသံတစ်ခုပေါ်ထွက်လာသည်။

“ဒီနေ့ပွဲကိုကြွရောက်လာတဲ့ ဧည့်သည်တွေအားလုံး နှုတ်ဆက်တဲ့အနေနဲ့ မိမိကြိုက်နှစ်သက်ရာပုံစံနဲ့ မီးပုံပွဲမှာ ဝင်ရောက်ကပြနိုင်ပါတယ်”ဟူသော အစီအစဉ်ကြေညာသူ၏ အသံဝဲဝဲအပြီးတွင် ကွင်းပတ်ပတ်လည်၌ထိုင်နေကြသည့်ဧည့်သည်များကပါသီချင်းသံနှင့်အတူ ခါးလှုပ်ခြေလှုပ်နှင့် မီးပုံကိုဝိုင်းပတ်၍ ဝင်ရောက်ကကြတော့သည်။ ယင်းအထဲတွင် ဖိတ်ခေါ်ထားသည့် နိုင်ငံခြားသားဧည့်သည်များလည်း ဒေသခံများကိုကြည့်၍ ခေါင်း၊ ခါးလှုပ်၍ ပါဝင်ကပြကြတော့သည်။

ယင်းမြင်ကွင်းမှာယခုလ ၁၄ ရက်ညပိုင်းကလွိုင်ကော်မြို့ရှိကယားပြည်နယ် ယဉ်ကျေးမှုပြတိုက်ဝင်းအတွင်း ပြုလုပ်ခဲ့သည့်ကယားပြည်နယ်နေ့ အထိမ်းအမှတ်ရိုးရာ မီးပုံပွဲဖြစ်သည်။

တစ်နှစ်တာပတ်လုံးတွင် ပြည်နယ်တိုင်းရင်းသားလူမျိုးများအတွက် အကြီးမားဆုံးပွဲတော်တစ်ခုဖြစ်သည့်ကယားပြည်နယ်နေ့အခမ်းအနားသည်နှစ်စဉ်ကျင်းပမြဲဖြစ်ပြီးယခုနှစ်နှစ်(၆၀)ပြည့်ကယားပြည်နယ်နေ့အခမ်းအနားတွင်ခုနစ်ရက်တိုင်တိုင် ရိုးရာက ဇာတ်ရုံများ၊ ဂီတဖျော်ဖြေပွဲများ ထည့်သွင်းကျင်းပခဲ့ပြီး ပြည်နယ် အားကစားဝင်းအတွင်း စျေးရောင်းပွဲတော်များပါ ထည့်သွင်းပြုလုပ်ခဲ့သည်။

“ဒီနှစ်က (ဂုံးကင်း)လောင်းကစားတွေမရှိတော့ သိပ်မစည်လောက်ဖူးထင်တာ။ ဒီပွဲဆိုရင် ရုံးကင်းတွေပဲ ဆော့ကြတာ။ ဒါပေမဲ့ အရင်နှစ်တွေထက်တော့ပိုစည်တယ်။ အိုင်စီလည်းရှိတော့တောင်ကြီးတို့ မန္တလေးတို့ကနေပါလာကြတယ်”ဟု ကယားပြည်နယ်နေ့ပွဲနှင့်ပတ်သက်၍ ဒေသခံတစ်ဦးကပြောသည်။

ယင်းအခမ်းအနားကျင်းပပြုလုပ်သည့် ပြည်နယ်အားကစားဝင်းအနီးတွင် ဝန်ကြီးဌာနအလိုက် ပြခန်းများ ထည့်သွင်းပြသထားပြီး ရာချီသည့် စျေးဆိုင်ခန်းများ၊ အတန်းလိုက်ဖွင့်လှစ် ရောင်းချကြသည့် ခေါင်ရည်ဆိုင်အများအပြားမှာ ပြပွဲရက်အတွင်း ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။

အလားတူ ကယားပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် မြို့နယ်အလိုက် အားကစားပြိုင်ပွဲများပြုလုပ်ပြီး ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုးမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်များမှ ဒေသခံ တိုင်းရင်းသားများလည်း ယင်းပွဲတော်ကာလအတွင်းမြို့ပေါ်တက်၍ပြည်နယ် အထိမ်းအမှတ်နေ့ပွဲတော်ရက်အတွင်း စတည်းချ၍ ပါဝင်ဆင်နွှဲခြင်းဖြစ် သည်။

ထို့ပြင်သက်ဆိုင်ရာမြို့နယ်အလိုက်တွင်လည်းပြည်နယ်အထိမ်းအမှတ်နေ့ပွဲများ ကျင်းပပြီး မြို့တော်လွိုင်ကော်တွင်မူ အစည်ကားဆုံးဖြစ်ခဲ့သည်။

ကယားပြည်နယ်အနေနှင့်မူ ယခုနှစ်ပွဲတော်တွင် အထူးခြားဆုံးဖြစ်ခဲ့သည်က Iron Cross တေးဂီတအဖွဲ့အား ပြည်နယ်အစိုးရအဖွဲ့က ဖိတ်ခေါ်၍ ရှိုးပွဲထည့်သွင်းကျင်းပခဲ့ပြီး ယင်းရှိုးပွဲကြောင့်ပင် ယခင်နှစ်များထက် ပိုမိုစည်ကားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများကဆိုကြသည်။ ကယားလူမျိုးတို့သည် ရှေးအစဉ်အလာအယူအဆများအရ၎င်းတို့သည် ကိန္နရီ၊ ကိန္နရာအမျိုးအနွယ်မှ ဆင်းသက်လာသည့် အယူရှိကြသည်။



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏



## ဘဝ လွတ်မြောက်မှုဆိုတာ လိုက်နာကျင့်ကြံမှုအပေါ်မှာ အခြေခံတယ်

မြတ်ဗုဒ္ဓပွင့်ထွန်းတော်မူလာတာက လူတွေကိုကယ်တင်ဖို့လာတာမဟုတ်ဘူး။ လူသားတွေကို မိမိတို့ရရှိထားတဲ့ဘဝရဲ့ သဘာဝအမှန်ကို အမှန်အတိုင်းသိမြင်နားလည်အောင် ဉာဏ်မျက်စိကိုဖွင့်ပေးဖို့ ပွင့်တော်မူ လာခြင်းဖြစ်တယ်။ ပြီးတော့ လူသားများသည် မိမိတို့အနေနဲ့ မိမိတို့ရဲ့ ဘဝချမ်းသာအစစ်ကိုရရှိဖို့အတွက် ဘယ်ပုံဘယ်နည်းကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ဆောင်ရွက်ရမယ်ဆိုတာကို အဆုံးအမပြုဖို့ပွင့်ပေါ် လာတာသာဖြစ်တယ်။ ဗုဒ္ဓဘာသာရဲ့ ကိုယ်ကျင့်သီလသဘောဟာ ဘယ်ပညတ်တော်တွေအပေါ် မှာမှ အခြေစိုက်ထားတာမဟုတ်ဘူး။ လူတွေ မလိုက်နာလို့မရဘူး၊ မဖြစ်မနေလိုက်နာရမယ်ဆိုတဲ့ အမိန့်အာဏာလည်းမပါဘူး။ မိမိဘာသာရွေးချယ်လိုက်နာကျင့်ကြံမှုအပေါ် မှာသာ အခြေခံတယ်။

အကျင့်သီလသဘောဟာ ဗုဒ္ဓဘာသာမှာတော့ လက်တွေ့ကျကျ နိဗ္ဗာန်မဂ်ဖိုလ်ဖြစ်တဲ့ အန္တိမချမ်းသာစစ်ကိုပို့ဆောင်ပေးတဲ့ ပဓာနကျတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်။ ဘဝဆင်းရဲခပ်သိမ်းက လွတ်မြောက်ကြောင်း အမှန် မြတ်နိဗ္ဗာန်သို့ ရှေးရှုသွားရာလမ်းမှာ လူတိုင်းဟာ မိမိတို့ပြုသမျှ ကောင်းမှု၊ ဆိုးမှု၊ အကျိုးရှိမှု၊ အကျိုးမဲ့မှုအားလုံးအတွက်တာဝန်ရှိသူဖြစ်တယ်။ လူတိုင်းလူတိုင်းဟာ မိမိတို့ဘဝလွတ်မြောက်ရေးအတွက် ဘယ်သူ့ကိုမှ အားကိုးစရာမရှိဘဲ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးပြီး ကိုယ်တိုင် ဉာဏ်၊ဝီရိယစိုက်ထုတ်လုပ်ဆောင်ကြရမှာဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ဘဝလွတ်မြောက်မှု၊ ကိုယ့်ကိုယ်ကိုယ် ကယ်တင်မှုသဘောဟာ မိမိကိုယ်တိုင် ကိုယ်ကျင့်သီလဖွံ့ဖြိုးတိုးတက်အောင် ပြုလုပ်နိုင်မှုအပေါ် မှာ အခြေခံတယ်။

ရည်ညွှန်း-‘ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက’ ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)

## စာ(၄)။ ပြန်ဆုံချိန် မှ

ဇနီးဖြစ်သူမှာ ရန်ကုန်မှ နံနက် ၈ နာရီ ကားဖြင့်ထွက်လာသည်ကို သိရှိထားပြီဖြစ်သော်လည်း နှစ်အတန်ကြာ ခွဲခွာကာမတူသော ထောင်နှစ်ခုတွင် အကျဉ်းကျနေသည့်အတွက် သားဖြစ်သူ၏ အသံကိုကြားလိုဇောမှာဦးဇော်ဇော်မင်း မျက်နှာထက်တွင် အထင်းသားပေါ်နေသည်။ တောင်ငူထောင်မှနံနက် ၁၀နာရီတွင်လွတ်မြောက်လာသော်လည်း မုံရွာထောင်ဘူးဝ၌ စောင့်နေသူများ၏ ဖုန်းစကားအရဘာမှမထူးခြားသေးသဖြင့် မိတ်ဆွေများနှင့် စကားပြောနေသော်လည်း စိတ်ကတော့သားဆီမှာပင်။ နေ့လယ် ၁ နာရီ ထိုးလုနီးအချိန်မှာတော့ သားဖြစ်သူ အသံကို ဖုန်းမှတစ်ဆင့် ကြားကာ သားအဖနှစ်ဦး စကားပြောဖြစ်ခဲ့ကြတော့သည်။ နောက်တစ်နေ့ နံနက်တွင် မုံရွာမှကားဖြင့်ပြန်လာသော သားဖြစ်သူကို ကြိုဆိုရင်း အောင်မင်္ဂလာအဝေးပြေးဝင်းမှာ ဒီငြိမ်းလင်း၊ ဦးဇော်ဇော်မင်းတို့ မိသားစု၏ပြန်ဆုံရာဖြစ်ခဲ့သည်။

အနောက်တိုင်းသားများအတွက်သောကြာနေ့၁၃(Friday 13) သည် ကံဆိုးလေ့ရှိသော နေ့ရက်တစ်ရက်အဖြစ် စွဲမှတ်ထားကြသော်လည်း မြန်မာနိုင်ငံတွင်တော့ ၂၀၁၂ခုနှစ် ဇန်နဝါရီ၊သောကြာ ၁၃ရက်သည် ခွဲခွာနေရသော မိသားစုအသီးသီးပြန်ဆုံရာပျော်ရွှင်နေ့ရက်အဖြစ် ပြောင်းလဲသွားလေပြီ။ဇန်နဝါရီ၁၃မှာ ရန်ကုန်လေဆိပ်၊ပြည်တွင်းဆိုက်ရောက်အဆောက်အအုံအတွက် လူမစဲသောနေ့ရက် ဖြစ်ခဲ့သည်။ နံနက်ခင်းကတည်းက နယ်ထောင်အသီးသီးမှ အိမ်ပြန်လာကြမည့် ကိုကိုကြီး ၊မနီလာသိန်း၊ ကိုဂျင်မီ၊ ကိုဇော်သက်ထွေး၊ ကိုမြအေး စသည့်လူချစ်လူခင်ပေါ်များသောသူတို့၏မိတ်ဆွေများ၊ မိသားစုဝင်များဖြင့် လေဆိပ်ခန်းမဆောင်မှာပြည့်နေခဲ့သည်။ ရာဂဏန်းမျှရှိသောသတင်းထောက်များလည်း ထိုအထဲတွင်ပါဝင်သည်။

လေဆိပ်ခန်းမဆီ တွေ့ချင်ဇောနှင့် လာရောက်စောင့်စားခဲ့သူများတွင် ဆံပင်ဖြူဖြူအသားညိုညိုနှင့်ကိုကိုကြီး၏မိခင်၊ အပြာရောင် မြန်မာဝတ်စုံလေးကို သပ်ရပ်စွာဝတ်ဆင်ထားသော ကိုဇော်သက်ထွေး၏ ၃ နှစ်ကျော်အရွယ် သမီးငယ်၊ မကြာမီက လူမှုကွန်ရက်တွင် ဖခင်လွတ်မြောက်ရေး သမ္မတကြီးထံအိတ်ဖွင့်ပေးစာရေးသားသော ဂီတမှူးဦးဝင်းမော်၏ ဆယ်ကျော်သက်သမီးငယ်၊မိခင်နှင့်ဖခင် တကွဲတပြားစီဖြစ်ပြီး ကြီးပြင်းခဲ့ရသော ကိုဂျင်မီ၊မနီလာသိန်းတို့၏ တစ်ဦးတည်းသော သမီးငယ်လေး စသည့်အရွယ်စုံတို့ပါဝင်လေသည်။ ထွက်ခွာလာသည့် နေရာများမှာ ကွဲပြားကြသလိုဆိုက်ရောက်သည့် လေယာဉ်ချိန်လည်း မတူညီကြပေ။ အချို့က နံနက်ခင်းတွင်ရောက်ကာ အချို့ကနေ့လယ်တွင်ရောက်သည်။အချို့ကမှောင်ရီပျိုးမှ လေယာဉ်ဆိုက်သည်။ မိသားစုဝင်များက လေဆိပ်ခရီးသည်ထွက်ပေါက်တွင် အုံခဲပိတ်ဆို့နေသော ကင်မရာကိုယ်စီသတင်းသမားများကြားမည်သို့မျှတိုးဝင်ရန် မစွမ်းသာဘဲလည်တဆန့်ဆန့်ဖြင့်သာ ထွက်ပေါက်ကိုမျှော်နေကြရသည်။ထောင်အသီးသီးမှ လွတ်မြောက်လာပြီဆိုသည်ကို သိရှိသော်လည်း ကိုယ့်ချစ်သူခင်သူ ဖခင်၊အစ်ကိုမောင်ဖွားများ၏မျက်နှာကို မြင်လိုကြသည်။ တစ်ဦးထွက်လာတိုင်း ကင်မရာမီးများ တဖျတ်ဖျတ်လက်သွားသလို မိသားစုဝင်များ၏ မျက်နှာများတွင်လည်း အပြုံးပန်းများ ချက်ချင်းပွင့်လန်းလာကြသည်။ တချို့၏မျက်ဝန်းအိမ်တွင်တော့မျက်ရည်စများဝေ့သီလျက်။

ဝမ်းမြောက်စရာသတင်းများကြားမှဝမ်းနည်းဖွယ်ကြားသိခဲ့ရသော သတင်းတစ်ခုမှာ ပူတာအိုထောင်မှလွတ်မြောက်လာသော ကိုအောင်ကျော်ဦး၏ မိခင်မှာသားအိမ်ပြန်လာသည်ကိုဝမ်းသာမဆုံးရှိနေချိန်တွင်နှလုံးရောဂါအခံကြောင့် ထိုနေ့ညမှာပင် ကွယ်လွန်သွားရှာသည်။ ကိုအောင်ကျော်ဦးကိုလွတ်မြောက်လာသော ဘဝတူ မိတ်ဆွေများက သွားရောက်အားပေးကာဖေးမခဲ့ကြသည်။

ဇန်နဝါရီ ၁၃ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် လွတ်မြောက်လာသူ ၆၅၁ ဦးထဲ၌ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၃၀၂ ဦးပါဝင်သည်။ မြန်မာနိုင်ငံအရေးကို အစဉ်တစိုက်စောင့်ကြည့်နေသော အမေရိကန်နိုင်ငံ၏အကြီးတန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယခုကဲ့သို့ ယုံကြည်ချက်အကျဉ်းသားများ အစုလိုက်အပြုံလိုက်လွှတ်ပေးခြင်းမှာ အာရှသမိုင်းတွင် မြန်မာနိုင်ငံ၌ ပထမဆုံးဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားကလည်း မြန်မာနိုင်ငံတွင် မှိုတ်တုတ်မှိုတ်တုတ် အလင်းရောင်မှာအရှိန်ကောင်းစွာဖြင့်တောက်လောင်နေပြီဟု တင်စားပြောဆိုကာ မြန်မာနိုင်ငံ၏ ယုံကြည်ချက် အကျဉ်းသားများ လွှတ်ပေးလိုက်ခြင်းကို ထိုနေ့မှာပင် ကြေညာချက်ထုတ်ပြန်ကာ ကြိုဆိုခဲ့လေသည်။

အချိန်နှင့် နေရာများသာ ကွာခြားသော်လည်း ထိုနေ့တွင် အကျဉ်းထောင်အသီးသီးမှလွတ်မြောက်လာသူများနှင့် မိသားစုဆုံစည်းသည့်ပုံရိပ်များမှာ သတင်းဌာနများနှင့် အွန်လိုင်းသုံးစွဲသူများကြောင့် အင်တာနက်စာမျက်နှာများတွင်ပျံ့နှံ့ခဲ့ပြီး ပြန်ဆုံသည့်အခိုက်အတန့်ကိုမြင်ရသူတိုင်း ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ ဇန်နဝါရီလ ၁၃၊ တစ်နည်းအားဖြင့် ဆိုရသော် သောကြာ ၁၃သည်မြန်မာနိုင်ငံသူ၊နိုင်ငံသားများနှင့် မိသားစုဝင်များအတွက် မင်္ဂလာရှိသော ပြန်ဆုံနေ့ရက်အဖြစ်မှတ်တမ်းဝင်ခဲ့လေပြီ ။

## တောင်ကိုရီးယားဒါရိုက်တာများဦးစီး၍ ရုပ်ရှင်ကော်မရှင်တစ်ခု ဖွဲ့စည်းမည်

ကြူကြူဟန်

ရန်ကုန်၊ ဇန်နဝါရီ-၁၅

တောင်ကိုရီးယားနိုင်ငံမှ ဒါရိုက်တာများဦးစီး၍ မြန်မာအနုပညာ ရှင်များပါပါဝင်နိုင်မည့် ရုပ်ရှင်ကော်မရှင်တစ်ခုဖွဲ့စည်းရန် စီစဉ်နေကြောင်း ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဦးမြင့်သိန်းဖေကပြောသည်။

“သူတို့ရောက်တဲ့နေရာမှာ ကော်မရှင်လေးတွေဖွဲ့ပြီးပြီ။ ဒီအဖွဲ့တွေက ဘာလဲဆိုတော့ ရုပ်ရှင်ကို လွတ်လွတ်လပ်လပ်နဲ့ အောင်အောင်မြင်မြင်လုပ်နိုင်ဖို့အတွက် ဖွဲ့စည်းပေးတဲ့အဖွဲ့လေးတွေပါ။ နောက်ဆို မြန်မာ့ရုပ်ရှင်တစ်ခုတည်းမဟုတ်တော့ဘူး။ အာဆီယံတွေပေါင်းပြီးဆောင်ရွက်တဲ့အတွက်ကြောင့် အတတ်ပညာပူး ပေါင်းဖလှယ်ဆောင်ရွက်နိုင်မှာဖြစ်လို့ ရုပ်ရှင်ပိုပြီးတော့ တိုး တက်လာမယ်”ဟု ဦးမြင့်သိန်းဖေကပြောသည်။

ဇန်နဝါရီ ၁၂၊ ၁၃ ရက်က ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်ခဲ့သော ကိုရီးယားအာဆီယံရုပ်ရှင်အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်တွင်း၊ ပြည်ပအနုပညာရှင်များတက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ရုပ်ရှင်သမိုင်းကြောင်းကို မလိခစိုးထိုက်အောင်က တင်ပြပြီး ထိုအကြောင်းအရာနှင့်ပတ်သက်၍ ကိုရီးယားနာမည်ကြီး ဒါရိုက်တာငါးယောက်၊ မြန်မာအနုပညာရှင်များ၊ အတတ်ပညာရှင်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များက ဆွေးနွေးအဖြေရှာကြသည်။

ထိုဆွေးနွေးပွဲရလဒ်အဖြစ် ရုပ်ရှင်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာမည်ဖြစ်ပြီး အနုပညာ၊ အတတ်ပညာ၊ နည်းပညာပိုင်းနှင့် အပြည်ပြည်ဆိုင်ရာနည်းပညာများ ရလာကာ မြန်မာ့ရုပ်ရှင် တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် ရုပ်သံဇာတ်လမ်းတွဲပူးပေါင်းရိုက်ကူးမှု အောင်မြင်မည်ဆိုပါက ပြည်ပသို့ ထိုးဖောက်နိုင်သော ခြေလှမ်းတစ်လှမ်းဖြစ်လာနိုင်မည်ဖြစ်ကြောင်းလည်း ဦးမြင့်သိန်းဖေကပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## မျက်နှာဖုံး- ဒေါ်အောင်ဆန်းစုကြည် နိုင်ငံရေးခရီးစဉ်အဖြစ် ထားဝယ်၊မန္တလေး၊ ပုသိမ်မြို့များသို့သွားမည် မှ

နှစ်ပတ်အတွင်း နိုင်ငံရေးခရီးစဉ် ၃ကြိမ် ထွက်ရန်ရှိပြီး ထားဝယ်ခရီးစဉ်ပြီးလျှင် ဖေဖော်ဝါရီ ၄၊၅ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည်ဖြစ်သည်။ ဖေဖော်ဝါရီ၇ရက်တွင်ပုသိမ်မြို့သို့နေ့ချင်းပြန်ခရီး သွားရောက်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသတင်းရရှိသည်။

အဆိုပါ ခရီးစဉ်အတွင်း သတင်းဌာနများကိုလည်း မိမိတို့အစီအစဉ်ဖြင့် သတင်းလိုက်ပါယူနိုင်ရန်ဖိတ်ကြားထားသည်။

၂၀၁၀ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက်တွင်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးနောက် ပဲခူးမြို့သို့ သွားရောက်ခဲ့ဖူးသော်လည်း ထိုခရီးစဉ်မှာ အောင်ဆန်းဂျာမွန်းစာကြည့်တိုက်ဖွင့်ပွဲအတွက်သွားရောက်ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန် တရားဝင်ပြောကြားပြီးနောက် ပထမဆုံးသွားရောက်မည့် နိုင်ငံရေးခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တတိယ မြို့တော်ဖြစ်သော မန္တလေးမြို့သို့ ဒေါ်အောင်ဆန်းစုကြည် သွားရောက်မည့်ခရီးစဉ်ကိုမြို့ခံစာရေးဆရာတစ်ဦးဖြစ်သူ ဦးကျော်ရင်မြင့်က"နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ဟာ ပြည်သူလူထုနဲ့ အမြဲတမ်းထိတွေ့နေဖို့လိုအပ်ပါတယ်။ ပြည်သူလူထုကလည်း သူတို့လေးစားချစ်ခင်တဲ့ ခေါင်းဆောင်ကို တွေ့ချင်ကြတယ်။ဒါကြောင့်မန္တလေးဒေသခံတွေကဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်ကို ကြည်ကြည်နူးနူး၊ပျော်ပျော်ရွှင်ရွှင်နဲ့ ကြိုဆိုကြမှာဖြစ်တယ်။ ၉၀တုန်းက လာတုန်းကလည်း ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ အားပေးကြတယ်။ အခုက ၉၀(ခုနှစ်)တုန်းထက် ပိုပြီးတော့မှ ချစ်ခင်မှု၊ အားကိုးမှုကို ပိုပြီးရလိမ့်မယ်ထင်တယ်။ အခုအခါ ပြည်သူလူထုက ချစ်တာ အားကိုးတာထက် သနားတာပါပါလာတယ်၊ ကရုဏာနဲ့ ပိုပြီးတော့မှ လက်ခံကြလိမ့်မယ်၊ ကြိုဆိုကြလိမ့်မယ်၊ အားပေးကြလိမ့်မယ်လို့ထင်တယ်"ဟု ပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၉၀ ပြည့်နှစ်ကာလများက မန္တလေးမြို့သို့သွား ရောက်ကာ ဟောပြောပွဲများ ပြုလုပ်ခဲ့ဖူးသည်။

## မျက်နှာဖုံး-ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများကို ဖေဖော်ဝါရီတွင် စတင်ရုပ်သိမ်းရန်စဉ်းစားနေ မှ

မြန်မာနိုင်ငံတွင်မကြာသေးမီက နိုင်ငံရေးအကျဉ်းသားများပြန်လွတ်ပေးလိုက်ခြင်းကို ကြိုဆိုတုံ့ပြန်လိုက်သည့်အနေဖြင့် ယခုကဲ့သို့ အရေးယူပိတ်ဆို့မှုများကို စတင်ဖြေလျှော့လိုက်ခြင်းဖြစ်ကြောင်း အီးယူနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်မြင်တွေ့ရပါက ပိတ်ဆို့အရေးယူမှုများကို ဆက်လက်သုံးသပ်ဖြေလျှော့သွားမည်ဟု ထိုအစည်းအဝေးမှာပင် ပြောကြားခဲ့ကြောင်း နိုင်ငံတကာသတင်းဌာနများတွင် ရေးသားဖော်ပြကြသည်။

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးအရပိတ်ဆို့အရေးယူမှုများကို လာမည့်ဖေဖော်ဝါရီလတွင် စတင်ရုပ်သိမ်းရန်စဉ်းစားနေပြီဖြစ်ကြောင်း ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီတတိယပတ်တွင် ပြောကြားခဲ့သည်။

"ပထမအဆင့်ကို လာမယ့်ဖေဖော်ဝါရီလမှာ စတင်ဖို့စဉ်းစားနေပါပြီ"ဟု အီးယူနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကိုဖြစ်နိုင်ပါက လာမည့်ဖေဖော်ဝါရီလတွင် ရုပ်သိမ်းပေးရန်စဉ်းစားနေကြောင်း ဇန်နဝါရီ ၁၈ ရက်ကပြောကြားသည်။ ထိုသို့ပြောပြီး ငါးရက်အကြာတွင် အထက်ပါအတိုင်း စတင်ဖြေလျှော့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ တိုးတက်လာသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂ၏ ပေါ်လစီကို ပြန်လည်သုံးသပ်ရန်လိုအပ်လာခြင်းဖြစ်ကြောင်း အီးယူနိုင်ငံခြားရေးမူဝါဒရေးရာဥက္ကဋ္ဌ ကက်သရင်းအက်ရှ်တန်၏ ပြောရေးဆိုခွင့်ရှိသူမိုက်ကယ်မန်းက အေအက်ဖ်ပီသတင်းဌာနသို့ပြောကြားခဲ့သည်။

"တချို့နိုင်ငံတွေက ငြိမ်ရွေးကောက်ပွဲမတိုင်ခင်မှာ အားပေးတိုက်တွန်းတာကို ပြသတဲ့အနေနဲ့ ပိတ်ဆို့အရေးယူမှုတွေကို ဖယ်ရှားချင်နေပြီ"ဟု အမည်မဖော်လိုသော နိုင်ငံရေးလေ့လာသူတစ်ဦးကလည်းပြောသည်။

အဖွဲ့ဝင် ၂၇ နိုင်ငံပါသော ဥရောပသမဂ္ဂ၏ နိုင်ငံအချို့မှာ လွှတ်တော်အတွင်း ဒေါ်အောင်ဆန်းစုကြည်ကို သမိုင်းဝင်မြင်တွေ့ရတော့မည့် အခြေအနေများကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်နေမှုများအပေါ် အားပေးထောက်ခံမှုကိုပြသသည့်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးလိုခြင်းဖြစ်သည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလီယံဟေ့ဂ်၏ မြန်မာနိုင်ငံခရီးစဉ်တွင်မြန်မာအစိုးရအား ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများကို အမြန်ဆုံးလွှတ်ပေးရန်၊ တရားမျှတလွတ်လပ်သောရွေးကောက်ပွဲကျင်းပပေးရန်၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများအဆုံးသတ်ရန်နှင့်စစ်ပြေးဒုက္ခသည်များကို လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနိုင်ရေးအတွက် စီစဉ်ပေးရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသို့ အီးယူ၏ အရေးယူပိတ်ဆို့မှုများကိုပြန်လည်သုံးသပ်မည့် အစည်းအဝေးကို လာမည့် ဧပြီလတွင် ကျင်းပမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ယင်းခရီးစဉ်အပြီး တစ်ပတ်အတွင်းမှာပင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၃၀၂ ဦး အပါအဝင် အကျဉ်းသား ၆၅၁ ဦးကို လွှတ်ပေးခဲ့သည်။ ဇန်နဝါရီ ၁၄ မှ ၁၆ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သော ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာသမ္မတ ဦးသိန်းစိန်အား ပြုပြင်ပြောင်းလဲရေးသမားဖြစ်သည်ကို ယုံကြည်ပြီး၊ ၎င်းသည် ဉာဏ်ပညာနှင့်ပြည့်စုံပြီး အတွေးအခေါ် ကောင်းသူ တစ်ဦးဖြစ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

## မျက်နှာဖုံး-ပြည်ပမှ မှောင်ခိုတင်သွင်းသော ပစ္စည်းများကို လိုက်လံစစ်ဆေးတော့မည်ဟုဆို မှ

"မှောင်ခိုကိစ္စတွေကို အဓိကဘယ်လိုလုပ်မလဲဆိုတာ ရန်ကုန်၊မန္တလေးမှာရှိတဲ့ ကုန်တိုက်တွေမှာ ဆွေးနွေးပွဲတွေပြုလုပ်သွားမယ်"ဟု ဝန်ကြီးက ပြောသည်။ ပထမဆုံး ဆွေးနွေးပွဲကို မင်္ဂလာဈေးတွင်သုံးလအတွင်း ပြုလုပ်မည်ဟုဆိုသည်။

ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးဆွေးနွေးပွဲသို့ မြန်မာ နိုင်ငံအနှံ့အပြားရှိ ကုန်သည်များ၊ အသင်းအဖွဲ့မှတာဝန်ရှိသူများနှင့် နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေးခေါင်းဆောင်ဒေါက်တာဦးမြင့်တို့တက်ရောက်၍ ဆွေးနွေးခဲ့ကြသည်။ KNU နှင့် အပစ်အခတ်ရပ်စဲပြီးနောက် မှောင်ခိုပစ္စည်းများ ပိုမိုဝင်ရောက်လာကြောင်း ကရင်ပြည်နယ် စီးပွားရေးဝန်ကြီးကပြောသည်။ သို့သော် ဈေးဝယ်စင်တာတစ်ခုမှ မန်နေဂျာက ဈေးဝယ်စင်တာနှင့် ကုန်တိုက်များတွင် ရောင်းချသော ကုန်စည်မျိုးစုံထဲမှ အများစုမှာ မှောင်ခိုတင်သွင်းခြင်းဖြစ်သည်ဟုပြောသည်။ မြဝတီနှင့်မူဆယ်လမ်းကြောင်းများမှ မှောင်ခိုပစ္စည်းအများဆုံးဝင်သည်။

## စာ(၃) ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့အချို့ကို ရခိုင်ပြည်နယ် သုံးခွင့်ရမည်ဟုဆို မှ

ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် (ရွှေစီမံကိန်း)အေ-၁နှင့်အေ-၃တို့မှသဘာဝဓာတ်ငွေ့များကို ၂၀၁၃ ခုနှစ်၊ မေလမှစတင်၍ စီးပွားဖြစ်ထုတ်ယူတော့မည်ဖြစ်ပြီး ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များကို တရုတ်နိုင်ငံသို့ နှစ်၃၀ ကြာ ပိုက်လိုင်းဖြင့် သွယ်တန်းတင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရွှေသဘာဝ ဓာတ်ငွေ့သိုက်ကို ကိုရီးယားနိုင်ငံ Daewoo International Corporation နှင့် ဖက်စပ်ကုမ္ပဏီများမှ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပြီး ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်တွင် အဆိုပါကျောက်ဖြူကမ်းလွန် အေ- ၁ နှင့် အေ- ၃ (ရွှေစီမံကိန်း)တို့မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကိုတရုတ်နိုင်ငံမှနှစ် ၃၀ကြာ ဝယ်ယူမည်ဖြစ်ကြောင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

သဘာဝဓာတ်ငွေ့များကို ကျောက်ဖြူသို့ ပို့ဆောင်ပြီး ကျောက်ဖြူမှတစ်ဆင့် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသတို့ကိုဖြတ်၍ အရှည် ၁၂၀၀ ကီလိုမီတာ အချင်း ၃၆လက်မရှိပိုက်လိုင်းများဖြင့် တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေဒသမ ၂ဘီလီယံအား တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ပို့ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။

## စာ-၇၊ ဆူးလေစေတီတော် ရာပြည့်ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ မှ

ဆူးလေစေတီတော်မုခ်လေးမုခ်တွင် စေတီတော်ဝန်းရံမြို့နယ်များဖြစ်သော ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်တို့မှ ဆွမ်းတော်ကြီးတင်ပွဲများကိုလည်း ဇန်နဝါရီ ၂၅ ရက် နံနက်အရုဏ်ဦးတွင် ပြုလုပ်မည်ဖြစ်သည်။

အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်းကို ဇန်နဝါရီ ၂၀ရက်မှ ၂၈ ရက်အထိ အသံမစဲရွတ်ဖတ်သွားမည်ဖြစ်သည်။

နောက်ဆုံးနေ့ဖြစ်သော ဇန်နဝါရီ ၂၉ရက်၊ ညနေသုံးနာရီတွင် အနောက်ပိုင်းခရိုင် ၁၃မြို့နယ်မှ အလှူရှင်များနှင့် တစ်ဦးချင်းအလှူရှင်များက သံဃာတော်များအား ဆွမ်းတော်ကြီးလောင်းလှူပူဇော်ကြမည်ဖြစ်ကာ အောင်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ တိုင်းသံဃာ့မဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊နိုင်ငံတော်ဩဝါဒစရိယဆရာတော်များနှင့်၊ ရန်ကုန်တိုင်းအတွင်းရှိ စာသင်တိုက်များမှ ပင့်သံဃာများ ကြွရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

## စာ – ၂၊ အစိုးရနှင့်ကေအိုင်အိုကြား စစ်ရေးအရှိန်လျှော့ချမည် မှ

မြန်မာနိုင်ငံဘက်မှဦးအောင်သောင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ကေအိုင်အိုမှ အမြဲတမ်းဗဟိုကော်မတီဝင်ခြောက်ဦးအဖွဲ့တို့သည် တရုတ်နိုင်ငံ ရွှေလီမြို့၌ ဇန်နဝါရီ ၁၇ရက်နှင့် ၁၉ ရက်တွင် ဆွေးနွေးခဲ့သည်။

ထုတ်ပြန်ချက်တွင် စစ်ရေးအရှိန်များကို ထိန်းသိမ်းသွားနိုင်ရန်နှင့် ယုံကြည်မှုတည်ဆောက်ရန်အတွက် ပြဿနာဖြစ်ပွားနိုင်သော ဒေသများရှိ နှစ်ဖက်တပ်များကိုစွအား ညှိနှိုင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်ဟု ပါရှိသည်။

ထို့အပြင် နိုင်ငံတော်အစိုးရနှင့် ကေအိုင်အိုတို့သည် နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြမည် ဖြစ်ပါသည်ဟုလည်း ဖော်ပြထားသည်။

ကေအိုင်အေနှင့် မြန်မာတပ်မတော်တို့ ၂၀၁၁ ဇွန် ၉ ရက်မှစ၍ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ပြေးဒုက္ခသည်ပေါင်းခြောက်သောင်းခန့်ရှိနေပြီဖြစ်သည်။

ကချင်ပြည်နယ်တွင်မြန်မာတပ်မတော်နှင့်ကချင်လွတ်မြောက်ရေး တပ်မတော်အေအိုင်အေတို့ကြား ဖြစ်ပွားနေသော တိုက်ပွဲများ အဆုံးသတ်သွားစေရန် ထိုးစစ်များရပ်တန့်ရန် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဒီဇင်ဘာ ၁၀ရက်တွင် ညွှန်ကြားစာ ပေးပို့ခဲ့သည်။

## မျက်နှာဖုံး-အာရှဖွံ့ဖြိုးမှုဘဏ်အကူအညီဖြင့် မြဝတီ-ကော့ကရိတ် ကားလမ်း တစ်နှစ်ခွဲအတွင်း အပြီးဖောက်လုပ်မည် မှ

အာရှဖွံ့ဖြိုးမှုဘဏ်က မြန် မာနိုင်ငံအတွက် ထိုသို့ ပြန်လည် အကူအညီပေးခြင်းမှာ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။ အဆိုပါလမ်းအား တစ်နှစ်ခွဲအတွင်း အပြီးဖောက်လုပ်မည်ဟု ဝန်ကြီးကဆိုသည်။ မြဝတီ-ကော့ကရိတ် ကားလမ်းဖောက်လုပ်ရန် အတွက် အာရှဖွံ့ဖြိုးမှုဘဏ်က အကူအညီပေးခြင်းဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောကြားသည်။

"အဲဒီလမ်းကမြဝတီ-ဘားအံလမ်းထက် အဆင်းအတက်နည်းတယ်။ ခရီးလည်းပိုတိုတယ်"ဟု ကရင်ပြည်နယ်စီးပွားရေးဝန်ကြီးက ပြောသည်။ ၂၀၀၄တွင် စတင်ဖောက်လုပ်ပြီး ၂၀၀၅ခုနှစ်တွင် ရပ်နားထားသော အဆိုပါလမ်းအား KNU နှင့် အပစ်အခတ် ရပ်စဲပြီးနောက် ပြန်လည်ဖောက်လုပ်ခြင်းဖြစ်သည်။

**First Choice Travel & Tour**
*First Choice is the best choice*

| | | |
|---|---|---|
| ကမ္ဘောဒီးယား (အန်ကောဝပ်) | (၅ရက်) | Feb 4 |
| ဗီယက်နမ် (ဟနွိုင်း-ဟာလောင်းဘေး) | (၄ရက်) | Feb 15 |
| ဗီယက်နမ်-ကမ္ဘောဒီးယား | (၇ရက်) | Feb 22 |
| စင်္ကာပူ-မလေးရှား | (၇ရက်) | March 5 |
| ပုဂံ၊ ညောင်ဦး ပုပ္ပါး | | Feb 10 |
| | | Feb 24 |
| | | Feb 24 |
| | | (နေ့စဉ်) |

Ph : 09 5171301, 09 73059081, 09 5415382

# Health

7DAY NEWS JOURNAL

Vol.10, No.45 · JANUARY 26, 2012

## သွေးတွင်း အင်ဇိုင်းဓာတ်တစ်မျိုးဖြစ်သည့် G6PD ချို့တဲ့ခြင်း

သွေးထဲတွင်ပါဝင်သည့်ဓာတ်တစ်မျိုးဖြစ်သည့်Gluocose 6 Phosphae Dehydrogenase သည် သွေးနီဥ၏ တည်ဆောက်မှုကို အားပေးသည့် အင်ဇိုင်းတစ်မျိုးဖြစ်ပြီး ယင်းအား အတိုကောက်ဖြင့် G6PDဟုခေါ် ဆိုကြသည်။

ယင်းအင်ဇိုင်းသည်သွေးနီဥ၏ နံရံများကို တောင့်တင်းစေပြီး သွေးနီဥများ သက်တမ်းမတိုင်မီပေါက်ထွက်ခြင်းမှကာကွယ်ပေးသည်ဟု ပညာရှင်များကဆိုသည်။ ပုံမှန်အားဖြင့် သွေးနီဥတစ်လုံး၏သက်တမ်းသည် ရက်ပေါင်းကိုးဆယ်ဖြစ်ပြီး အဆိုပါအင်ဇိုင်းသည် သွေးနီဥများ တောင့်တင်းခိုင်မာကာ သက်တမ်းစေ့နေနိုင်ရန် အကူအညီပေးခြင်းဖြစ်သည်။

သို့သော် အချို့သောသူများတွင်မျိုးဗီဇအရ မွေးလာကတည်းကပင် ယင်းအင်ဇိုင်းတစ်မျိုးချို့တဲ့လာကာ G6PD ချို့တဲ့သည့် ကလေးငယ်များအဖြစ်မွေးဖွားလာကြသည်။

G6PD ချို့တဲ့သည့် ကလေး များမွေးဖွားရာတွင် ယောကျ်ားလေးများ အများဆုံးဖြစ်တတ်သည်ဟု သိရသည်။ ထို့ကြောင့် G6PD ချို့တဲ့သည့် ရောဂါရှင်များသည် ယောကျ်ားလေးများသာဖြစ်လျက်ရှိကြသည်။

ထိုသို့ဖြစ်ရခြင်းမှာ ယင်းအင်ဇိုင်းချို့တဲ့သူများတွင် ယောကျ်ားလေးများသည် ရောဂါလက္ခဏာပြလေ့ရှိပြီး မိန်းကလေးများသည် ရောဂါလက္ခဏာမပြဘဲ ရောဂါသယ်ဆောင်သူအနေဖြင့်သာ ရှိနေကြသောကြောင့်ဖြစ်ကြောင်း ကလေးအထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာယုဇနစောမြင့်ကပြောသည်။

ယင်းအင်းဇိုင်း G6PD ချို့တဲ့သည့် ကလေးများမွေးလာရခြင်းသည်များသောအားဖြင့် မိခင်ဘက်မှ မျိုးရိုးကြောင့် မွေးလာခြင်းဖြစ်ပြီးကလေးတွင်ယောကျ်ားလေးဖြစ်ပါက ၅၀ ရာခိုင်နှုန်း ရောဂါဖြစ်ရန်အလားအလာရှိပြီးမိန်းကလေးဖြစ်ပါက ၅၀ ရာခိုင်နှုန်းရောဂါသယ်ဆောင်သူဖြစ်ရန် အလားအလာရှိသည်ဟု သိရသည်။

ထို့ကြောင့် ရောဂါသယ်ဆောင်လျက်ရှိသည့် ရောဂါကင်းစင်သည့် ဖခင်တို့ပေါင်းဖက်မွေး ဖွားလာသည့် ကလေးငယ်များတွင် ၅၀ ရာခိုင်နှုန်းရောဂါရှင်နှင့် ၅၀ ရာခိုင်နှုန်း ရောဂါသယ်ဆောင်သူများဖြစ်နိုင်သည်။

အလားတူ အခြားရောဂါသယ်ဆောင်သူနှင့် ရောဂါရှင်များမွေးဖွားလာနိုင်ချေနိုင်ခြေများလည်း ရှိကြသည်။ယင်းတို့မှာ ဖခင်သည် G6PD ချို့တဲ့သည့်ရောဂါရှင်ဖြစ်ပြီး မိခင်သည်ရောဂါကင်းစင်သူဖြစ်ပါက မွေးလာသည့် ကလေး များတွင် မိန်းကလေးများအားလုံးသည် ရောဂါသယ်ဆောင်သူများအဖြစ် မွေးဖွားလာကြမည်ဖြစ်ပြီး ယောကျ်ားလေးများအားလုံးသည် ရောဂါဖြစ်ခြင်းမှ ကင်းလွတ်မည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ဖခင်သည် ရောဂါရှင်ဖြစ်ကာ မိခင်သည် ရောဂါသယ်ဆောင်သူဖြစ်ပါက ထိုစုံတွဲမှ မွေးဖွားလာသည့် ကလေးများတွင် မိန်းကလေးပါဝင်ပါက ထိုမိန်း ကလေးသည် ရှားရှားပါးပါး ရောဂါရှင်ဖြစ်နေတတ်ကြောင်း သိရသည်။

ထို့အပြင် အခြားကလေးများတွင်လည်း ယောကျ်ားလေးဖြစ်ပါကရောဂါသည်အဖြစ်မွေးဖွားနိုင်ပြီး၊ အခြားမိန်းကလေးတစ်ဦးသည်ရောဂါသယ်ဆောင်သူအဖြစ် မွေးဖွားလာနိုင်သည်။ ထိုစုံတွဲမှမွေးဖွားလာမည့် ကလေးများတွင် ရှားရှားပါးပါး သားတစ်ဦးသာ ရောဂါဖြစ်ခြင်းမှ လွတ်မြောက်နိုင်ကြောင်း သိရသည်။ အထက်ပါစုံတွဲ သုံးမျိုးအနက်မှ အမျိုးသမီးရောဂါသယ်ဆောင်သူနှင့် အမျိုးသားရောဂါမရှိသူစုံတွဲသည် အများဆုံးပေါင်းဖက်တတ်လေ့ရှိကြသဖြင့် မွေးလာသည့် ကလေးများတွင် ယောကျ်ားလေးရောဂါရှင်များ အများဆုံးမွေးလာခြင်းဖြစ်သည်။

ထိုသို့ ယောကျ်ားလေးရောဂါရှင်များမွေးဖွားလာပါက မျိုးဗီဇကြောင့်ဖြစ်ပွားသည့် ရောဂါဖြစ် သဖြင့် ပျောက်ကင်းအောင် ကုသရန်မှာမဖြစ်နိုင်ဘဲ ဘဝတစ်လျှောက်လုံး ဂရုတစိုက်နေထိုင်သွားရန်သာ လိုအပ်ကြောင်းသိရသည်။ **စာ(၁၄)သို့**



## အစာထဲက အဆိပ်

ဝတ်ရည်အောင်

စိုက်ပျိုးရေးနည်းပညာများ ထွန်းကားလာသောယနေ့အချိန်တွင် ဟင်းသီးဟင်းရွက်များကို သတိမမူဘဲစားသုံးပါက အဆင်မသင့်လျှင်ဥပါဒ်ဖြစ်မည့် အခြေအနေ ပိုများလာသည်။

ဟင်းသီးဟင်းရွက်၊အသီးအနှံများသည်ကျန်းမာရေးရှုထောင့်အရ သင့်တော်သော အစားအစာများဖြစ်သော်လည်း ယခုနောက်ပိုင်းတွင် ပိုမိုတွင်ကျယ်စွာအသုံးပြုလာကြသည့် ပိုးသတ်ဆေးများ၊ အပင်ကြီးထွားစေသော ဓာတုဆေးများ၊ အရသာကောင်းမွန်စေရန်သုံးသည့်ဓာတ်မြေသြဇာစသည့် ဓာတုပစ္စည်းများကြောင့် စားသုံးသူများတွင် အန္တရာယ်ဖြစ်ပေါ်ခြင်းသည်များရှိလာသည်။

ဈေးများအတွင်း ရောင်းချနေသည့် အသီးအရွက်အချို့အား သုတေသနစစ်ဆေးမှုများအရ ပိုးသတ်ဆေးပါဝင်မှုနှုန်းသည် စားသုံးသူအား အန္တရာယ်ဖြစ်စေသည်အထိ ပမာဏများပါဝင်နေသည်ကိုတွေ့ရှိခဲ့ရသည်ဟုသတင်းရရှိသည်။ ယခင် သီရိမင်္ဂလာဈေးဟောင်းအတွင်း ရောင်းချသည့် မုန်ညင်းများတွင်လည်း တွေ့ရှိခဲ့ကြောင်းသိရသည်။

“ဈေးထဲက မုန်ညင်းဖြူနဲ့ ကိုက်လန်ကို သုတေသနလုပ်ခဲ့ဖူးတယ်။ အဲဒီမှာ သူတို့ သုံးတဲ့ ပိုးသတ်ဆေးနှစ်မျိုးက ခုနစ်ရက်ကြာတဲ့အထိကိုရှိနေတယ်။ ခုနစ်ရက်နောက်ပိုင်းမှ လူစားလို့ရနိုင်တဲ့အနေအထားကို တဖြည်းဖြည်းနဲ့ကျသွားတယ်”ဟု **စာ(၁၀)သို့**

## ပြည်တွင်းကုမ္ပဏီခုနစ်ခုကို အနောက်တိုင်းဆေးဝါးထုတ်လုပ်ခွင့်ပြု

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

ပြည်တွင်းတွင် အနောက်တိုင်းဆေးဝါးများ ထုတ်လုပ်ရန်အတွက် စက်ရုံခုနစ်ရုံအား ဆေးဝါးထုတ်လုပ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မည်သည့်ဆေးဝါးမဆိုထုတ်လုပ်ခွင့်ပြုထားပြီး ပြည်တွင်းတွင် လိုအပ်ချက်များပြား၍ ပြည်ပမှ တင်သွင်းနေရသည့် ဆေးဝါးများအား ထုတ်လုပ်မည်ဖြစ်ကြောင်း ဆေးဝါးထုတ်လုပ်ခွင့်ရသည့်Fame ဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာခင်မောင်လွင်ကပြောသည်။

“အရင်ကပြည်တွင်းမှာထုတ်လုပ်ခွင့်မရှိဘဲ ပြည်ပက တင်သွင်းတဲ့ လူသုံးများတဲ့ပစ္စည်းတွေကိုလည်း ထုတ်လုပ်ခွင့်ရတယ်။ အခု ပြည်တွင်းက လုပ်ငန်းရှင်တွေ ထုတ်လုပ်တဲ့ဆေးဝါးတွေကနောက် တစ်နှစ်လောက်ဆိုရင် ဈေးကွက်ထဲရောက်ပြီး အခုသုံးနေတဲ့ဆေးတွေရဲ့ တန်ဖိုးထက်ဝက်လောက်လျော့နည်းသွားမှာပါ”ဟု ဒေါက်တာခင်မောင်လွင်ကဆိုသည်။

ဆေးဝါးထုတ်လုပ်ရန်အတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားမှုများအား ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်အတွက် မြေနေရာ၊ ငွေကြေးအခြေအနေများကိုလည်း ထည့်သွင်းစဉ်းစားကြောင်း စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင်က UMFCCI ၌ ပြုလုပ်သည့် မြန်မာ့ဆေးဝါးထုတ်လုပ်မှုနှင့် ဒေသတွင်း ယှဉ်ပြိုင်မှု အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ပြည်တွင်းတွင် ထုတ်လုပ်မည့် ဆေးဝါးများ၏ အရည်အသွေးအား စက်ရုံအတွင်းရှိ အရည်အသွေးထိန်းချုပ်မှုဌာန (Quality Control Department) နှင့် စက်ရုံများမှထွက်လာသည့် ဆေးဝါးများအား FDA မှ လိုက်လံစစ်ဆေးမှုများဖြင့် ထိန်းချုပ်ထားကြောင်း သိရသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်းမှ ထုတ်လုပ်မည့် အနောက်တိုင်း ဆေးဝါးများအား ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်မှန် (Good Manufacturing Practice) ဖြင့် ထုတ်လုပ်နိုင်ရန် တက်ရောက်လာသော ပညာရှင်များကလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

လက်ရှိတွင် အောင်မြင်မှု ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်၊ မြန်မာ့ရွှေကမ္ဘာမြေကုမ္ပဏီလီမိတက်၊ သက်ရှည်ဆေးဝါးကုမ္ပဏီလီမိတက်၊ မြန်မာ့ခွန်အားအရင်းအမြစ်ပေါင်းစည်းမှု စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၊ Fortune International လီမိတက်၊ ASV ကော်ပိုရေးရှင်းနှင့် အခြားကုမ္ပဏီတစ်ခုမှ ထုတ်လုပ်ရန် ခွင့်ပြုထားခြင်းဖြစ်သည်။

ခွင့်ပြုထားသည့် ဆေးဝါးများတွင် အိုမီဂါ-၃ ကဲ့သို့သော ဆေးဝါးများအပြင် ခုခံအားကျဆင်းမှုရောဂါအတွက် အသုံးပြုရသည့်ဆေးဝါးများ ပါဝင်ကြောင်းလည်း သတင်းရရှိသည်။



# Regional

7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

# ရွှေဆိုင်အား ဖုန်းဆက်ခြိမ်းခြောက်၍ ရွှေသုံးပိဿာတောင်း

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ- ၁၄**

မန္တလေးမြို့ပေါ်ရှိ နာမည်ကြီး ရွှေဆိုင်တစ်ဆိုင်အား ဗုံးဖောက်ခွဲမည်ဆိုကာ တယ်လီဖုန်းဖြင့် ခြိမ်းခြောက်၍ ရွှေသုံးပိဿာတောင်းသူတစ်ဦးအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူထားသည်။

မန္တလေးမြို့တွင် ဒီဇင်ဘာ ၁၈ ရက်နံနက် ၁၀ နာရီခန့်က မြို့ပေါ်ရှိ ရွှေဆိုင်ကြီးတစ်ဆိုင်မှ မန်နေဂျာထံသို့ဆဲလ်လူလာဖုန်းအမှတ် ၀၉××××× ဖြင့် လူတစ်ဦးက ဖုန်းခေါ်ဆိုခဲ့သည်။ ဖုန်းခေါ်သူက ရွှေဆိုင် အတွင်း အဓိကနေရာသုံးနေရာ သုံးခုတွင် ဗုံးများမြှုပ်ထားပြီး ၎င်းဗုံးများကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ထားကြောင်းဗုံးပေါက်ကွဲမှုမရှိစေချင်လျှင် ရွှေသုံးပိဿာ (ကာလတန်ဖိုးကျပ်သိန်း ၂၀၀၀ ခန့်) လာရောက်ပေးရမည်ဖြစ်ကြောင်းပြောသည်။ လာရောက်ပေးရမည့်နေရာမှာအမရပူရမြို့နယ် စွယ်တော်ဘုရားအနီး ဖြစ်ပြီး အချိန်မှာ နံနက်၁၀ နာရီတွင်လာရောက်ပေးရမည်ဟု ပြောဆိုခြိမ်းခြောက်ကာ ဖုန်းချသွား၍ မန်နေဂျာမှ တာဝန်ရှိအဖွဲ့အစည်းများသို့ အဆင့်ဆင့်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်မှ ရုပ်ရှင်ဆန်ဆန် ဖုန်းဖြင့် ပြောဆိုခြိမ်းခြောက်သူချိန်းဆိုထားသော အမရပူရမြို့နယ် စွယ်တော်ဘုရားအနီးတွင်ကင်းပုန်းဝပ် နေရာယူစောင့်ကြည့်ရာ မသင်္ကာဖွယ်ဆိုင်ကယ်နှင့်လူတစ်ဦးအားတွေ့ရှိစစ်ဆေးခဲ့သည်။ ထိုသူက အောင်မြေသာစံမြို့နယ်နေ ဦး. . (၆၈)နှစ်က ရွှေများသွားရောက်ယူရန် လွှတ်လိုက်၍ လာခြင်းဖြစ်ကြောင်းစစ်ဆေးတွေ့ရှိ၍ အောင်မြေသာစံမြို့နယ်ပြည်ကြီးကျက်သရေရပ်ကွက်နေ ဦး. . . အားသက်သေများရှေ့တွင် ဖမ်းဆီးပြီး စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့်ရွှေဆိုင်ကြီးများအနေဖြင့် ဖုန်းဆက်၍ ခြိမ်းခြောက်မှုများ ရှိလာပါက အသံဖမ်းထားပြီး လုံခြုံရေးအဖွဲ့အစည်းများထံဆက်သွယ်ရန် လိုကြောင်း မြို့မဈေးမှရွှေဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ရုပ်ရှင်ဆန်ဆန် လက်ကိုင်ဖုန်းဖြင့် ဆက်သွယ်ပြီး ဗုံးဖောက်ခွဲမည်ဟု ခြိမ်းခြောက်ကာ ရွှေသုံးပိဿာ (ကာလတန်ဖိုးကျပ်သိန်း ၂၀၀၀ ခန့်)ဥပဒေမဲ့တောင်းသူဦး. . နှင့် ရွှေသုံးပိဿာအား ချိန်းဆိုထားသည့်နေရာတွင်လာရောက်ယူသူ ကို. . နှစ်ဦးတို့အား အမှတ် (၈) ရဲစခန်းမှ (ပ)၆၈၉/ ၂၀၁၁၊ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၄၂၀/၄၆၈/ ၃၆၈ တို့ဖြင့် အမှုဖွင့်အရေးယူထားသည်။

# ဇနီးမောင်နှံနှစ်ဦး တိရစ္ဆာန်ဘေးမဲ့ဥယျာဉ် တည်ထောင်

**ညီညီဇော်**

**မန္တလေး၊**
**ဇန်နဝါရီ - ၁၉**

ပခုက္ကူမြို့ ပန်းတိုင်းခြုံကျေးရွာတွင် တိရစ္ဆာန်ကယ်ဆယ်စောင့်ရှောက်ရေးနေရာတစ်ခုကိုမေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်အမည်ဖြင့်ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။



ဘေးမဲ့ဥယျာဉ်တွင် နွားများကို အစာကျွေးမွေးနေစဉ်

အဆိုပါ ဘေးမဲ့ဥယျာဉ်ကို ဆရာတော်အရှင်ဇဝန(မေတ္တာရှင်ရွှေပြည်သာ)က ငွေကြေးနှင့်လိုအပ်သည်များလှူဒါန်းကာ ဦးစီးတည်ထောင်ပေးခဲ့ခြင်းဖြစ်ပြီး ပခုက္ကူမြို့မှ စေတနာရှင် ကိုကျော်ဇော၊ မဥမ္မာသန်းတို့က မတည်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မြေ၁၃ ဧကကျယ်ဝန်းသော မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်သည်ယခုလက်ရှိနွား၅၂ကောင်၊ ဆိတ်၁၂ကောင်၊ ယုန် ၂၀၊ သိုးနှစ်ကောင်၊ မြင်းတစ်ကောင်၊ မျောက်နှစ်ကောင်နှင့်တိုက်ကြက်များကိုလည်း ကယ်ဆယ်စောင့်ရှောက်ထားကြောင်း ယင်းဥယျာဉ်မှ တာဝန်ရှိသူများက ပြောသည်။

ဆရာတော်အရှင်ဇဝန၏ ဇီဝိတဒါနတရားတော်ကို နာကြားဖြစ်ခြင်း၊ မူလစိတ်ရင်းကလည်း တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်လိုခြင်းနှင့် ဆရာတော်၏ ပံ့ပိုးကူညီလမ်းညွှန်မှုတို့ကြောင့် ယင်းဥယျာဉ်ကို တည်ထောင်ဖြစ်ကြောင်း အလှူရှင် ဇနီးမောင်နှံက ပြောသည်။"တချို့ တောင်သူကြီးတွေကသူတို့နဲ့အတူဒိုးတူပေါင်ဖက် လုပ်ကိုင်စားခဲ့တဲ့ နွားတွေကို ခိုင်းလို့မရတဲ့ အရွယ်ကျမှနွားသတ်ရုံ ပို့ရမှာကို တအားစိတ်ထိခိုက်ကြတယ်။ ဆက်ကျွေးမွေးဖို့လည်း မတတ်နိုင်တာကြောင့် ငွေလည်းရ အိမ်က လူတွေရဲ့ အလိုကျနဲ့ နွားသတ်ရုံ ပို့လိုက်ကြရတယ်။ ခုလို ဥယျာဉ်လေးလုပ်လိုက်တော့ သူတို့တွေ ဝမ်းသာ အားရလာလှူကြတယ်။ နွားတွေကို လာလှူဖို့ လမ်းစရိတ် မတတ်နိုင်တဲ့လူတွေ အတွက်လည်း ကျွန်တော်တို့က အိမ်တိုင်ရာရောက် ကားနဲ့ လိုက်လံ အလှူခံပေးပါတယ်။ တိုက်ကြက်တွေဆိုရင်လည်း ကိုယ်တိုင်လည်းကြက်တိုက်တာမလုပ်တော့ပါဘူး။ဟောဒီတိုက်ကြက်ကိုလည်း လှူခဲ့ပါတယ်ဆိုပြီး လှူသွားကြပါတယ်" ဟု ဥယျာဉ်အလှူရှင် ကိုကျော်ဇောက ပြောသည်။

စာ(၁၈) သို့

# နေပြည်တော်တွင် သေရည်ဆိုင်များ သုံးပုံနှစ်ပုံခန့် လျှော့ချသွားမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ-၁၄**

နေပြည်တော်မှ စားသောက်ဆိုင်များနှင့် ရပ်ကွက်အတွင်းရှိ အရက်ဖြူဆိုင်များအား လာမည့် ဘဏ္ဍာရေးနှစ်မှစ၍ အကန့်အသတ်ဖြင့် လျှော့ချသွားရန်စီစဉ်နေကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်အန္တရာယ်လျော့ပါးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် မြို့တော်အင်္ဂါရပ်နှင့် အညီ ဖြစ်စေရေးအတွက် မသင့်လျော်သည့်နေရာတွင်ရှိနေသည့် ဘီယာဆိုင်နှင့် စားသောက်ဆိုင်များ၊ ရပ်ကွက်အတွင်း လိုင်စင်ရှိ လိုင်စင်မဲ့ရောင်းချလျက်ရှိသော အရက်ဖြူဆိုင်များအား လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခြင်း၊ အခွန်တိုးကောက်ခြင်းများဖြင့် လျှော့ချသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

"အရက်ဖြူဆိုင်တွေကိုတော့ ၇၀ ရာခိုင်နှုန်းလောက် လျှော့ချသွားမယ်။ ကျန်တဲ့ စားသောက်ဆိုင်တွေကိုလည်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနားက ဆိုင်တွေကို လိုင်စင်ရပ်ဆိုင်းဖို့ရှိတယ်။ အခြားဆိုင်တွေကိုလည်း အခွန်နှစ်ဆလောက်ထိတိုးကောက်သွားဖို့ လူကြီးပိုင်းက စီစဉ်နေကြတယ်။ အဲဒါကိုလည်း ပြီးခဲ့တဲ့ အပတ်က ဆိုင်ရှင်တွေကို ခေါ်ပြီးကြိုအသိပေးထားပါတယ်" ဟူ၍ အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

လုပ်ငန်းလိုင်စင်ဖြင့် တရားဝင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော ဆိုင်အရေအတွက်အရပျဉ်းမနားမြို့တစ်ခုတည်းတွင်ပင် ဆိုင်ပေါင်း ၂၀၀ကျော်ရှိပြီးနေပြည်တော်တွင် စားသောက်ဆိုင် အရေအတွက် ထောင်ဂဏန်းရှိမည်ဖြစ်ကြောင်းလည်း ၎င်းထံမှသိရသည်။

ဒေသခံတစ်ဦးကလည်း အဆိုပါ အစီအစဉ်နှင့်ပတ်သက်ပြီး "အရက်ဖြူဆိုင်တွေ၊ အရက်ပုန်းဆိုင်တွေကတော့ မရှိသင့်တော့ပါဘူး။ အဲဒီအရက်တွေစွဲပြီး သောက်ကြလို့ယောက်ျားတွေ အသက် ၅၀ လောက်နဲ့အချို့၃၀ကျော်လောက် အသက်ဆုံးရှုံးနေကြတယ်" ဟု မှတ်ချက်ပြုပြောဆိုသည်။

လက်ရှိစားသောက်ဆိုင်လုပ်ငန်းရှင်တစ်ဦးကလည်း "ဘာပဲပြောပြော အခုလိုကြိုပြီး အသိပေးတဲ့အတွက် ကျေနပ်ပါတယ်။ ကိုယ့်ဘက်ကလည်း တစ်ခုခု စဉ်းစားဖို့အချိန်ရတာပေါ့"ဟုပြောသည်။

စင်ထွာ
မီးလင်းကတ္တား
မှ အသစ်ထပ်မံ ထုတ်လုပ်သော ဒိုင်ခွက် မိတ်ဆက်ခြင်း

- ချိန်တွယ်သွားသော ပစ္စည်းအလေးချိန်အားလုံးကို M+ ကိုနှိပ်၍ မှတ်တမ်းတင်ထားပေးခြင်း။
- ပစ္စည်းအရေအတွက်ကို ရေတွက်ပေးနိုင်သော Counting Function ပါဝင်ခြင်း။
- ပရင်တာ ထုတ်ပေးနိုင်ခြင်း။
- အရှေ့အနောက် နှစ်ဖက်မြင်နိုင်ခြင်း။




09.7300.9641, 09.731.236.36,02.788.24

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ဂီရိမုန်တိုင်းသင့်ကျေးရွာအချို့

**မာန်ယုကျော်**

**စစ်တွေ၊ ဇန်နဝါရီ- ၂၁**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၀ နိုဝင်ဘာ ၂၂ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ကျေးရွာအချို့တွင် ယနေ့အချိန်ထိ နေအိမ်အခက်အခဲများရှိနေသေးကြောင်း စုံစမ်းသိရသည်။

ဂီရိဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ကမ်းရိုးတန်းဒေသအလယ်ပိုင်းဖြစ်သည့် မြေပုံ၊ ကျောက်ဖြူ မင်းပြားနှင့် ပေါက်တောဒေသတို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။ ယခုအခါမုန်တိုင်းတိုက်ခတ်ခဲ့သည်မှာတစ်နှစ်ကျော်လွန်ပြီဖြစ်သော်လည်း မုန်တိုင်းဒဏ်သင့်ဒေသများဖြစ်သည့် ပေါက်တောမြို့နယ် ဖရုံကာကျွန်းနှင့်မြေပုံဒေသရှိကျေးရွာအချို့တွင် နေစရာအိမ်များ အခက်အခဲရှိကြပြီး ယာယီတည်ဆောက်ထားသည့် တဲအိမ်ငယ်လေးများတွင် တာပေါ်လင်စများဖြင့် အုပ်မိုး၍ နေထိုင်နေရကြောင်း သိရသည်။



*ဂီရိမုန်တိုင်းဒဏ် အဆိုးဆုံးခံခဲ့ရသော ကျောက်ဖြူမြို့နယ် ပြင်ဝင်းကျေးရွာမှ ဒေသခံနှစ်ဦးကို လဲပြိုနေသောအဆောက်အအုံများကြားတွင် တွေ့ရစဉ်*

ဓာတ်ပုံ-အားမာန်

"ဖြစ်သလို တည်ဆောက်ထားတဲ့တဲအိမ်ငယ်လေးတွေမှာ တာပေါ်လင်စတွေကို အုပ်မိုးပြီးတော့ နေနေကြရတာကို တွေ့ခဲ့ရပါတယ်။ ဂီရိတိုက်ခတ်ခဲ့တာ တစ်နှစ်ကျော်သွားပါပြီ။ ခုထိအဲဒီဒေသခံတွေက အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတုန်းပါပဲ" ဟု အဆိုပါဒေသသို့ ကိုယ်တိုင်သွားရောက်ခဲ့သူ Sky General English Class မှ ဆရာဦးအောင်လင်းဟိန်းက ပြောသည်။

ဂီရိမုန်တိုင်းဒဏ်သင့်ဒေသများတွင်ရေလုပ်ငန်းဖြင့် အဓိကလုပ်ကိုင် စားသောက်ကြပြီး ဂီရိဆိုင်ကလုန်းမုန်တိုင်းကြောင့် ၎င်းဒေသခံများ၏ ရေလုပ်ငန်းသုံးပစ္စည်းကိရိယာများပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မုန်တိုင်းပြီးသည်မှာတစ်နှစ်ကျော်လွန်သွားပြီဖြစ်သော်လည်း အဆိုပါဒေသ၏ စီးပွားရေးလုပ်ငန်းအချို့ပြန်လည်နာလန်မထူနိုင်သေးကြောင်းနှင့် တစ်နေ့တာ ရရှိနေသည့် ဝင်ငွေကို စားဝတ်နေရေးအတွက် အဓိက ဖြေရှင်းနေရသည့်အတွက်ကြောင့် ခိုင်ခံ့ကောင်းမွန်သည့် နေအိမ်များ အသစ်ပြန်လည်ဆောက်လုပ်ရန် အခက်အခဲများ ရှိနေကြကြောင်း သိရသည်။

## မန္တလေးဈေးချိုတော်အနီး မီးကြွင်းမီးကျန်မှ

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ - ၁၈**

မန္တလေးမြို့ ဈေးချိုတော်ရိယာတွင် လက်ဖက်ရည်ဆိုင်မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရကြောင်း ဈေးနှင့်သားသတ်ဌာန ဈေးချိုတော်ဈေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖြစ်စဉ်မှာ ဈေးချိုတော်ရိယာ ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၈၅ နှင့် ၈၆ လမ်းကြား မုန့်စုံတန်းတွင် ဇန်နဝါရီ ၁၆ ရက် နံနက် ၅ နာရီခန့်က ဆိုင်ခန်းအမှတ် ၁ ရှိ နှင်းဝေအောင် လက်ဖက်ရည်ဆိုင်ခန်းမီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် အရှေ့ဘက်ကပ်လျက်ရှိသော ထန်းလျက်ဆိုင်နှစ်ဆိုင်၊ မုန့်ဆိုင်တစ်ဆိုင် မီးလောင်ကျွမ်းခံရကြောင်း ဈေးချိုတော် မီးသတ်ဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၇ စီး၊ သန္ဓေမီးသတ် ၄၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ဦး လာရောက်မီးငြိမ်းသတ်ခဲ့ကြသည်။ နှင်းဝေအောင်လက်ဖက်ရည်ဆိုင်ပိုင်ရှင်အား အမှတ် ၆ ရဲစခန်းကပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ အရ အမှုဖွင့် အရေးယူထားသည်။

**TRADEMARK CAUTION**
Sime Darby Malaysia Berhad a Company incorporated in Malaysia at 19th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia is the Owner and Sole Proprietor of the following Trademark:-

Reg : No.4/772/2009
In respect of : "Cooking Oil."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 26.Jan.2012






7DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## မောင်တောနယ်စပ်တွင်

**မောင်ကံ**

**မောင်တော၊ ဇန်နဝါရီ-၁၇**

မောင်တောနယ်စပ်ဒေသနတ်မြစ်ကမ်းခြေတစ်လျှောက်တည်ဆောက်နေသော အထူးတည်ဆောက်ရေးလုပ်ငန်းများကြောင့် မောင်တောဒေသအတွင်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများလာကြောင်း သိရှိရသည်။

အဆိုပါအထူးတည်ဆောက်ရေးလုပ်ငန်း စီမံကိန်းတွင် အသုံးပြုရန်အတွက် အုတ်၊ သဲ၊ ကျောက်များလိုအပ်လျက်ရှိရာ ကျောက်များကို မေယုတောင်တန်းမှ ထုတ်ယူအသုံးပြုနေပြီးသဲများကိုလည်း ဒေသတွင်း သဲကုန်းများမှ ထုတ်ယူအသုံးပြုနေကြောင်းသိရသည်။

စီမံကိန်းဈေးကွက်လိုအပ်ချက်ကြောင့် ယခင် အုတ်ဖုတ်လုပ်ငန်းကို အနည်းငယ်သာ လုပ်ကိုင်ခဲ့ရာမှ ယခုနှစ်တွင် နေရာဒေသအသီးသီး၌အုတ်ဖုတ်လုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။

"အရင်က မောင်တောဒေသတည်ဆောက်ရေးလုပ်ငန်းတွေမှာ သုံးတဲ့အုတ်တွေက ဘူးသီးတောင်က အုတ်တွေဖြစ်ပါတယ်။ ဒီမှာ တစ်ဖိုနှစ်ဖိုလောက်ပဲ ဖုတ်တာတွေ့ရပါတယ်။ ဒီနှစ်တော့ အုတ်သမားအတွက်ရော၊ ကျောက်သမားအတွက်ရော၊ သဲသမားအတွက်ရော တွက်ခြေကိုက်နေကြပါတယ်" ဟု ကျောက်သယ်ယူရောင်းချသူတစ်ဦးက ပြောကြားသည်။



ဓာတ်ပုံ-မောင်ကံ

## ဖားကန့်ဒေသ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများ ဝန်ထမ်းများပြန်လည်ခေါ်ယူ



ဖားကန့်ကျောက်တူးဖော်ရေးလုပ်ငန်းခွင်တစ်ခု
ဓာတ်ပုံ-ဘဝသစ္စာ(ဖားကန့်)

**မျိုးမင်းဦး ၊ ဘဝသစ္စာ(ဖားကန့်)**

**ဖားကန့်၊ ဇန်နဝါရီ- ၂၂**

နယ်မြေမငြိမ်မသက်ဖြစ်နေသော ဖားကန့်ဒေသရှိ ကျောက်စိမ်းနှင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများကို ဒီဇင်ဘာလကုန်ရက်ပိုင်းမှ ယာယီရပ်ဆိုင်းထားခဲ့ပြီးနောက် ပြန်လည် လုပ်ကိုင်ရန်အတွက် နေရပ်ပြန်လုပ်သားများ၊ ဝန်ထမ်းများပြန်လည်ခေါ်ယူနေကြောင်း ဖားကန့်ဒေသတွင်အလုပ်လုပ်ကိုင်သည့် မုံရွာဒေသခံများ၏ပြောပြချက်အရ သိရှိရသည်။

"ကျောက်မျက်ရတနာမြေဖြစ်တဲ့ဖားကန့်မှာလာရောက်လုပ်ကိုင်တဲ့ ဝန်ထမ်းအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းက နေရပ်ပြန်ခဲ့ကြတာပါ။ အခု ကျောက်မျက်ကုမ္ပဏီတွေ လုပ်ငန်းပြန်လည်လုပ်ကိုင်ဖို့ ဝန်ထမ်းတွေပြန်ခေါ်တော့ တစ်ဝက်လောက်ကပြန်မသွားချင်ကြဘူး။ အများစုက ဖားကန့်မှာနေရေးစားရေးအခက်အခဲကိုကြောက်ပြီးပြန်မသွားချင်ကြဘူး" ဟု ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ ကျောက်မျက်ရတနာတူးဖော်ရေးကုမ္ပဏီ ဝန်ထမ်းတစ်ဦးဖြစ်သော ဦးဇော်လတ်ကပြောကြားသည်။

"ကျောက်မျက်ရတနာကုမ္ပဏီဝန်ထမ်းတွေ အားလုံးနီးပါးကိုယ့်ရပ်ကိုယ့်ရွာကိုပြန်ကြပြီ။ ထမင်းစားကျောက်ရှာသူတွေကတော့ ဘေးကင်းရာမှာ ကျောက်ဆက်ရှာကြတော့ မပြန်တာများတယ်။ ပြန်ဖို့လည်း လမ်းစရိတ်က မရှိတော့ ရတဲ့အလုပ်ဆက်လုပ်ကြတာပါ" ဟု ဖားကန့်မြို့နယ် စိုင်းတောင်ကျေးရွာတွင် ရေမဆေးကျောက်ရှာဖွေ လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောသည်

ကျောက်တူးဖော်ရေးအလုပ်သမားအများစုမှာ နေရပ်သို့ပြန်သွားသည့်အတွက် ကျန်ရှိနေသော ရေမဆေးကျောက်ရှာသူများမှာ ပို၍အလုပ်ဖြစ်နေကြောင်းလည်း ဒေသခံများက ပြောသည်။

ထို့အပြင် ဖားကန့်မြို့ရှိ ကျောက်ဝိုင်းတွင်လည်းကျောက်စိမ်းနှင့် ကျောက်မျက်ရောင်းဝယ်သူမှာ ယခင်ထက်က လေးပုံသုံးပုံလျော့နည်းနေကြောင်း ဒေသခံအချို့က ပြောသည်။ ကျောက်တူးဖော်ရေးလုပ်ငန်းအချို့မှာ ရက်ပိုင်းသာနားပြီး ယခုအခါ ပုံမှန်အတိုင်း လုပ်ငန်းခွင် ပြန်ဝင်နေကြပြီဖြစ်သည်။

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**အခမဲ့ကြော်ငြာကဏ္ဍ**

ဆံပင်ညှပ်ကောက်ကျွမ်းကျင် -(၃)ဦး၊ ခြေသည်း၊ လက်သည်း ပန်းချီကျွမ်းကျင် (၃)ဦး၊ အလုပ်သင်(၃)ဦး၊ ဖုန်း-၄၃၁၇၀၆၀၈ No.(4/149), Kelazadi Pagoda St, 4 Quarter Taugoo

-------------------------

စက်ချုပ်ကျွမ်းကျင် -မ(၄)ဦး၊
**ဖုန်း-၀၉-၄၃၀၆၅၈၁၂**

-------------------------

Helper-ကျား(၂)ဦး၊ Technician -ကျား(၂)ဦး၊ အမှတ်-၅၁၆၊ ဇမ္ဗူသီရိ အရှေ့(၁) လမ်း၊ ၆ ရပ်ကွက်၊ သာကေတ။

-------------------------

Office Staff-မ(၅)ဦး၊ Supervisor, Operator -ကျား(၅)ဦး၊
**ဖုန်း-၇၃၁၅၃၆၁၅**

-------------------------

အရောင်းစာရေး-မ(၁)ဦး၊
**ဖုန်း-၀၉-၇၃၁၈၇၁၈၈**
B(16,17,18,19) P3၊ ယုဇနပလာဇာ။

-------------------------

Marketing -မ(၃)ဦး၊
**ဖုန်း-၀၁ ၅၄၁၇၈၈၂၊**
**၀၉ ၇၃၁ ၈၇၉၀၄**

-------------------------

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ဖြိုလ်တုစလောင်း စိတ်ဝင်စားသော သင်တန်းသားအလုပ်သမားအလိုရှိသည်။
**ဖုန်း-၀၉ ၅၀ ၉၅၉၁၆**

-------------------------

Computer Graphic Designer (၃)ဦး၊ ယာဉ်မောင်း(၃)ဦး၊
**ဖုန်း-၀၉ ၇၃၀၁ ၂၁၀၀၊**
**၀၁ ၃၇၄၄၉၈**

-------------------------

English Teacher -F(5)Posts, Physics Teacher - F(5)Posts, Chemistry Teacher - F(5) Posts, Biology Teacher - F(5) Posts, Science Teacher - F(5) Posts, Maths Teacher - F(5) Posts, **Ph: 544728,**

-------------------------

ရုံးတာဝန်ခံ -ကျား(၁)ဦး၊ သိုလှောင်ရုံတာဝန်ခံ-ကျား(၁)ဦး၊ လုံခြုံရေး-ကျား(၁)ဦး၊ အမှတ်-၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

-------------------------

အအေးအဖျော်၊ အသုပ်၊ အချက်၊ အကြော် ကျွမ်းကျင်သူ။
**ဖုန်း-၀၉ ၅၀၉ ၅၂၈၄**

-------------------------

မြေနီကုန်း၊ ရှမ်းကုန်းလမ်းရှိ အင်တာနက်ဆိုင် Networking ကျွမ်းကျင်သူ (၁)ဦး၊
**ဖုန်း-၀၉ ၅၀ ၉၅၂၈၄**

-------------------------

ကွန်ပျူတာ-မ(၂)ဦး၊ Sale & Marketing Staff -ကျား/မ(၅)ဦး၊ ယာဉ်မောင်း-ကျား(၂)ဦး၊ အမှတ် G(၄၊ ၅၆)၊ ပုလဲကွန်ဒို၊ ကမ္ဘာအေး ဘုရားလမ်း၊ ဗဟန်း။

-------------------------

Service Teachnician -(3)ဦး၊
**ဖုန်း-၀၉ ၈၅ ၀၁ ၃၆၁**

-------------------------

Cashier-မ(၂)ဦး၊ Waiter & Waitress-ကျား/မ(၁၀)ဦး၊ မြန်မာထမင်းဟင်းချက်ကျွမ်းကျင် (၁)ဦး၊ မီးဖိုချောင်အကူ-ကျား/မ (၅)ဦး၊
**ဖုန်း-၀၁ ၂၂၃၆၂၅**

-------------------------

ဘာသာစုံကျွမ်းကျင် -မ(၃)ဦး၊ ဆံပင်ညှပ်ကျွမ်းကျင်-မ(၃)ဦး၊ Body Massage, Foot Massage -မ(၃)ဦး၊
**ဖုန်း-၀၉ ၈၆ ၂၂၇၁၀**

-------------------------

စားဖိုမှူး-ကျား(၁)ဦး၊ မီးဖိုချောင်အကူ-ကျား(၂)ဦး၊
**ဖုန်း-၀၉ ၅၄၁ ၆၀၅၇**

-------------------------

အလှကုန်ဆိုင်အရောင်းဝန်ထမ်း -မ(၂)ဦး၊ မန်နေဂျာ - မ ၁ ဦး (LCCI/ဘွဲ့ရ)
**ဖုန်း-၀၁-၃၇၉၈၄၇**

-------------------------

လျှော်၊ စက်ဆွဲ-မ(၇)ဦး၊ ညှပ်၊ ကောက်၊ ဖြောင့်-မ(၅)ဦး၊ လက်သည်း ပန်းချီ - မ(၅)ဦး၊ အလုပ်သင် -မ(၁၀)ဦး၊
**ဖုန်း-၅၀ ၂၀၅၈**

-------------------------

Japanese Language Instructor -ကျား/မ(၂)ဦး၊
**ဖုန်း-၃၈ ၂၅၂၉**

-------------------------

လျှော်၊ သစ်-မ(၂)ဦး၊ ခြေထောက်ဆေးစိမ်၊ နှိပ်/Body Spa -မ(၁)ဦး၊ ညှပ်၊ ကောက်၊ ဖြောင့်- မ(၁)ဦး အလိုရှိသည်။
**ဖုန်း-၇၃၀ ၅၉၂၈၃**

-------------------------

Admin Assistant-male/Female(3)post, Sales Executive-Male/Female(5)post, Driver -Male(3)post,
**Ph: 389523, 585103**

-------------------------

ဓာတ်ပုံဆိုင် လုပ်ငန်းအတွက် ကျွမ်းကျင်ဝန်ထမ်းနှင့် ပညာသင် ဝန်ထမ်း အမျိုးသမီးများအလိုရှိသည်။
**ဖုန်း-၂၂၇၁၉၉**

-------------------------

မော်ဒယ်လ်သရုပ်ဆောင်-ကျားမ အလိုရှိသည်။
**ဖုန်း-၀၉ ၄၃၁ ၀၆၅ ၆၇**

-------------------------

Administrative officer, To apply for this post, please send a letter of application to info@edulinkaustralia.com, Applications must be received by 31st January 2012.

-------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012




## ရှေးဟောင်းပစ္စည်းများအပ်နှံသူ အမည်နှင့်တကွ ပြတိုက်အသစ်တွင် ဂုဏ်ပြုထားမည်

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ-၁၄**

ရှေးဟောင်းပစ္စည်းများတွေ့ရှိပါကအမျိုးသားရေးအသိစိတ်ဖြင့်တာဝန်ရှိသူများထံ အပ်နှံပါက ဆုငွေထိုက်ထိုက်တန်တန် ချီးမြှင့်မည့်အပြင် နေပြည်တော်တွင် ဖွင့်လှစ်မည့်ပြတိုက်အသစ်၌ တွေ့ရှိသူ၏ အမည်နှင့်တကွ ဂုဏ်ပြုထားရှိသွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်ဝင်းက ပြောကြားသည်။

"ရှေးဟောင်းပစ္စည်းတွေ တွေ့ရင် သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေကနေ အပ်ပေးပါ။ ပစ္စည်းရဲ့လက်ရှိဈေး၊ လက်ရာ၊ ခေတ်ဈေးတွေ ပေါင်းတွက်ပြီး ဂုဏ်ပြုဆုငွေ ပြန်ပေးပါတယ်။ နောက်ပြီးပြတိုက်အသစ်မှာလည်း နာမည်နဲ့တကွ ဂုဏ်ပြုဖော်ပြပေးသွားမှာပါ"ဟု နေပြည်တော် ပျဉ်းမနားမြို့ရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ပြုလုပ်ခဲ့သော ဂုဏ်ပြုဆုငွေပေးအပ်ပွဲ အခမ်းအနားတွင် အထက်ပါပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

ယခင်ကလည်း ထိုကဲ့သို့ ချီးမြှင့်မှုများရှိခဲ့ကြောင်း ၂၀၀၉ ခုနှစ်က ဝိုင်းမော်မြို့နယ်တွင် ၆ ကျပ်သားခန့် အလေးချိန်ရှိသည့် နွားလားဥသဖလက်စွပ်တွေ့ရှိ၍ လာရောက်အပ်နှံသူအား ကာလပေါက်ဈေးအရ ကျပ် ၃၆ သိန်းအပြင် လက်ရာနှင့် ခေတ်တန်ကြေးအပါအဝင် စုစုပေါင်း ကျပ်ငွေသိန်း ၉၀ ကျော် ဂုဏ်ပြုပေးအပ်ခဲ့သည်။

ယနေ့ အခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ကံဦးကျေးရွာမှ တောင်သူဦးဟန်တင်အား ၎င်း၏ တောင်ယာလုပ်ငန်းခွင်အတွက် မြေကျင်းတူးရာမှ တွေ့ရှိသော မြေအိုးအတွင်းပါ ကုန်းဘောင်ခေတ်ငွေပြားနှစ်ပြားနှင့် ပျူခေတ်လက်ရာ ကျောက်ပုတီး(သလင်းအနွယ်ဝင်ကာလေးနီးယမ်းကျောက်ရောင်စုံ)စေ့ ၃၄၇ စေ့ကို အပ်နှံသည့်အတွက် ဂုဏ်ပြုငွေကျပ် ၁၁ သိန်းကျော် ပေးအပ်ခဲ့သည်။

ယခု ချီးမြှင့်ငွေပမာဏနှင့် ပတ်သက်ပြီး နေပြည်တော် ပျဉ်းမနား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်က "ဒီလောက် အများကြီးပေးလိမ့်မယ်လို့ ကျွန်တော်လည်းထင်မထားဘူး"ဟုမှတ်ချက်ပြုပြောဆိုခဲ့သည်။ လက်ရှိအခြေအနေတွင် ကျေးလက်ဒေသနှင့် ရပ်ကွက်များအကြား ရှေးဟောင်းပစ္စည်းမှန်သမျှ မက်လုံးပေးပြီး အလွဲသုံးစားပြုလျက်ရှိသော လူမျိုးခြားများကိုလည်း တားမြစ်အရေးယူသင့်ပြီဖြစ်ကြောင်း အမျိုးသားရေးအမြင်ရှိသူအချို့က အကြံပြုပြောဆိုကြသည်။

## မင်္ဂလာဒုံရှိ အိမ်တစ်လုံး ဘုရားမီးပူဇော်ရာမှ မီးလောင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

မင်္ဂလာဒုံမြို့နယ်တွင် ယခုဇန်နဝါရီ၁၈ရက်ညက ကျပ်၁,၀၅၀,၀၀၀ ဖိုးဆုံးရှုံးမှုရှိသော မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

မီးလောင်မှုမှာ မင်္ဂလာဒုံမြို့နယ် ရွှေယဉ်ကျေးလမ်း ကုန်းဒလဘောင်မြောက်ပိုင်းရပ်ကွက်ရှိ နေအိမ်တစ်အိမ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သွပ်မိုးအုတ်ညှပ် နှစ်ထပ်၊ ၁၄ပေ-၂၅ပေအကျယ်ရှိသော နေအိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ထားရာမှ မီးစတင် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုမှာ ည ၈နာရီ၄၅မိနစ်တွင် စတင်ခဲ့ပြီး ၉နာရီ မိနစ် ၂၀တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်၁၁စီး၊ အုပ်ချုပ်မှုယာဉ်ငါးစီးနှင့် အထောက်အကူပြုယာဉ်သုံးစီးသွားရောက်ကာ မီး သတ်တပ်ဖွဲ့ဝင် ၁၂၅ ဦး၊ အရန် ၃၈ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း မီးသတ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

မီးလောင်မှုအတွက် အိမ်ရှင်ဖြစ်သူအား (ပ)၂၉/၂၀၁၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



7DAY NEWS JOURNAL

Vol.10, No.45 · JANUARY 26, 2012

# အမေရိကန်တက္ကသိုလ်တစ်ခုတွင် ဘွဲ့လွန်နှင့် ဘွဲ့ကြိုသင်တန်းတက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ဇန်နဝါရီ-၂၀**

အမေရိကန်နိုင်ငံဗာဂျီးနီးယားပြည်နယ်ရှိJames Madison University တွင် ဘွဲ့ကြိုနှင့်ဘွဲ့လွန်သင်တန်းများကို သုတေသနလုပ်ငန်းများနှင့်အတူ တက်ရောက်သင်ကြားနိုင် ကြောင်းပညာရေး အေဂျင်စီတစ်ခုဖြစ်သည့် Crown Education မှသိရသည်။

အဆိုပါ တက္ကသိုလ်တွင် စီးပွားရေးဘာသာရပ်၊စီမံခန့်ခွဲမှုဘာသာရပ်၊ဆက်သွယ်ရေးဘာသာရပ်၊သတင်းစာပညာဘာသာရပ်နှင့် ဆက်စပ်ဘာသာရပ်များသင်ကြားနိုင်သည်။

အဆိုပါတက္ကသိုလ်အတွက် ဝင်ခွင့်လက်ခံသည့် လများမှာ တစ်နှစ်လျှင် ဩဂုတ်၊ဇန်နဝါရီနှင့် မေလတို့တွင်လက်ခံကြောင်းသိရသည်။

တက်ရောက်လိုသည့်ကျောင်းသားများအတွက် အင်္ဂလိပ်စာလိုအပ်ချက်မှာ Foundation Diploma တက်ရောက်ရန်အတွက် အင်တာနက်အခြေခံTOEFL စာမေးပွဲရမှတ် ၃၆၊ ဘွဲ့ကြိုအတန်းအတွက် အင်တာနက်အခြေခံTOEFL ရမှတ် ၈၀နှင့် မဟာဘွဲ့အတွက် ၈၈မှတ် ရရှိရန်လိုအပ်ကြောင်းသိရသည်။

အဆိုပါတက္ကသိုလ်မှ ကျောင်းသားများသည် ပညာသင်နှစ်အတွင်း သုတေသနလုပ်ငန်းများပါ လုပ်ဆောင်ရပြီး ကျောင်းပြီးပါက ဘွဲ့ရကျောင်းသားများ၏ ၈၆ ရာခိုင်နှုန်းမှာ ခြောက်လအတွင်း သက်ဆိုင်ရာနယ်ပယ်များတွင် အလုပ်ရရှိကြကြောင်း သိရသည်။




# တက္ကသိုလ်ပညာသင်နှစ် တစ်နှစ်ထပ်တိုးခြင်း၏ နောက်ဝယ်

**နေလင်းထွန်း**

အစိုးရသစ်လက်ထပ်ပညာရေးပြုပြင်ပြောင်းလဲမှုအနေဖြင့်တက္ကသိုလ်ပညာသင်နှစ်များ တစ်နှစ်စီတိုးမြှင့်ရန် သင်ရိုးညွှန်းတမ်းများပြင်ဆင်ရေးဆွဲလျက်ရှိသည်။ ပညာသင်နှစ်များတိုးမြှင့်ရန်တိကျသောဆုံးဖြတ်ချက်၊ကြေညာချက်ထွက်ရှိ မလာသေးသော်လည်း ယင်းအစီအစဉ်နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပထားပြီး ဖြစ်သလို သက်ဆိုင်ရာတက္ကသိုလ်များတွင်လည်းကြိုတင်ပြင်ဆင်မှုများရှိနေပြီဖြစ်သည်။

တက္ကသိုလ်ပညာသင်နှစ်များကိုလွန်ခဲ့သည့်ဆယ်နှစ်ကျော်က တစ်နှစ်စီလျှော့ချခဲ့ပြီးနောက် ယခုချိန်တွင်နိုင်ငံတကာ တက္ကသိုလ်များနည်းတူပညာသင်နှစ်များ ပြန်လည်သတ်မှတ်ရန်စီစဉ်နေခြင်းဖြစ်သည်။ ယခုပညာသင်နှစ်မှစတင်၍ကွန်ပျူတာတက္ကသိုလ်ပညာသင်နှစ်များကိုတစ်နှစ်တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် လာမည့်နှစ်တွင် အခြားသောတက္ကသိုလ်များ၏ပညာသင်နှစ်ကို တိုးမြှင့်သတ်မှတ်မည့် အလားအလာရှိနေသည်။

ပညာသင်နှစ်များတိုးမြှင့်ရန် စီစဉ်နေခြင်းသည်တက္ကသိုလ်ပညာသင်ယူနေကြသောကျောင်းသားများအတွက် ကောင်းကျိုး၊ဆိုးကျိုး သက်ရောက်မှုများရှိနေပြီး ကျောင်းသားများသာမက ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်းပညာရေးအသုံးစရိတ်များပိုမိုအသုံးပြုရန် လိုအပ်မည်ဖြစ်သည်။

ယင်းကဲ့သို့အခြေအနေတွင် တက္ကသိုလ်ပညာသင်နှစ်များတိုးမြှင့်ရန် အမှန်တကယ်လိုအပ်ပါသလား၊မည်သည့်အကြောင်းရင်းကြောင့် ပညာသင်နှစ်တိုးမြှင့်ရသနည်း၊ ပညာသင်နှစ် တိုးမြှင့်လိုက်ခြင်းကြောင့် ကျောင်းသားများ ပညာအရည်အသွေးမြှင့်တက်လာမည်လား၊ မည်သို့သောသင်ရိုးညွှန်းတမ်းနှင့်သင်ကြားရေးနည်းစနစ်များ ပြောင်းလဲအသုံးပြုမည်နည်း၊လက်တွေ့သိပ္ပံခန်းများအတွက်လုံလောက်သောထောက်ကူပစ္စည်းများ အသုံးပြုနိုင်တော့မည်လား၊ ကျောင်းသားများအတွက်အကျိုးရှိသောပညာလေ့လာဆည်းပူးချိန်များ ပိုမိုရရှိလာတော့မည်လား၊ ကျောင်းပြီးချိန်တွင် အလုပ်အကိုင်ခိုင်မာမှုရှိလာမည်လားစသည့်မေးခွန်းပေါင်းများစွာကကျောင်းသား၊မိဘနှင့်ပညာရေးလေ့လာသူများအတွက် စဉ်းစားစရာ ဖြစ်လာနေသည်။

တက္ကသိုလ်ပညာသင်နှစ်ကာလ လျော့ကျနေခြင်းသည် သင်ခန်းစာများကို ပြည့်စုံစွာသင်ကြားနိုင်ရန်အချိန်ကန့်သတ်ချက်ရှိနေခြင်းကြောင့် ပညာသင်နှစ်တိုးမြှင့်လိုက်ခြင်းသည် ကျောင်းသားများအတွက် အချိန်ပြည့်ပြည့်ဝဝရရှိလာနိုင်ကြောင်း တက္ကသိုလ်များတွင် နှစ်ပေါင်းသုံးဆယ်ကျော်လုပ်ကိုင်ခဲ့သောဆရာမတစ်ဦးကသုံးသပ်သည်။

"ပညာရပ်တစ်ခုကို အချိန်တိုတိုနဲ့ ဖြတ်လမ်းနည်းနဲ့သင်တာကစာမကြေညက်နိုင်ဘူးလေ။ လေးနှစ်နဲ့သင်မှပြည့်စုံမယ့် သင်ရိုးကို အကြောင်းကြောင်းကြောင့် ခုနှစ်ဖြတ်သင်ရင် သင်ရိုးထဲက တချို့အပိုင်းတွေကိုဖြတ်တောက်ပြင်ဆင်ရမှာပါ။အဲ့ဒါက အရည်အသွေးထက် အရည်အချင်းကို ဦးစားပေးခဲ့တာလို့ မြင်တယ်။ ပညာရပ်တစ်ခုသင်တဲ့အခါမှာ အချိန်ယူပြီး ပြည့်ပြည့်ဝဝ သင်ယူတာက အကောင်းဆုံးပါပဲ"ဟု ၎င်းကသုံးသပ်သည်။

လက်ရှိချိန်၌ တက္ကသိုလ်အချို့တွင် သင်ခန်းစာနှင့် စာသင်ချိန်မမျှတမှုကြောင့်သင်ရိုးညွှန်းတမ်းပြီးဆုံးအောင် သင်ကြားရန်အခက်အခဲကြုံတွေ့နေရသည်။ ထို့ကြောင့်ကျောင်းသားများအနေဖြင့်သင်ခန်းစာပြီးပြတ်ရန်နှင့်လက်တွေ့သင်ခန်းစာများအတွက် တက္ကသိုလ်မှဆရာမများနှင့်ပြင်ပသင်တန်းကျောင်းများမှ ကျူရှင်ယူ၍လေ့လာသင်ယူနေလျက်ရှိကြသည်။

"ကျောင်းမှာကတော့ သီအိုရီပဲသင်တာများတယ်။ဒါကြောင့် အပြင်ကကွန်ပျူတာသင်တန်းမှာ လက်တွေ့အသုံး ပြုနိုင်အောင် တက်နေတာပါ။သင်တန်းကြေးက ခြောက်လကို (ကျပ်)သုံးသိန်းခွဲပေးရတယ်"ဟု ကွန်ပျူတာ တက္ကသိုလ်တွင် ဂုဏ်ထူးတန်း တက်ရောက်နေသောကျောင်းသူတစ်ဦးကပြောသည်။

အဆင့်မြင့်ပညာများ သင်ကြားပို့ချနေသော တက္ကသိုလ်၊ ကောလိပ်များတွင် ပညာသင်ယူနေသော ကျောင်းသားများသည် အသက်မွေးဝမ်းကျောင်းဘာသာရပ်မှစ၍ ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ်များထိ ကျောင်းပြင်ပတွင် ကျူရှင်တက်ရောက်နေကြသည်။

## ပညာရေးသတင်းတိုများ

### တက္ကသိုလ်ဝင်တန်း အထောက်အကူ သင်ခန်းစာများ သတင်းစာတွင် ဖော်ပြ

**ရန်ကုန်၊ဇန်နဝါရီ-၂၂**

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်ခန်းစာများကိုဇန်နဝါရီလ ၂၃ ရက်မှစတင်၍ ပြည်သူပိုင်သတင်းစာများတွင်နေ့စဉ်ဖော်ပြသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင် သတင်းစာများ၌ ဖော်ပြထားသည်။ မြန်မာစာ၊ စိတ်ကြိုက်မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင်၊ သမိုင်းနှင့် ဘောဂဗေဒဘာသာရပ်သင်ခန်းစာများကို ဖေဖော်ဝါရီလ ၁ရက်ထိ သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။

### အမေရိကန် တက္ကသိုလ်၊ ကောလိပ်များ၏ ပညာသင်စရိတ်အကြောင်းဟောပြောမည်

**ရန်ကုန်၊ဇန်နဝါရီ-၂၂**

အမေရိကန်နိုင်ငံရှိတက္ကသိုလ်၊ကောလိပ်များတွင် ကျောင်းတက်ရောက်ရန် ပညာသင်စရိတ်အကြောင်းသိကောင်းစရာ ဟောပြောပွဲအား ဖေဖော်ဝါရီလ ၁၄ရက်တွင် အမေရိကန်စင်တာ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဟောပြောပွဲအား ညနေ ၄ နာရီခွဲမှ ၆ နာရီထိ ပြုလုပ်သွားမည်ဖြစ်ပြီး ကျောင်းသားလူငယ်များတက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

### ပညာသင်ဆု ရလိုသော ကျောင်းသားများ လေ့လာရန် ဝက်ဘ်ဆိုက်

**ရန်ကုန်၊ဇန်နဝါရီ-၂၂**

နိုင်ငံတကာတက္ကသိုလ်၊ကောလိပ်များတွင် ပညာသင်ဆုဖြင့်သွားရောက်ပညာသင်ယူလိုသောကျောင်းသားများအနေဖြင့် http://www.ibiblio.org/BurmaEducation/scholarships.html ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ မြန်မာကျောင်းသားများအား ပညာသင်ဆုပေးအပ်နေသော ပညာရေးအဖွဲ့အစည်းများအကြောင်း လေ့လာနိုင်မည်ဖြစ်သည်။

ဆရာမဒေါ်သဥ္ဇာဖြိုးဝေဦးစီးသော
အောင်ထက်အောင်
ဆေးဝါးကျွမ်းကျင်နှင့် သူနာပြုအကူသင်တန်း
-ဆေးရုံ ဆေးဆိုင်များတွင် ကျွမ်းကျင်စွာ လက်တွေ့လုပ်ကိုင်ခဲ့သော ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်များ ဦးစီးသင်ကြားပေးသည်။ ဆေးရုံ ဆေးဆိုင်များတွင် လက်တွေ့သင်တန်းဆင်းပေးသည်။
- ပြည်တွင်း၊ ပြည်ပအသုံးပြုနိုင်သော သင်တန်းဆင်း(Certificate) အောင်လက်မှတ် ထုတ်ပေးသည်။
- အလုပ်အကိုင်ရရှိရန် အခမဲ့ကူညီပေးသည်။ ဘော်ဒါဆောင်ရှိသည်။
အပတ်စဉ်တန်းခွဲသစ်များ ဖွင့်လှစ်နေပါသည်။
တိုက်(၂)၊ အခန်း(၈)၊ ပထမထပ်၊ လှည်းတန်းလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၁၃၇၅၂၊ ၀၉ ၇၃၀၇၈၁၂၆၊ ၀၉-၅၁၃၉၆၃၁၆

LCCI International Qualifications from EDI
ENGLISH FOR BUSINESS (EfB)
နိုင်ငံတကာအသိအမှတ်ပြု စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စာ သင်တန်း
• LCCI (UK) မှ ကျင်းပသော English for Business စာမေးပွဲအတွက် ပြင်ဆင်လေ့ကျင့်ပေးသော သင်တန်း ဖြစ်သည်။
• LCCI (UK) မှ နိုင်ငံတကာ အသိအမှတ်ပြု စီးပွားရေးလုပ်ငန်းသုံး၊ရုံးသုံးအင်္ဂလိပ်စာအောင်လက်မှတ် (Certificate) ပေးအပ်ချီးမြှင့်ပေးသည်။
• International Qualification ဖြစ်သောကြောင့် ပြည်တွင်း၊ပြည်ပ၌ အလုပ်အကိုင်များ၊ စီးပွားရေးအခွင့်အလမ်းများ ရရှိရန် များစွာ အထောက်အကူပြုသည်။
• LCCI Business Diploma များရရှိရန် ဆက်လက်လေ့လာရာတွင် လိုအပ်မည့်အထောက်အကူပြု Certificate ဖြစ်သည်။
ရုံးချိန်ပြင်ပ တန်းခွဲ ရှိသည်။
ဖေဖော်ဝါရီ လဆန်း စမည်။
DYNAMIC Academic Centre
အမှတ်-၁၃၂(ဘီ) ၃(အေ)၊ တာကာရာလမ်း (ရွှေလမ်းမှတ်တိုင်အနီး) စမ်းချောင်း ရန်ကုန်။
09 731 462 66, 09 509 3634, 09 430 208 10

7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## စာ-၂၁၊ တက္ကသိုလ်ပညာသင်နှစ် တစ်နှစ်ထပ်တိုးခြင်း၏ နောက်ဝယ် မှ

ပညာသင်နှစ်များ တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြင့်ကျောင်းသင်ခန်းစာများအားစာသင်ခန်းတွင်ပင် အချိန်ကာလ လုံလောက်စွာ ထိထိရောက်ရောက် သင်ကြားပို့ချနိုင်ပါက ကျောင်းသားများပြင်ပ၌ ကျူရှင်တက်ရောက်ရခြင်း နည်းပါးသွားနိုင်ကြောင်း ပညာရေးလေ့လာသူများက သုံးသပ်ကြသည်။

နည်းပညာတက္ကသိုလ် တစ်ခုတွင်ပထမနှစ်တက်ရောက်နေသော ကျောင်းသူတစ်ဦး၏ မိခင်က "ကျောင်းအပ်ချိန်မှာ တစ်သိန်းလောက်ကုန်သွားတယ်။ ပစ္စည်းကိရိယာတွေရော အကုန်လုံးဝယ်ရတာပါ။အခုကတော့ကျူရှင်စရိတ်တွေကုန်နေတာပေါ့။ကျူရှင်ခက အခုပထမနှစ်ဝက်အတွက်ကို(ကျပ်)နှစ်သိန်းခွဲပေါ့။ရှိတာကကိုးဘာသာကို ခုနစ်ဘာသာပဲယူထားတယ်။ သမီးက ဝိုင်းယူလိုက်လို့ပါ ရိုးရိုးအတန်းဆိုရင်တော့ အဲ့ဒီလောက်မကုန်ဘူးပေါ့။အခုတစ်လကိုအနည်းလေးငါးသောင်းလောက် အသုံးစရိတ်ကတော့ကုန်နေတာပေါ့။ တက္ကသိုလ် ကျောင်းတက်နေပြီး အိတ်ကပ်ထဲမှာတစ်ထောင်လောက်မှ မရှိရင်လည်း မကောင်းဘူးလေ"ဟုဆိုသည်။

ပညာသင်နှစ်များ တိုးမြှင့်သတ်မှတ်လိုက်ပါက ယင်းကဲ့သို့ ကျူရှင်စရိတ်များ ကုန်ကျနေမှုသက်သာလျှော့နည်းသွားခြင်း၊ တက္ကသိုလ်ကျောင်းဝင်းအတွင်းမှာပင် လုံလောက်သောပညာ အရည်အသွေး ရရှိခြင်း ရှိ၊မရှိဆိုသည်ကို ယင်းအချိန်တွင် လေ့လာစောင့်ကြည့်ရမည်ဖြစ်သည်။

ဒီဂရီဘွဲ့များရရှိရန် အချိန်ကာလမြင့်တက်သွားခြင်းသည် တက္ကသိုလ်ကျောင်းခန်းအတွင်း စာသင်ချိန်ပိုမိုများပြားလာမည်ဖြစ်သောကြောင့် တက္ကသိုလ်ဆရာ၊ဆရာမလိုအပ်ချက်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း ပညာရေး တက္ကသိုလ်မှ အငြိမ်းစား ဒုတိယပါမောက္ခချုပ်တစ်ဦးက သုံးသပ်သည်။

"တက္ကသိုလ်ဆရာမတွေကို အများကြီးခန့်ဖို့ လုပ်နေတယ်။ ပညာရေးဝန်ကြီးဌာန အနေနဲ့လည်း ဝန်ပိုကြီးလာတာပေါ့" ဟု ၎င်းက ပြောသည်။

တက္ကသိုလ်၊ကောလိပ်များတွင်အခြေခံအဆောက်အအုံများ ရှိနေသော်လည်း ဆရာ၊ဆရာမအင်အား လိုအပ်ချက် ရှိနေသလိုလက်တွေ့သင်ခန်းစာများအတွက် သင်ထောက်ကူပစ္စည်း နည်းပါးနေခြင်း၊သင်ကြားရေးနည်းစနစ်များ နောက်ကျနေခြင်း၊ ကျောင်းသားနှင့်ဆရာအချိုးကွာဟချက်ကြီးမားနေခြင်းစသည့် အခြေအနေများရှိနေသည်။

"အဓိကပြောင်းလဲသင့်တာကတော့ သင်ရိုးညွှန်းတမ်းစာအုပ်ကိုအခြေခံတဲ့ပညာသင်နည်းကနေတခြားအရင်းအမြစ်တွေကလည်းလေ့လာသင်ယူတဲ့ နည်းဘက်ကိုဦးတည်သွားဖို့ပါပဲ။ဘယ်လောက်ပဲ ခေတ်မီတဲ့သင်ရိုးတွေပြောင်းလဲထားပါစေ။ ပညာသင်နှစ်တွေတိုးထားပါစေ။ကျောင်းသားသင်ယူတတ်မြောက်သင့်တဲ့လိုအပ်ချက် အတိုင်းအတာကိုပဲချပြနိုင်တာပါ။အားလုံးကို ပြည့်စုံခြုံငုံမိဖို့ မဖြစ်နိုင်ပါဘူး။ သင်ကြားပို့ချနေတဲ့ဆရာ၊ဆရာမတွေအတွက် Reference တွေ၊ Resources တွေပြည့်စုံအောင်ထားပေးသင့်တယ်။ကျောင်းသားတွေအနေနဲ့လည်း အမြင်လုံးဝပြောင်းရတော့မယ်။သင်ထားတဲ့စာကိုကျက်ပြီး အလွတ်ကျက်ဖြေဆိုနိုင်တာဟာပညာတစ်ခုကိုရသွားတာမဟုတ်ဘူး။ဘက်စုံလေ့လာဖတ်ရှုကျက်မှတ်ထားဖို့လိုတယ် ဆိုတဲ့ အမြင်ရထားဖို့လိုတယ်" ဝါရင့်အငြိမ်းစားတက္ကသိုလ်ပါမောက္ခတစ်ဦးက သုံးသပ်သည်။

လက်ရှိတက္ကသိုလ်ပညာရေးစနစ်သည် ကျောင်းတက်ချိန်ရာခိုင်နှုန်းပြည့်မီ၍ ဘာသာရပ်များအား အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်ကို အသုံးပြုလျက်ရှိပြီး ကျောင်းသားများမိမိဘာသာလေ့လာဆည်းပူးသင်ယူသောစနစ်မှာ အားနည်းလျက်ရှိသည်။

"ပညာသင်နှစ်တွေတိုးလိုက်ရုံနဲ့တော့ ကျောင်းသားတွေရဲ့အရည်အသွေးမြင့်တက်လာမှာမဟုတ်ပါဘူး။ ဆရာ၊ ဆရာမ အရည်အသွေးတွေမြင့်တက်လာဖို့နဲ့ သူတို့ရဲ့လစာအကျိုးခံစားခွင့်တွေ၊ သင်ကြားနည်းစနစ်တွေ၊ပညာရေးအပေါ်ထားတဲ့ အမြင်တွေ၊ ကျောင်းစာကြည့်တိုက်တွေ၊ အဲ့ဒါတွေကိုလည်း ပြောင်းလဲနိုင်ရမယ်။ မဟုတ်ရင်တော့ ငွေတွေ၊အချိန်တွေကုန်တာပဲရှိမယ်၊သိပ်ထူးမယ်မထင်ဘူး" ဟု တက္ကသိုလ်ပညာရေးနယ်ပယ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူတစ်ဦးက ပြောသည်။

ပညာသင်နှစ်တိုးမြှင့်မည့်သတင်းများထွက်ရှိလာခြင်းကြောင့် ကျောင်းသားများနှင့် မိဘများအနေဖြင့်လည်း အချိန်နှင့်ငွေကြေးပိုမိုကုန်ကျတော့မည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။

မကြာမီ အဖြေထွက်ရှိလာမည့် တက္ကသိုလ်ပညာသင်နှစ်များတိုးမြှင့်မည့်အစီအစဉ်သည်ကျောင်းသားများအတွက် မည်သို့သောအကျိုးသက်ရောက်မှုများ၊ ပညာရေးဆိုင်ရာ အပြောင်းအလဲများရှိလာမည်ကို ဆက်လက်စောင့်ကြည့်ကြရမည်ဖြစ်သည်။

# ကျောင်းသားများ အမေရိကန်ဗီဇာရရှိနှုန်းပိုမြင့်လာ

**နေလင်းထွန်း**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၆**

အမေရိကန်နိုင်ငံသို့ သွားရောက် ပညာသင်ယူလိုသော ကျောင်းသားများ ယခုနှစ်ပိုင်းတွင် ပြည်ဝင်ခွင့်ရရှိသောရာခိုင်နှုန်း မြင့်တက်နေလျက်ရှိကြောင်း ပြည်ပ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများမှသတင်းရရှိသည်။

မြန်မာကျောင်းသားအများစုအတွက် အမေရိကန်နိုင်ငံသည် ပညာသင်စရိတ်ကြီးမားသကဲ့သို့ပညာအရည်အချင်းလိုအပ်ချက် လည်းမြင့်မားသည်။ ထို့ကြောင့် ထိုနိုင်ငံသို့ သွားရောက်သော မြန်မာကျောင်းသား ဦးရေထက် ဗြိတိန်၊ စင်ကာပူ၊ ဩစတြေးလျ စသည့်နိုင်ငံများသို့ သွားရောက်သော ကျောင်းသားအရေအတွက် ပိုမိုမြင့်မားလျက်ရှိသည်။

"ဗီဇာရတာ ပိုမြန်လာတယ်။ ပညာရေးမှတ်တမ်းနဲ့ ငွေကြေးအထောက်အထားတွေ ပြည့်ပြည့်စုံစုံတင်နိုင်ရန် အဆင်ပြေတယ်။ ဒါပေမဲ့ အမေရိကကိုကျောင်းသားအနည်းစုပဲ သွားနိုင်တာပါ။ ကျောင်းလခကတစ်နှစ်ကိုအမေရိကန်ဒေါ်လာသုံးသောင်းဝန်းကျင်ရှိတယ်။ နေထိုင်စားသောက်စရိတ်နဲ့ဆိုမနည်းဘူး။ နောက်ပြီး အဲ့ဒီမှာ ကျောင်းသွားတက်ဖို့ အရည်အချင်းပြည့်မီတဲ့ကျောင်းသားက ရှားတယ်"ဟု နိုင်ငံတကာပညာရေး ဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာတစ်ဦးကပြောသည်။

အမေရိကန်နိုင်ငံသို့မြန်မာ ကျောင်းသားသွားရောက်မှုသည် ၂၀၁၀ ပြည့်နှစ်တွင် လေးရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ကျောင်းသား ပြည်ဝင်ခွင့်ရရှိမှုသည် ၃၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း လွန်ခဲ့သည့် ဩဂုတ်လက အမေရိကန်စင်တာ၌ ကျင်းပသည့် ပညာရေးဟောပြောပွဲတွင် ပညာရေးဆိုင်ရာ အရာရှိတစ်ဦးကပြောခဲ့သည်။

ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံသို့ သွားရောက်ပညာသင်ယူသော ကျောင်းသားအရေအတွက် သိသိသာသာ နည်းပါးလျက်ရှိပြီး ကျောင်းသားအများစုသည် ကိုယ်ပိုင်ပညာသင်စရိတ်ထက် ပညာသင်ဆုရရှိရန်သာ အဓိကကြိုးစားရလျက်ရှိသည်။







# Technology

7DAY NEWS JOURNAL

Vol.10, No.45 · JANUARY 26, 2012


## မန္တလေးဘားကမ့်ပွဲ ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပမည်

သားငယ်

**ရန်ကုန်၊ ဇန်နဝါရီ- ၂၁**

နယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဝါသနာတူ၊ လေ့လာသူများ ပညာရှင်များပါဝင်ဆင်နွှဲနိုင်မည့် မန္တလေးဘားကမ့်ကို ဖေဖော်ဝါရီလ ၄၊ ၅ ရက်များတွင် မန္တလေးမြို့ အင်းဝဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘားကမ့်သို့တက်ရောက်လိုသူများအနေဖြင့် လူကိုယ်တိုင် သော်လည်းကောင်း အွန်လိုင်း၊ ဖုန်းဖြင့်သော်လည်းကောင်း စာရင်းပေးသွင်းနိုင်ပြီး စာရင်းမသွင်းသူများလည်း တက်ရောက်နိုင်မည်ဖြစ်သည်။ ထိုနေ့တွင် ဘားကမ့်မန္တလေး၊ အမှတ်တံဆိပ်ပါတီရှပ်များနှင့် လက်ဆောင်ပစ္စည်းအစီအစဉ်များ ပါဝင်မည်ဖြစ်သည်။

နည်းပညာနယ်ပယ်မှ ပညာရှင်များ၊ ဘလော့ဂါများ၊ ပညာရပ်ဆိုင်ရာလေ့လာသူများ၏ ဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ပြီး တက်ရောက်သူများအတွက် အခမဲ့ဆော့ဖ်ဝဲများ၊ ဖုန်း Application များ စသည်တို့ကို အခမဲ့ဝေမျှမည်ဟုသိရသည်။ ထို့ကြောင့် ပြပွဲလာသူများအနေဖြင့် Data Device များ၊ လက်ပ်တော့ အစရှိသည်တို့ ယူဆောင်လာနိုင်သည်။

ထိုပွဲတွင် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများအပြင် စာပေ၊ ဂီတ၊ ပန်းချီပန်းပု အစရှိသည့် အနုပညာဆိုင်ရာများပါ လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဘားကမ့်ပွဲသည်မည်သူမဆိုလူတန်းစားပေါင်းစုံပါဝင်ဆင်နွှဲနိုင်သည့် အတတ်ပညာ၊ အသိပညာဖလှယ်ပွဲတစ်ခုဖြစ်ပြီး ပြောပြဆွေးနွေးသူတစ်ဦးတည်း၏ ဟောပြောချက်များကို နားထောင်ခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင်ပါဝင် ဆွေးနွေးနိုင်မည့် ပွဲတစ်ခုဖြစ်သည်။ အာရှနိုင်ငံများနှင့် နိုင်ငံအများအပြားတွင်လည်း ယင်းပွဲများကို ဆင်နွှဲပြုလုပ်လျက်ရှိကြသည်။







## မိမိသေဆုံးပါက မိတ်ဆွေများကို အကြောင်းကြားနိုင်မည့် ဖေ့စ်ဘွတ်ခ်ဆော့ဖ်ဝဲ အစ္စရေးကုမ္ပဏီတစ်ခုတီထွင်

**လန်ဒန်၊ ဇန်နဝါရီ - ၁၆**


ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက်ဝက်ဘ်ဆိုက်အသုံးပြုသူများအတွက် ၎င်းတို့ကွယ်လွန်ပါက မိတ်ဆွေများကို ကွန်ရက်ပေါ်တွင် အကြောင်းကြားနိုင်သော Application ဆော့ဖ်ဝဲတစ်ခုကို အစ္စရေးကုမ္ပဏီတစ်ခုက ဖန်တီးခဲ့ကြောင်းသိရသည်။

အခမဲ့ရယူနိုင်သည့် App ၏အမည်မှာ 'ငါသေခဲ့သော်'(If I Die) ဟု အမည်ရပြီး ယင်း App ကို ရယူထားခြင်းဖြင့် ဖေ့စ်ဘွတ်ခ်ပေါ်တွင် မိမိကွယ်လွန်ပါက သတင်းကို မိတ်ဆွေ ၁၃၀ နှင့်အထက် ပို့ပေးနိုင်မည်ဖြစ်သည်။

အဆိုပါ App သည် အသုံးပြုသူ၏ နောက်ဆုံးစကားများကိုအလိုအလျောက်ပေးပို့မည်မဟုတ်ဘဲ ဖေ့စ်ဘွတ်ခ်ပေါ်မှ ၎င်း၏ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေသုံးဦးက ၎င်းသေဆုံးကြောင်းအတည်ပြုပေးပါက အခြားသူများထံ သတင်းပို့မည်ဖြစ်သည်။

သတင်းပို့ရာတွင် မိမိမသေဆုံးခင် ကြိုတင်ရိုက်ယူထားသော ဗီဒီယို (သို့မဟုတ်) စာသားများကိုပေးပို့မည်ဖြစ်သည်။ အဆိုပါ App ကို ယခုအခါ ဖေ့စ်ဘွတ်ခ် ပေါ်တွင် နှစ်သက်ကြောင်း Likes ကလစ်နှိပ်သူ ၅,၀၀၀ ခန့်ရှိပြီဖြစ်သည်။

*—Ref: Dailymail*




## တရုတ်နိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေ ၅၁၃ သန်းအထိရှိ

**ဘေဂျင်း၊ ဇန်နဝါရီ - ၁၆**

တရုတ်နိုင်ငံ၏ အင်တာနက်အသုံးပြုသူဦးရေသည် ယခုအခါ သန်း ၅၀၀ ကျော်သွားပြီး ယင်းမှ ထက်ဝက်ခန့်မှာ တွစ်တာနှင့် အလားသဏ္ဌာန်တူသော တရုတ်လူမှုကွန်ရက်ဝက်ဘ်ဆိုက်များဖြစ်သည့် Weibo များကို အသုံးပြုနေကြကြောင်း အစိုးရမှ ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရသိရသည်။

တရုတ်နိုင်ငံတွင် Weibo များမှာ လူကြိုက်များသည့် မိုက်ကရိုဘလော့ဂ်များဖြစ်ပြီး ထိုကွန်ရက်တွင် လူများစုသည် တာဝန်ရှိသူများ၏ တရားမမျှတမှုများ၊ လာဘ်စားမှုများကို ဖော်ထုတ်ခြင်း၊ အစိုးရ၏ သတင်းအချက်အလက်ထိန်းချုပ်ခြင်းများကို ဝေဖန်ခြင်းများ ပြုလုပ်လေ့ရှိသည်။

စာရင်းများအရ ၂၀၁၁ခုနှစ်တွင် တရုတ်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် အင်တာနက်စတင်သုံးစွဲသူ ၅၆ သန်းရှိခဲ့ပြီး ယင်းမှာ ဗြိတိန်လူဦးရေနှင့် တူညီသည်။ ထို့ကြောင့် ၂၀၁၁ တွင် တရုတ်နိုင်ငံ၌ အင်တာနက်အသုံးပြုသူဦးရေမှာ ၅၁၃ သန်းထိရှိခဲ့သည်။

တရုတ်နိုင်ငံပိုင် အင်တာနက်ကွန်ရက်သတင်းအချက်အလက်စင်တာ(CNNIC)၏ ကိန်းဂဏန်းများအရ Weibo ကို အသုံးပြုသူဦးရေမှာ ၂၀၁၀ ပြည့်နှစ်တွင် ၆၃ သန်းရှိခဲ့ရာမှ ၂၀၁၁ တွင် သန်း ၂၅၀ အထိ တိုးတက်လာကြောင်းသိရသည်။ ထို့အပြင် ၂၀၁၁ တွင် မိုဘိုင်းဖြင့် အင်တာနက်သုံးစွဲသူမှာ ၃၅၆ သန်းရှိခဲ့ကြောင်းသိရသည်။ *—Ref: AFP*







## မိုက်ကရိုဆော့ဖ်၏ Forefront နည်းပညာ စာမေးပွဲများ ဖြေဆိုနိုင်

**သားငယ်**

**ရန်ကုန်၊ ဇန်နဝါရီ- ၂၀**

Microsoft ၏ နည်းပညာရပ် အသစ်တစ်ခုဖြစ်သော Forefront စာမေးပွဲများအား ပြည်တွင်းရှိ အွန်လိုင်း စာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ယခုဘာသာရပ်မှာ နောက်ဆုံးပေါ်ထွက်လာသည့် 70-158 TS: Forefront Identity Manager 2010, Configuring စာမေးပွဲဖြစ်ပြီး ယင်းစာမေးပွဲအား Online Exam Centre အသစ်ဖြစ်သည့် mm knowledge တွင် ဖြေဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖြေဆိုလိုသူများအနေဖြင့် ပိတ်ရက်မရှိဖြေဆိုနိုင်ပြီး ဖြေဆိုရန်ကြိုတင်စာရင်းပေးရန်မလိုဘဲ ဖြေဆိုနိုင်မည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန်အား ၃း၁၅ နာရီအချိန်ပေးထားပြီး အခြားသော မိုက်ကရိုဆော့ဖ် စာမေးပွဲများကဲ့သို့ပင် အနည်းဆုံးအမှတ် ၇၀ ရာခိုင်နှုန်းရရှိမည်ဖြစ်ကြောင်း သိရသည်။



## တရုတ်နိုင်ငံတွင် ၂၀၁၁ ဒီဇင်ဘာက ကွန်ပျူတာလုံးရေလေးသန်း ဗိုင်းရပ်စ်ထိခိုက်ခဲ့

**ဘေဂျင်း၊ ဇန်နဝါရီ - ၁၈**

ပြီးခဲ့သည့် ၂၀၁၁ ဒီဇင်ဘာလတွင် တရုတ်နိုင်ငံရှိ ကွန်ပျူတာလုံးရေ စုစုပေါင်း ၃ ဒသမ ၉၄ သန်းသည် ကွန်ပျူတာဗိုင်းရပ်စ်ထိခိုက်ခံခဲ့ရကြောင်း တရုတ်အာဏာပိုင်များကပြောကြားလိုက်သည်။

ဒီဇင်ဘာလတွင် ဗိုင်းရပ်စ်များ ထိခိုက်မှုဒဏ်ခံခဲ့ရသော ကွန်ပျူတာအရေအတွက်မှာ ၄၅ ဒသမ ၇၃ ရာခိုင်နှုန်းရှိခဲ့ပြီး နိုဝင်ဘာလတွင် ရှိခဲ့သည့်လုံးရေ ၃ ဒသမ ၃၂ သန်းထက် အနည်းငယ်လျော့နည်းခဲ့သည်။

အဆိုပါ အမျိုးသားအဆင့် ကွန်ပျူတာကွန်ရက်အရေးပေါ်တုံ့ပြန်မှုနည်းပညာအသင်း (CN CERT)အဖွဲ့၏ အဆိုအရ ဒီဇင်ဘာလတွင် ဗိုင်းရပ်စ်ဒဏ်ခံခဲ့ရသည့် ကွန်ပျူတာများ၏ ၆၅ ရာခိုင်နှုန်းမှာ Conficker ဗိုင်းရပ်စ်ကြောင့် ဖြစ်ကြောင်း၊ တိုက်ခိုက်ခံရသည့် ဝက်ဘ်ဆိုက်ပေါင်း ၂,၀၁၆ ခုတွင် အစိုးရဝက်ဘ်ဆိုက် ၁၆၃ ခု ပါဝင်ကြောင်းသိရသည်။

*—Ref: The Star*









7DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ‘အဓိကအခက်အခဲကတော့ ငွေကြေးအရင်းအနှီးနဲ့ နည်းပညာအခက်အခဲပါပဲ’

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တွေ့ဆုံခြင်း

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇန်နဝါရီ ၁၂ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။ ဦးသိန်းအောင်မှာ ပုသိမ်မြို့တွင် အထူးစီးပွားရေးဇုန် ပေါ်ပေါက်နိုင်ရေးအတွက် တက်ကြွစွာကြိုးပမ်းနေသူဖြစ်ပြီး အစိုးရသစ်၏ တိုင်းဒေသကြီးဝန်ကြီးများထဲတွင် မီဒီယာနှင့် ထိတွေ့မှု အများဆုံးရှိသူတစ်ဦးလည်း ဖြစ်သည်။

**နေလင်းထွန်း**

**■ လက်ရှိ တာဝန်ယူခဲ့တဲ့ကာလအတွင်း တိုင်းဒေသကြီးအတွက် အဓိကဦးစားပေး လုပ်ကိုင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေက ဘာတွေဖြစ်မလဲ။**

ဧရာဝတီတိုင်းဒေသကြီးမှာကတော့ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းသာယာရေးပေါ့။ နိုင်ငံရေးတည်ငြိမ်မှုရှိဖို့လည်း လိုပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနဲ့ လွှတ်တော်ထဲရောက်လာတဲ့ ပါတီတွေ တူတူညီ လက်တွဲပြီးသွားတာပေါ့နော်။ ပြင်ပမှာ ကျန်ခဲ့တဲ့ ပါတီတွေနဲ့လည်း အတူတူ ပူးပေါင်းဆောင်ရွက်ပါတယ်။ အဲလို နည်းလမ်းနဲ့ ဒေသတွင်းမှာ နိုင်ငံရေးတည်ငြိမ်အောင်နဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပါတယ်။ စီးပွားရေးက ဧရာဝတီတိုင်းမှာ အဓိကလေးမျိုးပဲရှိတယ်။ လယ်၊ ယာ၊ သားငါးနဲ့ပဲ၊ ဆားပေါ့နော်။ အဲဒါလေးတွေအထွက်တိုးအောင်၊ အရည်အသွေးမြင့်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ပြီးရင် ပြည်တွင်း၊ ပြည်ပ ဈေးကွက်မှာ ချိတ်ဆက်သွားလာနိုင်အောင် ဆောင်ရွက်ပေးနေပါတယ်။ စက်မှုဇုန်တွေအတွက်ကတော့ ပြည်ပကပဲ အဓိကဖိတ်ခေါ်ရတာပေါ့။ အကြမ်းဖျင်းအားဖြင့် ဒေသတွင်းမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတွေကောင်းရမယ်။ မီးလင်းရမယ်။ အေးချမ်းသာယာလှပရမယ်။ မြို့တွေပြီးရင် ကျေးလက်ဒေသတွေပါ အဲဒီလိုဖြစ်အောင် တွန်းအားပေးဆောင်ရွက်နေပါတယ်။

**■ တိုင်းဒေသကြီးအတွင်း စီးပွားရေးလာရောက်ရင်းနှီးမြှုပ်နှံလိုတဲ့ ပြည်ပနိုင်ငံတွေရှိရင် သိချင်ပါတယ်။**

အများအားဖြင့်တော့တရုတ်နိုင်ငံပေါ့။ တရုတ်နိုင်ငံက လယ်ယာစိုက်ပျိုးရေးကို အလေးထားတယ်။ နောက်ပြီး မလေးရှားနိုင်ငံက ရာဘာပေါ့။ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေက စက်မှုဇုန်နဲ့စက်မှုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံလိုကြတယ်။

**■ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အနေနဲ့ တာဝန်ယူခဲ့တဲ့ကာလမှာ ဘယ်လို အခက်အခဲတွေနဲ့ အဓိက ရင်ဆိုင်ရပါသလဲ။**

နည်းပညာအခက်အခဲပါပဲ။ နိုင်ငံတော်အနေနဲ့ကျတော့ နေရာတိုင်းမှာ ငွေကြေးမတတ်နိုင်ဘူး။ ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်တွေကလည်း ငွေကြေးအမြောက်အမြား မရင်းနှီးနိုင်တဲ့အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်နေရတယ်။ ဘယ်နယ်ပယ်မဆို ငွေကြေးနဲ့ အတတ်ပညာက အရေးကြီးပါတယ်။ ပြီးရင် ဈေးကွက်ပါ ရှာရတယ်။ ထွက်ကုန်အတော်များများက ပြည်ပဈေးကွက်အားနည်းနေပါတယ်။

**■ အစိုးရ၊ သမဝါယမနဲ့ ဆန်စပါးလုပ်ငန်းရှင်တွေ ပူးပေါင်းပြီး အရန်ဆန်ဝယ်ယူထားမယ့် အစီအစဉ်အပေါ် ဘယ်လိုမြင်ပါလဲ။**

အမြင်ပြောရရင် အင်မတန်ကောင်းမွန်ပါတယ်။ တခြားနိုင်ငံတွေမှာ ဆန်စပါးလုပ်ငန်းရှင်များအသင်းကုမ္ပဏီကြီးတွေ နှစ်ခု၊ သုံးခုရှိတယ်။ ပြည်တွင်းမှာ ဆန်ဈေးတွေ မတန်တဆ တက်ရင် သူတို့က ထိန်းသိမ်းပေးတယ်။ ဆန်ဈေးကျနေရင်လည်း ဝယ်ထားပေးတယ်။ အရန်ဆန်တွေ ပိုလျှံနေရင် ပြည်ပပို့တယ်။ လိုအပ်ရင်လည်းပြည်တွင်းမှာ အခြေခံလူတန်းစားကို ပြန်ဖြန့်ပေးတဲ့ သဘောပါ။ နိုင်ငံတော် အစိုးရရဲ့ အင်မတန်ကောင်းတဲ့ ဆောင်ရွက်ချက်ပါ။ ဒါ့အပြင် ဆန်စပါးလုပ်ငန်းရှင်များအသင်းကိုတာဝန်ပေးပြီး လုပ်စေတာဖြစ်တဲ့အတွက် ဒီခေတ်မှာ သွားနေတဲ့ မူဝါဒနဲ့ အင်မတန် ကောင်းမွန်တဲ့ အနေအထားဖြစ်ပါတယ်။



ဦးသိန်းအောင်ကိုတွေ့ရစဉ်

ဓာတ်ပုံ-နေလင်းထွန်း

**■ ရေနက်ဆိပ်ကမ်းပါတဲ့ စက်မှုဇုန်တစ်ခု တည်ဆောက်ပြီးခဲ့ရင် ဒေသခံတွေအတွက် ဘယ်လိုအလုပ်အကိုင် အခွင့်အလမ်းတွေ ရနိုင်ပါသလဲ။**

အခြေခံ အလုပ်သမားတွေအတွက် စက်ရုံ၊ အလုပ်ရုံတွေမှာ အလုပ်ရမယ်။ လုပ်ငန်းရှင်တွေအတွက် ပို့ကုန်၊ သွင်းကုန်ကိစ္စတွေ ဆောင်ရွက်ကြမယ်။ လုပ်ငန်းရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ အခြေခံလူတန်းစား အတော်များများ အလုပ်အကိုင်ရသွားကြမယ်။

**■ စက်မှုဇုန်တွေ တည်ဆောက်တဲ့နေရာမှာရှိနေမယ့် အိမ်ခြံမြေတွေ၊ လယ်ယာမြေတွေအတွက် ဘယ်လိုစီမံထားပါသလဲ။**

တန်ရာတန်ကြေး ပေးသွားမှာပေါ့။ နောက်ပြီး ဒီလယ်သမားတွေကို စက်မှုလုပ်ငန်းထဲ ထည့်နိုင်ရင် လယ်ယာလုပ်တာထက် အခွင့်အလမ်းပိုလာမှာပေါ့။ အကယ်၍ လယ်ယာမြေတွေကိုသိမ်းရမယ်ဆိုရင်တော့ လယ်ယာမြေပျောက်သွားမယ်။ တစ်ဖက်ကလည်း အထွက်တိုးအောင်လုပ်နိုင်ရင် ပြန်ကာမိသွားမယ်။ ဒါတွေကလည်း မဖြစ်မနေ လုပ်ရမယ့်ကိစ္စတွေပါ။

**■ တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးမှုနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ အစီအစဉ်တွေရှိရင် သိလိုပါတယ်။**

အစိုးရက ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်းစဉ်ရှစ်ရပ်ချထားတယ်။ ဒီမှာတော့ တောင်သူလယ်သမားတွေက အခြေခံကျတဲ့အတွက် လယ်ယာကုန်ထုတ်အသင်းတွေ ဖွဲ့စည်းပြီးတော့ အခြေခံကအစ အဆင့်မြင့်လာအောင် ဆောင်ရွက်ပါတယ်။ နောက်ပြီး သားငါးနဲ့ပတ်သက်တဲ့ မွေး/ရေကန်ကိုလည်း မွေးတာကစပြီး ပြည်ပတင်ပို့နိုင်တဲ့ထိအောင် လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ဆောင်ရွက်ပေးတယ်။ အထူးသဖြင့်တော့ အသေးစားငွေချေးလုပ်ငန်းကို ဦးစားပေးပြီး လုပ်တယ်။ ဘယ်လိုပုံစံနဲ့လုပ်လဲဆိုတော့ မြို့ပေါ်ရပ်ကွက်တွေမှာ အဲဒီရပ်ကွက်ထဲက လုပ်ငန်းရှင်တွေဆီက တစ်ယောက်တစ်သိန်း၊ နှစ်သိန်းစုပြီး ပေါင်းလိုက်ရင် ကျပ်သိန်းသုံးဆယ်လောက်ရတယ်။ အဲဒါကို ဆင်းရဲတဲ့သူတွေဆီပြန်ချေးတာပေါ့။ ကျေးရွာ အုပ်စုတွေမှာလည်း အဲဒီတိုင်းပါပဲ။ ဒါ့အပြင် UNDP ကလည်း ကျေးရွာတွေမှာတော်တော်များများ ဝင်ရောက်လုပ်ကိုင်နေပါတယ်။ ပြီးတော့ အသေးစားလုပ်ငန်းရှင်တွေအတွက် ငွေချေးပေးတယ်။ ဈေးကွက်ရှာပေးတယ်။

**■ တိုင်းဒေသကြီးအစိုးရ အနေနဲ့ အဓိကဝင်ငွေရရှိနေတဲ့ လုပ်ငန်းတွေက ဘာတွေပါလဲ။**

ဒီမှာ အဓိကရတာက သားငါးကဏ္ဍက ရတယ်။ စည်ပင်က တော်တော်များများ ရတယ်။ နောက်ပြီး ထွေ/အုပ်ရဲ့ လိုင်စင်လုပ်ငန်းတွေကလည်း ရပါတယ်။

**■ ဧရာဝတီ တိုင်းဒေသကြီးမှာ လယ်ယာမြေတွေ မြေဆီလွှာခန်းခြောက်တာမျိုးတွေရှိပါသလား။ အဲဒီအတွက် ဘယ်လို ပြင်ဆင်ထားပါလဲ။**

တိုင်းဒေသကြီးမှာ အခုထိ လယ်ယာမြေဆီလွှာတွေ ဓာတ်မြေဩဇာကြောင့် ခန်းခြောက်တာ၊ ပျက်စီးတာ မရှိသေးပါဘူး။ ဘာလို့လဲဆိုတော့ ထိထိရောက်ရောက် မသုံးနိုင်သေးလို့ပါ။ ရှိပြီးသား လယ်ယာတွေကို ဖွံ့ဖြိုးတိုးတက်အောင်၊ ခေတ်မီလယ်ယာတွေဖြစ်အောင် လုပ်ဖို့ပဲ လိုပါတယ်။

**■ လပွတ္တာမြို့ ကိုးမိုင်ကို ပြောင်းရွှေ့တာနဲ့ ပတ်သက်ပြီး နောက်ဆုံးအခြေအနေ သိချင်ပါတယ်။**

ပြောင်းတာ ရှင်းရှင်းလင်းလင်း ဖြစ်ပါတယ်။ ခရိုင်မြို့ဖြစ်တဲ့အတွက် မြို့ဟောင်းမှာနေတဲ့သူလည်းနေ၊ မြို့သစ်မှာနေတဲ့သူလည်း နေပေါ့။ ဘာပြဿနာမှ မရှိပါဘူး။ ဒါပေမဲ့ တချို့ကျန်းမာရေးကိစ္စတွေကို share (မျှဝေ) ပေးရတယ်။ ဆေးရုံက မြို့သစ်မှာဖြစ်လို့မြို့ဟောင်းမှာနေတဲ့သူတွေ ဆေးရုံနဲ့ နည်းနည်းဝေးတယ်။ ဒါတစ်ခုပါပဲ။

**■ တိုင်းဒေသကြီးအတွင်းက ပြည်သူတွေကို ဘာများ ပြောလိုပါသလဲ။**

ပြည်သူတွေဟာ အများအားဖြင့် ရိုးသားကြတယ်။ ပြည်သူတွေအနေနဲ့ အသိပညာပေးတဲ့ကိစ္စတွေကို ယုံယုံကြည်ကြည် လိုက်ပါဆောင်ရွက်ဖို့လိုပါတယ်။ အများအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပေးလုပ်ငန်းတွေ လုပ်ငန်းတဲ့နေရာမှာ လိုက်ပါဆောင်ရွက်မှု အားနည်းတယ်။ အဲလိုဆိုတော့ အလုပ်သဘောအရ ကရိကထများတယ်ပေါ့။ အဲတော့ ပိုပြီး ကြိုးစားအားထုတ်ရတယ်။ အချိန်ယူရတယ်။ အဲလိုမျိုးတွေ မလုပ်သင့်ဘူး။ ပြည်သူလူထုကို အသိပညာပေးတဲ့အခါမှာ အခက်အခဲရှိတယ်။ ဒေသခံတွေရဲ့ အခြေခံအသိပညာနည်းနည်း အားနည်းတာပေါ့။

**■ အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ။

# ရန်ကုန်အထွက် ကုန်နည်းသောကြောင့် တန်ဆာခကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ရန်ကုန်မှအထွက် ကုန်နည်းခြင်းကြောင့် လမ်းကြောင်းအချို့၏ ကုန်တန်ဆာခများ ကျဆင်းနေပြီဖြစ်ကြောင်း ကားဂိတ်လုပ်ငန်းရှင်များက ပြောသည်။

“တန်ဆာခကျတာက ကုန်ရှားနေလို့ပဲ။ အထွက်ကုန်နည်းလို့ ကားတွေပုံနေတော့ တန်ဆာခတွေကျနေပြီ”ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ပြီးခဲ့သည့် လကုန်ပိုင်း၌ ကုန်တစ်ပိဿာလျှင် တန်ဆာခ ၁၁၀ ကျပ်ရှိရာမှ ယခု၉၀ ကျပ်သို့ကျဆင်းလာသည်။

ရန်ကုန်-ပုသိမ်လမ်း၌ ရန်ကုန်မှ အဆင်းကုန်များဖြစ်သော ဘိလပ်မြေနှင့် မြေဆီမှာ ယခုရက် ပိုင်းတွင်တင်ပို့မှုနည်းလာ၍ ယခင်တစ်အိတ်လျှင် တန်ဆာခ ၈၀၀ ကျပ်မှ ယခု ၇၀၀ ကျပ်သို့ ကျဆင်းနေပြီဖြစ်ကြောင်း အဆိုပါလမ်းကြောင်းရှိကားဂိတ် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ပုသိမ်မှ အတက် တန်ဆာခမှာလည်း ယခင် ဆန်တစ်အိတ်လျှင် ၇၀၀ ကျပ်မှ ယခု ၆၅၀ ကျပ်သို့ ကျဆင်းလာခဲ့သည်။


ဟင်္သာတ-ရန်ကုန် လမ်းပိုင်း၌လည်း ရန်ကုန်အတက်တန်ဆာခ ပြောင်းလဲခြင်းမရှိဘဲ ရန်ကုန်မှ အဆင်းတွင်ကုန်ရှားနေခြင်းကြောင်း ယခင် ၄၅၀ ကျပ်ရှိသော တန်ဆာခမှာ ယခု ၃၀၀ ကျပ်ထိ ကျဆင်းနေပြီဖြစ်ကြောင်း ကားဂိတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ပုသိမ်နှင့် ဟင်္သာတမှ တင်ဆောင်လာသော ဆန်များကို ချရန်ပင် ဆန်လက်ခံသော ကုမ္ပဏီ၏ဂိုဒေါင်ရှေ့၌ပင် ကားအရေအတွက်များနေခြင်းကြောင့် နှစ်ညအိပ်ထိ စောင့်ဆိုင်းရမှုများရှိနေကြောင်း ကုန်တင်ကားမောင်းနှင်သူတစ်ဦးက ပြောသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ကျေးရွာက လူကြီးရွေးပွဲ

ဘုန်းမိုးသွန်း(မုံရွာ)



ကထိန်ရာသီကာလက သာယာဝတီနယ်သို့ ရောက်ဖြစ်ပါသည်။ ရောက်ရခြင်းမှာလည်း ငယ်သူငယ်ချင်းဆရာတော်၏ကျောင်းကထိန်လာဖြစ်အောင်လာပါဟုအမိန့်ရှိသဖြင့်ရောက်သွားခြင်းဖြစ်သည်။ ဆရာတော်ကားယင်းနယ်သားဖြစ်သော်လည်း အခြားရွာဇာတိဖြစ်သဖြင့်နယ်ပေါင်းစုံ၊ အရပ်ပေါင်းစုံမှ အလှူရှင်များ ညအိပ်လာကြသည်။ ထိုသူများတွင် ရှေးမီနောက်မီ သက်ကြီးရွယ်အိုများ၊ဆရာစံတိုက်ပွဲဖြစ်စဉ် သိမီလိုက်သူများပါဝင်သည်။ လူကြီးများ စကားဝိုင်းတွင် စာရေးသူတို့အတွက်တော့ ရတနာသိုက်ရသည်နှင့် အတူတူ။ စိတ်လိုလက်ရနားထောင်ဖြစ်သည်။

ကျေးရွာလူကြီး ရွေးပွဲ အကြောင်းနှင့် ကျေးရွာလူကြီးဖြစ်ခဲ့ကြသူများအကြောင်းကို ပြောဆိုဆွေးနွေးနေကြသည်။ နိုင်ငံတစ်နိုင်ငံတွင် အုပ်ချုပ်ရေးသည် ကျေးလက်က စတင်ပြီး ခိုင်ခိုင်မာမာတည်ဆောက်ရသည်။ ကျေးရွာလူကြီးသည် ရွာအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘာသာရေး၊ တိုးတက်ရေး အားလုံးကို တာဝန်ယူရသူဖြစ်သည်။ ကျေးရွာတွင်ဖြစ်လာသော ပြဿနာမှန်သမျှ သမာသမတ်ကျကျ ဖြေရှင်း ပေးနိုင်စွမ်းရှိရမည်။ ကျေးရွာက အမှန်တကယ် လက်ခံယုံကြည်အားကိုးရသော သူဖြစ်မှ ထိုကျေးရွာများ တိုးတက်ပြီး အစစအရာရာ အဆင်ပြေစေပါသည်။ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးတွင် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဥပဒေမူကြမ်းကို ပြဋ္ဌာန်းခဲ့သည်။ နည်းဥပဒေဆက်လက်ပြဋ္ဌာန်း၍ အသက်ဝင်လာလျှင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်မှုများ ပိုမိုစနစ်တကျ ကောင်းမွန်လာရန် မျှော်လင့်သည်။

သာယာဝတီမြို့နယ်ရှိ ကျေးရွာတစ်ရွာတွင် နိုဝင်ဘာ ၅ ရက်က ရွာလူကြီးရွေးပွဲအကြောင်း စကားဝိုင်းရောက်သွားသည်။ စကားဝိုင်းတွင် ဖြစ်ပေါ်နေဆဲ အခြေအနေများအကြောင်း အားတက်သရော ပြောဆိုနေကြသည်။ မည်မျှကြီးကြီးကျယ်ကျယ် ပြောနေကြစေကာမူ နိုင်ငံတော်အကြီးအကဲတို့၊ တိုင်းဒေသဝန်ကြီးတို့ဆိုတာတွေဆုံဖူးခြင်း မရှိ။ လာရောက်ခြင်းလည်း မရှိသဖြင့်လက်ရှိအမှီပြုနေရသည်မှာ ကျေးရွာလူကြီးဖြစ်သည်ဟု အနှစ်ချုပ်လိုက်ကြပြီး မဟာဘွဲ့ရလူငယ်တစ်ယောက်က ကျေးရွာမှာ အုပ်ချုပ်တဲ့ လူကြီးက သတ္တိရှိပြီး ပညာတတ်တစ်ယောက်ဖြစ်မှ ကျေးရွာတိုးတက်မည့်အကြောင်း စကားဖြတ် ဝင်ရောက်ဆွေးနွေးလိုက်သည်။ စကားဝိုင်းကလေးက ပိုပြီး စိုပြည်လာသည်။ ကျေးရွာနှင့် လိုက်လျောညီထွေဖြစ်လာသည်။

"ဦးလေးတို့ဗျာ။ ဘယ်လိုပဲ ပြောနေပြောနေ၊ ကျွန်တော်ကတော့ ကျွန်တော့်ရွာက လူကြီးရွေးပွဲလေးအကြောင်း ပြောချင်တယ်။ တစ်ချိန်က ရွာထဲမှာ လူကြီးလုပ်နေတဲ့လူက ပညာမတတ်ဘူးဗျာ။ နောက်ပြီး ဘာမှလည်း မလုပ်တတ်ဘူး။ ဒါပေမဲ့ အထက်က ခိုင်းတဲ့အတိုင်းတော့ လုပ်တတ်တယ်ဗျ။ ဆိုးတာက သူ့ကိုမရွေးခင် တုန်းကဗျာ ရွာထဲမှာ မကောင်းတာ လုပ်တဲ့ လူတွေက ငွေရေးကြေးရေးက အဆင်ပြေတော့ သူ့ကိုပဲ ရွေးချင်တာ။ ဒါမှ သူတို့ပြောတဲ့အတိုင်း အဆင်ပြေမှာလေဗျာ။ လူတွေကိုလည်း ငွေရေးကြေးရေးနဲ့ စည်းရုံးထားတယ်။ ချဲရောင်းတဲ့ ဒိုင်တွေကလည်း သူတို့ဆီကို သက်ဆိုင်ရာက အကြောင်းလာကြားရင် ရှောင်နိုင်ရှားနိုင်အောင် လုပ်ပေးမယ့် သူတို့အလိုကျ လူကြီးကိုပဲ လိုချင်ကြတာ။ အဲဒီတော့ ချဲထိုးတဲ့အိမ်ရှင်မတွေကိုလည်း စည်းရုံးထားတယ်။ ဒီတော့ အိမ်ရှင်မတွေကလည်း ချဲထိုးခွင့်ရမယ့် ကျေးရွာလူကြီးကို လိုချင်တာပေါ့ဗျာ။ ဒါမှလည်း သူတို့လုပ်ချင်တာတွေလုပ်ခွင့်ရမှာပေါ့"ဟု သူ့ရွာကလောင်းကစားနှင့် မကောင်းမှုကို အခြေခံပြီး အရွေးခံရတဲ့လူကြီးအကြောင်းကိုပြောပြသည်။

ထိုအချိန်မှာပင် နားထောင်နေသော လူတစ်ယောက်က"ကျွန်တော်က မြေလတ် သားပါဗျာ။ ခင်ဗျား ပြောသလောက်လည်း မဆိုးသေးပါဘူး။ ကျွန်တော်တို့ရွာက လူကြီးကတော့ လူငယ်ပါ။ ကျေးရွာက ရပ်မိရပ်ဖလူကြီးတွေဝိုင်းဝန်းတင်မြှောက်ပြီး လူကြီးဖြစ်သွားတာ။ ကျေးရွာက လူတွေ သဘောအတိုင်းပါပဲ။ အေးအေးချမ်းချမ်းပါ"ဟု သူတို့ရွာက လူကြီးရွေးပွဲ အခြေအနေကို ပြောပြသည်။ "ရှိတော့ ရှိမှာပေါ့ဗျာ၊ မရှိသလောက် ရှားပါတယ်" ဟု လူငယ်တစ်ဦးက ဝင်ရောက် ဖြည့်စွက်သည်။ ဤအခြေအနေများက လက်ရှိမှာ နည်းပါးနေပါသေးသည်၊ သို့သော်လည်း တိုးတက်မှုများမှာ ရုပ်ဝတ္ထုမျှသာဖြစ်သေးသည်။ စိတ်ပိုင်းဆိုင်ရာ ချွတ်ခြုံကျနေမှုများအား များစွာပြင်ဆင်ရပေလိမ့်ဦးမည်ဟု စာရေးသူကတော့ထင်မြင်ပါသည်။

"အခု ကျွန်တော်တို့ မြို့နယ်မှာ နေရာရလာတဲ့ အရာရှိတစ်ယောက်ကတော့ ပြောတယ်ဗျ။ ပြည်သူလူထုရဲ့ ဆန္ဒကို ကျွန်တော်အထက်ကိုတင်ပြရမယ်။ ကျွန်တော်ကြိုးစားရင်းနဲ့ အစိုးရဝန်ထမ်း ဖြစ်လာခဲ့တယ်။ တတ်ထားတဲ့ ပညာနဲ့ ယခုလက်ရှိ ရထားတဲ့ အလုပ်နဲ့တော့ ဘာမှမဆိုင်ဘူး။ ကျွန်တော်လည်း ဘာမှမသိဘူး။ အခုမှပြန်လေ့လာနေရတယ်။ ခင်ဗျားတို့လည်း အားမငယ်ပါနဲ့။ နောက်ဆိုတဖြည်းဖြည်းနဲ့ တိုးတက်လာလိမ့်မယ်၊ အားပေးတယ်။ ကျွန်တော်တို့ အခု အားလုံး ဝိုင်းဝန်းကြိုးစားလိုက်ရင် တိုးတက်သွားမှာပါ၊ ဒီလိုပဲ လက်တွဲပြီး လုပ်ကြတာပေါ့ဗျာ"တဲ့။ ဒီစကားကို ကျွန်တော် မကြိုက်ဘူးဗျ။ ကိုယ်မှ မလုပ်တတ်တာ၊ အားလုံးက အသစ်အသစ်ကြီးပဲ၊ အတွေ့ကြုံရှိတဲ့လူ၊ အရည်အချင်းရှိတဲ့လူဦးဆောင်မှ ကျွန်တော်တို့ နယ်လေးက တိုးတက်မှာ မဟုတ်လားဗျာ။ ဒါမျိုးတွေလည်း ရှိနေသေးတာပဲ"ဟု မြို့ပေါ်ရပ်ကွက်နေလူငယ်တစ်ဦးကဝင်ထောက်သည်။

"ကျွန်တော်ကတော့ အခု အဖွဲ့အစည်းတွေ အများချည်းပဲ ကြိုက်တဲ့သူတက်၊ တက်လာတဲ့ ပုဂ္ဂိုလ်က ဘာလုပ်မှာလဲ။ နိုင်ငံတကာမှာ နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့ သမ္မတတွေဟာ သူတို့မှာ ရှိထားတဲ့ အသိဉာဏ် ဗဟုသုတ၊ ပညာရပ်တွေကို ပြည်သူတွေဆီ ခွဲဝေပေးဖို့အတွက် တက်ခဲ့တယ်။ ကိုယ့်ဆီက လူကြီးလုပ်ဖို့တင်တဲ့ လူတွေက လူကြီးတက်လာတဲ့ ရှိနေတဲ့စွမ်းအားတွေကိုပြည်သူကို ပေးချင်တယ်။ ဒီလိုလူမျိုးကို ရပ်ကွက် ကျေးရွာတွေက လိုချင်ကြတာ။ နောက်ပြီး ရပ်ရွာ၊ မြို့နယ်တွေကို အကြီးအကဲတွေလာရင် တချို့သူဌေးဆိုတဲ့လူတွေ၊ ကုမ္ပဏီပိုင်ဆိုတဲ့ လူတွေကလည်း လိုက်လာတယ်။ ပါလာကြတယ်။ ပြည်သူတွေဆီကို ကူညီဖို့လိုက်လာတယ်ဆိုတာထက် သူတို့ လိုချင်တာကိုရဖို့ လိုက်လာတာများပါတယ်။ အများအားဖြင့်တော့ လှူတယ်။ စာကြည့်တိုက် ဆိုပါစို့။ သိန်း ၅၀ လှူသွားတယ်။ ဘာကြောင့် လှူတာလဲ။ စေတနာသဒ္ဓါတရားရှိလို့ လှူတာမဟုတ်ဘူး။ လှူခြင်းရဲ့ နောက်ကွယ်မှာ ဘယ်ဘက်ကနေ သိန်းတစ်ရာရအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ အခွင့်အရေးကို ယူမယ်ဆိုတဲ့ ရည်ရွယ်ချက်က ရှိပြီးသား။ အဲဒါမျိုးတွေ အများချည်းပဲ။ အခု အချိန်ကစပြီး ဒါမျိုးတွေလည်း ကင်းလာတော့မယ်လို ထင်ရတာပဲ" ဟု လူငယ်က ကျေးရွာ၊ ရပ်ကွက်က မြင်သာသော လာဘ်ပေး လာဘ်ယူမှု သင်္ကေတတစ်ခုကို ညွှန်းဆိုတင်ပြသွားသည်။ တစ်နည်းအားဖြင့် တကယ့် စေတနာမေတ္တာကိုသာ လိုအပ်ကြောင်းကို ပြောဆိုသွားသည်ဟု မြင်ပါသည်။

"ကျွန်တော်တို့ရွာပေါ့၊အညာဘက်မှာ ဥက္ကဋ္ဌအစဉ်အဆက်ကို လေ့လာကြည့်ရင် အများအားဖြင့် ဘာပညာမှမတတ်ဘူး။ ခုအချိန်ထိ ဘာမှ မလုပ်တတ်ဘူး။ အိမ်ခြေ ၂၈၀၊ ၃၀၀ လောက်ရှိတယ်။ စာကြည့်တိုက်မရှိဘူး။ ရှိတဲ့ စာကြည့်တိုက်လည်း နွေရာသီပြန်တဲ့အခါ ဖုန်တွေ အလိမ်းလိမ်းနဲ့။ လမ်းကလည်း မိုးတွင်းသွားလို့မရဘူး။ ဒါကြောင့် မတိုးတက်တာ။ စာပေဗဟုသုတမရှိတော့ အများအကျိုးကို ဘယ်လိုဆောင်ရွက်ရမှန်းမသိဘူး။ ရပ်ရွာအကျိုးကို ဘယ်လိုဆောင်ရွက်ရမှန်း မသိဘူး။ ဒါကြောင့် ဒီအတိုင်းပဲ နေကြတယ်။ ဆယ့်လေးငါးနှစ်က ဖြစ်ခဲ့တဲ့ ဥက္ကဋ္ဌတွေ ဘာမှမလုပ်တတ်ဘူး။ ပြဿနာတစ်ခုဖြစ်ပြီဆိုရင် ထိုးမယ် ကြိတ်မယ်။ လက်ထိပ်ခတ်မယ်။ ကြောက်အောင်လုပ်မယ်။ ဒဏ်ရိုက်မယ်။ ဒါပဲသိတယ်။ ဒီလူကို ကျေးရွာအကျိုးအတွက် ဘယ်လိုသယ်ပိုးအောင် ပြစ်ဒဏ်ပေးရမယ်၊ အသုံးချရမယ်ဆိုတာ မသိဘူး။ ထောက်ခံစာသွားယူတယ်။ ပိုက်ဆံတွေ အရမ်းတောင်းတယ်။ ဒီလူရဲ့ သမိုင်းကြောင်းကို ကြည့်ရင် ငွေရေးကြေးရေးနဲ့ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ပဲဖြစ်ဖြစ်၊ ကိုယ်ကျင့်တရားနဲ့ပဲဖြစ်ဖြစ် ဘာမှ ရစရာမရှိဘူး။ ဒီလူကို ပြန်ရွေးတယ်။ ဘာကိုကြိုက်လို့လဲဆိုတော့ ချဲရောင်းတဲ့ပုဂ္ဂိုလ်က ရဲမဖမ်းအောင် လုပ်ပေးရင် ကြိုက်တယ်။ အရက်ရောင်းတဲ့ပုဂ္ဂိုလ်က အရက်ဆိုင် အပိတ်မခံရအောင် လုပ်ပေးရင် ကြိုက်တယ်။ ကျန်တဲ့ဥစ္စာတွေလည်း အတူတူပဲပေါ့ဗျာ။ လူတွေက မကောင်းတာကို ကြိုက်တာက များတယ်။ ရပ်ရွာတိုးတက်ဖို့အတွက်ကို မကြည့်ကြဘူး။ ကိုယ်ကျိုးအတွက်ပဲ ကြည့်ကြတယ်။ ရပ်ကွက်ဥက္ကဋ္ဌက မကောင်းဘူးဆိုတာသိတယ်။ ဒါပေမဲ့ အဲဒီ့သူ ဥက္ကဋ္ဌအဖြစ် ဆက်ရှိနေမှ သူ့လုပ်ငန်းက အဆင်ပြေမှာလေ။ သူ့မှာ ပိုက်ဆံရှိတဲ့အတွက် ရပ်ကွက်ထဲ၊ ရွာထဲမှာရှိတဲ့ လူတွေကို ဒီဥက္ကဋ္ဌကိုပဲ ရွေးခိုင်းတယ်။ တိုက်တွန်းတယ်။ အရက်ကြိုက်တဲ့ပုဂ္ဂိုလ်ကို အရက်တိုက်တယ်။ ပိုက်ဆံလိုတဲ့ ပုဂ္ဂိုလ်ကို ပိုက်ဆံပေးလိုက်တယ်။ အဝတ်အစား ကြိုက်တဲ့ ပုဂ္ဂိုလ်ကို အဝတ်အစား ဝယ်ပေးလိုက်တယ်။ သူ့ကိုမဲပေးလိုက်ပေါ့။ ဟိုလူတွေကလည်း အဲဒါ ထည့်မယ်။ တစ်ခါကောင်းဖို့ တစ်ခါစားဖို့အတွက်ကိုပဲကြည့်တယ်။ ရေရှည်ကို မကြည့်တော့ဘူးလေ။ ကိုယ့်ရဲ့မျိုးဆက်သစ်ကို မကြည့်တော့ဘူး။ ဒါဟာ ပညာဗဟုသုတ ဘာမှ မရှိလို့ပေါ့။ မကောင်းမှန်းသိပေမယ့် ရွေးတယ်"လို့ ကျေးရွာ၊ ရပ်ကွက်လူကြီး ရွေးချယ်ခြင်းဖြစ်စဉ်ကို လူငယ်က ပြောပြသည်။ လူငယ်ကပင် "ကျွန်တော်တို့ ငယ်ငယ်က ကြုံဖူးတယ်။ ဦးတို့လည်း အစည်းဝေးပွဲတွေ ကြုံဖူးမှာပါ။ ကျေးရွာထဲက အစည်းဝေးပွဲတွေ ရပ်ကွက်ကဖြစ်ဖြစ်၊ ရွာကဖြစ်ဖြစ် စည်းဝေးပွဲခေါ်ရင် ဘယ်သူမှ မသွားကြဘူး။ အစည်းဝေးထိုင်ပြီး လုပ်တဲ့လုပ်ငန်းတွေက ဘာမှ ဖြစ်မလာဘူးလေ။ ဖြစ်မလာတော့ ကျွန်တော်တို့ အဖေ၊ အမေတွေကလည်း အရေးမစိုက်တော့ဘူး။ စည်းဝေးပွဲဆိုရင် မင်းသွားလိုက်ပေါ့။ ကျွန်တော်တို့ ကလေးငယ်တွေပဲ ထည့်လိုက်တာ။ ပုစုခရု ကလေးငယ်တွေ ထည့်လိုက်တာတို့။ ဘာမှ မသိနားမလည်တဲ့လူတွေ။ အသက်ကြီးတဲ့ ရှစ်ဆယ်ကျော် အဘိုးကြီးတွေ အဘွားကြီးတွေ သွားခိုင်းတယ်။ လုပ်နိုင်တဲ့သူတွေ စွမ်းအားရှိတဲ့သူတွေ မသွားခိုင်းဘူး။ အဲဒါမျိုးတွေဖြစ်နေတာ အများကြီး။ အခုတော့ ဦးတို့ ရွာတွေဖြစ်မဖြစ်တော့မသိဘူး။ ကျွန်တော်တို့ရွာတွေမှာ အဲဒါမျိုးတွေ ဖြစ်နေတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ၁၀ နှစ်၊ ၁၁ နှစ်တုန်းက တက်ခဲ့ရတယ်။ အဲဒီအခြေအနေတွေက အခုချိန်ထိ ရှိနေတုန်း။ ရှိနေဆဲပါပဲ ခင်ဗျာ" ဟုဆိုသည်။

"ဘာကြောင့် ဒီလိုဖြစ်နေတာလဲဆိုတော့ တစ်ယောက်နဲ့ တစ်ယောက်အကျိုးမပြုဘူးဆိုတာ ဖော်ပြနေတာပဲလေ။ အစည်းအဝေးပွဲ လာတယ်ဆိုရင် ကျေးရွာအတွက် ဘာလုပ်မှာလဲ။ တိုးတက်မှုအတွက် ဘာတွေလာပြောတာလဲ။ တကယ် အကောင်အထည်ဖော်မှာလား။ လာပြောရင် ပြောတဲ့ အတိုင်း အကောင်အထည်ဖော်ရင် လူတိုင်း စိတ်ဝင်စားတာပေါ့။ ဘာမှ မလုပ်ဘူးဆိုတော့ ပြည်သူကလည်း စိတ်မဝင်စားတော့ဘူး။ ပြီးပြီးရော၊ ပြောလည်း ပြောတာပဲရှိတာ"ဟုအစည်းအဝေးပွဲများ၏ အဓိပ္ပာယ်ကင်းမဲ့နေပုံကို ပြောပြသည်။ ထို့ပြင် ကျေးရွာ၊ ရပ်ကွက်လူကြီးအဖြစ်က အနားယူသွားသောအခါ ဖြစ်တတ်ပုံလေးကို လူကြီးတစ်ဦးက "အခုတော့ မသိဘူးဗျာ။ အရင်ကတော့ ကျေးရွာ လူကြီး တော်တော်ဖြစ်ချင်ကြတာဗျ။ ဘယ်လောက်ပဲ စီးပွားရေး အဆင်မပြေပြေ၊ ကျေးရွာထဲမှာ လူကြီးဖြစ်ရင် စားဝတ်နေရေး အဆင်ပြေကြတာများပါတယ်။

လူကြီးဘဝကတော့ အဆင်ပြေတာပေါ့ဗျာ။ ဒါပေမဲ့ ရွာလူကြီးအဖြစ်ကနေ အနားယူတဲ့အခါ ရွာထဲမှာ အဲဒီလူက အထီးကျန်သွားတာများတယ်ဗျ။ သူက ရပ်ကွက်အပေါ်ကိုလည်းမကောင်းခဲ့ဘူး။ သူလုပ်ချင်တာနဲ့ အထက်က ခိုင်းတယ်ဆိုတာတွေပဲ လိုက်လုပ်တော့ သူ့ကို ဘယ်သူကမှ အဖက်မလုပ်တော့ သူလည်း စိတ်ကျရောဂါနဲ့ ဆုံးသွားတာတွေ ရှိခဲ့ဖူးတယ်။ ရပ်ကွက်အပေါ် ကောင်းတဲ့ လူကျတော့လည်း အဲဒီလို မဖြစ်ဘူးပေါ့ဗျာ။ ဒါက ကျွန်တော့်တစ်သက် ကိုယ်တွေ့ဗျ"ဟု ဆိုပါသည်။

ကျေးရွာ၊ ရပ်ကွက်ကို အုပ်ချုပ်ကွပ်ကဲရသည့် ပုဂ္ဂိုလ်သည် နိုင်ငံတော်အတွက် အခရာဖြစ်သည်ဟု ဆိုချင်ပါသည်။ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား၏ အခြေခံက ကျေးရွာဖြစ်သည်။ ကျေးရွာ၊ ရပ်ကွက်ကို အုပ်ချုပ်ရသူသည် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝနေရမည့်အပြင် ကျေးရွာအပေါ် စွန့်လွှတ်အနစ်နာခံတတ်သောစိတ်များ၊ ဖြစ်ပေါ်လာသော ပြဿနာများအပေါ် သမာသမတ်ကျကျ ဆုံးဖြတ်နိုင်စွမ်းရှိသူ၊ ခေါင်းဆောင်ပီသရန် လိုအပ်သည်သာမက ကျေးရွာ၊ ရပ်ကွက် တိုးတက်ရေးအတွက် ရပ်မိရပ်ဖများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ကြိုးစားအားထုတ်တတ်ရန်လည်း လိုအပ်ပါသည်။ သို့မှသာ ကျေးရွာ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်များကို တိုးတက်အောင် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်သည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ဖော်ဆောင်နိုင်ဖို့အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သော အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများနှင့် ပြည့်စုံသောအုပ်ချုပ်ရေးမှူးများ၊ လူငယ်များ အထူးလိုအပ်နေသည်ကတော့ အမှန်ပင်ဖြစ်တော့သည်။ ။

7 DAY NEWS JOURNAL

# Current Affairs

Vol.10, No.45 • JANUARY 26, 2012

## ဇေယျာသော် NLD ပါတီ ကိုယ်စားပြု ရွေးကောက်ပွဲဝင်မည်

**အားမာန်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၉**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လစ်လပ်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ကိုယ်စားလှယ်လောင်းအဖြစ် နောက်ဆုံးကျန်နေသော လေးနေရာကို ကြေညာခဲ့ရာ နာမည်ကျော် ဟစ်ပ်ဟော့ အဆိုတော်တစ်ဦးဖြစ်သော ဇေယျာသော်ပါဝင်လာသည်။

ဇေယျာသော်(ခ)ကိုဖြိုးဇေယျာသော်မှာနေပြည်တော်ပုဗ္ဗသီရိမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည်ဖြစ်သည်။ အဆိုပါမဲဆန္ဒနယ်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမှ သီဟသူရဦးတင်အောင်မြင့်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ်ဖြစ်သည်။ ဇေယျာသော်မှာ ၂၀၁၁ ခုနှစ်တွင် အကျဉ်းထောင်မှလွတ်မြောက်လာပြီးနောက် အနုပညာထက်နိုင်ငံရေးကိုသာ တစ်စိုက်မတ်မတ်လုပ်ကိုင်နေသူဖြစ်သည်။

ဇန်နဝါရီ ၁၃ ရက်တွင် ထောင်မှလွတ်လာသော ၈၈ မျိုးဆက်ကျောင်းသူ မစန္ဒာမင်းအား ဇမ္ဗူသီရိမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံရန် NLD ပါတီမှ တာဝန်ပေးအပ်ခဲ့သည်။ ထိုမဲဆန္ဒနယ်မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် သမ္မတဦးသိန်းစိန်ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရခဲ့သော မဲဆန္ဒနယ်ဖြစ်သည်။ ဒက္ခိဏသီရိမြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဦးနိုင်ငံလင်းနှင့် ဥတ္တရသီရိမဲဆန္ဒနယ်တွင် ဦးမင်းသူက ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

NLD ကကြားဖြတ်ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်၄၈ ဦးကို ကြေညာခဲ့ရာ ၁၃ ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။ ၁၉၉၀ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော NLD မှာ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ သပိတ်မှောက်ခဲ့သည်။ အစိုးရက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်ပြင်ဆင်ပေးပြီးနောက် ၂၀၁၁ နိုဝင်ဘာ ၁၈ ရက်တွင် ပါတီပြန်လည်မှတ်ပုံတင်ရန်နှင့် လာမည့်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်။ လစ်လပ်မဲဆန္ဒနယ် ၄၈ နေရာသာရှိသော ကြားဖြတ်ရွေးကောက်ပွဲသို့ NLD ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှာ အာဏာရလို၍မဟုတ်ဘဲ နိုင်ငံရေးအခင်းအကျင်းသစ်ဖြစ်သော လွှတ်တော်နိုင်ငံရေးနှင့်ဥပဒေပြုရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရန်သာဖြစ်နိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြသည်။

အခြားဟစ်ဟော့ပ်အဆိုတော်တစ်ဦးဖြစ်သော ရသမှာလည်း ဒီမိုကရေစီပါတီသစ်၏ ကိုယ်စားလှယ်လောင်းအဖြစ် မရမ်းကုန်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။



## ဒေါ်အောင်ဆန်းစုကြည်က ဒေါ်ဖြူဖြူသင်းအပေါ် ရဲရဲကြီးအာမခံကြောင်း ပြောကြား

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

မင်္ဂလာတောင်ညွန့်မြို့နယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်အရွေးခံမည့် ဒေါ်ဖြူဖြူသင်းအတွက် အဖွဲ့ချုပ်၏ ရွေးချယ်မှု မှန်ကန်မှုအပေါ် ရဲရဲကြီးအာမခံနိုင်သည်ဟုယခုလ ၁၇ ရက်တွင် ပြုလုပ်သော မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရုံးခန်းဖွင့်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ဒေါ်ဖြူဖြူသင်းသည် ပါတီတွင်လူငယ်အဖြစ်စတင်ပါဝင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် HIV/AIDS လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကာအဖွဲ့ချုပ်၏ HIV/AIDS တာဝန်ခံအဖြစ်ဆောင်ရွက်နေသူဖြစ်သည်။

ပြည်သူအများစုသည် ဆင်းရဲဒုက္ခဖြင့် ရုန်းကန်နေရသည်။ ထိုသို့ရုန်းကန်ရသည့်နေရာတွင် ပြည်သူအများ၏ စိတ်ဆန္ဒကို နားလည်ပြီး ပြည်သူများ၏ ဒုက္ခများကို တတ်နိုင်သ၍ ကျဆင်းသွားအောင်လုပ်ပေးနိုင်မည့်ကိုယ်စားလှယ်များကိုသာ ဦးစားပေးရွေးချယ်ခြင်းဖြစ်သည်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။ ကိုယ်စားလှယ်များကိုမဲပေးရွေးချယ်ရမည့် ပြည်သူများအနေဖြင့်လည်း မိမိတို့ လိုချင်သော ကိုယ်စားလှယ်မျိုးဖြစ်ရန် မိမိတို့က ထိန်းသိမ်းရမည်ဖြစ်သည်ဟုလည်း သူမက ပြောကြားခဲ့သည်။

ပြည်သူ့ကိုယ်စားလှယ်များ ရွေးရာတွင် ပညာအရည်အချင်းနှင့် အလုပ်အကိုင်ကျွမ်းကျင်မှု၊ အလုပ်အကိုင် အတွေ့အကြုံများကိုကြည့်၍ ရွေးချယ်ခြင်းဖြစ်သည်ဟုသိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မဲဆန္ဒနယ်တွင် ဒီမိုကရက်တစ်ပါတီမှ ပါတီဥက္ကဋ္ဌ ဦးသုဝေနှင့် ဒီမိုကရေစီပါတီသစ်မှ ဦးဘုန်းမြင့်တို့ကလည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကလည်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

## တိုင်းရင်းသားပါတီငါးခု ကြေညာချက်ထုတ်ပြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၅**

တိုင်းရင်းသားပါတီငါးခုက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ငြိမ်းချမ်းရေးရရှိရေးနှင့် မြေပေါ်မြေအောက်သယံဇာတများကို သက်ဆိုင်ရာဒေသခံများ မျှမျှတတခံစားခွင့်ရရှိရေးအပါအဝင် သဘောထားကြေညာချက်တစ်ရပ်ကို ဇန်နဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်တွင် အကျဉ်းသား ၆၅၁ ဦး လွတ်မြောက်သည့်အပေါ် ကြိုဆိုခြင်း၊ တိုင်းရင်းသားဒေသအချို့၌ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးချမှတ်ရန် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုက်တွန်းခြင်း၊ ကြားဖြတ်ရွေးကောက်ပွဲကို လွတ်လပ်၍ စည်းကမ်းပြည့်ဝစွာ၊ တရားမျှတစွာ ကျင်းပနိုင်ရန်အတွက်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်သွားရန် တိုက်တွန်းတောင်းဆိုခြင်းတို့ ပါဝင်သည်။

ထို့အပြင် ရခိုင်ပြည်နယ်မှ ထွက်ရှိသော 'ရွှေ' သဘာဝဓာတ်ငွေ့သိုက်များမှ အကျိုးခံစားခွင့်များနှင့် မြေပေါ်မြေအောက်သယံဇာတများမှရရှိသော အကျိုးခံစားခွင့်များကို ဒေသခံပြည်သူများမျှမျှတတခံစားခွင့်ရရှိရေး၊ တိုင်းရင်းသားများကို အမည်ခံဗန်းပြ၍ ရန်ပုံငွေရှာဖွေခြင်းများကို ကန့်ကွက်ခြင်း၊ တိုင်းရင်းသားအထိမ်းအမှတ်ပွဲများ၌ လောင်းကစားပွဲများ ထည့်သွင်းကျင်းပခြင်းတို့ကို ကန့်ကွက်ခြင်းနှင့်ပြည်နယ်များအတွက် လမ်းအထူးစီမံကိန်းများ ချမှတ်ပြီး တိုင်းဒေသကြီးများနည်းတူ အကောင်အထည်ဖော်ဆောင်ရွက်ရန်တို့ဖြစ်သည်။ ၎င်းကြေညာချက်များကို ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်၊ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီဥက္ကဋ္ဌဦးနိုင်ငွေသိန်း၊ ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌဦးစောမြထွန်း၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစိုင်းမောင်တင်နှင့် ရခိုင်တိုင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အဆိုပါညီနောင်ငါးပါတီမှ ကြေညာချက်ထုတ်ပြန်ခြင်းသည် (၇)ကြိမ်မြောက် သဘောထားကြေညာချက်ဖြစ်သည်။

## ကျားဖြူပါတီက ဦးခွန်ထွန်းဦးအား လားရှိုးအမျိုးသားလွှတ်တော်၌ ဝင်ရောက်ယှဉ်ပြိုင်ရန်ကမ်းလှမ်း

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဥက္ကဋ္ဌဦးခွန်ထွန်းဦးအား လားရှိုးမြို့နယ် အမျိုးသားလွှတ်တော်၌ဝင်ရောက်ယှဉ်ပြိုင်ရန် ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်(ကျားဖြူ)ပါတီမှ ကမ်းလှမ်းထားကြောင်း အဆိုပါ ပါတီမှသတင်းရရှိသည်။

"လောလောဆယ် စကားနဲ့ကမ်းလှမ်းထားတာပါ။ ရှေ့တစ်ပတ်ကျမှ အတည်ပြုရမယ်" ဟု ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ(ကျားဖြူ)အတွင်းရေးမှူး ဦးစိုင်းလှကျော်ကပြောသည်။

လက်ရှိကျားဖြူပါတီသည် ဧပြီတွင်ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲတွင်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် နှစ်နေရာနှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တစ်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေသည်။ လားရှိုးအမျိုးသားလွှတ်တော်တွင် မူလက ဦးစိုင်းစံမင်းကို ဝင်ရောက်ယှဉ်ပြိုင်ရန်ရွေးချယ်ထားသော်လည်း ဦးခွန်ထွန်းဦးဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နောက်ဆုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီသည် ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နှင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တို့တွင် ပြည်သူ့လွှတ်တော်နေရာအတွက်ဝင်ရောက်ရွေးချယ်ခံမည်ဖြစ်သည်။


ဓာတ်ပုံ-အေးမြကျော်

တောင်ငူထောင်မှ ဇန်နဝါရီ၁၃ရက်က လွတ်မြောက်လာသော ဦးခွန်ထွန်းဦးကို တွေ့ရစဉ်

## ငြိမ်းချမ်းရေး စက်ဝန်းကွန်ရက် ထူထောင်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ-၁၂**

နိုင်ငံရေးသမားများ တစ်ဦးချင်း ပါဝင်ပတ်သက်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သော ငြိမ်းချမ်းရေးစက်ဝန်းကွန်ရက်ကို ယခုလ ၄ ရက်၊ လွတ်လပ်ရေးနေ့က စတင်ဖွဲ့စည်းလိုက်ကြောင်း ထိုကွန်ရက်တွင်ပါဝင်သော ဦးရန်ကျော်က ပြောသည်။

ငြိမ်းချမ်းရေးစက်ဝန်းကွန်ရက်သည် ပညာရေး၊ လူမှုရေး၊ အလုပ်သမားအရေး၊ လယ်သမားအရေး၊ တိုင်းရင်းသား လူမျိုးအရေး၊ ဒီမိုကရေစီအရေးများကို ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး ပထမအဆင့်အနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ နိုင်ငံအနှံ့ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးပြီး ထူးချွန်သောကလေးများအား ပညာသင်ဆု ထိုက်ထိုက်တန်တန်ချီးမြှင့်နိုင်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ရက်တွင် နိုင်ငံရေးသမားများဖြစ်ကြသော ဦးဘတင့်ဆွေ၊ ဦးရန်ကျော်၊ ဒေါ်နေရီဗဆွေတို့ဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

စစ်မှန်သောဒီမိုကရေစီနှင့် လူ့အခွင့်အရေး ဖော်ဆောင်ရာတွင် နိုင်ငံရေး အင်အားစုများ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ငြိမ်းချမ်းရေးခရီးပန်းတိုင်သို့ချီတက်မှုကိုအောင်မြင်စေရန် ပံ့ပိုးကူညီသွားမည်ဟုဆိုသည်။

ငြိမ်းချမ်းရေးစက်ဝန်း ကွန်ရက်၏ ပထမဆုံးလှုပ်ရှားမှုအနေဖြင့် သန်လျင်မြို့နယ်ရှိ ဆုထူးပန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကလေးငယ်များနှင့်အတူ သစ်ပင်ပျိုးပင်ပေါင်း တစ်ထောင်ကိုစိုက်ပျိုးခဲ့ပြီး ရွှေဂုံတိုင်ရှိ Golden Hill တာဝါမှ ဝန်ထမ်းများလည်း ပါဝင်လှုပ်ရှားခဲ့ကြကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

# မြန်မာအမတ်များကို အမေရိကန်လွှတ်တော်သို့ လေ့လာရေးခရီး ဖိတ်ကြား

**ထူးသန့်**
**နေပြည်တော်၊ ဇန်နဝါရီ-၂၂**

နှစ်နိုင်ငံလွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုက မြန်မာလွှတ်တော်ကိုယ်စားလှယ်များကို လေ့လာရေးခရီးစဉ်ဖိတ်ကြားကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့်တွေ့ဆုံအပြီး သတင်းထောက်များကို ပြောကြားသည်။



ဓာတ်ပုံ-ထူးသန့်

၂၀၀၈ အမေရိကန်သမ္မတရွေးကောက်ပွဲတွင် အိုဘားမားနှင့် အပြိုင်အရွေးခံခဲ့သောဂျွန်မက်ကိန်းက မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် များစွာထိရောက်မှုရှိသည်ကို မြင်တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက်ကြောင်း၊ လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေးအနေဖြင့်လည်း မြန်မာလွှတ်တော်ကိုယ်စားလှယ်များကို လေ့လာရေးခရီးစဉ် ဖိတ်ကြားသွားမည်ဟုဆွေးနွေးပြောဆိုခဲ့ကြောင်း သူရဦးရွှေမန်းက ပြန်လည်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုနှင့် မြန်မာနိုင်ငံအကြားသံအမတ်ကြီးအဆင့်သို့ တိုး၍ ဆက်ဆံသွားရန်မှာလည်းသေချာကြောင်း၊ အချိန်ကို အတိအကျ မသိသေးကြောင်း၊ ပိတ်ဆို့အရေးယူမှုများနှင့်ပတ်သက်၍လည်း တစ်ထစ်ချင်းလျှော့ချသွားမည်ဟု အဓိပ္ပါယ်ရသော စကားများဆွေးနွေးပြောဆိုသွားခဲ့ကြောင်းသူရဦးရွှေမန်းက ဆက်လက်ပြောသည်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင်လွှတ်တော်များအရည်အသွေးမြင့်လာမှသာ နိုင်ငံတော်အတွက် ထက်ထက်မြက်မြက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး လွှတ်တော်အသက်ဝင်ရေးအတွက်လည်း ရေးရာကော်မတီများ အသက်ဝင်မှုသာဖြစ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ယနေ့တွေ့ဆုံသော ဆွေးနွေးပွဲ၌ ဂျွန်မက်ကိန်းအပါအဝင် အထက်လွှတ်တော်အမတ် ၄ ဦး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော်နိုင်ငံတကာ ဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

# စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းရေးကို ထောက်ခံသွားမည်ဟု အမေရိကန်လွှတ်တော်အမတ် မက်ကော်နယ်ပြောကြား

**မေဝင်းမွန်၊ အိဖြူမွန်**
**နေပြည်တော်၊ ဇန်နဝါရီ-၁၇**

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် အစစ်အမှန်လမ်းကြောင်းသို့ လျှောက်လှမ်းနေကြောင်း အမေရိကန်အထက်လွှတ်တော်အမတ်မစ္စတာအက်ဒီဆင်မစ်ချယ်မက်ကော်နယ်က ယခုလ ၁၇ ရက်က နေပြည်တော်သို့ ရောက်ရှိစဉ်ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်ဟာ စစ်မှန်သေချာတဲ့အနေအထားရှိပါတယ်။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် လာရောက်တာဖြစ်ပြီး နိုင်ငံရဲ့အနာဂတ်ကို အကောင်းအမြင်နဲ့ကြည့်ရှုခဲ့တာဖြစ်ပါတယ်။ ဝါရှင်တန်ကိုပြန်ရောက်တဲ့အခါမှာလည်း အခြားလွှတ်တော်အမတ်တွေနဲ့လက်ရှိပြောင်းလဲမှုအခြေအနေတွေကိုတင်ပြဆွေးနွေးသွားပါမယ်" ဟု အထက်လွှတ်တော်အမတ်က နေပြည်တော်တွင်ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။ မစ္စတာမက်ကော်နယ်သည် မြန်မာနိုင်ငံသို့ စီးပွားရေးအရေးယူပိတ်ဆို့မှုပြုလုပ်ရန်အမေရိကန်လွှတ်တော်တွင် အဓိကတိုက်တွန်းခဲ့သူဖြစ်ပြီး ၂၀၀၃ ခုနှစ်မှစတင်ကာ နှစ်စဉ်စောင့်ကြည့်လေ့လာခဲ့သည်။

ပြုပြင်ပြောင်းလဲမှုများနှင့်တစ်ဆင့်ပြီးတစ်ဆင့်လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံ အနေအထားကိုကြည့်၍ စီးပွားရေးပိတ်ဆို့မှုရုတ်သိမ်းရေးကို ထောက်ခံပေးသွား မည်ဖြစ်ကြောင်းမစ္စတာမက်ကော်နယ်ကပြောကြားသည်။ အမေရိကန်အထက်လွှတ်တော်အမတ်မစ္စတာမက်ကော်နယ်သည် ဇန်နဝါရီ ၁၅ ရက်ကမြန်မာ နိုင်ငံသို့ရောက်ရှိခဲ့ပြီး ဇန်နဝါရီ ၁၆ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမှုပြုလုပ်ခဲ့ကာ ဇန်နဝါရီ ၁၇ ရက်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများကို နေပြည်တော်၌ တွေ့ဆုံခဲ့သည်။

# စာ(၅) ကားပြပွဲတွင် ဝယ်သူအများစု တန်ဖိုးကျပ်သိန်း ၃၀၀ မှ ၄၀၀ အတွင်း အဓိကဝယ် မှ

"အရစ်ကျနဲ့ဝယ်တဲ့လူတွေရှိတယ်။ အရစ်ကျနဲ့ဝယ်တဲ့လူဆိုရင်သုံးပုံတစ်ပုံလောက်ရှိတယ်။ ငွေအပြီးချေသွားတဲ့လူတွေက ပိုများပါတယ်" ဟု အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေး အရောင်းတာဝန်ခံ ကိုထူးထူးက ပြောကြားသည်။

ထူးမိသားစုကုမ္ပဏီမှ ဒါရိုက်တာဦးဝင်းနိုင်ကလည်း "ကားဝယ်သူအနေနဲ့စီးနိုင်တဲ့ပမာဏသိန်း ၃၀၀၊ ၃၅၀ လောက်ကြားက ကားတွေကိုကြိုက်တယ်။ အဲဒီအရွယ် အစားလောက်ကိုတော့ ဝယ်နိုင်ကြတဲ့ အခြေအနေရှိကြတာပေါ့။ လူတွေအတွက်လည်း အဆင်ပြေတယ်"ဟုပြောကြားသည်။

အဆိုပါပြပွဲတွင် ဆိုင်ခန်းပေါင်းသုံးရာပါဝင်ပြသခဲ့သည်။ ကားအရောင်းပြခန်းနှင့် ကားပစ္စည်းအရောင်းပြခန်းပေါင်း နှစ်ရာပါဝင်ပြီး လူသုံးကုန်ပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းစသည့်ဆိုင်ခန်းပေါင်း ၁၀၀ ပါဝင်ပြသခဲ့သည်။

# ပျူမြို့ဟောင်းများနှင့် ပုဂံမြို့ရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရန် အီတလီက ယူရိုငွေလေးသိန်း ထောက်ပံ့

**အိဖြူမွန်**
**ရန်ကုန်၊ ဇန်နဝါရီ - ၂၀**

မြန်မာနိုင်ငံတွင် ၁၂ လအကြာ ဆောင်ရွက်မည်ဖြစ်သောယူနက်စကို၏ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစီမံချက်အား အီတလီနိုင်ငံက ဥရောပသုံး ယူရိုငွေလေးသိန်းထောက်ပံ့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ကာကွယ်ထိန်းသိမ်းမည့်နေရာများမှာ နှစ်ပေါင်း နှစ်ထောင်ခန့် ရှေးပျူတို့အခြေချနေခဲ့သော ပျူမြို့ဟောင်းများနှင့် ရှေးဟောင်းမြို့တော်ဖြစ်သော ပုဂံမြို့ ဗုဒ္ဓသာသနိကအဆောက်အအုံများတည်ရှိရာ ဒေသဝန်းကျင်ဖြစ်သည်။

ထိန်းသိမ်းကာကွယ်စောင့်ရှောက်မည့်နေရာများတွင် ကမ္ဘာ့အမွေအနှစ်ကွန်ဗင်းရှင်းမှ ချမှတ်ထားသော လုပ်ငန်းစဉ်သုံးခုကို ဆောင်ရွက်မည်ဖြစ်သည်။ ယင်းတို့မှာ အမွေအနှစ်နေရာဒေသများ ကာကွယ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်း၊ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်နည်းပညာအခြေပြုစနစ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းတည်ဆောက်ခြင်းတို့ ပါဝင်သည်။

ထို့အပြင် ကမ္ဘာ့အမွေအနှစ်စာရင်းအမည် တင်သွင်းမှုတွင် အထောက်အကူပြုသော လုပ်ငန်းစဉ်တို့ကို ယူနက်စကိုနှင့် မြန်မာနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ထိုစီမံချက်သည်မြန်မာနိုင်ငံအား ပထမဆုံး ကူညီပံ့ပိုးသော ယူနက်စကိုအဖွဲ့၏ ကနဦးအစီအစဉ်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ပြည်သူ့အကျိုး နိုင်ငံ့အကျိုးနှင့် ယှဉ်လာလျှင် ပါတီအကျိုးကို စွန့်လွှတ်ရမည်ဟု ပြည်ခိုင်ဖြိုးပါတီ ဒုတိယဥက္ကဋ္ဌ ပြောကြား

**ထူးသန့်**

**နေပြည်တော်၊ ဇန်နဝါရီ- ၂၁**

**ပါတီအကျိုးနှင့်ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးများယှဉ်လာလျှင် ပါတီအကျိုးကို စွန့်လွှတ်ပြီး ပြည်သူ့အကျိုးနှင့် နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ပြုလုပ်ကျင်းပသော ပါတီအထူးအစည်းအဝေးတွင် ပြောကြားသည်။**

"ပါတီအကျိုးနဲ့ပြည်သူ့အကျိုး နိုင်ငံ့အကျိုးယှဉ်လာရင် ပါတီအကျိုးကို စွန့်လွှတ်ပြီး ပြည်သူ့အကျိုးနဲ့ နိုင်ငံ့အကျိုးကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု အခမ်းအနားသို့ တက်ရောက်လာသော ပါတီကိုယ်စားလှယ်များကို ပြောကြားခဲ့သည်။ ထို့အပြင်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်ဟုဆိုသော မီဒီယာအပေါ် ထားရှိသော သဘောထားနှင့် ပတ်သက်၍လည်း "မိမိတို့ပါတီဟာ မိဘပြည်သူများနှင့် သတင်းမီဒီယာ စတုတ္ထမဏ္ဍိုင်ကို အလေးထားပါတယ်။ သူတို့ရဲ့စောင့်ကြည့်ဝေဖန်အကြံပြုမှုများကိုလည်း ခံယူနိုင်ကြရပါမယ်။ တစ်နည်းအားဖြင့် ထိန်းကျောင်းပေးမှုကိုလည်း ခံယူရမှာဖြစ်ပါတယ်"ဟု ထုတ်ဖော်ပြောကြားသွားခဲ့သည်။

နေပြည်တော်အခြေစိုက် သတင်းထောက်တစ်ဦးကမူ "အောက်ခြေနဲ့ အလယ်အလတ်အဆင့်က ပုဂ္ဂိုလ်အချို့ကတော့ အခုထိ သူတို့မကောင်းတာကို ထောက်ပြရင် လက်မခံချင်ကြဘူး။ သူတို့တစ်တွေပါလိုက်ပါလာရင် သိပ်ကောင်းတယ်"ဟု ၎င်း၏ အတွေ့အကြုံပေါ် အခြေခံ၍ ပြောသည်။

ပြည်သူများကိုအနိုင်အထက်ပြုကျင့်သော၊ ပြည်သူများအား မောက်မာစော်ကားပြုမူသော၊ စည်းကမ်းမရှိသော၊ စည်းကမ်းပျက်သော ပါတီဝင်များသည် ပါတီတွင်း နေရာရရှိမည် မဟုတ်သကဲ့သို့ ပါတီတွင်း ဒီမိုကရေစီဖော်ဆောင်မှုအား အမှောင့်အဖျက်ဖြစ်စေမည့် ပြုမူသူများသည်လည်း ပါတီ၏ ဒဏ်ခတ် အရေးယူမှုရှိလာနိုင်သည်ကို သတိပြုရမည်ဖြစ်ကြောင်း သူရဦးရွှေမန်းကထပ်မံပြောကြားခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်ကို Legion of Honor ဆုချီးမြှင့်စဉ်

## ပြင်သစ်သမ္မတ ဆာကိုဇီက ဒေါ်အောင်ဆန်းစုကြည်ကို

**အိဖြူလွင်**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

ပြင်သစ်သမ္မတ နီကိုးလပ်ဆာကိုဇီက ငြိမ်းချမ်းရေးနိုဗယ်ဆုနှင့်ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံး Legion of Honor ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ပြင်သစ်နိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားသည့်စာကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးမှ တစ်ဆင့် ပေးအပ်ခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ပြင်သစ်နိုင်ငံသို့ သွားရောက်ရန် ဆန္ဒရှိကြောင်း သတင်းထောက်များ၏ အမေးကို ဇန်နဝါရီ ၁၄ရက်တွင်ဖြေကြားခဲ့သည်။

အနှစ်ငါးဆယ်အတွင်း မြန်မာနိုင်ငံသို့ အဆင့်မြင့်ဆုံးအဆင့်ဖြင့် လာရောက်ခဲ့သည့် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်တွင် အဆိုပါပုဂ္ဂိုလ်က တိုင်းရင်းသား လူမျိုးစုများနှင့် အပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးနည်းဖြင့် အဖြေရှာရေးတို့မှာမြန်မာ့နိုင်ငံရေးအတွက် အရေးကြီးကြောင်းပြောကြားသည်။

ထို့အပြင် စစ်ဘေးဒုက္ခသည်များအတွက် ကုလသမဂ္ဂနှင့် အင်န်ဂျီအိုအဖွဲ့များကို လက်နက်ကိုင်ပဋိပက္ခဒေသသို့ ဝင်ခွင့်ပြုသင့်သည်ဟုလည်း ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလိန်းဂျူပီသည် မြန်မာနိုင်ငံသို့ ယခုလ ၁၄ရက်တွင် လာရောက်ခဲ့ပြီး သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် အကျဉ်းထောင်မှ လွတ်မြောက်လာသော နိုင်ငံရေး လှုပ်ရှားသူများနှင့်ပါ တွေ့ဆုံခဲ့သည်။ မစ္စတာအလိန်းဂျူပီ၏ ခရီးစဉ်အတွင်း ပြင်သစ်သမ္မတ ဆာကိုဇီက ပေးအပ်ချီးမြှင့်သော ပြင်သစ်နိုင်ငံ၏ အမြင့်ဆုံးဆု Legion of Honor ဆုကို ဇန်နဝါရီ ၁၅ရက်က ချီးမြှင့်ခဲ့သည်။

# ပုံနှိပ်စက်နှင့်ထုတ်ဝေစာများဥပဒေ ရှေ့နေချုပ်ရုံးသို့ တင်ပြထား

**သန်းဌေး**

**ရန်ကုန်၊**

**ဇန်နဝါရီ-၂၂**

ပြန်ကြားရေးဝန်ကြီးဌာနမှ မီဒီယာလုပ်ငန်းဆိုင်ရာဥပဒေကို ရေးဆွဲပြီးသွားသောကြောင့် ရှေ့နေချုပ်ရုံးသို့တင်ပြထားကြောင်း ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက 7 Day News သို့ ပြောသည်။

"မီဒီယာလော(Media Law) မဟုတ်ဘူး၊ အဘတို့ ရေးထားတဲ့ဟာက Printing Presses & Publications Law (ပုံနှိပ်စက်နှင့်ထုတ်ဝေစာများဥပဒေ) လို့ခေါ်တယ်၊ အဲဒါ အဘတို့အပိုင်းကရေးပြီးပြီ။ ရှေ့နေချုပ်ရုံးကို တင်ထားတယ်" ဟု ဇန်နဝါရီ ၂၂ ရက်က ဗိုလ်တထောင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် (၆)တွင် ကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ထုတ်ဖော်ပြောဆိုသည်။

အဆိုပါဥပဒေ ပေါ်ပေါက်လာရန် လုပ်ငန်းစဉ် အဆင့်ဆင့်များ ကျော်ဖြတ်ပြီးမှသာ လွှတ်တော်မှ အတည်ပြုပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

"အာဆီယံနိုင်ငံတွေရဲ့ ဥပဒေတွေကိုလည်း လေ့လာတယ်။ အခြားသောပတ်ဝန်းကျင် နိုင်ငံရော၊ အခြားသောကမ္ဘာ့နိုင်ငံတွေကရော ဥပဒေတွေ အားလုံးကို လေ့လာတယ်။ ကိုယ့်နိုင်ငံရဲ့ပကတိအရှိတရားဆိုတာ ပစ်ပယ်လို့မရဘူး။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လက်ကို လက်ခံရမယ်။ အဲဒီပကတိအရှိတရားနဲ့အညီ ကိုယ့်နိုင်ငံအတွက် အကောင်းဆုံး၊ အသင့်မြတ်ဆုံး ဖြစ်အောင်၊ နိုင်ငံတကာစံတွေထက်လည်း မနိမ့်ကျအောင် ရေးထားတယ်။ စာပေလောကသားတွေရဲ့ လွတ်လပ်မှုအတွက်ကို အဲဒီဥပဒေက အာမခံပေးထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လွတ်လပ်ခွင့်ရှိသကဲ့သို့ တာဝန်ယူမှုနှင့် ဆင်ခြင်တုံတရား၏ အနက်အဓိပ္ပာယ်ကို သေသေချာချာ ဆန်းစစ်လေ့လာကာ အနာဂတ်စာပေလောကတွင် ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း ၎င်းကပြောသည်။

# လူကူးမျဉ်းကျားမှ မကူးသူ ၁၃၇၅ ဦးအား ဖမ်းဆီးဒဏ်ရိုက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊**

**ဇန်နဝါရီ-၂၃**

လူကူးမျဉ်းကျားမဟုတ်သော နေရာများမှ လမ်းဖြတ်ကူးသူများကို အရေးယူဆောင်ရွက်လျက်ရှိရာ ၁၃၇၅ ဦး အရေးယူထားပြီးဖြစ်ကြောင်း ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ စာရင်းမှာ အရေးယူမှုစတင်သော ဇန်နဝါရီ ၁ ရက်မှ ၂၂ ရက်အတွင်းဖြစ်ပြီး ၎င်းတို့ကို တစ်ဦးလျှင် ဒဏ်ကြေးငွေ ၂၂၀၀ ကျပ်ဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

လမ်းဖြတ်ကူးသူများကို အရေးယူမှု လုပ်ဆောင်နေသော်လည်း ပညာပေးခြင်းနည်းနေသေးသည်ဟု ဆိုခြင်းနှင့်ပတ်သက်၍ မေးမြန်းရာတွင် "အခုက အရေးယူမယ်ဆိုရင် ရှေ့ကနေကားတစ်စီးကစပီကာနဲ့အော်သွားတယ်။ အဲဒီနောက်ကမှ လိုက်ပြီး အရေးယူတယ်။ သတင်းစာကနေလည်း ပညာပေးနေတယ်"ဟု အထက်ပါ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လူကူးမျဉ်းကျားမှ မကူးသူများကို အရေးယူမှုများ ပြုလုပ်နေချိန်တွင် မျဉ်းကျား၌ အရှိန်ပြင်းမောင်းနှင်မှုဖြင့် အရေးယူထားသော ယာဉ်တစ်စီးမျှ မရှိသေးကြောင်းသိရသည်။

"အရှိန်ပြင်းမောင်းတာကို ယာဉ်ထိန်းက အရေးယူပေးမယ့်သူတို့ကယာဉ်ထိန်း မတွေ့ရင်ဘဲ မောင်းတာ။ ယာဉ်ထိန်းရှိရင် အရှိန်လျှော့တယ်လေ"ဟု ၎င်းက ပြောသည်။

လူကူးမျဉ်းကြားမှ မကူးသူများ အရေးယူမှုကို ယာဉ်ထိန်းရဲ၊ ပြည်သူ့ရဲနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဖြင့် အရေးယူမှုတို့ကို ဆက်တိုက်လုပ်ဆောင်သွားမည်ဟု ၎င်းကပြောသည်။


ထို့အတူ အရှိန်ပြင်းမောင်းနှင်မှုများကိုလည်း အရေးယူသွားမည်ဖြစ်ရာ မျဉ်းကြားတွင် အရှိန်ပြင်းမောင်းနှင်မှုကို တွေ့ရှိပါက ၃၁၅၀၀ ကျပ် ဒဏ်ရိုက်အရေးယူမည်ဟု ဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# လူငယ်တွေက မေးနေကြပြီ

■ကျော်ပွေ့



“ အထူးသဖြင့် ၁၉၆၄ မှာ ပုဂ္ဂလိက လုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းခြင်းနဲ့ ဆိုရှယ်လစ် စီးပွားရေးဆိုတဲ့ စနစ်တစ်ခုအောက် ရိုက်သွင်းကာ တရွတ်တိုက်ဆွဲခေါ်သွားရာက နှစ်ပေါင်းနှစ်ဆယ်ကျော်တဲ့အခါ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရတယ်. . .

ဒီတော့ အစိုးရအဆက်ဆက်ဟာ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတော်တည်ဆောက်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှိရင်းစွဲနဂိုပြဿနာတွေကို မဖြေရှင်းနိုင်ကြဘဲ တည်ဆောက်လာခဲ့တာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီဆိုတာပါပဲ. . . ”

တစ်နေ့က ကျော်ပွေ့တစ်ယောက် ကိစ္စတစ်ခုရှိလို့ မိတ်ဆွေတစ်ဦးအိမ် ရောက်သွားပါတယ်။ ဒီမှာတင်ပဲ အချေအတင်ပြောနေကြတဲ့ မိတ်ဆွေနဲ့ သူ့သားကိုတွေ့လိုက်ရတယ်။ ဘာလုပ်ရမှန်းမသိတာနဲ့ မိတ်ဆွေကို မျက်ရိပ်ပြပြီး ဧည့်ခန်းထဲ ခပ်လျှိုလျှိုဝင်ထိုင်လိုက်မိတယ်။ သူတို့သားအဖကတော့လေသေနတ်ပစ်လို့ကောင်းတုန်းဗျ။ မိတ်ဆွေသားက တက္ကသိုလ် ပထမနှစ်တက်နေပြီဖြစ်လို့ ဖအေကို နှုတ်လှန်ထိုးနေတာပဲလို့ ထင်မိတယ်။ ဘယ်က ဘယ်လိုစဖြစ်တယ်မသိတဲ့ သူတို့ပြဿနာကြား စကားနာကြားရတာပေါ့ဗျာ။ ဖအေဖြစ်သူက “မင်းတို့ခေတ်လူငယ်တွေ လူကြီးမိဘတွေ ဘယ်လိုရုန်းကန်ရတယ်မသိဘူး။ အရင်ခေတ်က လူငယ်တွေ ဒီလိုမဟုတ်ဘူး” အစချီပြောသွားရင်း လွတ်လပ်ရေး ဘယ်လိုတိုက်ယူခဲ့ရတယ်၊ တိုင်းပြည်အတွက် ဘယ်လောက်လုပ်ခဲ့ကြရတယ် ဘာညာနဲ့ မီးခိုးကြွက်လျှောက်ပြောနေလေတော့ သားဖြစ်သူက “အဖေတို့ခေတ်မှာ သားတို့ လူဖြစ်ခဲ့ရင်လည်း ဒီလိုပဲလုပ်ကြမှာပဲ”ဘာညာနဲ့ တုံ့ပြန်ပါတယ်။ ကျော်ပွေ့တောင် ကျောတွန့်လာတယ်။ ဒီမှာတင်ပဲကျော်ပွေ့မိတ်ဆွေက မျက်ထောင့်နီကြီးနဲ့ “ဟေ့ကောင် မင်း ကြီးကြီးကျယ်ကျယ်တွေလာမပြောနဲ့။ မင်း အဘေး၊ အဘိုးတွေက လွတ်လပ်ရေးကိုတိုက်ယူခဲ့ကြတာကွ။ တိုင်းပြည်အတွက် လုပ်ခဲ့ကြတာ။ ငါကိုယ်တိုင်လည်း ဝန်ထမ်းတစ်ယောက်အနေနဲ့ တတ်နိုင်သလောက် လုပ်ခဲ့တာ။ မင်းတို့ခေတ်ကျမှ တောင်မရောက်မြောက်မရောက်နဲ့” ကြိမ်းပါလေရော။ ဒီတော့ သားက “ဟုတ်ပြီလေ အဖေပြောသလို ကျွန်တော့်အဘိုး၊ အဘေးတွေက တိုင်းပြည်အတွက်လုပ်ခဲ့တယ်ထား။ အဖေကိုယ်တိုင်လည်း လုပ်ခဲ့တယ်ထား. . .။ ခု မြန်မာပြည်ကြီး လွတ်လပ်ရေးရတာ နှစ်ပေါင်းခြောက်ဆယ်ကျော်နေပြီ တိုင်းပြည်က ကျွန်တော်တို့ကို ဘာပြန်လုပ်ပေးမှာလဲ” ဆိုရော ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ သူ့သားကို ရိုက်မောင်းပုတ်မောင်း ပြုမယ်လုပ်တော့ ကျော်ပွေ့လည်း မနေသာတော့ဘဲ ထိုင်ရာက ထဆွဲရတော့တယ်။ အိမ်အပြင် ဆွဲခေါ်လာတဲ့အထိ “မင်းကွာ ကြပ်ကြပ်သတိထား” ဆိုပြီး သူ့သားကိုကြိမ်းနေတုန်းပဲ။ လမ်းရောက်မှ အတော်အတန်စိတ်ပြေသွားဟန်နဲ့ “ခုခေတ် လူငယ်တွေ မလွယ်ပါဘူးဗျာ”ဆိုပြီး ညည်းနေပြန်ရော။ ဒါနဲ့ လာရင်းကိစ္စကို အသာထားလက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေကိုဖျောင်းဖျပြောဆိုကာ အဲဒီ့နေ့က ပြန်ခဲ့ရကြောင်းပါ။

**အိမ်နီးချင်းနိုင်ငံတွေ ဘယ်လိုဖြတ်သန်းခဲ့ကြလဲ**

သို့ပေမဲ့ အဲဒီ့နေ့က မိတ်ဆွေရဲ့သားပြန်ပြောတဲ့“မြန်မာပြည်ကြီး လွတ်လပ်ရေးရတာ နှစ်ပေါင်းခြောက်ဆယ်ကျော်နေပြီ။ ကျွန်တော်တို့ကို ဘာပြန်လုပ်ပေးမှာလဲ” ဆိုတဲ့ စကားကို ကျော်ပွေ့တစ်ယောက် ပြန်ပြန်ကြားယောင်နေမိတယ်။ လူငယ်တစ်ဦး အမှတ်တမဲ့ပြောလိုက်တဲ့စကားဟာ ရင်ထဲက လာတဲ့အစစ်အမှန်စကားလို့လည်း ယုံမိတယ်။ အခွင့်မသာလို့ မပြောဖြစ်ကြတဲ့ လူငယ်တွေရဲ့ရင်ထဲမှာ ဘာတွေဖြစ်နေတယ်၊ ဘယ်လိုတွေခံစားနေရတယ်၊ ဆင့်ပွားတွေးရင်း အတွေးကို နယ်ချဲ့မိပါတော့တယ်။

အိမ်တစ်အိမ်မှာ စီးပွားရေး၊ လူမှုရေး တစ်စုံတစ်ရာ ကြီးကြီးမားမားဖြစ်ပြီဆိုရင် မိသားစုဟာ နီးစပ်ရာအသိမိတ်ဆွေ၊ ဆွေမျိုးသားချင်းအိမ်တွေနဲ့ နှိုင်းယှဉ်ပြီး ပြောတတ်သလို ကျော်ပွေ့လည်း တစ်ထွာတစ်မိုက်လောက် ဉာဏ်လေးနဲ့ အတွေးချဲ့မိခြင်းပါ။ ပထဝီအနေအထားအရ ကျော်ပွေ့တို့နိုင်ငံဟာ ကမ္ဘာ့လူဦးရေအများဆုံးနဲ့ ဧရိယာအကြီးမားဆုံးနိုင်ငံကြီး နှစ်နိုင်ငံကြား တည်ရှိနေတာမဟုတ်လား။ ဒေသတွင်း အချက်အချာကျသလို ပင်လယ်ရေကြောင်းအရလည်း အရေးပါတဲ့နိုင်ငံပါ။ အိမ်နီးချင်း အိန္ဒိယရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင် အင်မတန်ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတဲ့ ချည်လုံးကြီးတစ်လုံးပမာ မြင်ရမှာပါ။ ဗြိတိသျှတို့ အိန္ဒိယတိုက်ကို နှစ်သုံးရာကျော် ကျွန်ပြုအုပ်ချုပ်ခဲ့တာနဲ့စာရင် နှစ်တစ်ရာကျော် အုပ်ချုပ်ခံရတဲ့ ကျော်ပွေ့တို့ နိုင်ငံဟာ သက်သာပါသေးတယ်။ ဟော. . . လွတ်လပ်ရေးရမယ်ကြံတော့ သန်းခေါင်ယံအချိန်ကြီးမှာ အိန္ဒိယနဲ့ပါကစ္စတန်ဆိုပြီး နှစ်နိုင်ငံ ဖြန်းဖြန်းကွဲကာ လွတ်လပ်ရေးယူခဲ့ရတယ်မဟုတ်လား။ ဒါတင်မက ၁၉၇၁ ကျတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ထပ်မံခွဲထွက်ခဲ့ပြန်တော့ အိန္ဒိယဟာ သုံးခြမ်းကွဲခဲ့တယ်ဆိုရမှာပါ။ ဒါ့အပြင် ယနေ့ထက်တိုင် ရှိနေသေးတဲ့ ဇာတ်ခွဲခြားမှုဟာလည်း အိန္ဒိယသမိုင်းမှာ အကြီးမားဆုံး ထိုးနှက်ချက်တစ်ရပ်ဖြစ်ခဲ့တယ်မဟုတ်လား။ သို့ပေမဲ့ ယနေ့အချိန်ကို ကြည့် ကမ္ဘာမှာ သဘာဝဘေးအန္တရာယ်အများဆုံး ကြုံတွေ့နေရတဲ့ ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံမျိုးမှာတောင် စတော့အိတ်ချိန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလို့၊ လယ်သမား၊ လယ်ကူလီတိုင်းလိုလို မိုဘိုင်းဖုန်းလေးတွေကိုင်လို့ မီဒီယာတွေမှာ မြင်တွေ့ရမှာပါ။ အိန္ဒိယနဲ့ ပါကစ္စတန်ကိုတော့ မပြောနဲ့ နျူကလီးယားဖင်ခုထိုင်ထားတဲ့ နိုင်ငံကြီးတွေ မဟုတ်လား။ အိန္ဒိယဆိုရင် အိုင်တီနယ်ပယ်မှာ ဆရာကြီးတစ်ဆူ ဖြစ်နေသလို သတင်းအချက်အလက်နဲ့ နည်းပညာကဏ္ဍမှာ ထိပ်တန်းရောက်နေတဲ့ နိုင်ငံကြီးဖြစ်နေပါပြီ။

တရုတ်နိုင်ငံကိုကြည့်၊ ကမ္ဘာ့ စီးပွားရေးမှာ ဂျပန်ကိုကျော်လွှန်ပြီး နံပါတ်နှစ်ဝင်ယူသွားပြီ။ ပဒေသရာဇ်စနစ်အုပ်ချုပ်နေတဲ့တရုတ်ပြည်ကြီးကို မွန်ဂိုနဲ့ ဂျပန်က တစ်လှည့်စီဝင်တိုက်ခဲ့တာကြောင့် အဲဒီနိုင်ငံတွေနဲ့စစ်ခင်းတဲ့တစ်လျှောက် လူသိန်းပေါင်းများစွာ အသက်ရင်းနှီးပေးဆပ်ခဲ့ရတယ်။ ဒါတင်မက မော်စီတုန်း ခေါင်းဆောင်တဲ့ ကွန်မြူနစ်တွေနဲ့ ချန်ကေရှိတ်ခေါင်းဆောင်တဲ့တပ်တွေကြား တရုတ်ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ကြတာပါ။ ကွန်မြူနစ်တွေ အာဏာရပြန်တော့လည်း လေးဦးဂိုဏ်းရဲ့စနစ်နဲ့ တရုတ်ပြည်မှာ သေလိုက်ကြတာ ဒုနဲ့ဒေး၊ ဒီအခြေအနေကမှ ရှစ်ဆယ်ပြည့်လွန်နှစ်တွေမှာ တိန့်ရှောင်ဖိန်က လမ်းကြောင်းမှန်ပေါ် တင်ပေးခဲ့တာမဟုတ်လား။ တစ်ချိန်က သွေးချောင်းစီးခဲ့တဲ့ တရုတ်ပြည်ကြီးဟာ အခုဆိုရင် စီးပွားရေးဒေါင်ဒေါင်မြည်ကောင်းလာပြီး သူကတောင် ပြန်မျိုမှာကို ကမ္ဘာက မျက်စိဒေါက်ထောက်ကြည့်နေရတယ်မဟုတ်လား။

အာဆီယံနိုင်ငံတွေဖြစ်တဲ့ အနီးစပ်ဆုံး ထိုင်းနဲ့ လာအိုကို ကြည့်ပါဦး။ ထိုင်းဆိုတာ အာဆီယံ ၁၀ နိုင်ငံထဲမှာ လွတ်လပ်ရေးမဆုံးရှုံးဖူးတဲ့ တစ်နိုင်ငံတည်းသောနိုင်ငံဖြစ်ပါတယ်။ လွတ်လပ်ရေးမဆုံးရှုံးဖူးဘူးဆိုပေမယ့် ကျွန်အဖြစ် တိတိပပ မနေရတာက လွဲလို့ နိုင်ငံကြီးတွေရဲ့ ဩဇာခံဖြစ်ခဲ့ရတာ။ သို့ပေမဲ့ နိုင်ငံနဲ့ လူမျိုးကို ချစ်စိတ်ရှိတော့ ထိုင်းဘယ်လောက်တိုးတက်သွားတယ်ဆိုတာ အထူးပြောစရာတောင်မလိုပါဘူး။ ကမ္ဘာမှာ ဆန်အများဆုံး တင်ပို့တဲ့နိုင်ငံအဖြစ်ရပ်တည်နေတာပါ။ လာအိုဆိုရင်လည်း ပြင်သစ်လက်အောက်မှာ အကြာကြီးနေခဲ့ရသလို ၁၉၅၃ မှာ မြောက်ဗီယက်နမ်တပ်တွေရဲ့ ဝင်ရောက်ကျူးကျော်မှုကို ခံရပြန်တယ်။ ဒီနောက် ကွန်မြူနစ်အစိုးရက အုပ်ချုပ်ခဲ့ပေမယ့် ၁၉၈၀ အလွန်နှစ်တွေမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေစတင်လုပ်ဆောင်နိုင်ခဲ့လို့ ၂၀၀၄ မှာ အမေရိကန်ပြည်ထောင်စုနဲ့ တိုက်ရိုက်ကုန်သွယ်မှုတွေလုပ်ဆောင်နိုင်ခဲ့တယ်။ ၂၀၀၉မှာဆီးဂိမ်းပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ခဲ့တယ်။ ဒါတောင်လာအိုမှာ ပင်လယ်မရှိပါဘူး။

ဒေသတွင်းမှာ တကယ်တမ်းမီးပင်လယ်ဝေခဲ့တယ် ပြောနိုင်တဲ့ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်ကို ကြည့်။ ဗီယက်နမ်ဆိုရင် တရုတ်လက်အောက်မှာ နှစ်ပေါင်းတစ်ထောင်ကျော်နေခဲ့ရပြီး ပြင်သစ်၊ ဂျပန်နဲ့ အမေရိကန်တို့ရဲ့ ကျူးကျော်ရန်ပြုမှုကို ခံခဲ့ရတယ်။ တောင်ဗီယက်နမ်၊ မြောက်ဗီယက်နမ်ဆိုပြီး နိုင်ငံနှစ်ခြမ်း အတိအလင်းကွဲသွားပြီးမှ ပြန်ပေါင်းထုပ်တဲ့နိုင်ငံပါ။ အခုဆိုရင် အမေရိကန်နဲ့ အီးယူတို့ရဲ့ အဓိက ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်နေပါပြီ။ ကမ္ဘောဒီးယားဆိုရင်လည်း ပြင်သစ်ကျွန်အဖြစ် ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ရပြီး ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်လက်အောက်ကျရောက်ခဲ့တယ်။ စစ်ပြီးပြန်တော့လည်း ပြင်သစ်ရဲ့ အုပ်ချုပ်မှုအောက် ပြန်ရောက်သွားပြီး ၁၉၇၈ မှာ ဗီယက်နမ်စစ်တပ်ရဲ့ အလုံးအရင်းဝင်တိုက်ခြင်းကိုခံရတယ်။ ဒါတင်မကသေး ခမာနီ ပိုပေါ့အစိုးရလက်ထက်မှာ ကမ္ဘောဒီးယားပြည်သူတွေ သိန်းပေါင်းများစွာမတရားသုတ်သင်ခြင်းခံရတာ အာဆီယံနိုင်ငံတွေထဲမှာတော့ အဆိုးရွားဆုံးနိုင်ငံလို့တောင် သတ်မှတ်နိုင်ပါတယ်။ သို့ပေမဲ့ ယခု ဆယ်စုနှစ်တစ်ခုကျော်အတွင်း နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ မှန်မှန်ကန်ကန်လုပ်ဆောင်နိုင်ခဲ့လို့ စီးပွားရေးအလွန်ဖွံ့ဖြိုးလာခဲ့တယ်။ ပြည်သူတစ်ဦးချင်းရဲ့ တစ်နှစ်ဝင်ငွေဟာလည်း မြင့်မားလာခဲ့တယ်။

အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ ဖိလစ်ပိုင် စတဲ့ ကျွန်းနိုင်ငံတွေကလည်း ခုအချိန်မှာ ပြောစရာမလိုလောက်အောင် စီးပွားရေးမှာ ထောင်မတ်လို့နေပြီ မဟုတ်လား။ မလေးရှား၊ စင်ကာပူနဲ့ ဘရူနိုင်းတို့ဟာ ဗြိတိသျှကျွန်ဖြစ်ခဲ့သလို အင်ဒိုနီးရှားဟာလည်း ဒတ်ချ်(နယ်သာလန်)ရဲ့ လက်အောက်ခံ၊ ဖိလစ်ပိုင်ဟာဆိုရင် စပိန်လက်အောက်မှာ နှစ်ပေါင်းသုံးရာကျော် နေခဲ့ရပြီး ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်လက်အောက် ကျရောက်ခဲ့တယ်မဟုတ်လား။ ပြည်တွင်းပဋိပက္ခအနေနဲ့လည်း မလေးရှားနဲ့ စင်ကာပူတို့ဟာ တစ်နိုင်ငံတည်းအဖြစ်ကနေ ၁၉၆၅ ခုနှစ်မှာ စင်ကာပူက သီးခြားခွဲထွက်ပြီး ခေါင်းဆောင်ကြီး လီကွမ်ယူဦးဆောင်မှုနဲ့ နိုင်ငံကိုကောင်းအောင်လုပ်နိုင်ခဲ့တာ ခု ဘယ်လောက်အောင်မြင်ချမ်းသာနေတာ ပြောစရာတောင်မလိုတော့ပါဘူး။

**နိုင်ငံတည်ဆောက်ရေးက နှစ်ပေါင်းခြောက်ဆယ်ကြာ**

ကျော်ပွေ့တို့နိုင်ငံပြန်ကြည့်တော့ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ကစလို့ အစိုးရမင်းအဆက်ဆက်ဟာ နိုင်ငံကိုတည်ဆောက်ခဲ့ကြတာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီမဟုတ်လား။ မြန်မာ့နိုင်ငံရေးရာဇဝင်ကိုပြန်ကြည့်ရင်လည်း အကွဲအပြဲနဲ့စခဲ့လို့ သုမနကျောမှာဒဏ်ရာတွေ၊ အရှုံးရာတွေ အထပ်ထပ်နဲ့မဟုတ်လား။ ဝံသာနုစိတ်ဖြစ်တည်လာရာကစပြီး ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေ အသင်းကြီးဖွဲ့တည်လာလို့မှ မကြာသေး နှစ်ခြမ်းကွဲခဲ့တယ်။ ဒို့ဗမာအစည်းအရုံးလည်း နှစ်ခြမ်းကွဲခဲ့တယ်။ ဒီနောက် ကွန်မြူနစ်ပါတီနှစ်ခြမ်းကွဲခဲ့သလို ဖ. ဆ. ပ. လ ပါတီကြီးလည်း နှစ်ခြမ်းကွဲခဲ့တယ်။ မြန်မာပြည် နိုင်ငံရေးသံသရာဟာ နိုင်ငံရေးခတ်ကွင်းပြင်နေတာနဲ့ စီးပွားရေးမှာအောက်ကျနောက်ကျနိုင်ခဲ့တယ်။ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်မှာ စီးပွားရေးအတော်အတန်ကောင်းခဲ့ပေမယ့် တစ်ဖက်မှာ ပြည်တွင်းစစ်ကြီးဆင်နွှဲနေတုန်း ဖ. ဆ. ပ. လ အကွဲကစပြီး ၁၉၅၈ မှာ အိမ်စောင့်အစိုးရတက်လာကာ ၁၉၆၂ မှာ တိုင်းပြည်အခြေအနေ ဖရိုဖရဲဖြစ်တယ်အကြောင်းပြပြီး အာဏာသိမ်းခဲ့ရာက ဖွံ့ဖြိုးစပြုနေတဲ့စီးပွားရေးဟာ ပြိုပျက်ခဲ့ရတယ်။ အထူးသဖြင့် ၁၉၆၄ မှာ ပုဂ္ဂလိကလုပ်ငန်းတွေကို ပြည်သူပိုင်သိမ်းခြင်းနဲ့ ဆိုရှယ်လစ်စီးပွားရေးဆိုတဲ့ စနစ်တစ်ခုအောက် ရိုက်သွင်းကာ တရွတ်တိုက် ဆွဲခေါ်သွားရာက နှစ်ပေါင်းနှစ်ဆယ်ကျော်တဲ့အခါ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရတယ်။ ဒီနေရာမှာ ခုနကပြောသလို ဒေသတွင်းအိမ်နီးချင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်ပြောရခြင်းဟာ ကိုယ့်တစ်နိုင်ငံတည်း ကျွန်ပြုခံခဲ့ရတာမဟုတ်၊ စစ်မက်ဖြစ်ပွားခဲ့တာမဟုတ်၊ ညီညွတ်မှုပြိုကွဲခဲ့တာ မဟုတ်ဆိုတာတွေကို သတိပြုစေချင်လို့ပါ။ ဒီတော့အစိုးရအဆက်ဆက်ဟာ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတော် တည်ဆောက်ခြင်းဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှိရင်းစွဲ နဂိုပြဿနာတွေကို မဖြေရှင်းနိုင်ကြဘဲ တည်ဆောက်လာခဲ့တာ နှစ်ပေါင်းခြောက်ဆယ်ကျော်ပြီဆိုတာပါပဲ။

**လူငယ်သည် တုံ့ပြန်မြဲ**

မိတ်ဆွေရဲ့ သားပြောသလို ခေတ်အဆက်ဆက်မှာ လူငယ်ဟာ လိုအပ်ရင်လိုအပ်သလို တုံ့ပြန်ကြစမြဲပါ။ မိမိတို့ခေတ်ကျမှ လွတ်လပ်ရေးယူခဲ့ရတယ်၊ တိုင်းပြည်တည်ဆောက်ခဲ့ရတယ်၊ ဒါတွေချည်းပြောနေဖို့မသင့်ပါ။ ဘယ်ခေတ်ဘယ်ကာလမဆိုလူငယ်ဟာ သက်ရောက်မှုတိုင်းကို ပြန်လည်တုံ့ပြန်ဖို့ အဆင်သင့် ရှိနေကြပါတယ်။ ခေါင်းဆောင်လုပ်မယ်ဆိုတဲ့လူတွေ သတိထားဖို့ပါ။ ။

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

ယခုတစ်လော ဦးကျော်ဟိန်း သီချင်းတစ်ပုဒ်လို အသံတွေကြားနေရတယ်။ အသံတွေကြားနေရတယ်လို့သာ ဆိုလိုက်ချင်တော့သည်။ သတင်းဂျာနယ်သုံးလေးစောင်မျက်နှာဖုံးမှာ ပါလာသော ငါးထောင်တန်ဖုန်းသတင်းသည် မြန်မာပြည် အရပ်ရပ်သို့ ပျံ့လွင့်နေ၏။ ဈေးထဲမှာလည်း ထိုသတင်း။ ကားဂိတ်၊ ဆိုက်ကားဂိတ်မကျန် အားလုံးရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေ၏။ ဂျပန်ဆူနာမီသတင်းနေခဲ့တော့၊ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင် မင်္ဂလာပွဲခြောက်ပွဲလုပ်သွားတာလည်း ဒီသတင်းကိုမီမည်မထင်။ လစ်ဗျားခေါင်းဆောင် ကဒါဖီရေဆိုးထုတ်တဲ့မြောင်းထဲမှာအသေဆိုးနဲ့သေသွားတဲ့သတင်းထက်တောင် ပိုလို့ကျော်ကြားနေပါသေးသည်။

ထိုသတင်းသည် အမှန်တကယ်ဖြစ်လာပါမည်လား မယုံမရဲနှင့် မေးမြန်းနေကြသည်မှာ နေရာအနှံ့၊ မေးသူတို့သည် အခြေခံလူတန်းစား ဆင်းရဲသားများသာ။ ချမ်းသာသည့် သူများအတွက်ကတော့ ဘာမှထူးခြားမလာသောသတင်း။ သူတို့တွေ ဝယ်ထားမိတာက ဆယ့်ငါးသိန်းတန်ဖုန်း၊ တချို့ သိန်းနှစ်ဆယ်သုံးဆယ်ဖြင့် ဝယ်မိသူတွေရှိသည်။ ယခုသတင်းထွက်လာတော့ SIM Card တစ်ခုကိုကျပ်ငါးထောင်ဖြင့်သာရောင်းချပေးသွားမည်။ နောက်အလကားပေးမည်။ ဖုန်းခေါ်ဆိုခသာ ယူပါမည်ဟု ကုမ္ပဏီနာမည်၊ မန်နေဂျင်းဒါရိုက်တာ နာမည်နဲ့အတူ သတင်းဂျာနယ်များမှာ ပါလာသည်ဆိုတော့ သေချာသလောက်ဖြစ်နေပြီး ခွင့်ပြုမိန့်တောင်းထားသည် ဆိုပြန်၏။ အကယ်၍များ ထိုအမိန့်ကျလာပြီဆိုလျှင် ဆယ့်ငါးသိန်းဖြင့် ဝယ်ထားသော ဖုန်းပိုင်ရှင်တို့သည် ငါးထောင်ကျပ်တောင် မတန်သော SIM Card တစ်ခုကို ဆယ့်ငါးသိန်းဖြင့် အလုအယက် ဝယ်ခဲ့ရသည့်အဖြစ်ကိုဒေါသဖြစ်ကောင်းဖြစ်နေပါမည်။ တက်တခေါက်ခေါက်ဖြင့်အံကြိတ်ကောင်းလည်း ကြိတ်နေနိုင်ပါမည်။

ယနေ့နိုင်ငံတော်၌ စီမံချက်တွေ ရေးဆွဲ၊ စီမံကိန်းတွေ အကြီးကြီးချ၊ ကြီးမားသော ပြုပြင်ပြောင်းလဲရေးတွေ လုပ်ခဲ့သမျှခံစရာရှိသည့်သူများကတော့ အခြေခံလက်လုပ်လက်စားလူတန်းစားများသာ။ ပြောရလျှင် အောက်ခြေလူတန်းစားတစ်ရပ်ဖြစ်ပါ၏။ ထိုသို့ပြောနေခြင်းသည်အကြောင်းမဲ့မဟုတ် ရှေ့မှာ ဖြစ်ပြီးခဲ့သည်များက သက်သေခံပါလိမ့်မည်။ ၂၀၀၄ ခုနှစ်တုန်းက ဘတ်စ်ကားများနှင့် တက္ကစီကားများကို ဓာတ်ဆီအင်ဂျင်၊ ဒီဇယ်အင်ဂျင်မှ စီအင်န်ဂျီသို့ ပြောင်းလဲခိုင်း၏။ စီအင်န်ဂျီဈေးနှုန်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှင့် ဘာမှမဆိုင် အလွန်သက်သာသည်ဟုဆိုပါသည်။ မပြောင်းမနေရပြောင်းခိုင်းပါ၏။ စီအင်န်ဂျီပြောင်းပြီးသည့်နောက် ဘာတွေဖြစ်လာသည်ကို ကျွန်တော်သိသမျှ ပြောပြပါဦးမည်။ ကျွန်တော်တက္ကစီကားအကြောင်းမှစ၍ပြောပါမည်။

## ဒီတစ်ခါ
# ကျွန်တော်တို့ အလှည့်လား

မုန်လိုသူ



တက္ကစီအုံနာများက စီအင်န်ဂျီ ၇၀ အိုးတစ်အိုးတပ်ဆင်လျှင် တစ်ဆယ့်တစ်သိန်းရှစ်သောင်းကုန်ကျပါ၏။ တချို့ကုမ္ပဏီများ တစ်ဆယ့်နှစ်သိန်းခွဲတောင်းပါသည်။ ကုမ္ပဏီတစ်ခုနှင့်တစ်ခု တောင်းသည့်ဈေးနှုန်းခြင်း မတူပါ။ ထိုသို့ စီအင်န်ဂျီပြောင်းပေးသော ကုမ္ပဏီရုံးများ လေးငါးခြောက်ရုံးရှိပါသည်။ ထားပါတော့ တက္ကစီအုံနာသည် သိန်းနှစ်ရာပတ်ဝန်းကျင်ခန့်ဖြင့် ရင်းနှီးထားသောကားပေါ်၌တစ်ဆယ့်တစ်သိန်းရှစ်သောင်း ကုန်ကျခံပြီး စီအင်န်ဂျီအိုးတစ်အိုးတပ်ဆင်ပါ၏။ တစ်ဆယ့်တစ်သိန်းရှစ်သောင်းကို ကုမ္ပဏီတွင် အရစ်ကျပေးသွင်းရသည်မို့ သိပ်အခက်အခဲမရှိ အဆင်ပြေပါ၏။ ဒါပေမဲ့ ဖြစ်လာသည်ကတော့ ရန်ကုန်မြို့မှာရှိသော တက္ကစီယာဉ်နှစ်သောင်းကျော် အုံနာများသည် အစည်းအဝေးမလုပ်၊ ဖုန်းမဆက်၊ တစ်ယောက်နှင့်တစ်ယောက် မသိဘဲ တိုင်ပင်ထားသလားမှတ်ရသည်။ ချက်ချင်း အုံနာခတွေ တက်ကုန်၏။ စပေါ်ငွေတစ်သိန်း၊ နှစ်သိန်းမှ ငါးသိန်း၊ ခုနစ်သိန်းတောင်း ပြန်တော့သည်။ ဆီထည့်၍ တက္ကစီဆွဲစဉ် အချိန်တုန်းက အုံနာခသည် မနက် ၇ နာရီမှ ည ၇ နာရီအထိ ခြောက်ထောင်၊ ခုနစ်ထောင်ကျော်သာ ပေးရ၏။ ယခုတောင်းလိုက်သည်က အုံနာကြေး ၁၅,၀၀၀ ကျပ်၊ ဒီနေရာမှာ မောင်းသူဘက်ကလည်း မခေပါ။ အောက်ကျမခံသူတို့တောင်းသည့်ဈေးတွေပေးပါ၏။ အုံနာစိတ်ချမ်းသာစေရမည်။ အုံနာ စိတ်မဆင်းရဲစေရ။ သူတို့တွေ ပေးမောင်းလို့သာ သိန်းနှစ်ရာပတ်ဝန်းကျင်တန်ကားကြီးကို မောင်းပြီး မိသားစုအတွက် ငွေရှာနေရတာ မဟုတ်ပါလား။ တက္ကစီယာဉ်မောင်းတွေကလည်း စည်းလုံးမှုရှိပါ၏။ အုံနာကြေး ၁၅,၀၀၀ကျပ် ပြည့်မီရန်အတွက် စီးသည့်ခရီးသည်ဆီမှ ဈေးပိုတောင်းတော့သည်။ ယခင်က လှည်းတန်း-ဆူးလေ ၁,၀၀၀ ကျပ်၊ ၁,၂၀၀ ကျပ်မှ ယခု ၂,၀၀၀ ကျပ် တောင်းတော့သည်။ ဘယ်မှာလည်း စီအင်န်ဂျီဈေးနှုန်းသက်သာတာ။ နောက်ဆုံး ကားငှားစီးသည့် ခရီးသည် အခြေခံလူလတ်တန်းစားများသာ ခံလိုက်ရပါတော့သည်။

နောက်တစ်ခု ပြောပါဦးမည်။ ဘတ်စ်ကားများ စီအင်န်ဂျီပြောင်းလျှင် လေးဆယ့်ငါးသိန်းခန့် ကုန်ကျပါ၏။ မပြောင်းမနေရ။ စီအင်န်ဂျီ မပြောင်းလျှင် ဂိတ်မဖွင့်ပေး လိုင်းမပြေးဆွဲရလို့ ရာဇသံပေးပါ၏။ ဘတ်စ်ကားအုံနာများကလည်း တင်းခံပါသည်။ ဘယ်မှာလဲ လေးဆယ့်ငါးသိန်း သူတို့မှာမရှိ၊ မရှိလို့ မပြောင်းနိုင်ပါ။ သက်ဆိုင်ရာ တာဝန်ရှိသူတို့သာ အဆင်ပြေအောင် လုပ်ပေးပါလို့ အသနားခံစာ တင်ကြ၏။ တင်ပြ၏။ အစည်းအဝေးလုပ်ကြ၏။ သက်ဆိုင်ရာတာဝန်ရှိသူတွေကလည်း အညှံ့မခံပြေလည်အောင် ဖြေရှင်းပေးပါ၏။ လိုအပ်သော ငွေကြေးများကို ဘဏ်များမှ ချေးငှားပါ၏။ ကားအုံနာတစ်ဦးချင်းကို ကုန်ကျသရွေ့ ထုတ်ချေးပါသည်။ နောက် အရစ်ကျ ပြန်ဆပ်တာပဲဖြစ်သည်။ အုံနာတွေ ငြိမ်သွားပြန်၏။ ပြဿနာမရှိ အဆင်ပြေပြေနှင့် လိုင်းတွေ ပြေးဆွဲကြသည်။ စီအင်န်ဂျီအိုးတွေတပ်ဆင်ကြသည်။ မကြာပါ နောက်တစ်ခု ပြဿနာဖြစ်လာပါတော့သည်။

ထိုပြဿနာသည် အခြားမဟုတ်။ ဝင်ငွေထွက်ငွေကိစ္စဖြစ်သည်။ ယခင် ဓာတ်ဆီ၊ ဒီဇယ်ဖြင့် ပြေးဆွဲစဉ်အချိန်က အုံနာတွေသည် လိုင်းပေါ်က ရရှိသော ပိုက်ဆံကို သိပ်မမက်။ ဒရိုင်ဘာကြေး၊ စပယ်ယာကြေး၊ ဘာကြေး၊ ညာကြေး အားလုံးနုတ်ပြီး ၅,၀၀၀ ကျပ်၊ ၇,၀၀၀ ကျပ် ကျန်ဦးတော့ အဆင်ပြေပါသည်။ ဘာမှမပူ ကားထဲက ဆီကိုနို့ညှစ်သလို ညှစ်ယူလိုက်လျှင် အသာလေး ငါးဂါလန်ကျန်၏။ ဆီပိုကို ရောင်းစားလျှင် ၁၀ ရက် တစ်ပီပါ။ ဂါလန် ၅၀ ရပါသည်။ ပြဿနာမရှိခဲ့။ ယခုတော့ ထိုသို့မဟုတ် ဆီပိုမစားရတော့ ငွေကျန်မှဖြစ်မည်။ ငွေကျန်အောင် ပိုရှာရပြီ။ ဒရိုင်ဘာ၊ စပယ်ယာ ရှာဖွေလို့ ဝင်ငွေနည်းရင် ထိုဒရိုင်ဘာ၊ စပယ်ယာကို မခန့်ချင်တော့ ငွေပိုရှာနိုင်သည့်သူများကို ခန့်၏။ ဒါပေမဲ့ အဆင်မပြေ ပိုငွေက ပြမလာ။ ပြဿနာဖြစ်ပြန်ပြီ။ အုံနာတွေ အခက်အခဲကို သက်ဆိုင်ရာသို့ တင်ပြပြန်သည်။ သိသည်မဟုတ်လား။ သက်ဆိုင်ရာကလည်း အဆင်ပြေပြေ ဖြေရှင်းပေးလိုက်ပြန်ပါသည်။ ၂၀-၄၀ ကျပ်၊ ၆၀ ကျပ်၊ ၈၀ ကျပ် ခရီးစဉ်တွေနေရာမှာ ၅၀ ကျပ်၊ ၁၀၀ ကျပ်၊ ၁၅၀ ကျပ်၊ ၂၀၀ ကျပ်ဆိုပြီး ဈေးနှုန်းတွေကို ပြောင်းလဲပေးလိုက်၏။ ဘာမှထူးမခြားသော ကားကို အထူးကားလုပ်ပစ်၏။ အထူးကားရေးပြီးသည်နှင့် လူတစ်ယောက်ဘယ်စီးစီး ၂၀၀ ကျပ်လုပ်ပေးလိုက်၏။ အားလုံး အဆင်ပြေသွားပါသည်။ ယခုအချိန်ထိ ဘာပြဿနာမှ မရှိတော့၊ ဘာသံမှ မကြားရတော့၊ ခံလိုက်ရသည်မှာ ပေးလိုက်ရသည်မှာ အခြေခံလူတန်းစား အောက်ဆုံးအဆင့်က လူတွေသာ ဖြစ်ပါသည်။ ထိုအထူးကားကိစ္စသည် အပြုသဘောဆောင်သော စာရေးဆရာတွေတိုင်း ကြုံရင်ကြုံသလို ရေးကြ၊ ပြောကြပါသည်။ ဒါပေမဲ့ ပြောင်းလဲမသွား။ ပိုလို့သာ ဆိုးဆိုးလာတာသာ တွေ့ရသည်။ ဘယ်နေရာက တားစီး တားစီး ရပ်ပေးလိုက်သည်ပင်၊ လူတစ်ဦးတက်လျှင် ၂၀၀ ကျပ်မဟုတ်ပါလား။ ယခုတော့ အုံနာ၊ ဒရိုင်ဘာ၊ စပယ်ယာတွေ သုံးဦး သုံးဖလှယ် လက်ဖျားငွေသီးနေကြတော့သည်။

ယခု ၅,၀၀၀ ကျပ်တန် ဖုန်းကိစ္စလာပြန်ပြီ။ အထက်မှာတင်ပြရေးပြခဲ့သည့် အကြောင်းအရာများသည် ယခင် အစိုးရလက်ထက်က ဖြစ်ပါ၏။ ယခုအစိုးရသည် ယခင်လိုမဟုတ် ဒီမိုကရေစီအစိုးရဖြစ်၏။ ပြည်သူတွေရဲ့ အသံကို နားထောင်၏ လိုက်လျောသင့်သည်ကို လိုက်ရောပါ၏။ ဖျက်သင့်သည့် စီမံကိန်းကိုလည်း ဖျက်ပေးလိုက်ပါသည်။ ဘယ်သူ့မျက်နှာမှ မထောက်မညှာ ပြည်သူရဲ့ မျက်နှာသာကြည့်မည်ဟု ဆိုပြန်သည်။ ထို့ကြောင့် ယခုဖုန်းကိစ္စသည် အမှန်တကယ်ဖြစ်လာခဲ့လျှင်ဆိုသည့် အသိဖြင့် ကျွန်တော် တွေးကြည့်ပြန်ပါသည်။ ဆိုက်ကားသမား အောင်တင်နှင့် အေးမြင့်သည်လည်း ဟန်းဖုန်းလေးကို ခါးမှာချိတ်၍ ဖင်လေးမြောက်ကြွ မြောက်ကြွဖြင့် ဆိုက်ကားနင်းနေမှာကိုမြင်နေမိသည်။ တောက ဖိုးထောင်နဲ့ အောင်ဘုတို့လည်း နွားကျောင်းရင်း ဟိုဘက်စားကျက် ဒီဘက်စားကျက် ဟန်းဖုန်းလေးတွေနဲ့ စကားပြောနေကြပေတော့မည်။ အညာက တက်လာပြီး ဈေးတွေမှာကုန်စိမ်းရောင်းနေကြတဲ့ ဆံရစ်ဝိုင်းလေးတွေနဲ့ ရွှေမိတို့ ငွက်ထော်တို့အုပ်စုလည်း ဟန်းဖုန်းလေးတွေကို အိတ်လေးတွေနဲ့ထည့်၊ လည်ပင်းမှာ သိုင်းလို့ ဈေးရောင်းနေမှာ မြင်နေမိပြန်သည်။ မည်သို့ပင်ဆိုစေ ထိုကိစ္စကြီး အမှန်တကယ်ဖြစ်သွားခဲ့လျှင် လူတိုင်းနီးပါး ဖုန်းသုံးနေသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံပါသွားနိုင်ပါ၏။ ဟိုလူကြည့်လည်း ဖုန်းလေးနှင့် ဒီလူကြည့်လည်း ဖုန်းလေးနှင့် အပြင်ပန်း သဏ္ဍာန်အနေဖြင့် ဘာမှကွာခြားမှု မရှိနိုင်တော့ပါ။ သိန်းတစ်ထောင်ကျော်တန် ကားစီးနေတဲ့လူချမ်းသာ ဖုန်းကိုင်နိုင်သလို ဆိုက်ကားနင်းတဲ့ အောင်တင်လည်း ဖုန်းကိုင်နေပြီပဲ၊ ဘာမှမထူးတော့။ ထိုသတင်းနှင့်ပတ်သက်၍ ခုမြင်နေရသည်ကတော့ အခြေခံလူတန်းစား အောက်ဆုံးအဆင့် ဆင်းရဲသားများသည် ထိုဟန်းဖုန်းသတင်းကို အမှန်ဖြစ်ပါစေလို့ ဆုတောင်းနေမည်မှာ မလွဲပါ။

ခြောက်လကြာမည်လား။ သူတို့စောင့်မည်။ တစ်နှစ်ကြာမည်လား သူတို့စောင့်ပါဦးမည်။ ထိုအချိန်ကာလတစ်ခုအတွင်းမှာပင် ထိုဟန်းဖုန်းကိစ္စ အမှန်တကယ် အသက်ဝင်ခဲ့လျှင်ဖြင့် ဒီတစ်ခါ ကျွန်တော်တို့ အလှည့်လားလို့ မရဲတရဲမေးရင် ၅,၀၀၀ ကျပ်ဖုန်းကို မျှော်လင့်နေမိမှာကတော့ သေချာပါသည်။ ။

## JOKE

### ကန့်ကွက်နိုင်ပါတယ်

ကုမ္ပဏီကြီးတစ်ခု၏ ဥက္ကဋ္ဌက ဒါရိုက်တာလူကြီးများ အစည်းအဝေးကို ယခုလိုပြောရင်း စတင်လိုက်သည်။

"အခု ကျွန်တော်တင်ပြမယ့်အစီအစဉ်ကို ဆန့်ကျင်မယ့်သူတွေအားလုံး 'ကျွန်တော် နုတ်ထွက်ပါတယ်' လို့ပြန်ပြောနိုင်ကြောင်း အသိပေးရင်း အစည်းအဝေးကို စတင်လိုက်ပါတယ်"

### ကြိုက်သွားပြီ

စာရင်းကိုင်တစ်ဦးသည် ကုမ္ပဏီတစ်ခုတွင် ဘဏ္ဍာရေးအရာရှိချုပ်ရာထူးအတွက် သွားလျှောက်သည်။ အင်တာဗျူးဖြေဆိုသည့်သူ အများအပြားရှိပြီး သူ့အလှည့်ရောက်သောအခါ စစ်ဆေးသော လူကြီးများက မေးခွန်းပေါင်းများစွာ မေးရင်း ရုတ်တရက်ဆိုသလို စစ်ဆေးသူလူကြီးတစ်ဦးက -

"ကိုးနဲ့ လေးနဲ့မြှောက်ရင် ဘယ်လောက်ရလဲ" ဟုမေး၏။

စာရင်းကိုင်ကလည်း မဆိုင်းမတွပင် "သုံးဆယ့်ငါး" ဟုဖြေလိုက်ပြီး အပြင်ရောက်မှ ဂဏန်းပေါင်းစက်ဖြင့် တွက်ကြည့်ရာ အဖြေမှားနေ၍ စိတ်ပျက်ပြီး အလုပ်ရမှာမဟုတ်တော့ဟု စိတ်ဒုံးဒုံးချနေလိုက်တော့သည်။

နောက်တစ်နေ့တွင်ယင်းကုမ္ပဏီက ၎င်းကိုအလုပ်ခန့်လိုက်ပြီဖြစ်ကြောင်း အကြောင်းကြားသောအခါ အလုပ်လျှောက်သူစာရင်းကိုင်က "ဟင်. . ကိုးနဲ့လေး မြှောက်တဲ့အဖြေ ကျွန်တော်မှားဖြေခဲ့တယ်လေ" ဟု ဆိုရာ. .

တစ်ဖက်က "အေး. . ငါတို့သိတယ်။ ဒါပေမဲ့ လာဖြေတဲ့သူတွေထဲမှာ မင်းက ငါတို့အကြိုက် အသိဆုံးပဲ" ဟုဆိုပါလေတော့သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျော့ကဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၀၉ ၇၃၂၂၆၅၄၁ ၊ ၃၈၆ ၄၅၉ ၊ ၃၇၆ ၅၂၅ ၊ ၃၇၃ ၆၂၉
Fax : 393 458, Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
Hotline : 73032006

7 DAY NEWS JOURNAL
# Business
Vol.10, No.45 · JANUARY 26, 2012

# “သူတို့(ထိုင်းငါးဖမ်းစက်လှေ)တွေ အစီး ၃၀၀ လောက်ဆီက အခွန်က တစ်နှစ်မှ ဒေါ်လာ ဆယ့်ငါးသန်းလောက်ပဲရတာ”

## ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း

သန်းဌေး

မြန်မာ့ပင်လယ်ပြင်အတွင်း ပြောင်းလဲပေးလိုက်သော ငါးဖမ်းဆီးခွင့်အခြေအနေနှင့် ပြည်ပသို့ ငါးရောင်းချနေသော အခြေအနေများကို မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမောင်မောင်စိုးနှင့်တွေ့ဆုံမေးမြန်းခဲ့သည်များထဲမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



**ပထမဦးဆုံး ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်တွေကို ငါးဖမ်းဆီးခွင့်ပုံစံပြောင်းပေးတဲ့အခြေအနေကိုရှင်းပြပေးပါ။**

ပြီးခဲ့တဲ့တနင်္ဂနွေနေ့(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်)က မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီးက ငါးဖမ်းလုပ်ငန်းရှင်တွေနဲ့တွေ့ပြီး မြန်မာပြည်တစ်ပြည်လုံး ကမ်းဝေး ငါးဖမ်းလှေတွေကို တစ်ခေါက် ထွက်ရင် ရက် ၉၀ ခွင့်ပြုပေးခဲ့တယ်။(ယခင်က ရက် ၇၀ သာပေးခဲ့သည်။) နောက်တော့ အရင်တုန်းကဆို ရန်ကုန်က ထွက်တဲ့လှေဆိုရင် ငါးဖမ်းကွက်နှစ်ကွက်ပဲရတာ။ ဧရာဝတီနဲ့ မွန်၊ ဒါမှမဟုတ်ရင် ဧရာဝတီနဲ့ ရခိုင်ပဲရတာ။ အခုတော့ မြိတ်၊ ဧရာဝတီ၊ မွန်၊ ရခိုင် လေးကွက်လုံး ဖမ်းလို့ရပြီ။ အရင်ကဆို မြိတ်ကလူက မြိတ်မှာပဲ ဖမ်းလို့ရတာ၊ အခုတော့ ကြိုက်တဲ့နေရာ ဖမ်းလို့ရပြီ။ ရက် ၉၀ ပြည့်ရင် Check Point (စစ်ဆေးရေးဂိတ်)မှာ လက်မှတ်ထိုးပြီး ပြန်ထွက်ဖမ်းပေါ့။ အရင်က သုံးထပ်ပိုက်နဲ့ ငါးဖမ်းခွင့် ပိတ်ထားတာ၊ အခုမြိတ်မှာ ဖမ်းခွင့်ပြုလိုက်တယ်၊ မေနဲ့ဇွန် နှစ်လတော့ နားရတယ်။ မြိတ်ဒေသမှာရှိတဲ့ ပုစွန်တင်ပို့မယ့် အအေးခန်းစက်ရုံတွေ လုပ်ငန်းအဆင်ပြေအောင် သုံးထပ်ပိုက်နဲ့ပုစွန်ဖမ်းဆီးခွင့်ကိုတစ်နှစ်မှာ ၁၀ လခွင့်ပြုထားတာပေါ့။ ပြည်တွင်းငါးနဲ့ ပုစွန်ဖမ်းလှေတွေ အဆင်ပြေအောင်ပေါ့။

**ငါးဖမ်းရမယ့် နေရာတွေကိုရောတိတိကျကျ သတ်မှတ်ပေးထားပါသလား။**

ရခိုင်မှာဆို ကမ်းခြေကနေ ငါးမိုင်၊ ဧရာဝတီ၊ မွန်နဲ့ တနင်္သာရီမှာဆို ကမ်းခြေကနေ ၁၀ မိုင်။ အပြင်မှာ ဖမ်းရတာ၊ အတွင်းဝင်မဖမ်းရဘူး။ သူတို့(ငါးလုပ်ငန်းဦးစီးဌာန)သတ်မှတ်တဲ့ဧရိယာက စည်းကမ်းပျက်ပြီး ဖမ်းတယ်ဆို ပထမနဲ့ ဒုတိယအကြိမ်တွေမှာ သိန်း၄၀၊ ၈၀ လောက်ဒဏ်ရိုက်ပြီး နောက်တစ်ကြိမ်ဆိုပြည်သူ့ဘဏ္ဍာအဖြစ် လှေပါသိမ်းမယ်တဲ့။ ငါးဖမ်းလှေတစ်စီးကို ကျပ်ငွေသိန်း ၂,၀၀၀ နဲ့ ၄,၀၀၀ ကြားရှိတော့ နိုင်ငံခြားလှေတွေလိုဒေါ်လာနဲ့ပဲ ဖြစ်ဖြစ် မြန်မာငွေနဲ့ပဲဖြစ်ဖြစ် ဒဏ်ပဲရိုက်ပါလို့ပြောထားတယ်။

**ဒီနှစ်ပင်လယ်ပြင်မှာငါးအထိအမိရော ဘယ်လိုနေလဲ။**

ငါးအထိအမိကတော့ကောင်းတယ်။ ဒီဇယ်တစ်ပီပါကို ငွေ ၁၆၀,၀၀၀ ဆို ငါးပြန်ရောင်းရင် ၃၀၀,၀၀၀ နဲ့ ၃၅၀,၀၀၀ လောက်ရတယ်။ နောက် စရိတ်စကနုတ်လိုက်ရင် ဆီတစ်ပီပါမှာ ၅၀,၀၀၀ လောက် မြတ်တာပေါ့။ ပီပါ ၁၀၀ ဆို သိန်း ၅၀၊ ပီပါ ၂၀၀ ထွက်ရင် သိန်း ၁၀၀ ရတယ်။ (ပင်လယ်ပြင်တွင် ငါးဖမ်းထွက်သော တစ်ကြိမ်လျှင်ရရှိခြင်းဖြစ်သည်။)

**မြန်မာ့ပင်လယ်ပြင်ထဲမှာ သွားလုပ်တဲ့ သုတေသနအချို့က ငါးသယံဇာတ လျော့နည်းသွားပြီဆိုပေမယ့် အခု ငါးအထိအမိကောင်းတာ ဘာကြောင့်လဲ။**

သူတို့တွေက ငါးရှားတဲ့ မတ်လမှာ ကဒုံကနိဘက် လိုမျိုးမှာ ရက် ၂၀ လောက်ပဲလုပ်ကြတာ၊ ကျွန်တော်တို့အသင်းကတောင် သိန်း ၇၀၀ ပေးလိုက်ရတယ်။ အဓိကက ငါးတွေက ရာသီဥတုပေါ်မူတည်ပြီး အရွှေ့အပြောင်းရှိတယ်။ ရာသီလေမှန်မှ ငါးကမှန်တာ၊ ဒါကြောင့် ငါးရှားချိန်မှာ သုတေသနလုပ်ရင် ဘယ်တွေ့မလဲ၊ သူ့အချိန်အခါနဲ့ သူပေါ့။

**တရုတ်ငါးဖမ်းလှေတွေရော ရှိသေးလား။**

တရုတ်လှေတွေက ငါတို့လိုတိုင်းရင်းသားပိုင်တွေဖြစ်ကုန်ပြီလေ။ သူတို့လှူတွေ လိုက်လို့မရတော့ဘူး။

**ဖမ်းမိတဲ့ငါးတွေကို ဘယ်ကို အဓိက ရောင်းကြပါလဲ။**

ရန်ကုန်မှာ တံတား(ငါးချဆိပ်ကမ်း) ခုနစ်စင်းရှိတယ်။ ငါးလှေတွေနဲ့ အကျိုးတူ လုပ်ထားရတယ်။ အဲဒီမှာ ဘယ်သူမဆို လေလံဝယ်လို့ရတယ်။ အပြိုင်အဆိုင်ပဲ သူတို့(တရုတ်ကုမ္ပဏီ)တွေ ဝယ်တယ်။ နိုင်ငံတော်ကိုအခွန်ဆောင်ထားတာပဲ တရားဝင်ဝယ်ကြတာ။

**ပြည်ပကိုတင်ပို့ရာမှာကော့သောင်း FOB (သင်္ဘောပေါ်အရောက်ဈေး)နဲ့ ပို့လို့ရတဲ့အကြောင်း ရှင်းပြပေးပါဦး။**

အရင်ကဆို တနင်္သာရီတိုင်းက FOB ဆိုမြိတ်ချက်ပွိုင့်ကပဲသွားရတာ။

စာ(၃၄)သို့

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၂၃ | ၈၃၈ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၂၃ | ၈၃၈ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၀ | ၆၃၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၀၀ | ၁၀၁၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅. ၅၀ | ၂၆ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၇ | ၁၃၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၅၄ | ၈၅၄ | ကျပ် |

၂၀၁၂ ဇန်နဝါရီ ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၇၃၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၆. ၉၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၃၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၀. ၂၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၁၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၃. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၅၀ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၄၂. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၁၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၉၇ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၃၈ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၃၉၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၂၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၃၆၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၆၆၄. ၀၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၈၆၀ |
| ငွေ | ၁ အောင်စ | ၃၁. ၆၇၅ |
| ကြေးနီ | ပေါင် | ၃၆၄. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၃၄၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ ဇန်နဝါရီ ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



ISO 9001 - 2000
ဖော်ပြထားသော စံညွှန်း အတိုင်းတိကျမှန်ကန်စွာ ထုတ်လုပ်ထားပါသဖြင့် အင်ဂျင်သက်တမ်းကို ပိုမိုကြာရှည်စေပြီး အင်ဂျင်စက်စွမ်းရည်ပြည့် အသုံးပြုနိုင်ကြောင်း အထူးအာမခံပါသည်။
YANGON:
01-681894, 686263, 686727,
Fax : 951-686306
MANDALAY:
02-72343, 21160
09- 47131920, 09- 47105980
MYITKYINA:
09-47001427, 09-47034617
E-mail:
superpowerlubricants@gmail.com

7DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ရွှေဈေးကျပ်ခုနစ်သိန်းအောက် မကျနိုင်ဟုဆို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇန်နဝါရီ-၁၈**

ဈေးနှုန်းအမြင့်ပိုင်းသို့ ရောက်ရှိလာပြီဖြစ်သော ရွှေဈေးနှုန်းများ တစ်ကျပ်သားလျှင် ကျပ်ခုနစ်သိန်းအောက်သို့ပြန်လည်ကျဆင်းနိုင်ခြင်းမရှိဟု ရွှေလုပ်ငန်းရှင်များက ခန့်မှန်းနေကြသည်။

"အခုရွှေဈေးက ဈေးအမြင့့်ကိုရောက်လာပြီ။ အခုလက်ရှိဈေးထက်တော့ အများကြီးပြန်မကျနိုင်တော့ဘူး။ တစ်နှစ်လုံးတော့ မပြောတတ်သေးဘူး။ လတ်တလောကတော့ ခုနစ်သိန်းအောက်ပြန်မကျနိုင်သေးဘူး" ဟု ဈေးကွက်ကျွမ်းကျင်သူ ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

၂၀၁၁ နှစ်ကုန်ပိုင်းက အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ်၆၈၀,၀၀၀ စွန်းစွန်းထိ ကျဆင်းခဲ့သော ပြည်တွင်းရွှေဈေးမှာ ကမ္ဘာ့ရွှေဈေးမြင့်တက်မှုကြောင့် ယခုရက်ပိုင်းတွင် ဈေးအမြင့်ပိုင်းဖြစ်သော ၇၂၀,၀၀၀ ကျပ်ဝန်းကျင်ထိပင် ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

လဆန်းပိုင်းတွင် တစ်အောင်စလျှင် ၁,၅၉၀ ဒေါ်လာကျော်၌သာ ရှိနေခဲ့သော ကမ္ဘာ့ရွှေဈေးသည် ယခုရက်ပိုင်းတွင် ၁,၆၈၅ ဒေါ်လာဝန်းကျင်ထိ မြင့်တက်လာသည်။

"ရွှေဈေးတက်တာကတော့ အဓိကက ကမ္ဘာ့ဈေးတက်နေတာကြောင့်ပဲ။ ဒီရက်မှာ ဒေါ်လာဈေးလည်း တက်ရိပ်ရှိတော့ ဈေးက တက်လာတာပေ့ါ။ ဈေးကအမြင့်ပိုင်းဆိုတော့ အရင်နဲ့စာရင် ဝယ်အားတော့ အေးသွားတာပေါ"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရွှေဈေးနှုန်းများ ယခုကဲ့သို့ ဈေးအမြင့်ပိုင်းသို့ ပြန်လည်ရောက်ရှိလာ၍ အထည်ဈေးကွက် ဝယ်လိုအားများ လျော့နည်းသွားခြင်းမရှိသော်လည်း ဝယ်စုသူများ ဈေးကွက်ဖြစ်သော ဖြတ်စနှင့် လုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်သောအပိုင်းဈေးကွက်တွင် ဝယ်လိုအားမှာ ထက်ဝက်နီးပါး ကျဆင်းနေပြီဟု ရွှေလုပ်ငန်းရှင်များကပြောသည်။






## စာ(၃၃) - ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း မှ

အခုတော့ ကော့သောင်းကနေ FOB နဲ့ရနောင်းကို သွားခွင့်ပြုလိုက်ပြီ။ ဒါပေမဲ့ FOB ဆိုတာ အခုလိုအချိန်မှာ မရှိသင့်တော့ဘူး။ မဖြစ်သင့်တော့ဘူး။ ထုံးစံအတိုင်း CIF (ဝယ်သူနိုင်ငံ ဆိပ်ကမ်းအရောက်ဈေး)နဲ့ပဲ ရောင်းရမှာ၊ ရန်ကုန်မှာလာရောင်းရင် ပြည်တွင်းကုမ္ပဏီတွေက ဝယ်ပြီး CIF နဲ့ပို့ရင် နိုင်ငံတော်က ဝင်ငွေရမယ်။ အလုပ်သမားတွေလည်း အလုပ်ရမယ်။ အအေးခန်းတွေလည်း အဆင်ပြေမှာပေ့ါ။ မြိတ်မှာက ကုမ္ပဏီကြီးတွေလည်းမရှိသေးဘူး၊ မောတောင်လမ်းကလည်း မဖြစ်သေးဘူးလေ။ နောင်ဆို FOB ပျောက်မှာပါ။

**မြန်မာ့ပင်လယ်ပြင်ထဲ ထိုင်းငါးဖမ်းလှေတွေ လာဖမ်းတာတွေရှိနေတုန်းပဲလား။**

သူတို့ကို Fishing Right ပေးထားတာကို သူတို့တွေက ဒီဘက်ထဲ ဝင်ဖမ်းနေတုန်းပဲ။ သူတို့တွေ အစီး ၃၀၀ လောက်ဆီက အခွန်က တစ်နှစ်လုံးမှ ဒေါ်လာ ဆယ့်ငါးသန်းလောက်ပဲရတာ၊ ဒေါ်လာပုတ်ပြတ်နဲ့ပေ့ါ။ တချို့လှေ အစီး ၂၀ လောက်ကတော့ ဖက်စပ် Joint Venture လုပ်ကြတာတွေရှိတယ်။ သူတို့ကို ရေတပ်ကလည်း မဖမ်းဘူး။ ကျွန်တော်တို့တွေက တွေ့နေရတာ။

**ထိုင်းပင်လယ်ပြင်မှာ လွန်ခဲ့တဲ့ အနှစ် ၅၀ လောက်ကတည်းက ငါးသယံဇာတ မရှိတော့ဘူးလို့ ကမ္ဘာကို ကြေညာခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့သူတို့ဘာကြောင့် ငါးဖမ်းလုပ်ငန်း ဆက်လုပ်နိုင်ရတာပါလဲ။**

သူတို့က အင်ဒိုနီးရှားက ဖမ်းတယ်၊ ဘင်္ဂလားဒေ့ရှ်က ဖမ်းတယ်၊ မြန်မာက ဖမ်းတယ်။

**ရေချိုငါးမွေးသူတွေတော့ ပို့ကုန်ရငွေ တန်ဖိုးကျတာ၊ ပြည်ပဈေးကွက် အဝယ်နည်းနေတာကြောင့် ဆုံးရှုံးမှုများနေပြီး ပင်လယ်ငါးဖမ်းလုပ်ငန်းက ဘာကြောင့် မရှုံးတာလဲ၊ ဒေါ်လာနဲ့ ပို့ကုန်ရငွေ တန်ဖိုးကျတာက ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ် သက်ရောက်မှုမရှိဘူးလား။**

ငါတို့က ဒေါ်လာနဲ့ ရောင်းတာမှ မဟုတ်တာ၊ မြန်မာငွေနဲ့ ရောင်းတာဆိုတော့ ဘာမှမဖြစ်ဘူး။

**ရေငန်ငါးဖမ်းလုပ်ငန်းမှာ အဓိကကြုံရတဲ့ အခက်အခဲ ဘာတွေရှိပါသလဲ။**

အခက်အခဲတွေကို ဖြေလျှော့ပေးလိုက်ပြီလေ။ ငါးဖမ်းရက်ကိုလည်း ရက် ၉၀ ပေးလိုက်တယ်။ ရေချိုငါးလိုမျိုး မဟုတ်ဘူး။


**အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး အဓိက မအောင်မြင်တာက ငါးဖမ်းလှေတွေက လာမရောင်းကြတာရယ်၊ အစိုးရက ပူးပေါင်းဆောင်ရွက်မှုနည်းတာတွေကြောင့်လို့ မစ္စတာပီရွှန်းက ပြောတယ်၊ အဲဒါဟုတ်လား။**

ဘာကြောင့် ဒီလိုပြောနိုင်ရတာလဲ။ သူတို့တွေ စလုပ်ကတည်းက မှားနေတာ အတွေ့အကြုံမရှိလို့ပေ့ါ။ ငါတို့ အဏ္ဏဝါဆိပ်ကမ်းမှာဆို ငါးဖမ်းစက်လှေ အစီး ၃၀၀ လောက်နဲ့ ချိတ်ထားတာ၊ ပိုက်ဆံလည်း ချေးပေးရတယ်၊ သူတို့ရလာတဲ့ ငါးတွေကိုလည်း ကုန်အောင် ရောင်းပေးရတယ်၊ ပြီးရင် ငါးဖိုးကို ရက်ခြားပြီး အကြေချေပေးရသေးတယ်။ မြိတ်က လှေတွေက ထိုင်းနဲ့ အကျိုးတူလုပ်ထားကြတာ၊ ၈၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ဒါကြောင့်ပဲ။ တံတားတွေမှာ ရောက်လာတဲ့ ငါးတွေတိုင်းက ချက်ချင်းရောင်းကုန်တာမဟုတ်တော့ငါးခြောက်ခွဲလှန်းရသေးတယ်။ အဲဒီအတွက်လည်း အလုပ်သမားငှားထားရတယ်၊ ငါးခြောက်အကြွေးချရတယ်။ အဲဒါတွေ မလုပ်နိုင်ရင် မအောင်မြင်ဘူး။

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# 7DAY BOOK REVIEW

## မြန်မာ့ နိုင်ငံရေး သမိုင်း (ဦးလေးမောင်)




လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကာလအစပျိုးနေချိန်တွင် နိုင်ငံရေးကို စိတ်ဝင်တစား ရှိနေကြသူများအတွက် လေ့လာမှတ်သားသင့်သည့် မြန်မာ့နိုင်ငံရေး သမိုင်းမှတ်တမ်းမှတ်ရာစာအုပ်ဖြစ်သည်။ စာအုပ်တွင် အခန်း ၂၈ ခန်း ပါဝင်ပြီး ၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲမှ အစပြု၍ တိုင်းပြုပြည်ပြု လွှတ်တော်ခေါ် ယူကာ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို ၁၉၄၇ ခုနှစ်တွင် ရေးဆွဲပြီး အင်္ဂလိပ်လက်အောက်မှ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်အထိပါဝင်သည်။

စာအုပ်ပါဆောင်းပါးများသည်ပါလီမန်ဒီမိုကရေစီခေတ်၊ ၁၉၅၆ ခုနှစ်က နိုင်ငံရေးလောက၊ သတင်းစာလောကတွင် လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည့် 'ဗမာ့ခေတ်' သတင်းစာ၌ ဖော်ပြခဲ့သော ဆောင်းပါးများဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ၊ အင်္ဂလိပ်လက်အောက်ကျွန်ဘဝရောက်ရပုံ၊ မြန်မာ့နိုင်ငံရေး အခန်းကဏ္ဍ၏အစ ပထမဝိုင်အမ်ဘီအေအသင်းကြီးပေါ် ပေါက်လာပုံ၊ ထိုမှတစ်ဆင့် ဂျီစီဘီအေခေတ်ကာလ၊ တစ်ဖန် ဂျီစီဘီအေ အကွဲအပြဲ၊ ကျွန်စိတ်မှ သခင်စိတ်မွေးမြူပေးခဲ့သည့် ဒို့ဗမာအစည်းအရုံး ပေါ် ပေါက်လာပုံ၊ မြန်မာ့နိုင်ငံရေးတွင် စည်းလုံးညီညွတ်မှုကို ဝေဝေဝါးဝါးဖြစ်စေခဲ့သည့် ၉၁ ဌာနအုပ်ချုပ်ရေးအကြောင်း၊ ထို ၉၁ ဌာနအုပ်ချုပ်ရေးစနစ် အစပျိုးချိန်တွင် ကိုလိုနီအုပ်ချုပ်ရေးကို ဆန့်ကျင်သော၊ ဖိနှိပ်သူတို့ကို ဆန့်ကျင်သော တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစား၏ အထင်ရှားဆုံးသော လှုပ်ရှားတော်လှန်မှုဖြစ်သည့် ၁၃၀၀ ပြည့်အရေးတော်ပုံအကြောင်း၊ မြန်မာ့တပ်မတော်၏အစ ရဲဘော်သုံးကျိပ်ဖြစ်ပေါ် လာပုံအကြောင်း စသဖြင့် မြန်မာနိုင်ငံ၏ သမိုင်းဝင် အထင်ကရဖြစ်ရပ်များကို အချက်အလက်ပြည့်စုံစွာ၊ ဝေါဟာရအနက်၊ အက္ခရာဝီလိအညွှန်းတို့ ပါရှိသည့် ယခုစာအုပ်သည် ပြီးပြည့်စုံသော ကျမ်းမဟုတ်စေကာမူ ယနေ့မြန်မာ့နိုင်ငံရေးလောကအတွက်သော်လည်းကောင်း၊ သမိုင်းသုတေသီများ၊ ကျောင်းသားကျောင်းသူများနှင့် စာရေးဆရာ၊ သတင်းစာဆရာတို့အတွက်သော် လည်းကောင်း ၊ သမိုင်းအချက်အလက် အထောက်အပံ့များစွာ ပါဝင်နေသည့် စာအုပ်ကောင်း တစ်အုပ်ဟုဆိုချင်ပါသည်။ စာပေလောကစာအုပ်တိုက်က တန်ဖိုး ၄,၀၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## တတိယဝင်ရိုးစွန်းသို့ တတိယမျက်လုံးဖြင့် ဖြတ်သန်းခြင်း




မြန်မာဓာတ်ပုံဆရာလေးဦးသွားရောက်မှတ်တမ်းတင်ခဲ့သော နာမည်ကျော်ဧဝရတ်တောင်ဒေသ၊ နီပေါနှင့် တိဗက်ခရီးသွားမှတ်တမ်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေသည့်ပထမဆုံးနိုင်ငံတကာ အသိအမှတ်ပြုစာအုပ်ဖြစ်သည်။

ဆောင်းပါးရှင်ဇင်မင်းဆွေက ဧဝရတ်တောင်သွားခရီးစဉ်တစ်လျှောက်အတွေ့အကြုံများနှင့်ဒေသဆိုင်ရာစိတ်ဝင်စားဖွယ်ဓလေ့များ အကြောင်းကို ရောင်စုံဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ရေးသားတင်ဆက်ထားသဖြင့် ခရီးသွားစာပေ၊ ရှုခင်းဓာတ်ပုံ အယူအဆများနှင့် သဘာဝအလှများကိုရှုစားနိုင်မည့် ရသစုံစာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကိုခရီးဖော်ဓာတ်ပုံဆရာများဖြစ်သည့်ဦးခင်မောင်ချို၊ ဒေါက်တာကျော်လင်းဦး၊ ဖြိုးဝေအောင်တို့၏ ဆောင်းပါးတိုများ၊ Making ဓာတ်ပုံများ၊ ရှုခင်းဓာတ်ပုံများဖြင့်ပါ အားဖြည့်ထားသည်။ ထိုင်းနိုင်ငံတွင်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပြီး နိုင် ငံတကာစာအုပ်အမှတ် ISBN: 978-616-90895-2-0 ဖြင့်နိုင်ငံတ ကာဈေးကွက်ကို Asia Books မှ ဖြန့်ချိသည်။

မြန်မာစာပေစီစစ်ရေး ခွင့်ပြုချက်ကင်းလွတ်ဖြစ်ပြီး ပြည်တွင်းဈေးကွက်ကို Monument Books နှင့် ရာပြည့်မန္တလေးစာအုပ်တိုက်တို့မှ ဖြန့်ချိကာ တန်ဖိုး ၁၅၀၀၀ ကျပ်ဖြင့် ရောင်းချသည်။

# Knowledge ဗဟုသုတ

## ထမင်းပေါင်းအိုးတွေ ဘယ်အချိန်ကတည်းက ရှိခဲ့တာလဲ

ထမင်းပေါင်းအိုး၏ရာဇဝင်ကိုကြည့်မည်ဆိုလျှင် အေဒီ ၃၀၀ မှ ၇၁၀ ကြားကာလကရှိခဲ့သည့် ရှေးဂျပန်လူမျိုးတို့အသုံးပြုခဲ့သော ကာမာဒိုခေါ် ရွံ့စေး၊ မြေစေးဖြင့်ပြုလုပ်ထားသည့်အပူပေးချက်ပြုတ်နိုင်သော မြေထည် ပစ္စည်းတစ်မျိုးအကြောင်းကို သိထားရန်လိုအပ်သည်။ လျှပ်စစ်ဖြင့်ချက်ပြုတ်နိုင်သည့်ထမင်းပေါင်းအိုးများမှာမူ ၁၉၂၀ နှစ်လယ်ပိုင်းတွင်ပေါ် ထွက်လာခဲ့သည်။ ၁၉၄၀ ခုနှစ်များက မစ်ဆူဘီရှီကော်ပိုရေးရှင်းက ယနေ့ခေတ်သုံးထမင်းပေါင်းအိုးများနှင့်အနီးစပ်ဆုံးတူညီသည့်ပေါင်းအိုးများကို ထုတ်လုပ်နိုင်ခဲ့သော်လည်း အဆင်မပြေမှုများရှိခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင်အမျိုးသမီးများလုပ်ငန်းခွင်ဝင်ရသည့်အနေအထားများကြောင့် ထမင်းအိုးကိုစောင့်ကြည့်ချက်ပြုတ်ချိန်မရသဖြင့်ထမင်းပေါင်းအိုးများက အသုံးအကျဆုံးသောအရာများဖြစ်လာခဲ့သည်။ ၁၉၅၆ ခုနှစ်တွင်ပြီးပြည့်စုံပြီးအသုံးဝင်ဆုံးထမင်းပေါင်းအိုးများ ရောင်းချလာခဲ့ကြပြီး ယနေ့ခေတ်တွင်အီလက်ထရွန်နစ်ကုမ္ပဏီများက အမှတ်တံဆိပ်မျိုးစုံဖြင့်ထုတ်လုပ်ရောင်းချလာခဲ့ကြသည်။

—*Source:answers.yahoo.com*







### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အချိန်ကိုစောင့်စားနိုင်ပြီး လှုပ်ရှားချိန်ကာလမရောက်မီ ထိန်းချုပ်ထား၍ လိုအပ်သောအချိန်၌ တစ်ဟုန်ထိုး တိုးတက်ခြင်းများရရှိမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်း ကိစ္စများတွင် အနှောင့်အယှက်အတိုက်အခံများမည်မှု ရှိစေအားလုံးကို ဂရုမထားဘဲ စိန်ခေါ် တိုက်ပွဲဝင်နိုင်သည်။ ပတ်ဝန်းကျင်မှ မိမိအားဝိုင်းဝန်းတိုက်ခိုက်ကြလိမ့်မည်။ ပညာရေးရည်မှန်းချက်များ အောင်မြင်မည်။ မေတ္တာရေး၊ အချစ်ရေးအောင်မြင်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ယှဉ်ပြိုင်လာသူများအပေါ် အနိုင်ယူနိုင်မည်။ စိတ်မြန်လက်မြန်လုပ်တတ်သည်။ လုပ်သမျှဖရိုဖရဲအခက်အခဲများကြားမှ မိမိဦးတည်ရာလမ်းကြောင်းမပျောက်အောင်ထိန်းကွပ်ပြီး ဆောင်ရွက်၍ တက်လမ်းရရှိမည်။ အပေါင်းသင်းကြောင့် နာမည်ထိခိုက်နိုင်မည်။ ဆရာသမားများ၏ ငြိငြင်မှုခံရမည်။ ငွေကြေးလက်လွှန်ဆုံးရှုံးတတ်သည်။ အပျောက်အရှုများမည်။ ငွေကြေးကိစ္စစကားများရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဆောင်ရွက်ထားသည့် ကိစ္စများမှ ကောင်းကျိုးရရှိမည်။ လုပ်ငန်းအခွင့်အလမ်းများ တစ်မျိုးပြီး တစ်မျိုးပေါ်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ရင်းနှီးသူများနှင့် မကြာခဏ စကားများရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ လုပ်ငန်းခွင်မှ သူများအဖို့ ဖရိုဖရဲဖြစ်နေသည့် ကိစ္စများ အလုပ်ပို၊ တာဝန်ပိုဖြင့် လုပ်ကိုင်ရတတ်သည်။ ရန်လိုသောသူများနှင့် တွေ့တတ်သည်။ ပညာရေးကံကောင်းမည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လုပ်ငန်းခွင်မှသူများ အလုပ်အဆင့်တိုးတက်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ မိမိစိတ်ကူးများ အလောတကြီး မလုပ်ပါနှင့်။ တစ်ပါးသူအား ဖွင့်ဟတိုင်ပင်ခြင်းမပြုရ။ ခေါင်းအေးအေးနှင့် လုပ်ပါ။ ခရီးသွားရမည်။ ပညာရေးကိစ္စဆောင်ရွက်သူများ ထိပ်တန်းမှ အောင်မြင်မည်။ မြုပ်နေသည့်ငွေများ ပြန်ပေါ်မည်။ တစ်ဦးထက်ပိုသော ချစ်သူတွေ့နိုင်မည်။ အစာအိမ်ဝမ်းဗိုက်ဒုက္ခပေးမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

စိတ်တိုခြင်း၊ တစ်ဇွတ်ထိုးလုပ်ခြင်း၊ အလောတကြီးလုပ်ခြင်း၊ မိသားစုအိမ်တွင်းရေး ဆက်နွှယ်ပြီး ပြဿနာဖြစ်တတ်သည်။ မိမိအပေါ် သွေးတိုးစမ်း၍ ယှဉ်လာသောသူများကို အောင်နိုင်မည်။ အိမ်နေရာ ဆက်ဆံသောနေရာပတ်သက်ပြီး စကားပြောရမည်။ မလိုလားအပ်သော အပူသောကများ စိတ်အနှောင့်အယှက်များကြုံနိုင်မည်။ အတိတ်ကာလမှ မိမိအပေါ် အနိုင်ယူသူများအပေါ်ပြန်လည်အနိုင်ယူနိုင်မည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သူတစ်ပါးနှင့်မတူသော ရှုထောင့်မှမိုက်မိုက်မဲမဲတစ်ဇွတ်ထိုးလုပ်လိုမည်။ ငွေကြေးများစွာ ရင်းနှီးရမည့် အလုပ်ကို အလောတကြီး ဆောင်ရွက်လိုမည်။ အသုံးအစွဲများမည်။ ငွေကြေးလူမှုရေးကိစ္စများ တာဝန်ယူခြင်းအာမခံခြင်းရှောင်ပါ။ အသစ်အဆန်းလုပ်ငန်းများ ဆောင်ရွက်ခါနီးတိုင်း မိမိအကျိုးလိုလားသူနှင့် ညှိနှိုင်းပြီးမှ ဆောင်ရွက်ပါ။ အကျိုးရှိမည်။ ခရီးများသွားရမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

စိတ်အနှောင့်အယှက်များကြားမှ တိုးတက်မှုရမည်။ ပဋိပက္ခများ၊ အခက်အခဲများတစ်မျိုးပြီးတစ်မျိုးကြုံတွေ့ရမည်။ မိမိအပေါ် မလိုစိတ်နှင့် တားဆီးသောသူများအကြားမှ တိုးတက်မှုဖန်တီးရမည်။ ငွေကြေးကံကောင်းမည်။ အခက်အခဲမှန်သမျှ ကျော်လွှားဖြေရှင်းနိုင်မည်။ ပျိုရွယ်သူများအဖို့ မေတ္တာရေး အညံ့ကြုံမည်။ လူမျိုးကွဲအကျိုးပေးမည်။ ခရီးကံကောင်းခြင်းများ မိသားစုတွင် ကြုံမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

စိတ်အေးချမ်းသာခြင်းနှင့် အဆင်ပြေခြင်းများ ဖြစ်ပေါ်မည်။ တစ်ပါးသူဝေဖန်သူ ဂရုမစိုက်ပါနှင့်။ စိတ်ကူးထားသည်များ ဆောင်ရွက်ရာ၌ အထောက်အကူပြုနိုင်သည်။ ကျန်းမာရေး ချူချာမည်။ ရတ်တရက် စီစဉ်ထားသည်များအဆင်ပြေမည်။ သွားဖုံးဒုက္ခပေးတတ်သည်။ အခက်အခဲရန်အောင်နိုင်မည်။ ချစ်သူခင်သူသံယောဇဉ်ရှိသူများနှင့် ခဏဝေးကွာရမည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

မိမိအပေါ် အကျိုးပေးသူများနှင့် ကြုံမည်။ တစ်ပါးသူမှ မတူသော ရှုထောင့်မှ တွေးခေါ် ဆောင်ရွက်လိုက်သည်များကို အခြေတည်ပြီး အကျိုးဆက်ကောင်းရရှိမည်။ မိမိအပေါ် တွင် မနာလိုမှုကို အခြေခံ၍ အမြဲတစေလိုက်လံတိုက်ခိုက်နေသည့်ကိစ္စများကို အခြေတည်ပြီး အကျိုးဆက်ကောင်း ဖြစ်ထွန်းမည်။ မိမိအပေါ် တွင် မနာလိုမှုကို အခြေခံ၍ အမြဲတစေလိုက်လံတိုက်ခိုက်နေသည့် ရန်အညံ့အဆိုးမှ ကင်းဝေးသွားမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

တတ်အားသမျှ အေးအေးဆေးဆေးတစ်ဆင့်ပြီး တစ်ဆင့်လုပ်ပါ။ စိတ်တိုခြင်း၊ အလောကြီးခြင်း၊ ဇွတ်ရွတ်လုပ်ခြင်း၊ စိတ်မြန်ခြင်းများများ မပြုသင့်။ ဝေးလံသောအရပ်မှ အဆက်အသွယ်ကောင်းများရရှိမည်။ ကူညီသူပေါ် မည်။ အဆင်ပြေခါနီးမှ လက်တစ်လုံးခြားဆုံးရှုံးထားသည့်အရာများ ပြန်လည်ရရှိမည်။ တစ်ခုထက်ပိုသော အလုပ်ကိစ္စများ ဆောင်ရွက်၍ ထင်ထင်ရှားရှား အောင်မြင်မှုနှင့် အကျိုးခံစားခွင့်ကြုံမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဆုံးဖြတ်ချက်မှားယွင်းတတ်သည်။ တိုင်ပင်ညှိနှိုင်းပြီးလုပ်ကိုင်ပါ။ ရန်အပြိုင်အဆိုင်များမည်။ ထိပ်တိုက်ရင်ဆိုင်ခြင်းများ မပြုနှင့်။ ပရိယာယ်နှင့် အရာရာကိုင်တွယ်သွား၊ တွက်ဆမှုမှားတတ်သည်။ တစ်ပါးသူအားယုံကြည်ပြီး ကိုယ်ရေးကိုယ်တာကိစ္စများ ဖွင့်ဟတိုင်ပင်ခြင်းမပြုသင့်။ လုပ်ငန်းခွင်မှ သူများအဖို့ အလုပ်သမားအဖို့ အလုပ်သမားမမြဲသော ကိစ္စများ ဖြေရှင်းရတတ်သည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

စိတ်အနှောင့်အယှက်များမည်။ စိတ်ရှုပ်ထွေးရမည်။ ပြဿနာဖြစ်တတ်သည်။ ရန်များတတ်သည်။ မိမိအပေါ် အနှောင့်အယှက်ပေးသူများမည်။ ထင်ရာစိုင်းခြင်း၊ တစ်ဇွတ်ထိုးခြင်းများကြောင့်ပြဿနာဖြစ်တတ်သည်။ အကောင်းအဆိုးမျှော်မြင်ခွဲခြားတတ်သည့် စိတ်ဓာတ်ကွယ်ပျောက်သလိုဖြစ်ပြီး ထင်ရာဇွတ်ထိုး၍ အမျိုးမျိုးလုပ်နေမည်။

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012



# ဟောမုဇ်ရေလက်ကြားကို အီရန် ပိတ်ဆို့နိုင်ပါသလား

**ကြည်နေဝင်းမင်း**

အမေရိကန်က အီရတ်စစ်ပွဲကို အဆုံးသတ်လိုက်သည်မှာ မကြာသေး၊ အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲညာသံများ ညံလို့လာပြန်ပါပြီ။ နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အပြည့်အဝပွင့်လင်းမှုမရှိဘဲ အီရန်သည် နျူကလီးယားအစီအစဉ်ကိုစစ်လက်နက်များတွင် အသုံးပြုရန် စီစဉ်နေသည်ဟူသော ထောက်လှမ်းရေးသတင်းများထွက်ပေါ်လာမှုနှင့်အတူ အီရန်အပေါ် အမေရိကန်နှင့် ကုလသမဂ္ဂ၏ ပိတ်ဆို့တားဆီးမှုများ ပိုမိုတင်းကျပ်လာခဲ့သည်။ ယခုနောက်ဆုံး အီရန်အပေါ် ချမှတ်သည့် ပိတ်ဆို့တားဆီးမှုမှာ အီရန်စီးပွားရေး၏အဓိကအသက်ရှူလမ်းကြောင်းဖြစ်သော ရေနံတင်ပို့မှုကိုပိတ်ဆို့ တားဆီးရေးဖြစ်သည်။

စက်မှုလုပ်ငန်းများအတွက် အရေးကြီးသော ရေနံအတွက် အီရန်နှင့် အခြားအာရပ်နိုင်ငံများအပေါ် မှီခိုနေရသော ဥရောပသမဂ္ဂနိုင်ငံများကလည်းတားဆီးပိတ်ဆို့မှုတွင်ပူးပေါင်းပါဝင်ပြီး အီရန်ရေနံတင်သွင်းမှုကို ဖြတ်တောက်မည်၊ ဂျပန်နိုင်ငံကလည်း အီရန်ရေနံတင်သွင်းမှုကို လျှော့ချမည်၊ အိန္ဒိယနိုင်ငံကလည်း ပူးပေါင်းမည်ဟုဆိုလာသောအခါ ဝင်ငွေရပေါက်ရလမ်းအတွက် ရေနံအပေါ်မှီခိုနေရသော အီရန်နိုင်ငံမှာ လှုပ်ခတ်လာသည်။ အီရန်ရေနံကို အမြောက်အမြားဝယ်ယူနေသော တရုတ်နိုင်ငံမှ ခေါင်းဆောင်များပင် အရှေ့အလယ်ပိုင်းမှ အခြားအာရပ်နိုင်ငံများသို့ သွားရောက်၍ စွမ်းအင်နှင့်ရေနံကိစ္စများ ပြောဆိုဆွေးနွေးလာခဲ့ရာ အီရန်နိုင်ငံက ဟောမုဇ်ရေလက်ကြားတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ရင်း ရေလက်ကြားကိုပိတ်ပစ်မည်ဟု ခြိမ်းခြောက်လာခဲ့သည်။

ထို့အတွက် အီရန်သည် ဟောမုဇ်ရေလက်ကြားကို ပိတ်ဆို့နိုင်ပါသလား၊ ပိတ်ဆို့နိုင်သည့်စွမ်းရည်ရှိပါသလားဟူသော မေးခွန်းများပေါ်ထွက်လာသည်။

အတွဲလိုက် ဒုံးကျည်ပစ်စင်များ၊ တိုက်ခိုက်ရေးရေယာဉ်အုပ်စုများနှင့် ရေမြှုပ်မိုင်း အမြောက်အမြားပိုင်ဆိုင်ထားသော အီရန်နိုင်ငံမှာ ဟောမုဇ်ရေလက်ကြား သင်္ဘောဖြတ်သန်းသွားလာမှုကို အနှောင့်အယှက်ပေးနိုင်သော်လည်း ကမ္ဘာ့အရေးပါဆုံး ရေနံလမ်းကြောင်းကို လုံးဝပိတ်ပစ်ရန်မှု မဖြစ်နိုင်ကြောင်း စစ်ဘက်ရေးရာ ဆန်းစစ်လေ့လာသူများက ပြောသည်။ သို့သော် ဤနေရာတွင် အီရန်ခေါင်းဆောင်များအတွက် မေးခွန်းထုတ်ရမည့်အချက်မှာ တန်ဖိုးကြီးကြီးပေးဆပ်ရမည့် အခြေအနေနှင့် တန်ပါ့မလားဆိုသည့်အချက်ဖြစ်သည်။

ရေလက်ကြားအား ပိတ်ဆို့ရန်ကြိုးစားခြင်းသည် ပင်လယ်ကွေ့တွင် တပ်စွဲထားသော အမေရိကန်တပ်ဖွဲ့များက အီရန်နိုင်ငံအပေါ် အင်နှင့်အားနှင့် တုံ့ပြန်မှုရှိလာနိုင်ပြီး အီရန်နိုင်ငံ၏ လက်ကျန်အနည်းငယ်သော နိုင်ငံတကာမဟာမိတ်များကိုလည်း စိမ်းကားသွားစေနိုင်သည်။

အီရန်နိုင်ငံ၏ လေးနက်သောခြိမ်းခြောက်မှုများမှာ ရေနံတင်ပို့မှုများအား ပစ်မှတ်ထားမည့် အမေရိကန်၏ ပိတ်ဆို့တားဆီးမှုများအပေါ် ၎င်းတို့၏ ထိတ်လန့်မှုကို ပြသနေခြင်းလည်းဖြစ်သည်။ အတိတ်က အမေရိကန်နှင့် ကုလသမဂ္ဂ၏ ပိတ်ဆို့တားဆီးမှုများစွာကို အီရန်ခေါင်းဆောင်များက ဂရုမစိုက်သလိုပြောကြားခဲ့ပြီး ပိတ်ဆို့တားဆီးမှုများမှာ ထိရောက်မှုမရှိဟုပင် သရော်ခဲ့သည်။ သို့သော် ရေနံကို နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်ခြင်းမရှိပါက မူလကပင် ဒဏ်ရာဗရပွနှင့် အီရန်စီးပွားရေးမှာ ဇောက်ထိုးမိုးမျှော်ဖြစ်သွားနိုင်စရာရှိသည်။

“ဟောမုဇ်ရေလက်ကြား ရေကြောင်းသွားလာမှုကို အချိန်အတန်ကြာ ပိတ်ဆို့ထားဖို့ဆိုတာတောင် အီရန်အတွက် အလွန့်အလွန်ကိုခက်ခဲပါလိမ့်မယ်။ အီရန်မှာ ရေလက်ကြားကိုထိထိရောက်ရောက်ဖြစ်အောင်ပိတ်ဆို့ထားနိုင်တဲ့စွမ်းရည်မရှိပါဘူး”ဟု ဝါရှင်တန်အခြေစိုက် စစ်ပွဲများကိုလေ့လာရေးအင်စတီကျူးဒ်မှ အကြီးတန်းသုတေသန၊ ခွဲခြမ်းစိတ်ဖြာလေ့လာသူ ဂျွန်နသန်ရှူးကပြောကြားသည်။ အီရန်လုပ်နိုင်သည်မှာ ရေနံတင်သင်္ဘောများအားတားဆီးခြင်းမှနေ ပေါ်ပေါ်ထင်ထင်တိုက်ခိုက်ခြင်း စသည်တို့ဖြစ်ကြောင်း ဂျွန်နသန်နှင့် အခြားလေ့လာသုံးသပ်သူများကပြောကြားသည်။ ရည်မှန်းချက်မှာ ရေနံဈေးကွက်များကို အထိတ်တလန့်ဖြစ်စေပြီး သင်္ဘောလုပ်ငန်းအာမခံနှုန်းထားမြင့်တက်လာစေခြင်းနှင့်အတူ ပိတ်ဆို့တားဆီးမှုများကို အမေရိကန်က အလျှော့ပေးလာသည်အထိ ကမ္ဘာ့ရေနံဈေးနှုန်းများမြင့်တက်လာစေရန် အမေရိကန်ကို ဖိအားပေးရေးဖြစ်သည်။

ဟောမုဇ်ရေလက်ကြားမှာလည်း အီရန်နှင့် အိုမန်နိုင်ငံတို့ကြား အကျဉ်းမြောင်းဆုံးနေရာမှာကီလိုမီတာ ၅၀ သာကွာဝေးရာလွယ်ကူသော ပစ်မှတ်ဟုထင်ရသည်။ ကမ္ဘာ့ရေနံလိုအပ်ချက်၏ ခြောက်ပုံတစ်ပုံကို ပံ့ပိုးပေးသော ရေနံတင်သင်္ဘောများမှာ ယင်းရေလက်ကြားမှ ဖြတ်သန်းရသည်။

အီရန်ကလည်း မကြာသေးမီနှစ်များအတွင်း ၎င်း၏ ရေတပ်အင်အားကို သိသိသာသာ အင်အားတောင့်တင်းအောင် လုပ်ဆောင်ခဲ့သည်။ မြန်နှုန်းမြင့်တိုက်ခိုက်ရေးရေယာဉ်များကို တိုးမြှင့်ခဲ့သလို သင်္ဘောပစ်ဒုံးကျည်များ၊ မိုင်းထောင်သင်္ဘောများကိုလည်း တိုးချဲ့ခဲ့သည်။ မဟာဗျူဟာမြောက်နှင့် နိုင်ငံတကာလေ့လာရေးစင်တာမှ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ အီရန်နိုင်ငံ၏ တော်လှန်ရေးစောင့်ရှောက်မှု အထူးတပ်ဖွဲ့များသည် အင်အားအကောင်းဆုံးရေတပ်၊ တပ်ဖွဲ့ဝင်များကိုပိုင်ဆိုင်ထားပြီး ၎င်းတို့၏အင်အားမှာ ခန့်မှန်းခြေအားဖြင့် နှစ်သောင်းခန့်ရှိကာ ကီလိုမီတာ ၁၂၀ အထိ ပစ်ခတ်နိုင်သည့် စီ-၈၀၂ ဒုံးကျည်များ တပ်ဆင်ထားသည့် တိုက်ခိုက်ရေးရေယာဉ် အနည်းဆုံး ၁၀ စီးပိုင်ဆိုင်ထားသည်ဟု ဆိုသည်။

အီရန်ရေတပ်သည် ရေငုပ်သင်္ဘောသုံးစီးကိုလည်း ပိုင်ဆိုင်ပြီး ဟောမုဇ်ရေလက်ကြားအားအုပ်မိုး၍ မြင်နိုင်သော ၎င်း၏ ကမ်းရိုးတန်းတစ်လျှောက်တွင် ကီလိုမီတာ ၁၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သော ရေယာဉ်ပစ်ဒုံးကျည်အမြောက်အမြားချထားပြီး ယင်းဒုံးကျည်များကို ရွေ့လျားယာဉ်များပေါ်တွင်တပ်ဆင်ထား၍ ပစ်မှတ်ထားတိုက်ခိုက်ရန်ခက်ခဲသည်ဟုဆိုသည်။

အီရန်၏လေတပ်မှာ ယင်းသို့သော အထောက်အပံ့များ မရရှိကြောင်း ဂျွန်နသန်ရှူးက ပြောကြားရင်း ၎င်းတို့၏ ရေတပ်မှာ အမေရိကန်နှင့် ပင်လယ်ကွေ့ အာရပ်နိုင်ငံများအား အထိနာအောင်လုပ်ဆောင်ရာတွင် အကောင်းဆုံးရွေးချယ်စရာဟု အီရန်က သဘောပေါက်ပုံရကြောင်း ပြောသည်။



သို့နှင့်တိုင် ပင်လယ်ကွေ့နိုင်ငံဖြစ်သောဘာရိန်းတွင် အမေရိကန်၏ အမှတ် ၅ ရေတပ်အုပ်စုတပ်စွဲထားခြင်းကိုထည့်တွက်ပါက အီရန်တပ်ဖွဲ့များမှာ ဟောမုဇ်ရေလက်ကြားကို လုံးလုံးလျားလျား ပိတ်ဆို့ပစ်လိုက်ရန် လုံလောက်သည့်အင်အားမရှိပေ။ ဤသို့ဆိုလျှင် ရေလက်ကြား၌ ရေမြှုပ်မိုင်းအမြောက်အမြားထောင်ခြင်းမှာ သီအိုရီအရ အကောင်းဆုံးဖြစ်နိုင်သည်။ သို့သော်လည်း ရေလက်ကြားတွင် ရေစီးနှုန်းမြန်ဆန်ခြင်းမှာအခက်အခဲဖြစ်နိုင်သလို အမေရိကန်နှင့် ၎င်း၏ ပင်လယ်ကွေ့ မဟာမိတ်နိုင်ငံများက ယင်းဒေသ၌ ကျယ်ကျယ်ပြန့်ပြန့် စောင့်ကြည့်လေ့လာရေးစနစ်များ တပ်ဆင်ထားရာ အီရန်အတွက် ရေမြှုပ်မိုင်းထောင်ရေးမှာ ထင်သလောက်မလွယ်ကူပေ။ ယူအေအီးနှင့်ဆော်ဒီအာရေးဗီးယားနိုင်ငံများကလည်းရေမြှုပ်မိုင်းတန်ပြန်စွမ်းရည်များကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ထားပြီးဖြစ်ကြောင်း မစ္စတာဂျွန်နသန်က ပြောသည်။

ထို့အပြင် ဟောမုဇ်ရေလက်ကြားမှာ အီရန်နှင့် အိုမန်နိုင်ငံတို့၏ ရေပိုင်နက်ထဲတွင်ပါဝင်သော်လည်း နိုင်ငံတကာနှင့်သက်ဆိုင်သည့် ရေလက်ကြားဟု မှတ်ယူထားကြရာ လွတ်လွတ်လပ်လပ်ဖြတ်သန်းခွင့်ကို အာမခံရမည်ဖြစ်သည်။ ထို့အတွက် မည်သည့်နိုင်ငံကမဆို ယင်းရေလက်ကြားကို ပိတ်ဆို့လိုက်ပါက နိုင်ငံတကာဥပဒေအရ စစ်ပွဲစတင်ခြင်းလုပ်ရပ်ဟု ရှုမြင်ခံရမည်ဖြစ်သည်။

ဟောမုဇ်ရေလက်ကြားကို ပိတ်ဆို့လိုက်ပါက အီရန်နိုင်ငံ ကိုယ်တိုင်လည်း အခက်တွေ့မည်ဖြစ်သည်။ နိုင်ငံ၏ ၈၀ ရာခိုင်နှုန်း သောဝင်ငွေကို ရှာဖွေပေးနေသည့် ရေနံကို နိုင်ငံခြားသို့ မတင်ပို့နိုင်ရုံမျှမက ၎င်းအတွက် မရှိမဖြစ်လိုအပ်သော ဓာတ်ဆီကိုလည်း တင်သွင်းနိုင်တော့မည် မဟုတ်ပေ။ “ရေလက်ကြားကိုအပြည့်အဝပိတ်ပစ်လိုက်ရင် အီရန်အတွက် အဆိုးဆုံးအခြေအနေဖြစ်ပါလိမ့်မယ်။ ဒါဟာ သူတို့အတွက် နောက်ဆုံးကျည်ဆန်ပါ”ဟု ဆွစ်ဇာလန်နိုင်ငံအခြေစိုက် ရေနံလုပ်ငန်းစောင့်ကြည့်လေ့လာရေးအဖွဲ့ ပက်ထရိုမေးထရစ်မှ အိုလီဗီယာဂျက်ဘ်ကော့ကဆိုသည်။

—*Ref: Iran cant'd blockade Hormuz*

နိုလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသော နိုလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
India Airline
India Airline
MAI



# ကင်ဂျုံအီလ်၏ အငယ်ဆုံးသားကို ဘောဂျင်းတွင် တွေ့ခဲ့ဟုဆို

**ဆိုးလ်၊ ဇန်နဝါရီ - ၁၆**

ကွယ်လွန်သူ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအီလ်၏ အငယ်ဆုံးသားကို ၎င်း၏ ဖခင် ကွယ်လွန်ပြီး တစ်လနီးပါးအကြာတွင် ဘေဂျင်းမြို့တော်၌ တွေ့ခဲ့ရကြောင်း တောင်ကိုရီးယားမီဒီယာများကဖော်ပြခဲ့သည်။

ကင်ဂျုံအီလ်၏ အငယ်ဆုံးသား ကင်ဂျုံနမ်ကို ဘေဂျင်းနိုင်ငံတကာလေဆိပ်တွင် မကာအိုသို့ ပျံသန်းသွားမည့် တရုတ်လေကြောင်းကိုစီးနင်းရန် ထွက်ပေါက်အမှတ် ၃ ၌ စောင့်ဆိုင်းနေစဉ် တောင်ကိုရီးယားခရီးသွားများက သတိထား မြင်တွေ့ခဲ့ခြင်းဖြစ်ကြောင်း ချိုဆန်အီလ်ဘိုသတင်းစာနှင့် ယွန်ဟပ်သတင်းဌာနတို့က ဖော်ပြခဲ့သည်။

ကင်ဂျုံနမ်သည် ၎င်းမည်သူမည်ဝါဖြစ်ကြောင်းကို တောင်ကိုရီးယားခရီးသည်တစ်ဦးဖြစ်သည့် အင်ချွန်တက္ကသိုလ်မှ ပါမောက္ခ ပါ့ခ်ဆောင်ချန်ကို ဝန်ခံအတည်ပြုခဲ့ကြောင်း၊ ၎င်းသည် အများအားဖြင့် တစ်ကိုယ်တည်း ခရီးသွားလေ့ရှိကြောင်းဖြေကြားခဲ့သည်။ ချိုဆန်အီလ်ဘိုသတင်းစာက ဂျုံနမ်သည် ဘေဂျင်းသို့ မကြာခဏသွားရောက်တတ်ပြီး ထိုမြို့တော်တွင် ၎င်း၏ ပထမဇနီးနှင့် ၁၅ နှစ်အရွယ် သားတစ်ဦးဖြစ်သူ ကမ်ဆိုလ်တို့နေထိုင်ကြကြောင်း ဖော်ပြခဲ့သည်။

ကင်ဂျုံနမ်သည် အဓိကအားဖြင့် တရုတ်ပိုင်နက် မကာအိုမြို့တော်တွင် လွန်ခဲ့သည့်နှစ်များစွာကပင် အနေများခဲ့သည်။ ၎င်းသည် ဖခင်ကင်ဂျုံအီလ်၏ အရေးပေးမှုမရခဲ့သလို ပြီးခဲ့သည့် နှစ်ကတိုကျိုရှင်ဘွန်းသတင်းစာနှင့် အင်တာဗျူးတွင်လည်း နိုင်ငံအုပ်ချုပ်မှုကို မျိုးရိုးစဉ်ဆက်လွှဲပြောင်းပေးမှုအပေါ် ဆန့်ကျင် ပြောကြားခဲ့ဖူးသည်။

—*Ref: AFP*

# ယခုနှစ်အတွင်း မလေးရှားသည် ကမ္ဘာ့ထိပ်တန်း ကွန်ဒုံးထုတ်လုပ်သည့် နိုင်ငံဖြစ်လာမည်

**ဘန်ကောက်၊ ဇန်နဝါရီ - ၁၆**

မလေးရှားနိုင်ငံသည် ယခုနှစ်အတွင်း ထိုင်းနိုင်ငံကိုကျော်လွန်ကာ ကမ္ဘာ့ထိပ်တန်း ကွန်ဒုံးထုတ်လုပ်သည့်နိုင်ငံဖြစ်လာမည်ဟု မလေးရှားဘာတင်ပို့မှုမြှင့်တင်ရေးကောင်စီကပြောကြားလိုက်သည်။

ကမ္ဘာ့ထိပ်တန်းရာဘာထုတ်လုပ်သည့် နိုင်ငံဖြစ်သော မလေးရှားနိုင်ငံသည် ယခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံအတွက် ကွန်ဒုံးအနည်းဆုံး တစ်ဘီလီယံခန့် ထုတ်လုပ်နိုင်ကြောင်း ယင်းကောင်စီကဆိုသည်။

ကောင်စီ၏ ဈေးကွက်နှင့် ဖွံ့ဖြိုးရေးဒါရိုက်တာ မစ္စတာလိုယုကီးက "ကျွန်တော်တို့ဟာ ဒီနှစ်ထဲမှာ ကမ္ဘာ့နံပါတ်တစ်ကွန်ဒုံး ထုတ်လုပ်တဲ့နိုင်ငံဖြစ်နိုင်ပါတယ်။ ထိုင်းမှာ ဒီနှစ်ထဲ ရေကြီးခဲ့တာတွေကြောင့်ပါ။ မနှစ်က ထုတ်လုပ်မှုဟာလည်း တစ်ဘီလီယံကျော်ခဲ့တာပါ"ဟု ပြောသည်။

မလေးရှားနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံး ရာဘာထုတ်လုပ်သည့် နိုင်ငံဖြစ်လာပြီး ရာဘာမှ ထုတ်လုပ်သည့်ကွန်ဒုံးတင်ပို့မှုမှ ဝင်ငွေ ရင်းဂစ် သန်း ၃၀၀ (စင်ကာပူဒေါ်လာ ၁၂၄ သန်း)ရရှိခဲ့သည်။

—*Ref: The Star*

# ချမ်းသာသောနိုင်ငံများတွင် မညီမျှမှုများ ကြီးထွားလာ

**နယူးယောက်၊ ဇန်နဝါရီ - ၁၆**



ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါဖြစ်ပွားမှုများ လျော့ကျလာချိန်မှာပင် ချမ်းသာသောနိုင်ငံများတွင် လူမှုရေးမညီမျှမှုများ ကြီးထွားလာနေကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO)အကြီးအကဲ မာဂရက်ချန်းကပြောကြားသည်။

"တချို့ ချမ်းသာတဲ့နိုင်ငံကြီးတွေမှာ မျိုးဆက်ဟောင်းလူကြီးတွေနဲ့ ယနေ့ခေတ်လူငယ်တွေကြား ကွာဟမှုတွေဟာ မှတ်တမ်းတင်ထားသမျှထဲမှာ အကြီးမားဆုံးဖြစ်နေပါတယ်"ဟု WHO ၏ ဘုတ်အဖွဲ့အစည်းအဝေးအဖွင့်တွင် ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စမာဂရက်ချန်းကပြောသည်။

ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံပေါင်းများစွာတွင် လူလတ်တန်းစားများ ဆုံးရှုံးခြင်းကိုမြင်တွေ့ခဲ့ရကြောင်း၊ ယင်းလူလတ်တန်းစားများဆိုသည်မှာ ဒီမိုကရေစီနှင့်စီးပွားရေးကုန်ထုတ်လုပ်မှုများ၏ အခြေခံအုတ်မြစ်များဖြစ်ကြောင်း မစ္စမာဂရက်ချန်းက ဆက်လက်ပြောသည်။ သို့သော်လည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုမူ ဆက်လက်၍ အာရုံစိုက်လုပ်ကိုင်ရမည်ဟု ၎င်းကတိုက်တွန်းပြောဆိုသည်။

မစ္စမာဂရက်ချန်းက ၎င်း၏ မိန့်ခွန်းတွင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(OECD)၏ အစီရင်ခံစာကို ကိုးကားခဲ့ပြီး၊ ချမ်းသာသောနိုင်ငံများတွင် ဝင်ငွေကွာဟမှုမှာ နှစ်ပေါင်း ၂၅ နှစ်အတွင်း အဆိုးရွားဆုံးဖြစ်နေသည်ဟု ဖော်ပြခဲ့ သည်။

—*Ref: AFP*



# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.0 (E 5700) (775) Processor | 51,150 |
| Intel P4 Dual Core 3.0 (E 5800) (775)Processor | 55,275 |
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 167,475 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 245,850 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH61A-P35 (B3) | 81,675 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 65,175 |
| ASUS P8H67MLE (1155) | 94,875 |
| Gigabyte G41MT-S2(775) | 51,150 |
| Gigabyte P61-USB3 (B3) (1155) | 89,925 |
| Gigabyte H61M-S2 (B3) (1155) | 74,250 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston | 19,800 |
| **Harddisk** | |
| 500 GB Seagate SATA | 73,425 |
| 1 TB Seagate SATA | 99,000 |
| 1.5 TB Seagate SATA | 107,250 |
| 2 TB Seagate SATA | 123,750 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 51,150 |
| ASUS EAH 6570 1GB DDR3 PCI Express Card | 72,600 |
| ASUS EHA 6670 1GB DDR5 PCI Express Card | 94,875 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 42,075 |
| Gigabyte ATI Redeon HDR545 HM 1GB PCI Express Card | 46,200 |
| **Memory Stick** | |
| Kingston 8 GB (101) | 7,000 |
| Silicon Power 8 GB(850) | 9,900 |
| Apacer 8 GB (AH-129) | 11,000 |
| SONY 8 GB | 13,500 |
| **UPS** | |
| Numeric (600 VA) UPS | 33,000 |
| Numeric (1000 VA) UPS | 66,000 |
| Power Pro (650 VA) UPS | 34,500 |
| Power Pro (1200 VA) UPS | 63,000 |
| Star (650 VA) UPS LED | 29,230 |
| Star (650 VA) UPS LCD Display | 30,810 |
| SVC (1200VA) UPS | 60,500 |
| East (650 VA) UPS LED | 39,600 |
| East (1.2KVA) UPS | 60,225 |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 22,275 |
| Liteon 8X Blu-ray Disc Combo | 115,500 |
| Liteon DVD Writer (SATA) | 22,275 |
| **အိတ်ဆောင်[illegible]** | 160,000 |

Technoland ဆိုင်မှ ဇန်နဝါရီ(၂၁) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ(၂၁)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၃,၆၅၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၄၅၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၈ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၃,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၂၉၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇန်နဝါရီ (၂၁)ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၁၄,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ(ဗမာ) | ၁ ထုပ် | ၄၀၀-၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၇၀၀-၈၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဇန်နဝါရီ(၂၁)ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၈၀၀-၃,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၅၀၀-၆,၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၁,၈၀၀-၃,၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၂၀၀-၁,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၀၀၀-၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၅၀၀-၃,၃၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၂၀၀-၈,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၇၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၂၇,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၀၀၀- ၁,၆၀၀ |

ဇန်နဝါရီ (၂၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/သ/အ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၁၅၀ |
| ဆပ်ဖ် | ၉၇ | ၆ဂ | ၃၅၀ |
| တိုယိုတာဗင် (CE96) | ၉၀ | ၈က/၉က | ၁၁၀ |
| တိုယိုတာဆလွန်း | ၈၈ | ၃က | ၁၀၀ |
| မတ်တူး | ၉၉ | ၆ဂ | ၃၀၀ စွန်းစွန်း |
| ရွှေငါး(2.5g) | ၂၀၀၂ | ၆ဂ | ၃၅၀ |
| ပါဂျဲရို | ၉၇ | ၆ဂ | ၄၂၀ |

ဇန်နဝါရီ(၂၀)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Jan (15) | Jan (16) | Jan (17) | Jan (18) | Jan (19) | Jan (20) | Jan (21) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ | ၃,၆၀၀ |
| Premier ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |

Environment
7DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

# ထားဝယ်ရေနက်ဆိပ်ကမ်း EIA၊ SIA၊ HIA ပြုလုပ်ရာတွင် မြန်မာပညာရှင်များ ပါဝင်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၃**

နဘုလယ်ဒေသ၏ ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုစီးပွားရေးထိခိုက်မှုနှင့်ကျန်းမာရေးထိခိုက်မှုအစီရင်ခံရန် ထိုင်းနိုင်ငံမှ ကုမ္ပဏီအပြင်မြန်မာနိုင်ငံဘက်မှပညာရှင်များပါဝင်မည်ဖြစ်ကြောင်း ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အထောက်အကူပြုအဖွဲ့ ဉက္ကဋ္ဌဦးတင်မောင်ဆွေက ပြောသည်။

“Third Party ငှားတဲ့အထဲမှာမြန်မာဘက်က ပညာရှင်တွေလည်း ပါပါတယ်။ ဘယ်သူပါမယ်ဆိုတာ မပြောနိုင်သေးဘူး။ ပတ်ဝန်းကျင်ထိန်းသိမ်းနဲ့ သစ်တောရေးရာဝန်ကြီးဌာနကိုတင်ပြထားတယ်။ ကုန်ကျခံမယ့်စရိတ်ကို ထားဝယ်ဖွံ့ဖြိုးရေးကုမ္ပဏီက ကုန်ကျသလောက်ပေးတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ညစ်ညမ်းမှုအစီရင်ခံစာ၊ လူမှုစီးပွားရေးထိခိုက်မှုအစီရင်ခံစာ၊ ကျန်းမာရေးထိခိုက်မှုအစီရင်ခံစာလေ့လာရန် Third Party အဖြစ်ထိုင်းနိုင်ငံမှ Team Consulting Engineering and Management ကုမ္ပဏီကို ငှားရမ်းဆောင်ရွက်ခွင့်ပြုမည့်အပေါ် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင် လေ့လာသူများက သံသယရှိနေကြသည်။

“သူတို့နိုင်ငံက လာလုပ်တော့ ဒီအဖြေက ရလဒ်ကောင်းပဲ ထွက်လာမယ် ကျွန်တော်တို့ထင်တယ်။ ပြည်တွင်းက ဦးအုန်းတို့လို ဦးဝင်းမျိုးသူတို့အပြင် တခြားတတ်သိနားလည်တဲ့ ကျွမ်းကျင် ပညာရှင်တွေပါစေချင်တယ်”ဟု လောကအလင်း အမည်ရှိလူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ကိုင်နေသော အဖွဲ့တွင် သဘာဝပတ်ဝန်းကျင်ရေးရာ ဆောင်ရွက်နေသူ ဦးသန့်ဇင်ကပြောသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု အစီရင်ခံစာ (EIA-Environment Impact Assessment)၊ လူမှုစီးပွားရေးထိခိုက်မှုအစီရင်ခံစာ (SIA-Social Impact Assessment)၊ ကျန်းမာရေးထိခိုက်မှုအစီရင်ခံစာ (HIA-Health Impact Assessment) တို့ကိုလေ့လာရန်အထက်ပါ ထိုင်းကုမ္ပဏီကိုငှားရမ်းခြင်းဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့်အထူးစီးပွားရေးဇုန်အကောင်အထည်ဖော်သည့်နေရာတွင် အထက်ပါအစီရင်ခံစာသုံးခုကို လေ့လာနေကြောင်း ယင်းအဖွဲ့ဉက္ကဋ္ဌ ဦးတင်မောင်ဆွေကပြောသည်။

# ထားဝယ်ရေနက်ဆိပ်ကမ်း လူမှုစီးပွားရေးထိခိုက်မှုအစီရင်ခံစာပြုစုပြီးပါက သတင်းထုတ်ပြန်မည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

ဒေသခံများနှင့် လူမှုရေးအဖွဲ့အစည်းတို့ ပူးပေါင်းလေ့လာထားသော ထားဝယ်ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်ကြောင့် ဖြစ်လာသော (SIA) လူမှုစီးပွားထိခိုက်မှုအစီရင်ခံစာပြီးစီးပါက လူထုအား သတင်းဖြန့်ဝေမည်ဖြစ်ကြောင်း လောကအလင်းလူမှုရေးအဖွဲ့မှ ဦးဇော်ဦးက ပြောသည်။

ခြောက်လကြာ ပြုလုပ်မည်ဖြစ်သော SIA သည် ပြီးစီးရန် တစ်လသာ ကျန်ရှိတော့ကြောင်း၊ ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်မည့် နဘုလယ်ဒေသအတွင်း လူဦးရေနှစ်သောင်းသုံးထောင်ကျော်ကို စစ်တမ်းကောက်မေးမြန်းထားကြောင်း၊ ယင်းအစီရင်ခံစာသည် စာမျက်နှာ ၅၀၀ ကျော် ပါရှိမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

စာ(၄၀) သို့

# ရေတိမ်ဒေသနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲ ကျင်းပမည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၁၉**

‘ကမ္ဘာ့ရေတိမ်ဒေသများနေ့’ အထိမ်းအမှတ်အဖြစ် ရေတိမ်ဒေသနှင့်သက်ဆိုင်သော ဓာတ်ပုံပြပွဲကျင်းပမည်ဖြစ်ရာ ယင်းပြပွဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မည်ဖြစ်ပြီး ယခုလ ၂၇ရက်မှ ၂၉ ရက်ထိ နံနက် ၉ နာရီတွင် တော်ဝင်နှင်းဆီသီရိခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသင်းဉက္ကဋ္ဌဦးစိုးညွန့်ကပြောသည်။

အဆိုပါပြပွဲတွင် ဓာတ်ပုံပညာရှင် ၂၁ ဦး၏ ဓာတ်ပုံပေါင်း ၁၄၀ ကျော်ပြသမည်ဖြစ်ပြီး ‘ရေတိမ်ဒေသများကို ကာကွယ်စောင့်ရှောက်ကြ’ အမည်ရှိ စာအုပ်များကို လာရောက်ကြည့်ရှုသူများအား အခမဲ့ဝေငှပေးမည်ဖြစ်

# မြန်မာနိုင်ငံတွင် ကြံ့များ မျိုးသုဉ်းပျောက်ကွယ်



*မြန်မာနိုင်ငံတွင် ကျက်စားခဲ့သောမှတ်တမ်းရှိခဲ့သည့် ဂျာဗားကြံ့*

**ဓာတ်ပုံ-** cyberdodo.com

**အေးမြကျော်**

**ရန်ကုန်၊ ဇန်နဝါရီ- ၁၈**

မြန်မာနိုင်ငံတွင် ရှားပါးကြံ့မျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု တရားဝင်ထုတ်ပြန်ခြင်းမပြုသော်လည်းသဘာဝတောအတွင်းရှာဖွေတွေ့ရှိခြင်းမရှိတော့သည့်အတွက် မျိုးသုဉ်းသွားပြီဟု ပြောနိုင်ကြောင်း သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

“နောက်ဆုံးသိရတာက ထမံသီမှာတွေ့တယ်ဆိုတာပဲကြားပြီး အဲဒီနောက်မှာ ရှာမတွေ့တော့ပါဘူး”ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံတွင် ဂျာဗားကြံ့နှင့် ဆူမတြားကြံ့တို့ကို တွေ့ရှိခဲ့ရသော အထောက်အထားများနှင့် မှတ်တမ်းများရှိခဲ့သော်လည်း အခုအခါ လုံးဝတွေ့ရှိရခြင်းမရှိတော့ကြောင်း ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းစောင့်ရှောက်ရေးပညာရှင်တစ်ဦးက ပြောကြားသည်။

ကမ္ဘာမှ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာရှင်များ၏အဆိုအရ မျိုးစိတ်ပေါင်းများစွာ ရှိခဲ့သော ကြံ့မျိုးစိပ်ပေါင်းများစွာရှိသည့်အနက်မှာ နောက်ဆုံးလေ့လာတွေ့ရှိ ချက်များအရသိရပြီး မြန်မာနိုင်ငံတွင်ထို ၅ မျိုးထဲမှ ၃ မျိုးတွေ့ရှိခဲ့ရသည်ဟုမှတ်တမ်းများရှိခဲ့ကာယခုအခါတွင်မူလုံးဝပျောက်ကွယ်သွားပြီဟု ပညာရှင်များက ခန့်မှန်းနေကြသည်။

ယခုတစ်ပတ်အတွင်း ပြုလုပ်ခဲ့သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုတွင် ကမ္ဘာ့သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မှ အမေရိကန်ပညာရှင်ရောဘတ်တီဇက်ကလည်း သူ၏ မြန်မာနိုင်ငံတွင်းမှ ဇီဝမျိုးစုံမျိုးကွဲများအကြောင်းရှင်းလင်းပြောကြားရာတွင်လည်းဂျာဗားကြံ့နှင့် ဆူမာတြား ကြံ့တို့ကိုမြန်မာ၌ မျိုးသုဉ်းပျောက်ကွယ်သွားပြီဟု ခန့်မှန်းရကြောင်း သူ၏ တင်ပြချက်တွင် ထည့်သွင်းပြောကြားသွားသည်။


မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့ရသော ကြံ့မျိုးစိတ်များမှာ အိန္ဒိယကြံ့၊ ဂျာဗားကြံ့နှင့် ဆူမတြားကြံ့တို့ဖြစ်ကြောင်း ဘီဘီစီသတင်းဌာန၏သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစိတ်မှတ်တမ်းဖော်ပြချက်များအရ သိရသည်။ အိန္ဒိယ ကြံ့မျိုးစိတ်များမှာ ယခင်တွေ့ရှိချက်များအရအိန္ဒိယနိုင်ငံမြောက်ဘက်ခြမ်းဒေသဖြစ်သော ပါကစ္စတန်နိုင်ငံမှမြန်မာနိုင်ငံအထိရှာဖွေတွေ့ခဲ့ပြီး ယခုအခါ အိန္ဒိယနှင့် နီပေါနိုင်ငံတို့တွင်သာ အကောင်ရေအနည်းငယ်မျှ ကျန်ရှိတော့သည်။

ဂျာဗား ကြံ့မျိုးစိတ်များမှာလည်း ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊လာအို၊မလေးကျွန်းဆွယ်နှင့် ဆူမတြားဒေသတို့တွင် တွေ့ရှိခဲ့ဖူးပြီးယခုအခါထိုနေရာအားလုံးထဲမှ နှစ်နေရာတွင်သာ တွေ့ရှိရတော့ပြီး အကောင်ရေမှာလည်း စိုးရိမ်ဖွယ်ရာလျော့ကျလျှက်ရှိကြောင်း လေ့လာတွေ့ရှိချက်များကိုကိုးကား၍ ဘီဘီစီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။

ဆူမတြားကြံ့များမှာ မြန်မာနိုင်ငံတွင်းရှိဒေသအချို့တွင်ကျက်စားဖူးကြောင်းမှတ်တမ်းများရှိခဲ့ဖူးပြီး ယခုအခါ တစ်ကမ္ဘာလုံးတွင် အကောင်ရေ ၃၀၀ အောက်ပင်လျော့နည်းလျက်ရှိကြောင်းပညာရှင်များက ခန့်မှန်းထားကြပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးသော အဆင့်ထက်ပင်ကျော်လွန်နေပြီဖြစ်ကြောင်း နိုင်ငံတကာဇီဝမျိုးစုံထိန်းသိမ်းရေးအဖွဲ့များမှထုတ်ပြန်ပြောကြားထားသည်။

ကြံ့များသည် ယင်းတို့၏ ဦးချိုများကြောင့် ကမ္ဘာတစ်ဝန်းတွင် ဖမ်းဆီးသတ်ဖြတ်ခြင်းခံရပြီး ဦးချိုများမှာ တိုင်းရင်းဆေးဝါးများဖော်စပ်ရန် ဈေးကောင်းပေးဝယ်ယူသဖြင့် ကြံ့ဦးချိုရရှိရန် ဖမ်းဆီးသတ်ဖြတ်နှုန်းမှာ မြင့်မားလျက်ရှိသည်။

ကမ္ဘာ့ကြံ့အကောင်ရေမှာစိုးရိမ်ဖွယ်ကောင်းအောင် ကျဆင်းနေပြီးကမ္ဘာတွင်လုံးဝပျောက်ကွယ်သွားမည်ကိုပင်စိုးရိမ်ရကြောင်း ပညာရှင်များက သုံးသပ်ထားကြသည်။






# Tourism

7DAY NEWS JOURNAL

Vol.10, No.45 • JANUARY 26, 2012


## ကုန်သည်ကြီးများဟိုတယ်တွင် ငါးမန်းတောင်ဟင်းချိုရောင်းချခြင်းရပ်ဆိုင်း

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်(Traders Hotel)က ငါးမန်းတောင်ဟင်းချိုရောင်းချခြင်းကို ဇန်နဝါရီ ၁၉ ရက်မှစ၍ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အဆိုပါဟိုတယ်လူထုဆက်သွယ်ရေးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုကဲ့သို့ ရပ်ဆိုင်းခြင်းမှာ ရှန်ဂရီလာဟိုတယ်အုပ်စုပိုင် ဟိုတယ်အားလုံးတွင် ရပ်ဆိုင်းခြင်းကြောင့် ရန်ကုန်မြို့ရှိ ရှန်ဂရီလာဟိုတယ်အုပ်စုဝင်ဖြစ်သော ကုန်သည်ကြီးများဟိုတယ်ပါ ရပ်ဆိုင်းခြင်းဖြစ်သည်ဟု အဆိုပါတာဝန်ရှိသူကဆိုသည်။



*ပြည်ပဟိုတယ်ကြီးတစ်ခုတွင် တည်ခင်းရောင်းချသည့် ငါးမန်းတောင်ဟင်းချိုအပြင်အဆင်*

**ဓာတ်ပုံ -** whitemike.org

ကမ္ဘာတွင် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသောငါးမန်းများအား ကာကွယ်စောင့်ရှောက်ရေးလှုံ့ဆော်မှုတစ်ရပ်အနေဖြင့်မိမိတို့ဟိုတယ်များ၌ ငါးမန်းတောင်ဟင်းချိုရောင်းချမှုကို ချက်ချင်းရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဟောင်ကောင်အခြေစိုက် ရှန်ဂရီလာဟိုတယ်က သတင်းထုတ်ပြန်ထားသည်။သုတေသနစာတမ်းတစ်ခုအရမြန်မာ့ပင်လယ်ပြင်တွင် ငါးမန်းဖမ်းယူရရှိမှုမှာ လွန်ခဲ့သောအနှစ် ၂၀ နှင့်နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံခန့်သာ လျော့နည်းသွားကြောင်းမြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်းအရာရှိ ဦးနှင်းဦးက ပြောသည်။ ရှန်ဂရီလာဟိုတယ်အုပ်စုသည် ကမ္ဘာတစ်ဝန်း၌ ဟိုတယ် ၇၂ လုံးဖွင့်လှစ်လုပ်ကိုင်လျက်ရှိသည်။

## ငွေဆောင်တွင် အနိုပ်ခန်းများလာ

**အောင်သူရ**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

ငွေဆောင်ကမ်းခြေ ငွေဆောင်ရွာလယ်တွင် ယခုနှစ် ခရီးသွားရာသီမှစ၍ အနှိပ်ခန်းဖွင့်လှစ်လုပ်ကိုင်မှုများပြားလာကြောင်း ငွေဆောင်ဒေသခံများက ပြောသည်။

ငွေဆောင်ရွာ၏ အဓိက လမ်းမကြီးဖြစ်သော ငွေဆောင်ရွာမလမ်းပေါ်တွင် အနှိပ်ခန်းငါးခန်းအထိ ဖွင့်လှစ်လုပ်ကိုင်နေပြီး အနှိပ်ခန်းသုံးခုမှာ ကပ်လျက်တည်ရှိနေကြောင်း ဒေသခံများကဆိုသည်။

"ရွာလယ်ကြီးမှာဆိုတော့ အမြင်မတော်ဘူးပေါ့။ တော်တော် သရုပ်ပျက်ပါတယ်။ တရှန်းရှန်းနဲ့"ဟု ငွေဆောင်ဒေသခံ ရပ်မိရပ်ဖတစ်ဦးကပြောသည်။

ယခင်နှစ်များက အနှိပ်ခန်းများရှိသော်လည်း ယခုကဲ့သို့ သရုပ်ပျက်မှုမရှိကြောင်းနှင့် ယခုနှစ်တွင် အနှိပ်ခန်းဖွင့်လှစ်သော ဆိုင်ငါးခုထိတိုးလာကြောင်း သတင်းရရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားသား ဧည့်သည်ဝင်ရောက်မှုမှာ ပြီးခဲ့သည့်နှစ်ကထက်များပြားနေပြီး ပြည်တွင်းဧည့်သည် ဝင်ရောက်မှုမှာ လျော့နည်းကြောင်း ဒေသခံဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

## အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲ ကားအစီး ၅၀ ခန့်ပါဝင်ယှဉ်ပြိုင်မည်

**စိုင်းသာအောင်**

**မန္တလေး၊ ဇန်နဝါရီ - ၁၈**

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် အိန္ဒိယအရှေ့မြောက်ပြည်နယ် နိုင်ငံတကာ စက်မှုကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ပထမအကြိမ် နှစ်နိုင်ငံခရီးရှည် ကားမောင်းပြိုင်ပွဲတွင် ကားအစီး ၅၀ ခန့်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဘဏ္ဍာရေးမှူးဦးကျော်ဝင်း(သစ္စာစေတနာ)က ပြောသည်။

ဇန်နဝါရီ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ အာသံပြည်နယ် ဂိုဟာဒီမြို့မှ စတင်ကာ ကိုဟီးမား၊ အင်ဖာမြို့များကိုဖြတ်ကာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှ တစ်ဆင့် မုံရွာ-ကလေးဝ-ယာကြီးလမ်းမှ မုံရွာမြို့၊ စစ်ကိုင်းမြို့ကိုဖြတ်ပြီး မန္တလေးမြို့သို့ ရောက်ရှိညအိပ်ရပ်နားမည်ဖြစ်သည်။ မန္တလေးမြို့မှတစ်ဆင့် ရန် ကုန်-မန္တလေးလမ်းမကြီးအတိုင်း နေပြည်တော်၊ ရန်ကုန်မြို့တို့ကိုဖြတ်ကာ ပြည်၊ ပုဂံနှင့်ကလေးမြို့မှ အိန္ဒိယနိုင်ငံ ဂိုဟာဒီမြို့သို့ပန်းဝင်မည်ဖြစ်သည်။ အဆိုပါကားပြိုင်ပွဲသည် မိုင်ပေါင်း ၃,၀၀၀ ခန့်ရှည်လျားပြီး အိန္ဒိယ၊ မြန်မာနိုင်ငံတို့မှ ကားစီးရေ ၅၀ ခန့်၊ ယာဉ်မောင်း ၂၀၀ ခန့်ပါဝင်မည်ဖြစ်ကြောင်းတရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

## PHOTO NEWS

ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင်
ကျင်းပပြုလုပ်သည့်
နှစ်(၆၀) ပြည့်
ကယားဒေး(ခေါ်)ကယားပြည်နယ်နေ့
အခမ်းအနားကျင်းပခဲ့ရာ
မီးပုံးပွဲတစ်ခုတွင်
ဒေသခံတိုင်းရင်းသားများနှင့်အတူ
ပါဝင်ကခုန်နေသော
ကမ္ဘာလှည့်ခရီးသည်တစ်ဦးကို
ဇန်နဝါရီ(၁၄)ရက်က တွေ့ရစဉ်

ဓာတ်ပုံ - နေလင်းအောင်






7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## The Cartoon












7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# နှစ်နိုင်ငံနယ်စပ်အရေး ပူးပေါင်းလုပ်ဆောင်ရန် အိန္ဒိယနှင့် တရုတ်သဘောတူ

**နယူးဒေလီ၊ ဇန်နဝါရီ - ၁၈**
နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေး၊ တည်ငြိမ်ရေးနှင့်ဆက်စပ်သည့် အရေးတကြီးကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် နယ်စပ်စီမံခန့်ခွဲရေး အလုပ်လုပ်နိုင်သည့် ယန္တရားတစ်ရပ်ထူထောင်ရန် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သဘောတူညီခဲ့ကြသည်။

ယင်းသို့ နယ်စပ်အရေး အလုပ်လုပ်နိုင်မည့် စနစ်တစ်ရပ် ထူထောင်ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က စတင်ပြောဆိုခဲ့ခြင်းဖြစ်ပြီး နယ်စပ်အရေးကိစ္စ နှစ်ဖက်အထူးကိုယ်စားလှယ်များ၏ (၁၅) ကြိမ်မြောက်အစည်းအဝေး နယူးဒေလီမြို့၌ အဆုံးသတ်ချိန်တွင် ယခုသဘောတူညီချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးကို အိန္ဒိယနိုင်ငံမှ အမျိုးသားလုံခြုံရေးအကြံပေး ရှစ် ရှန်ကာမီနွန်က ဦးဆောင်ခဲ့ပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ကောင်စီဝင် ဒိုင်ဘင်ဂေါင်းက ဦးဆောင်ခဲ့သည်။

သဘောတူညီချက် အား တရုတ်နိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး အက်စ်ဂျိုင်ရှန်ကာနှင့် တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျူဇန်မင်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ အထက်ပါ နယ်စပ်ရေးရာအဖွဲ့သည် နယ်စပ်ဒေသ နှစ်ဖက်စလုံးမှ အဖွဲ့အစည်းအများနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် သွားလာလည်ပတ်မှုများပြုလုပ်နိုင်ရန် ယင်းကို အားကောင်းလာစေမည့် နည်းလမ်းများ ရှာဖွေသွားမည်ဖြစ်ကြောင်းသိရသည်။

*—Ref: The Hindu*






# အပြောင်းအလဲများလုပ်ထားသော ထိုင်းဝန်ကြီးအဖွဲ့စာရင်းကို ဘုရင့်ထံ တင်သွင်း

**ဘန်ကောက်၊ ဇန်နဝါရီ - ၁၇**
ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝါထရာသည် ဝန်ကြီးနေရာ အပြောင်းအလဲများစွာပါဝင်သော ဝန်ကြီးအဖွဲ့သစ်စာရင်းကို ဘုရင့်ထံ တင်သွင်းခဲ့ကြောင်း အစိုးရပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။

အာဏာရဖြူထိုင်းပါတီမှ သတင်းရင်းမြစ်တစ်ခု၏ အဆိုအရ အပြောင်းအလဲလုပ်ထားသည့်ဝန်ကြီးအဖွဲ့သစ်တွင် နေရာ ၁၆ နေရာ ပါဝင်ပြီး အချို့ဝန်ကြီးများကို အစားထိုးကာ အချို့မှာ ရာထူးနေရာသစ်များသို့ ပြောင်းရွှေ့တာဝန်ယူမည်ဟုသိရသည်။

ထိုင်းလက်ထောက်ဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးဝန်ကြီး ကစ်တီရတ်နာရာနောင်ကလည်း ဝန်ကြီးအဖွဲ့နှင့်ပတ်သက်သည့်သတင်းများကိုမီဒီယာများတွင် ဖော်ပြနေမှုမှာ ၉၀ ရာခိုင်နှုန်း မှန်ကန်ကြောင်း ဆိုသည်။ *—Ref: Xinhua*

# ဆန်ရောင်းရန် ထိုင်းဝန်ကြီးချုပ် ဖိလစ်ပိုင်သို့ ခရီးထွက်မည်


Photo - Reuters

**ဘန်ကောက်၊ ဇန်နဝါရီ - ၁၇**
ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝါထရာသည် ဖိလစ်ပိုင်နိုင်ငံသို့ တရားဝင်အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း အစိုးရပြောခွင့်ရ အမျိုးသမီးကပြောသည်။

ခရီးစဉ်အတွင်း မစ္စယင်လပ်ခ်သည် ဖိလစ်ပိုင်သမ္မတနှင့်အတူ ဆန်စပါးကုန်သွယ်ရေးကိစ္စကို အဓိကဆွေးနွေးမည်ဟုသိရသည်။ ဖိလစ်ပိုင်နိုင်ငံသည် အစောပိုင်းက ဆန်တန်ချိန် ၁ ဒသမ ၅ သန်း ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားခဲ့သည်။

သို့သော် ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်း ဆန်လိုအပ်ချက်မှာ နှစ်စဉ် တန်ချိန် ၂ ဒသမ ၄ သန်းခန့်ရှိရာ ထိုင်းနိုင်ငံမှ ဆန်တင်ပို့မှုကို လိုအပ်နေခြင်းဖြစ်သည်။ *—Ref: Xinhua*



## Leader's Profile

## ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး(UNCTAD)အတွင်းရေးမှူးချုပ်

# ဆူပါချိုင်းပါနစ်ပက်ဒီ

ရဲမင်း

မစ္စတာဆူပါချိုင်းပါနစ်ပက်ဒီသည် ထိုင်းနိုင်ငံသားဖြစ်ပြီး ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့် (UNCTAD)၏ လက်ရှိအတွင်းရေးမှူးချုပ်ဖြစ်သည်။ ယင်းမတိုင်မီတွင် မစ္စတာ ဆူပါချိုင်းသည် ၂၀၀၂ မှ ၂၀၀၅ ခုနှစ်အထိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ ဆူပါချိုင်းအား ၁၉၄၆ ခုနှစ် မေ ၃၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မွေးဖွားခဲ့သည်။ အခြေခံပညာရေးကို ထိုင်းနိုင်ငံမှာပင်သင်ယူခဲ့ပြီး ၁၉၆၃ မှ ၁၉၇၃ ခုနှစ်အတွင်း Bank of Thailand မှ ပညာတော်သင်ဆုဖြင့် နယ်သာလန်နိုင်ငံ စီးပွားရေးပညာရပ်ကျောင်း (ယခုအခါ Erasmus University) မှ စီးပွားရေးပညာနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံခြင်း အထူးပြုဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိခဲ့သည်။ ယင်းဘာသာရပ်အထူးပြုဖြင့်ပင် ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ဒေါက်တာဘွဲ့အတွက် မစ္စတာဆူပါချိုင်းအား ကြီးကြပ်သူ ပါမောက္ခမှာ စီးပွားရေးပညာ ပထမဆုံးနိုဗယ်ဆုရရှိသူ ပါမောက္ခ ဂျန်တင်ဘာဂျန်ဖြစ်သည်။ ဒေါက်တာဘွဲ့ရသည့်နှစ်မှာပင် ကန်းဘရစ်ချ်တက္ကသိုလ်သို့ ဧည့်ပညာရှင်အဖြစ် သွားရောက်၍ သုတေသနလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ၎င်း၏ဒေါက်တာဘွဲ့စာတမ်းအား နောက်ပိုင်းတွင် Educational Planning and Growth in Developing Countries ဟူသောအမည်ဖြင့် ရော့တာဒမ်ပုံနှိပ်စက်ကထုတ်ဝေခဲ့ပြီး ဥရောပတက္ကသိုလ်များတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည်။

ဒေါက်တာဘွဲ့ရရှိပြီးနောက် မစ္စတာ ဆူပါချိုင်းသည် ထိုင်းနိုင်ငံသို့ပြန်လာပြီး ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ Bank of Thailand တွင်လုပ်ကိုင်ခဲ့သည်။ မစ္စတာ ဆူပါချိုင်းသည် ယင်းနှစ်မှာပင် ၎င်း၏ ဘဏ္ဍာရေးအတွေ့အကြုံနောက်ခံကောင်းများကြောင့် ဒုတိယ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ် ခံရသည်။ ပါလီမန်အား ၁၉၈၈ ခုနှစ်တွင် ဖျက်သိမ်းခဲ့ရာ မစ္စတာ ဆူပါချိုင်းသည် ထိုင်းစစ်ဘက် ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဆူပါချိုင်းသည် ၁၉၉၂ ခုနှစ်တွင်နိုင်ငံရေးလောကသို့ပြန်လည်ဝင်ရောက်ခဲ့ပြီး ၁၉၉၅ ခုနှစ်အထိ ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်းတွင် ဒုတိယဝန်ကြီးချုပ်တာဝန်ကို ထပ်မံထမ်းဆောင်ခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ယူခဲ့သည်။

၁၉၉၉ စက်တင်ဘာလတွင် မစ္စတာဆူပါချိုင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ညွှန်ကြားရေးမှူးချုပ်အဖြစ် ရွေးချယ်ခံရသည်။ ယင်းနေရာအတွက် ရွေးချယ်ထားသူနှစ်ဦးဖြစ်နေခဲ့ရာ ၎င်း၏ ပြိုင်ဘက် မစ္စတာမိုက်မိုးက ယင်းရာထူး ခြောက်နှစ်သက်တမ်း၏ ပထမ သုံးနှစ်ကို တာဝန်ယူခဲ့ပြီး မစ္စတာဆူပါချိုင်းက ဒုတိယ သုံးနှစ်သက်တမ်းအတွက် ၂၀၀၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာဆူပါချိုင်းမှာ ၂၀၀၅ ခုနှစ်မတ်လတွင် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(UNCTAD)၏ အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရပြီး ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် ဒုတိယ လေးနှစ်သက်တမ်းအတွက် ထပ်မံရွေးချယ်ခံရသည်။

မစ္စတာဆူပါချိုင်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး ဇနီးသည် မစ္စတာ ဆာဆိုင်းနှင့်အတူ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့သည်။

—*Ref: Wikipedia*

### နောက်ကျောဖုံး - ဂရိ ကြွေးမြီပြဿနာ ယူရိုဇုန်ဝန်ကြီးများ ဆုံးဖြတ်မည် မှ

ဂရိကြွေးမြီအား ပြန်လည်ပြင်ဆင်ခြင်းမှာ ဂရိနိုင်ငံအနေဖြင့် ရေရှည်တွင် ကြွေးမြီပြန်ဆပ်နိုင်စေမည့် လမ်းကြောင်းပေါ်ရောက်ရှိမည်ဖြစ်ပြီး ယူရိုငွေကြေးသုံးစွဲသည့် ယူရိုဇုန်အုပ်စုကိုပါ ထိခိုက်လာနိုင်သည့် ကြွေးမြီပျက်ကွက်မည့်အခြေအနေကို ရှောင်လွှဲနိုင်မည်ဖြစ် သည်။

အကြိမ်များစွာ ဆွေးနွေးမှုများရှိခဲ့ပြီးနောက် ဂရိနှင့် ပုဂ္ဂလိကကုမ္ပဏီကြွေးရှင်များသည် ဂရိနိုင်ငံ၏ ငွေတိုက်စာချုပ်များအပေါ် ၆၀ မှ ၇၀ ရာခိုင်နှုန်းအထိ အရှုံးခံသွားရန် သဘောတူညီမှုနီးစပ်လာပြီဖြစ်သော်လည်း အသေးစိတ်အချက်အလက်များကို မဖြေရှင်းနိုင်သေးပေ။

လောလောဆယ်တွင် နိုင်ငံ့ဂျီဒီပီ၏ ၁၆၀ ရာခိုင်နှုန်းအထိ ရောက်ရှိနေသော ဂရိကြွေးမြီများအား ၂၀၂၀ ပြည့်နှစ်တွင် ရေရှည်၌ လုပ်သာလှည့်သာရှိသော ၁၂၀ ရာခိုင်နှုန်းအထိ လျှော့ချသွားနိုင်ရန် ရည်မှန်းထားကြသည်။

"ကျွန်မတို့ လမ်းဆုံလမ်းခွရောက်နေပါတယ်။ ဒါပေမဲ့ အကောင်းဘက်က မျှော်လင့်ထားပါတယ်"ဟု ဂရိကြွေးမြီများ လက်ဝယ်ကိုင်ထားသည် ဘဏ်များနှင့် အာမခံကုမ္ပဏီများကိုယ်စား ညှိနှိုင်းပေးနေသော နိုင်ငံတကာဘဏ္ဍာရေးအင်စတီကျုဒ်အကြီးအကဲ ချားလ်စ်ဒါလာရာက ပြောကြားသည်။

—*Ref:Reuters*

### နောက်ကျောဖုံး - ဆီးရီးယားပြဿနာကို ယီမင်ပုံစံဖြင့် ဖြေရှင်းမည့်အစီအစဉ် အာရပ်အဖွဲ့ချုပ်ဖော်ထုတ် မှ

ဆီးရီးယား အတိုက်အခံအဖွဲ့ဖြစ်သော ဆီးရီးယား အမျိုးသားကောင်စီ ခေါင်းဆောင် ဘာဟန်ဂါယန်က အာရပ်အဖွဲ့ချုပ်ကြီး၏ အစီအစဉ်ကိုမူအားဖြင့် လက်ခံကြောင်းပြောကြားသည်။ သို့သော် သဘောတူညီမှုစာတမ်းကို အသေးစိတ်လေ့လာရန် လိုအပ်ဦးမည်ဖြစ်ကြောင်း ပြောသည်။

အာရပ်အဖွဲ့ချုပ်၏ အစီအစဉ်အရ အမျိုးသားညီညွတ်ရေး အစိုးရသည် ဒီမိုကရေစီနည်းလမ်းကျနိုင်ငံရေးစနစ် ထူထောင်ခြင်းကို ၎င်းတို့၏ ရည်မှန်းချက်အဖြစ်ထားရှိပြီး ခြောက်လအတွင်း ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲများကျင်းပ၍ ယင်းရွေးကောက်ပွဲသို့ အာရပ်အဖွဲ့ချုပ်မှ လေ့လာသူများ တက်ရောက်ခွင့်ရရှိမည်ဖြစ် သည်။

—*Ref:R/A Novosti*

### နောက်ကျောဖုံး - အမေရိကန်လေယာဉ်တင်သင်္ဘော ပင်လယ်ကွေ့ထဲ ဝင်ရောက်လာ မှ



အရေးယူသွားမည်ဟု အီရန်စစ်ဘက်အကြီးအကဲ အတာအိုလာ ဆာလီဟီက ခြိမ်းခြောက်ခဲ့သည်။

ယင်းခြိမ်းခြောက်မှုကြောင့် နှစ်ဖက်စလုံးမှ စကားအချီအချ တိုက်ပွဲများ မြင့်တက်လာခဲ့ရာ ရေနံဈေးကွက်များ ထိခိုက်ခဲ့ပြီး အီရန်နှင့် အမေရိကန်နိုင်ငံကြား စစ်ရေးထိပ်တိုက်ရင်ဆိုင်မှု မြင်တွေ့ရတော့မည်လားဟူသော စိုးရိမ်မှုများကြီးထွားလာခဲ့သည်။

ကမ္ဘာ့ရေနံတင်သင်္ဘောများအတွက် အရေးအကြီးဆုံးလမ်းကြောင်းကို ပိတ်ပစ်မည်ဟု အီရန်နိုင်ငံကခြိမ်းခြောက်ခဲ့ပြီး ယင်းသို့ ပိတ်ပစ်ခဲ့ပါက ဝါရှင်တန်က တုံ့ပြန်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့သည်။

သို့သော် ယခုအခါ အီရန်နိုင်ငံသည် အစောပိုင်း သတိပေးခြိမ်းခြောက်မှုများကို အလျှော့ပေးလာပုံရသည်။ အမေရိကန်စစ်သင်္ဘောများ ပင်လယ်ကွေ့သို့ပြန်လာခြင်းမှာ ပုံမှန်သာဖြစ်ပြီး ပင်လယ်ကွေ့တွင် အမြဲတမ်းတပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ခြင်းမဟုတ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့များ ဒုတိယတပ်မှူးချုပ် ဟိုစိန်ဆာလာမီက ဇန်နဝါရီ ၂၃ ရက် တွင် IRNA သတင်းဌာနအားပြောကြားခဲ့သည်။

—*Ref:Reuters*

### နောက်ကျောဖုံး - အီရန်ရေနံ ပိတ်ဆို့တားဆီးရန် အီးယူ အဆင်သင့်ဖြစ် မှ

အီရန်သည် နျူကလီးယားဗုံးပြုလုပ်နိုင်ရန် ခါတိုင်းထက် ပို၍ နီးစပ်လာပြီဟု နိုင်ငံတကာ အဏုမြူအေဂျင်စီအဖွဲ့(IAEA)၏ အစီရင်ခံစာထွက်ပေါ်လာပြီးနောက် အီရန်အပေါ် အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများဖြစ်ပေါ်လာခြင်းဖြစ်သည်။

အီးယူဝန်ကြီးများ အစည်းအဝေးမှာ အမေရိကန်လေယာဉ်တင်သင်္ဘော USS Abraham Linicoln ဟောမုဇ်ရေလက်ကြားအားကျော်ဖြတ်၍ ပင်လယ်ကွေ့အတွင်း ဝင်ရောက်လာပြီဖြစ်ကြောင်း အမေရိကန်၏ ကြေညာချက် ထွက်ပေါ်ပြီးနောက်ပိုင်း ထပ်ချပ်မကွာဖြစ်ပေါ်လာခြင်းဖြစ် သည်။ ယင်းမတိုင်မီက တီဟီရန်က ယင်းရေလက်ကြားအား ပိတ်ပစ်မည်ဟု ခြိမ်းခြောက်မှုများ ရှိခဲ့သည်။

—*Ref:AFP*

**စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သော LED မီးဆိုင်းဘုတ် အပိုပစ္စည်း အမျိုးမျိုးဖြန့်ချိရေး**

စင်ကာပူနိုင်ငံမှတင်သွင်းသော အမေရိကန်နည်းပညာသုံး (NA) အမှတ်တံဆိပ် အပိုပစ္စည်းများ (IC ပြားနှစ်ထပ်ပါဝင်ခြင်း၊ အာမခံသက်တမ်းတိုးပေးနိုင်ခြင်း၊ မီးလုံးများမှ Error မလိုက်ခြင်း)
တရုတ်နိုင်ငံမှ LED အပိုပစ္စည်းအမျိုးမျိုးလည်း ရရှိနိုင်ပါသည်။ (ဈေးနှုန်းအထူးချိုသာစေရပါမည်။)
အလင်းရောင်တောက်ပသော အလှဆင် ၇ ရောင်ပြောင်း LED မီးသီးများ၊ မီးချောင်းများ ရရှိနိုင်ပါသည်။
Full Color (TV System) သုံး LED ကြော်ငြာဆိုင်းဘုတ်ကြီးများနှင့်အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ဆိုင်းဘုတ်အမျိုးအစား အစွယ်စုံကို ရရှိနိုင်ပါသည်။

**ယနေ့လူကြိုက်များ ခေတ်စားနေသော ကွန်ပျူတာ LED မီးဆိုင်းဘုတ် များအတွက် သင်တန်းကြေးလုံးဝမလိုပါ**

- LED မီးဆိုင်းဘုတ် လုပ်ငန်းတည်ထောင်လိုသူများအတွက် တပ်ဆင်ထုတ်လုပ်ပုံနှင့် စာသားသွင်းခြင်း၊ ကုန်ချောထုတ်သည်အထိ (မတတ်မချင်း) သင်ကြားပေးပါမည်။
- လှုပ်ရှားမှုရုပ်ပုံများထည့်သွင်းခြင်း (Animation)၊ အမှတ်တံဆိပ် လိုဂိုများ ထည့်သွင်းခြင်း၊ နေ့ / ရက် အမှုမှိန်များ ထည့်သွင်းခြင်း၊ မိနစ်နှင့်အမျှ ပြောင်းလဲနေသော သတင်းအချက်အလက်များ ထည့်သွင်းဖော်ပြခြင်းနှင့် ဈေးနှုန်းစာရင်းများဖော်ပြခြင်း။
- ရပ်ဝေးမိတ်ဆွေများအတွက် အချိန်သက်သာစေရန် (၅ ရက်အတွင်း) သင်ကြားပေးပါမည်။
- ကွန်ပျူတာကျွမ်းကျင်စရာမလိုပါ။

**သန်းဦး နှင့် သားများ** (AGH) **FAMOUS LED**
ဆိုင်(၁) အမှတ် (၁၇/၁)၊ ၃၅ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ မန္တလေးမြို့
ဆိုင်(၂) အမှတ် (ဧအ ၁)၊ ၃၂ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ မန္တလေးမြို့
ဆိုင်(၃) အမှတ် (၂၁ (ဧအ))၊ ၈၈ လမ်း ကန်တော်ကလေး(အနောက်)မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
PH Hotline : 02 9100 48 58, 09 20 55 960,09 20 16 954
PH Hotline : 09 7310 2928, 09 50 25 910, 09 730 33188




# ငတ်မွတ်မှုပြဿနာကို လူတိုင်း ပူးပေါင်းလုပ်ဆောင်မှသာ ဖြေရှင်းနိုင်ပါမယ်

## ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့အကြီးအကဲသစ် ဟိုဆေးဂရာဇီယာနိုဒါဆေးလ်ဗားနှင့်တွေ့ဆုံခြင်း

**ကျော်မျိုး**

ဘရာဇီးနိုင်ငံသား ဟိုဆေး ဂရာဇီယာနိုဒါဆေးလ်ဗား (၆၂ နှစ်)ဟာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)ရဲ့ အကြီးအကဲအဖြစ် တာဝန်ယူခဲ့တာမကြာသေးပါဘူး။ ၎င်းဟာပြီးခဲ့တဲ့ဇန်နဝါရီ ၁ ရက်ကစလို့ အဖွဲ့ရဲ့ အထွေထွေညွှန်ကြားရေးမှူးတာဝန်ကို လာမယ့် ၂၀၁၅ ဇူလိုင်အထိ ထမ်းဆောင်ရမှာပါ။ ၎င်းဟာ အမေရိကန်မှာ မွေးဖွားသူ ဘရာဇီးပညာရှင်ဖြစ်ကာ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားလက်ထက်မှာလည်း စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အခုလို အက်ဖ်အေအိုရဲ့ ပူပူနွေးနွေးအကြီးအကဲသစ်နဲ့ အင်တာဗျူးကို ပြန်လည်ကောက်နုတ်တင်ဆက်လိုက်ပါတယ်။

**မစ္စတာဒါဆေးလ်ဗားခင်ဗျာ အက်ဖ်အေအိုရဲ့ အကြီးအကဲသစ်တစ်ဦးအနေနဲ့ လူကြီးမင်းရဲ့ အဓိကပန်းတိုင်ဟာ ငတ်မွတ်ခေါင်းပါးမှုအမြစ်ပြတ်တိုက်ဖျက်ရေးလို့ ပြောထားတယ်။ အဲဒါ မိုးထိအောင်တက်နေတဲ့ စားသောက်ကုန်ဈေးနှုန်းတွေထဲမှာ အဆက် မပြတ်တိုးနေတဲ့ ကမ္ဘာ့လူဦးရေနဲ့ ဆက်ဖြစ်နေဆဲ စီးပွားရေးအကျပ်အတည်းတွေကြားထဲမှာ အလွန်အကျွံမှန်းထားတဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်မနေဘူးလား။**

ကျွန်တော့်စီမံကိန်းက ရည်မှန်းချက်ကြီးပါတယ်။ ဒါပေမဲ့ ရည်ရွယ်ချက်ကြီးကြီးတွေနဲ့သာ လူတွေကို နိုးကြားစေနိုင်ပါတယ်။ အဲဒီ့အချက်ကတော့ ကျွန်တော်တို့ အသေအချာရရှိအောင် စွမ်းဆောင်ရမယ့်အချက်ပါ။ ငတ်မွတ်မှုတိုက်ဖျက်ရေးမှာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ လူ့အဖွဲ့အစည်းရဲ့အစိတ်အပိုင်းအားလုံးကို ရွေ့လျားပါဝင်လာစေရေးပါ။ အက်ဖ်အေအိုတစ်ခုတည်း ဒါမှမဟုတ် အစိုးရတစ်ရပ်တည်းကတော့ ကမ္ဘာပေါ်မှာ ငတ်မွတ်ခေါင်းပါးမှုအမြစ်ပြတ်ပျောက်ကွယ်အောင် မလုပ်နိုင်ပါဘူး။

**ရွယ်ရည်ကြောင်း ကြေညာချက်တွေက အများကြီးပါပဲ။ ၂၀၀၀ ပြည့်နှစ်မှာ ကုလသမဂ္ဂက သူ့ရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ ၂၀၁၅ မှာ ငတ်မွတ်ခေါင်းပါးသူဦးရေကို ရာခိုင်နှုန်းထက်ဝက်အထိ လျှော့ချဖို့ကိုကြေညာခဲ့တယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ သူတို့ရဲ့ကိန်းဂဏန်းတွေက (ငတ်မွတ်သူ)လူဦးရေ ၈၂၆ သန်းကနေ ၉၂၅ သန်းကျော်အထိ တိုးလာခဲ့တယ်။**

ကျွန်တော်တို့ တိုးတက်မှုတချို့လည်း ဖန်တီးခဲ့ပါတယ်။ ကျွန်တော့်ဇာတိ ဘရာဇီးမှာ၊ ဂါနာမှာ၊ အခြားနိုင်ငံတွေကြားမှာဆို အာဟာရချို့တဲ့မှုတိုက်ဖျက်ရေးဟာ သိပ်အောင်မြင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်နဲ့ ၂၀၀၀ ပြည့်နှစ်အကြား အကြီးဆုံးကွာခြားချက်ကတော့ လေးမန်းဘရားသားဘဏ် ဒေဝါလီခံကတည်းကစလို့ ကျွန်တော်တို့အားလုံး ဂြိုဟ်တစ်လုံးပေါ်မှာ ရှင်သန်နေကြတာ၊ ပြီးတော့ နိုင်ငံတစ်နိုင်ငံချင်းဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံမှီခိုနေရတယ်ဆိုတာကို ကမ္ဘာကြီးက သိနားလည်သွားပါပြီ။ စုစည်းညီညွတ်မှုအသစ်တစ်ခုတော့ ရှိလာနေပါပြီ။

**အဲဒီလိုမျိုးရှိနေတယ်ဆိုတဲ့ အထောက်အထားကို လူကြီးမင်း ဘယ်မှာ အတိအကျမြင်မိပါသလဲ။**

ယနေ့ကာလမှာတော့ ကမ္ဘာကြီးက ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးတွေကို ပိုပြီးလျင်လျင်မြန်မြန်တုံ့ပြန်နေပါပြီ။ အရေးပေါ်ကိစ္စတွေအတွက် အထူးရန်ပုံငွေတွေလည်းရှိနေတယ်။ ဒီလို စုစည်းညီညွတ်မှုမျိုးက စိတ်ဆန္ဒသစ်တစ်ရပ်ကို ရောင်ပြန်ဟပ်နေပါတယ်။ လူတိုင်းကလည်း ငတ်မွတ်ခေါင်းပါးမှုကနေ ဘယ်သူမှ အကျိုးအမြတ်မရဘူးဆိုတာ သိနားလည်ထားခဲ့ကြတယ်။ ဘဏ္ဍာရေးနဲ့ ကြွေးမြီအကျပ်အတည်းတွေလိုပဲ ငတ်မွတ်မှုပြဿနာကို လူတိုင်းပူးပေါင်းလုပ်ဆောင်မှသာ ဖြေရှင်းနိုင်ပါမယ်။

**လတ်တလော ပြဋ္ဌာန်းမှုတစ်ရပ်အနေနဲ့ စားနပ်ရိက္ခာကုန်သွယ်ရေးလောကနဲ့ ဝေါလ်စထရိကနေ ဈေးနှုန်းခန့်မှန်းသူတွေကို ဖယ်ထုတ်မယ့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းတာ ပိုမထိရောက်နိုင်ဖူးလား။ သည်လိုပဲ ကုန်ပစ္စည်းဈေးအတက်အကျ ခန့်မှန်းမှုတွေကို ကုန်ဈေးနှုန်းမြင့်မားမှုတွေရဲ့ အဓိကအကြောင်းရင်းတစ်ရပ်အဖြစ်မြင်နေရပါတယ်။ ဒီအချက်က လူသန်းပေါင်းများစွာကိုလည်း ဆင်းရဲမွဲတေမှုမျဉ်းအောက်ခြေရောက်အောင် တွန်းပို့နေတာပါ။**

ကျွန်တော့်အမြင် ဈေးအတက်အကျခန့်မှန်းတာက တကယ်တော့ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ အလွန်အကျွံအပြောင်းအလဲဖြစ်ခြင်းတွေရဲ့အရေးပါတဲ့အကြောင်းတစ်ရပ်ပါပဲ။ အဲဒါက ဘဏ်တွေနဲ့ ကယ်ဆယ်ရေးရန်ပုံငွေတွေအတွက်ပဲ အကျိုးရှိစေတယ်။ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ဝယ်ယူသူတွေအတွက်မဟုတ်ဘူး။ စားသုံးသူတွေအတွက်လည်းမဟုတ်ဘူး။ အက်ဖ်အေအိုက ကိစ္စနှစ်ခုပဲလုပ်နိုင်တာပါ။ ဈေးကွက်ကိုအချက်အလက်တွေ၊ လေ့လာမှုတွေ၊ စာရင်းဇယားတွေဖြည့်ဆည်းပေးနိုင်ပြီး ဈေးကွက်တွေကို ပိုပြီးပွင့်လင်းမြင်သာအောင် ဖန်တီးပေးတာပါ။ ပြီးတော့ အဖွဲ့က အစိုးရတွေကို စိုက်ပျိုးရေးမှာ ပိုပြီးရင်းနှီးမြှုပ်နှံဖို့ တွန်းအားပေးနိုင်တာပါ။

**စားနပ်ရိက္ခာထုတ်ကုန်တွေကို ဈေးနှုန်းခန့်မှန်းတာ ပိတ်ပင်ဖို့ လူကြီးမင်းဘာကြောင့်မတိုက်တွန်းတာပါလဲ။**

ကျွန်တော်တို့ ပိုတင်းကျပ်တဲ့ ဥပဒေစည်းမျဉ်းတွေလိုအပ်တယ်။ ဒါပေမဲ့ စားနပ်ရိက္ခာနယ်ပယ်ထဲမှာမဟုတ်ပါဘူး။ စည်းမျဉ်းအသစ်တွေက တစ်ခုတည်းသော ဖြေရှင်းချက်မဟုတ်ပါဘူး။ အခြားအရေးပါတဲ့နယ်ပယ်တွေဖြစ်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတွေကြား ဒိုဟာဆွေးနွေးပွဲလို ကုန်သွယ်ရေးဆွေးနွေးမှုတွေရှိပါတယ်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေဟာ နောက်ဆုံးမှာတော့ သူတို့ရဲ့ဈေးကွက်တွေကို ဖွင့်ပေးသင့်ပြီး စိုက်ပျိုးရေးအတွက် ထောက်ပံ့ကြေးပေးထားတာ တချို့ကို ဖယ်ရှားရမယ်။ ဒါဟာ ကျွန်တော်က အကောင်းမြင်သမားမို့ပြောတာမဟုတ်ပါဘူး။ မှန်ကန်တဲ့ ချဉ်းကပ်နည်းဖြစ်ဖို့ပြောတာပါ။

**ဒါဆို ထောက်ပံ့ကြေးတွေ ပယ်ဖျက်ခြင်းက ငတ်မွတ်မှုကို ဘယ်လိုလျော့နည်းစေမလဲ။**

ဥပမာအားဖြင့်ဗျာ ပြီးခဲ့တဲ့နွေရာသီမှာ အမေရိကန်ပြည်ထောင်စုက ပြောင်းအခြေခံအီသနောထုတ်လုပ်ရေးအတွက် ထောက်ပံ့ကြေးပေးတာတွေကိုရပ်ဖို့ဆုံးဖြတ်လိုက်တဲ့အတွက် ပြောင်းဈေးနှုန်း ချက်ချင်းထိုးကျသွားတယ်။ အဲဒါကို ဆင်းရဲတဲ့နိုင်ငံတွေမှာ ခံစားခဲ့ရတယ်။ ဗဟိုအမေရိကဒေသက နိုင်ငံတွေလိုပေ့ါ။ အဲဒီမှာ ပြောင်းကို စားသုံးမှုအတွက်ရောကျွဲနွားတိရစ္ဆာန် ကျွေးမွေးရေးအတွက်ပါသုံးတယ်။ ပြီးတော့ အရှေ့အာဖရိကဒေသမှာပေ့ါ။ အဲဒီ့မှာ ပြောင်းကအဓိကအစားအစာပဲ။ ဒါကြောင့် အမေရိကန်ဆုံးဖြတ်ချက်က စားနပ်ရိက္ခာအခြေအနေအပေါ် တိုက်ရိုက်အပြုသဘောအကျိုးသက်ရောက်မှုရှိခဲ့ပါတယ်။

**လူကြီးမင်းဟာ အဓိကအပြောင်းအလဲကြီးတွေကို ရှုမျှော်ထားတယ်။ အက်ဖ်အေအိုအဖွဲ့လေးက အဲဒီလိုကိစ္စကြီးတွေကို ဘယ်လိုစွမ်းဆောင်နိုင်မှာပါလဲ။**

စားနပ်ရိက္ခာဈေးနှုန်းမြင့်တက်မှုနဲ့ ဘဏ္ဍာရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေက ကမ္ဘာတစ်ဝန်း ဆင်းရဲမွဲတေမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုကိစ္စတွေကို ပိုပြီးသတိထားမိစေခဲ့တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းဟာ ငတ်မွတ်မှုပပျောက်ရေး လှုပ်ရှားဆောင်ရွက်နေပါတယ်။ အက်ဖ်အေအိုကကျင်းပတဲ့ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီဟာလည်း အစိုးရတွေ၊ ပုဂ္ဂလိကကဏ္ဍနဲ့ အရပ်ဘက်အဖွဲ့တွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေကြားမှာ ငတ်မွတ်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ အာဟာရချို့တဲ့မှုကိစ္စတွေကို ဆွေးနွေးရာက ဖိုရမ်တစ်ခုဖြစ်လာနေပါတယ်။ ဒီအချက်က ကျွန်တော်တို့အတွက်ထိရောက်တဲ့ ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာ အုပ်ချုပ်ရေးစနစ် တစ်ရပ်တည်ဆောက်ရေးအတွက် အရေးပါတဲ့ အုတ်မြစ်ကိုချပေးပါ တယ်။

**လူကြီးမင်းရဲ့ အရင်က အက်ဖ်အေအိုအကြီးအကဲ ယာ့ဒီယော့ဟာ ၁၈ နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အောင်မြင်မှုအများကြီးမရှိခဲ့ပါဘူး။ လူကြီးမင်းအနေနဲ့ရော အောင်မြင်မှုရဖို့ဘယ်လိုအချိန်သတ်မှတ်ချက်ရှိထားလဲ။**

ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွေက အမြဲအချိန်ယူရတယ်။ ဒါပေမဲ့ တစ်ခုခုကို ဖယ်ထုတ်ပစ်ရတာမျိုးကတော့ အများအားဖြင့် ပိုမြန်တတ်တယ်။ စိုက်ပျိုးရေးမှာ ဓာတုဗေဒပညာရပ်ကို မိတ်ဆက်ဖို့ နှစ်တစ်ရာကြာခဲ့တယ်။ အဲဒီ့ပညာရပ်ကို ပြန်ဖယ်ထုတ်ဖို့ကျတော့ ကျွန်တော်တို့ ပိုပြီးမြန်မြန်လုပ်နိုင်ပါတယ်။

*—Ref: Interview with UN Food and Agricultural Chief Jose' Graziano da Silva*

# Entertainment

7DAY NEWS JOURNAL

Vol.10, No.45 • JANUARY 26, 2012




ရိုက်ကွင်းပေါ်တွင် တွေ့ရသည့် ဒါရိုက်တာဏာကြီးနှင့်ဖွေးဖွေး
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ခြောက်လလောက်မှ တစ်ကားလောက် ရိုက်နိုင်တာဆိုတော့ ရတဲ့ဝင်ငွေနဲ့ မရပ်တည်နိုင်ဘူး

### လူငယ်ဒါရိုက်တာဏာကြီးနှင့်တွေ့ဆုံခြင်း

ကြူကြူဟန်

**တွေ့မြင်နေကျမဟုတ်သော အတွဲအဖက်ဖြစ်သည့် မင်းသား ရဲတိုက်နှင့်ရက်ပ်ပါဂျေမီတို့ကို တွဲဖက်စေပြီး ဇာတ်ကားသစ်တစ်ကား ဖန်တီးနေသူမှာ လူငယ်ဒါရိုက်တာ ဏာကြီးဖြစ်သည်။ လန်ဒန်မြို့တွင် ရုပ်ရှင်ပညာသွားရောက်သင်ယူခဲ့သောသူသည် ဂီတအမ်တီဗီများကိုသာ အစဉ်တစိုက်ရိုက်ကူးဖြစ်ခဲ့ပြီး သူ၏ပထမဆုံးဒီဗီဒီကားဖြစ်လာမည့် 'ဘယ်ကလာလဲ၊ ဘာလုပ်နေလဲ၊ ဘယ်ကိုသွားမှာလဲ' ကို ရဲတိုက်၊ ဖွေးဖွေး၊ ဂျေမီတို့နှင့် ပုံဖော်နေသော လူငယ်ဒါရိုက်တာ ဏာကြီးနှင့်သူ၏ရိုက်ကွင်းတွင် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။**

**ဂျေမီနဲ့ရဲတိုက်ကို ဘယ်လိုစိတ်ကူးနဲ့ တွဲပေးဖြစ်ခဲ့တာလဲ။**

ကျွန်တော် ဇာတ်လမ်းတွေ ရေးရင် ကာရိုက်တာကို အရင်ရေးတယ်။ ပြီးမှ သူတို့ရဲ့ ကာရိုက်တာနဲ့ လိုက်တဲ့ ဇာတ်ကောင်ကိုရှာတာပေါ့။ ကျွန်တော်နဲ့ အနီးစပ်ဆုံး အလုပ်လုပ်ရတာ အဆင်ပြေဆုံး ကာရိုက်တာနဲ့ အလိုက်ဆုံးက ရဲတိုက်၊ ဂျေမီပေါ့။ ဂျေမီကျတော့ အကူအညီတောင်းရတာပေါ့။

စာ(၄၉)သို့

## တေလာဆွစ်ဖ်တစ်ယောက် အချစ်သစ်ရှာတွေ့ပြီလား

ဇန်နဝါရီ-၂၂

ကျေးလက်တေးဂီတနာမည်ကျော် အဆိုတော်တေလာဆွစ်သည် ဟိုက်စကူးမြူးဇစ်ကယ်မှ သရုပ်ဆောင် ဇက်အက်ဖရွန်နှင့် လော့စ်အိန်ဂျလစ်မြို့ရှိ အီတလီစားသောက်ဆိုင်တစ်ဆိုင်တွင် နှစ်ဦးတည်းညစာစားသုံးခဲ့ကြသည်။

အသက် ၂၄နှစ်အရွယ်မင်းသားချောနှင့်အသက် ၂၂နှစ်အရွယ်သီချင်းငှက်လေးတို့သည်အက်ဖရွန်၏ အော်ဒီကားနှင့် အတူတကွရောက်ရှိလာခဲ့ပြီး စားသောက်ဆိုင်၏ပြင်ပခြံဝန်းထောင့်ကျသော ခုံတစ်ခုံတွင် အတူတကွထိုင်ကာစကားဖောင်ဖွဲ့ခဲ့ကြပြီး ရယ်ရယ်မောမောရှိနေခဲ့ကြောင်း ယင်းဆိုင်တွင်စားသောက်ခဲ့သူတစ်ဦးက US Weekly စာစောင်သို့ ပြောကြားခဲ့သည်။ အက်ဖရွန်က တေလာဆွစ်အား အရမ်းလှတဲ့ ချစ်





စရာမိန်းကလေးဟု ကင်ပွန်းတပ်ခဲ့သလို တေလာကလည်း အက်ဖရွန်ကို အဖက်ဖက်ကအံ့သြစရာကောင်းတဲ့အမျိုးသားဟု အပြန်အလှန်မှတ်ချက်ပေးခဲ့ကြဖူးပြီး တွဲသွားတွဲလာရှိခဲ့ကြသည်ဟုဆိုသည်။

အက်ဖရွန်သည် ချစ်သူဖြစ်သူ ဗင်နာဆာနှင့် ၂၀၁၀နှစ်ကုန်ပိုင်းက လမ်းခွဲခဲ့ပြီး တစ်ကိုယ်တည်းဖြစ်နေကာ အချစ်ကံဆိုးမလေး တေလာဆွစ်နှင့် တွဲခုတ်နေပြီလောဟု ပရိသတ်များက မေးခွန်းထုတ်နေကြသည်။

Ref; US Weekly



## ပရိသတ်တွေ တောင်းဆိုလို့ ဂီတဗီဒီယိုကို စောဖွင့်လိုက်တဲ့ တီ–အားရာ

ဆိုးလ်၊ ဇန်နဝါရီ - ၁၈

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ တီ-အားရာ(T-ara) သည် ၎င်းတို့၏ ဂီတဗီဒီယိုခွေကို ပရိသတ်များ တောင်းဆိုမှုကြောင့် မူလရက်ထက်ပိုစော၍ ဖြန့်ချိခဲ့သည်။ အဆိုပါ Lovey Dovey in Tokyo ဗီဒီယိုတွင်ပါဝင်သော Lovey Dovey သီချင်းမှာ လူကြိုက်အများဆုံး ဂီတဗီဒီယိုများစာရင်းတွင် နံပါတ် တစ်ဖြစ်နေခဲ့သည်။

ယခု ဂီတဗီဒီယိုတွင် တီအားရာအဖွဲ့မှ အဆိုတော်အမျိုးသမီးလေးများကို တိုကျိုရှိကလပ်တစ်ခု၌ နောက်ခံထားရိုက်ကူးသောအခန်းများပါဝင်သည်။ ဗီဒီယိုပြကွက်များတွင် အဆိုပါ နာမည်ကျော် အမျိုးသမီးဂီတအဖွဲ့ဝင်များ အစားစားနေပုံ၊စင်ပေါ်တွင်အစမ်းလေ့ကျင့်နေပုံ၊ ကလပ်ထဲတွင် ပျော်ရွှင်လွတ်လပ်စွာ ကခုန်နေပုံများကို ပရိသတ်များမြင်တွေ့ရမည်ဟုသိရသည်။

—Ref: Koreaboo

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## အနုပညာရှင်များကိုယ်တိုင် ဈေးရောင်းမည့် ရန်ပုံငွေရှာဖွေပွဲ ပြုလုပ်မည်

ကြူကြူဟန်

**ရန်ကုန်၊ ဇန်နဝါရီ- ၁၆**
ဇော်ဝင်းထွဋ်၏သမီးဖြစ်သူ ချန်ချန် ဦးစီးပြုလုပ်ကာ အနုပညာရှင်များက စားသောက်ဖွယ်ရာများ ကိုယ်တိုင်ရောင်းချပြီး ကလေးများအတွက် ရန်ပုံငွေရှာဖွေမည့် ဈေးရောင်းပွဲတစ်ခုကို ဖေဖော်ဝါရီ ၅ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ညနေ ၄နာရီမှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုရန်ပုံငွေဈေးရောင်းပွဲတွင် အနုပညာရှင်များက အစားသောက်မျိုးစုံရောင်းချပေးခြင်း၊ ဂိမ်းကစားခြင်းတို့ပါဝင်သည်။ ထို ဈေးရောင်းပွဲတွင် ဆိုင်ခန်းပေါင်း ၈၀ကျော်ပါဝင်ပြီး အနုပညာရှင် ၁၀၀ ကျော်ပါဝင်ရောင်းချပေးမည်ဖြစ်သည်။

သားစိုးက အာပုံမုန့်၊ ရဲလေးက ဒိန်ချဉ်နှင့် ရေခဲမုန့်၊ ငယ်ငယ်က အာလူးပူတီ၊ သီရိဆွေက ငါးထမင်း၊ ဇော်ဝင်းထွဋ်က ဘီယာ၊ ချန်ချန်၏ ကိုယ်ပိုင် Brandဖြစ်သော အမျိုးသားဝတ်အင်္ကျီများ စသည်တို့ကို အသီးသီးရောင်းချကာ ရန်ပုံငွေရှာဖွေကြမည်ဖြစ်သည်။

ယခုပြုလုပ်မည်ဖြစ်သော မိဘမဲ့ကလေးများ ရန်ပုံငွေဈေးရောင်းပွဲမှ ရရှိသမျှငွေအားလုံးကို မလိခအမျိုးသမီး သင်တန်းကျောင်း၊ နတ်မောက်အမျိုးသမီး အတတ်ပညာသင်ကျောင်း၊ ဝိသာခါသီလရှင်ကျောင်းသို့ လှူဒါန်းမည်ဖြစ်သည်။

## အလုပ်များလွန်းလို့ ဘွဲ့မရနိုင်သေးတဲ့ လီမင်ဟိုနဲ့ မွန်းဂန်ယန်း



**ဆိုးလ်၊ ဇန်နဝါရီ - ၁၇**

တောင်ကိုရီးယားအနုပညာရှင်နှစ်ဦးဖြစ်သော လီမင်ဟိုနှင့် မွန်းဂန်ယန်းတို့သည် လာမည့်ဖေဖော်ဝါရီလတွင် ဘွဲ့ဦးထုပ်နှင့် ဝတ်စုံများဝတ်ဆင်ရဖွယ်မရှိကြောင်း၊ အကြောင်းရင်းမှာ နှစ်ဦးစလုံး အလုပ်များလွန်းနေ၍ တက္ကသိုလ် ဘွဲ့ရရန် သတ်မှတ်ထားသော အတန်းချိန်များပြည့်မီအောင် မတက်နိုင်သေးသောကြောင့်ဖြစ်ကြောင်းသိရသည်။

မွန်းဂန်ယန်း၏ အေဂျင်စီမှ ထုတ်ပြန်ချက်တွင် "မင်းသမီးတစ်ဦးအနေနဲ့ရော ကျောင်းသူတစ်ဦးအနေနဲ့ပါ တစ်ချိန်တည်းမှာ စာသင်နေရတဲ့အတွက် မကြာခဏ အတန်းပျက်ကွက်ရပါတယ်။ သူမဟာ ခရက်ဒစ်အဆင့်ရှစ်ခုလိုအပ်ခဲ့ပြီး ဖေဖော်ဝါရီမှာ ဘွဲ့ မရနိုင်တော့ပါဘူး"ဟုဖော်ပြထားသည်။

မွန်းဂန်ယန်းသည် ဆန်ကျွန်းကွမ်တက္ကသိုလ်တွင် ကိုရီးယားစာပေအဓိကဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကျောင်းတက်ခဲ့ပြီး ယခင်ကျောင်းပျက်ကွက်မှုများကြောင့် နောက်ထပ် semester ကာလတစ်ခုနှင့် ဆောင်းရာသီအတန်းများတက်ရမည်ဖြစ်သည်။

လီမင်ဟိုမှာ ကွန်ကပ်တက္ကသိုလ်တွင် ရုပ်ရှင်အနုပညာအဓိကဘာသာရပ်ဖြင့် တက်ရောက်နေသူဖြစ်ပြီး City Hunter ဒရာမာကို ရိုက်ကူးနေသောကြောင့် ဘွဲ့ရရန် semester တစ်ခု ထပ်တက်ရမည်ဟုသိရသည်။

—Ref: Koreaboo









7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012



## စာ-၄၇၊ လူငယ်ဒါရိုက်တာဇာကြီးနှင့်တွေ့ဆုံခြင်း မှ

သူကျတော့ ဒါမျိုး လုပ်လေ့လုပ်ထမရှိဘူး။ သူ့ကိုဇာတ်ညွှန်းအရင်ပေးဖတ်ရတယ်။ သူ ဇာတ်ညွှန်းဖတ်ပြီးတဲ့အခါမှာ စိတ်ဝင်စားတယ်။ ဒါဆိုလုပ်ကြည့်မယ်။ သူနဲ့ လုပ်လေ့လုပ်ထမရှိဖူးတဲ့ အလုပ်တစ်ခုကို ကျွန်တော် အကူအညီတောင်းလို့လုပ်ပေးတဲ့သဘောပါ။

**ဒီကားက ကိုဇာကြီးရဲ့ အနုပညာခရီးမှာ မှတ်တိုင်တစ်ခုဖြစ်မယ့်ကားလို့ ပြောလို့ရမလား။**

ကျွန်တော် အဲလောက်ထိတော့ မပြောချင်သေးဘူး။ ကျွန်တော် ဒီနိုင်ငံပြန်ရောက်ပြီးတော့ ပထမဆုံး ရိုက်တဲ့ကားပါ။ ကျွန်တော် ကြိုးစားပြီးတော့ ရေးထားတာတော်တော်လေးတော့ အားရတယ်။

**အစ်ကိုကို လူငယ်ဒါရိုက်တာတစ်ယောက်အနေနဲ့ မေးချင်ပါတယ်။ ဒီနေ့ မြန်မာ့အနုပညာလောကရဲ့ အနုပညာဖန်တီးမှုကို အားရရဲ့လား။**

ဒီမေးခွန်းကိုဖြေဖို့ ကျွန်တော့် အတွေ့အကြုံအရရော အသက်အရွယ်အရရော ဝေဖန်ဖို့အရမ်းငယ်ပါသေးတယ်။ ပြီးတော့ အတွေ့အကြုံအဲလောက်မရှိတော့ မပြောချင်သေးဘူး။ လူငယ်တစ်ယောက်အနေနဲ့ဒီမေးခွန်းကို နောက် ကျွန်တော် အလုပ်တွေလုပ်ပြီးသွားပြီးကိုယ်တိုင်လည်း အားရကျေနပ်မှုရှိတယ်ဆိုတော့မှ ဖြေချင်တယ်။ ဆောရီးပါ။

**တကယ်လို့သာ ဖန်တီးခွင့်ရမယ်ဆိုရင် ကိုဇာကြီးအနေနဲ့ ဖန်တီးဖို့ အာသီသရှိနေတဲ့ အနုပညာကဘာများဖြစ်မလဲ။**

ကျွန်တော်ကတော့ ကျွန်တော်လုပ်ချင်တာပဲ လုပ်သွားမှာပါ။ လောလောဆယ် ကျွန်တော် အမ်တီဗီရိုက်တာများတယ်။ ကျွန်တော် ပြန်ရောက်ပြီးတဲ့အခါမှာ သူငယ်ချင်းတွေနဲ့ ကျွန်တော်နဲ့ အနီးစပ်ဆုံး လူတွေက ဂီတဘက်က လူတွေဖြစ်တဲ့အတွက် သီချင်းရိုက်တာကိုကြိုက်သွားပြီး သီချင်းပဲဆက်ရိုက်နေပါတယ်။ သီချင်းရိုက်တဲ့အလုပ်ကို ခဏနားပြီးတော့ ဒီဘက်ကို စကြိုးစားတာပေါ့နော်။ ရှေ့ဆက်ပြီး ကျွန်တော်လုပ်ချင်တာပဲ လုပ်သွားမယ်။

အမ်တီဗီလည်း ဆက်ရိုက်သွားဦးမယ်။ ကျွန်တော် တတ်နိုင်ရင် တတ်နိုင်သရွေ့ ကြိုးစားပြီးရိုက်သွားမယ်။ ဇာတ်တွေကိုတော့ ကျွန်တော် ရိုက်ချင်တဲ့ကားပဲရိုက်မှာပါ။ ဒီလိုင်းကို ပရော်ဖက်ရှင်နယ်အဖြစ် သွားဖို့မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အတွက် ပေးရတဲ့ အချိန်ရော စိုက်ထုတ်ရတဲ့ အင်အားရော အရမ်းများတယ်။ ဒါပေမဲ့ ရပ်တည်မှုက ခြောက်လလောက်မှာ တစ်ကားလောက် ရိုက်နိုင်တာဆိုတော့ ရတဲ့ဝင်ငွေနဲ့ မရပ်တည်နိုင်ဘူး။ ရိုက်နေရရင် ပျော်နေတာပဲ။ ကျွန်တော် အမ်တီဗီကို အဲလောက်ကြိုက်မယ်လို့မထင်ခဲ့ဘူး။ ရိုက်ပြီးသွားတော့ ကြိုက်တယ်။ တော်တော်လေး လွတ်လပ်တယ်။ အမ်တီဗီရိုက်တာကိုပဲကြိုက်တယ်။

**ကျောင်းကို ဘယ်မှာတက်ခဲ့တာပါလဲ။ ဘာ အဓိက တက်ခဲ့တာပါလဲ။**

လန်ဒန်မှာပါ။ Digital Film Making တက်တာပါ။ လန်ဒန်မှာနေတာ ခုနစ်နှစ်ပါ။ ကျောင်းက သုံးနှစ်တက်ခဲ့တာပါ။

**ကိုယ် ဖန်တီးခဲ့တဲ့အနုပညာထဲက အားရခဲ့တဲ့ အမှတ်တရဖြစ်ဖြစ်ရှိခဲ့ရင်ပြောပြပါလား။**

ကျောင်းတုန်းက ပရောဂျက်တင်ခဲ့တဲ့ကား သူငယ်ချင်းတွေစုပြီးရိုက်ခဲ့တဲ့ လန်ဒန်ပုံပြင်က အမှတ်တရပါ။ လန်ဒန်က သူငယ်ချင်းတွေစုပြီး လုပ်တဲ့အတွက်ကြောင့်အဲဒါကကျွန်တော့်ကျောင်းပရောဂျက်အနေနဲ့ ကြိုက်လည်းကြိုက်တယ်။ အားရပါတယ်။ ဒါပေမဲ့ ဒီဘက်ပြန်ရောက်ပြီးတော့ music videoများတယ်။ အဲဒီမှာ အားရတာဆိုရင် ကျားပေါက်(Big Bag) ရှိမယ်။ ထရီဇာဆို အပြစ်ကြီးကြီးရှိမယ်။ အဲဒီနှစ်ပုဒ်က တော်တော်အားရတယ်။ အခုနောက်ပိုင်းမှာလည်း မထွက်ရသေးတဲ့ အထဲမှာ အားရတဲ့သီချင်းလေးတွေရှိသေးတယ်။ ဝိုင်းစုသီချင်းလေးပုဒ်ရိုက်ဖို့ရှိမယ်။ သုံးပုဒ်ရိုက်ပြီးပြီ။

**ကိုဇာကြီးကြည့်ခဲ့တဲ့ ဟောလိဝုဒ်ဇာတ်ကားထဲက စိတ်ထဲမှာ အချိန်အကြာကြီး မှတ်မှတ်ထင်ထင်ရှိနေတဲ့ဇာတ်ကားရှိရင် ပြောပြပါလား။**

Martin Scorsese ရဲ့ Raging Bull ပါ။ ရောဘတ်ဒီနဲရိုး သရုပ်ဆောင်ထားပြီး အောင်မြင်ပြီးတော့ လုံးဝကျဆုံးသွားတဲ့ လက်ဝှေ့သမားတစ်ယောက်အကြောင်း ရိုက်ထားတဲ့ကားပါ။ (Raging Bull သည် ၁၉၈၀ ပြည့်နှစ်က ထွက်ရှိခဲ့သော ဒရမ်မာဇာတ်ကားဖြစ်သည်)

**ဇာတ်ကားရိုက်ကူးတဲ့အပိုင်းကို ပရော်ဖက်ရှင်နယ်အဖြစ် လုပ်ဖို့ရှိပါသလား။**

Music Video နဲ့ ကြော်ငြာက ကျွန်တော့် ပရော်ဖက်ရှင်နယ်ဖြစ်နေတယ်။ ဆိုလိုတာက Music Video ရော၊ ကြော်ငြာရော ကျွန်တော့် လာအပ်ရင်ရိုက်ပါမယ်။ ဒါပေမဲ့ ဇာတ်လမ်းကတော့ လာ အပ်တိုင်းတော့မရိုက်ဘူး။ အဓိကကတော့ ဇာတ်လမ်းပေါ့။ အချိန်အများကြီး ပေးရမယ်။ အင်အားတွေစိုက် ထုတ်ရမယ်။ ဇာတ်လမ်းတစ်ခုကို ခြောက်လလောက် အချိန်ပေးတယ်။ အခုရိုက်တဲ့ကားကို ရေးထားတာကြာပြီ။ ပြင်ဆင်တာလည်း ကြာပြီ။ အခုမှ ရိုက်ဖြစ်တာ။ အဲလိုမျိုး ကျွန်တော့်ဘက်က အများကြီးပေးထားတဲ့ အတွက်ကြောင့် ကျွန်တော် ရိုက်ချင်တဲ့ ကားပဲရိုက်မယ်။ လာအပ်တိုင်း မရိုက်တော့ဘူး။

**ကျေးဇူးတင်ပါတယ်။**

## ၂၀၁၀ ပြည့်နှစ်အတွက် အကယ်ဒမီစာရင်းဝင် ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဒါရိုက်တာ | သရုပ်ဆောင် |
|---|---|---|---|
| ၁။ | နတ်ဖြစ်ရတဲ့ ဒုက္ခ | ညွှန့်မြန်မာညီညီအောင် | ရန်အောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ အေးမြတ်သူ။ |
| ၂။ | ဆွေတစ်ရာမောင်တစ်ကျိပ် | မီးပွား | ခန့်စည်သူ၊ ပြေတီဦး၊ အောင်လွင်၊ ချိုပြုံး၊ ခိုင်သင်းကြည်၊ ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်။ |
| ၃။ | နတ်ဖက်တဲ့ စုံတွဲ | ကိုဇော်(အရုဏ်ဦး) | ရဲအောင်၊ ပြေတီဦး၊ နန္ဒ၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သက်မွန်မြင့်။ |
| ၄။ | ဟတ်ထိတယ် | ညွှန့်မြန်မာညီညီအောင် | ရန်အောင်၊ ရဲအောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်။ |
| ၅။ | ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ် | ကိုဇော် (အရုဏ်ဦး) | ကျော်ရဲအောင်၊ ပြေတီဦး၊ ခင်လှိုင်၊ ဆင်မ၊ ကုသိုလ်၊ စိုးမြတ်သူဇာ၊ ချောရတနာ၊ သက်မွန်မြင့်။ |
| ၆။ | ဂွတ်ရှယ်သမက် | ညီညီထွန်းလွင် | ရန်အောင်၊ ရဲအောင်၊ နေတိုး၊ ကျော်ကျော်ဗို၊ မိုးဟေကို၊ စိုးပြည့်သဇင်၊ စိုးမိုးကြည်၊ မေသဥ္ဇာဦး။ |
| ၇။ | ဘာမီတွန် | ခင်မောင်ဦး၊ စိုးသိမ်းထွဋ် | ရန်အောင်၊ နေတိုး၊ မော့စ်၊ မေတ္တာ၊ ထွန်းအိန္ဒြာဗို၊ သက်မွန်မြင့်။ ကလေးသရုပ်ဆောင် အိန်းအိန်း၊ အေးမြဖြူ။ |
| ၈။ | အချစ်လား. . လာထား | ညီညီထွန်းလွင် | မင်းမော်ကွန်း၊ ခန့်စည်သူ၊ မိုးအောင်ရင်၊ ကျော်ကျော်ဗို၊ အိန္ဒြာကျော်ဇင်၊ မယ်လိုဒီ၊ခိုင်သင်းကြည်၊ စိုးပြည့်သဇင်၊ ကလေးသရုပ်ဆောင်ယွန်းယွန်း။ |
| ၉။ | ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ် | ဝါဝါဝင်းရွှေ | ညွှန့်ဝင်း၊ ရန်အောင်၊ ပြေတီဦး၊ သားထူး၊ ဝါဝါဝင်းရွှေ၊ မိုးဟေကို။ |
| ၁၀။ | နယူးမော်ဒယ် | ညွှန့်မြန်မာညီညီအောင် | ရန်အောင်၊ နေတိုး၊ စိုးမြတ်သူဇာ၊ မေသန်းနု၊ သင်ဇာဝင့်ကျော်၊ သဇင်၊ ခရစ္စတီးနား။ |
| ၁၁။ | အငိုမျက်လုံး အပြုံးမျက်နှာ | မင်းအုပ်စိုး | မင်းအုပ်စိုး၊ ရော၊ ပေါ်လေး၊ ကုသိုလ်၊ ပိစိ၊ တိမ်ညွှန့်၊ ကင်းကောင်၊ အုန်းသီး၊ ဗေဒါ၊ မော့စ်၊ စိုပြေ၊ ဝက်မ၊ ချိုပြုံး၊ လင်းဇာနည်ဇော်၊ ကလေး-ဒီအိမ်လင်း၊ ဝဏ္ဏထွန်း။ |
| ၁၂။ | အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ် | ဝိုင်း | ရဲအောင်၊ ပြေတီဦး၊ စိုင်းစိုင်းခမ်းလှိုင်၊ သက်မွန်မြင့်၊ မျိုးသန္တာထွန်း၊ စိုးမိုးကြည်၊ သန်းသန်းဆင့်၊ ထွန်းထွန်းဝင်း၊ ကလေးသရုပ်ဆောင်၊ ကျော်ဇင်လင်း။ |
| ၁၃။ | အမေ့ကျေးဇူးဆပ်ဖူးချင်တယ် | ခင်စောမျိုး(အဖေ့ပညာ) | နေအောင်၊ ပြေတီဦး၊ မင်းသူ၊ မေသန်းနု၊ သက်မွန်မြင့်၊ ခိုင်နှင်းဝေ၊ လှအဥ္ဇလီတင့်၊ ကလေးသရုပ်ဆောင်-အိစိကွေး။ |
| ၁၄။ | လာထား အာဘွား | ကိုဇော် (အရုဏ်ဦး) | ရန်အောင် (နှစ်ကိုယ်ခွဲ)၊ နေတိုး၊ ဝေဠုကျော်၊ နန္ဒ၊ သက်မွန်မြင့်၊ ခရစ္စတီးနား။ |
| ၁၅။ | ပင်လယ်ထက်က နေဝန်းနီ | ခင်မောင်ဦး၊ စိုးသိမ်းထွဋ် | လူမင်း၊ ဝေဠုကျော်၊ ဟန်လေး (Studio-35)၊ ကေကေမိုးမြင့် (Studio-35)၊ ကလေးသရုပ်ဆောင်-အောင်ကောင်းမြင့်မိုရ်၊ နှင်းသဇင်အေး။ |


## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Contraband | Universal Pic. | ၂၈,၅၁၅,၅၀၀ | ၁ |
| ၂။ | Beauty and the Beast | Walt Disney | ၂၂,၂၁၃,၉၀၀ | ၁ |
| ၃။ | Mission Impossible: Ghost Protocol | Paramount Pic. | ၁၈၉,၄၄၉,၀၀၀ | ၃ |
| ၄။ | Joyful Noise | Paramount Pic. | ၁၃,၈၀၂,၃၀၀ | ၁ |
| ၅။ | Sherlock Holmes: A Game of Shadows | Warner Bros Pic. | ၁၇၂,၀၄၄,၀၀၀ | ၃ |
| ၆။ | The Devil Inside | Paramount Pic. | ၄၇,၃၈၁,၇၀၀ | ၂ |
| ၇။ | The Girl With the Dragon Tattoo | Sony Pic. Releasing & MGM | ၈၉,၂၁၃,၆၀၀ | ၃ |
| ၈။ | Alvin and the Chipmunks: Chipwrecked! | 20th Century Fox | ၁၂၀,၉၈၄,၀၀၀ | ၃ |
| ၉။ | We Bought a Zoo | 20th Century Fox | ၆၅,၈၅၇,၈၀၀ | ၃ |
| ၁၀။ | War Horse | Walt Disney | ၆၇,၅၂၂,၅၀၀ | ၃ |

## Movie Review

### The Grey




ရေနံရှာဖွေတူးဖော်ရေးအုပ်စုတစ်စုသည် အလက်စကာရေခဲပြင်ကျယ်သို့ ရေနံရှာဖွေရေးခရီးထွက်ရင်း ၎င်းတို့၏ ရဟတ်ယာဉ်ပျက်ကျ သွားသည်။ အာတိတ်တစ်ပိုင်း ရေခဲပြင်ရာသီဥတုမှာ အလွန်ဆိုးရွားပြင်းထန်ပြီး အသက်ရှင်ကျန်သော ရှာဖွေရေးအဖွဲ့ဝင်များမှာ သေလောက်သော ဒဏ်ရာများလည်း ရရှိနေရာ အသက်ရှင်လျက်ပြန်လာဖို့ ပင်မနည်းကြိုးစားရသည်။ ထို့ထက်ပိုဆိုးသည်မှာ သွေးဆာနေသော ဝံပုလွေ အုပ်စုတစ်စုကလည်း ၎င်းတို့နောက်သို့ တကောက်ကောက် လိုက်နေရာ အခက်အခဲများ ကြုံတွေ့နေကျအုပ်စု မည်သို့ ရင်ဆိုင်မည်နည်းဆိုသည်မှာ. . . .

ဒါရိုက်တာဂျိုးကာနာဟန် ရိုက်ကူးထားသော စွန့်စားခန်းအက်ရှင်၊ သည်းထိတ်ရင်ဖိုဇာတ်ကားတွင် Liam Neeson၊ Dallas Roberts၊ James Badge၊ Demot Mulroney တို့ ပါဝင်သရုပ်ဆောင်ထားပြီး ဇန်နဝါရီ ၂၇ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## ဇန်နဝါရီအဆင့်သတ်မှတ်ချက် အာဆီယံတွင် မြန်မာအဆင့် ၈

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)က ဇန်နဝါရီလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းသည် ယခင်လအတိုင်း ကမ္ဘာ့အဆင့်-၁၇၂ ၌သာ ဆက်လက်တည်ရှိခဲ့ပြီး အာဆီယံတွင် အဆင့်ရှစ်ဖြင့် ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားတို့အောက်၌သာ ရပ်တည်နိုင်ခဲ့သည်။

ဇန်နဝါရီလအတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခြင်းမရှိခဲ့သည့်မြန်မာအသင်းအနေဖြင့် ယခင်လအတိုင်း ရမှတ် ၉၉ ဖြင့် အဆင့်-၁၇၂၌ ရပ်တည်နေခဲ့သည်။ အာဆီယံနိုင်ငံများတွင် မြန်မာအသင်းအောက်၌ လာအို၊ ဘရူနိုင်း၊ တီမောအသင်းများသာရှိနေပြီး ဒေသတွင်း ကျန်ခုနစ်နိုင်ငံအသင်းများမှာမြန်မာအသင်းအထက်တွင် ရပ်တည်လျက်ရှိသည်။

အာဆီယံနိုင်ငံများတွင် ဗီယက်နမ်အသင်းက အဆင့်-၁၀၁ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားပြီး ထိုင်း ၁၂၄၊ အင်ဒိုနီးရှား ၁၄၃၊ စင်ကာပူ ၁၄၇၊ မလေးရှား ၁၄၈၊ ဖိလစ်ပိုင် ၁၅၇၊ ကမ္ဘောဒီးယား ၁၇၀၊ လာအို ၁၇၄၊ ဘရူနိုင်း ၂၀၂ နှင့် တီမောအသင်းက ကမ္ဘာ့အဆင့်-၂၀၅ ၌ ရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်-၁ နေရာတွင်မူ စပိန်အသင်းက ဆက်လက်ရပ်တည်နေပြီး ၎င်း၏နောက်၌ နယ်သာလန်၊ ဂျာမနီ၊ ဥရုဂွေး၊ အင်္ဂလန်၊ ဘရာဇီး၊ ပေါ်တူဂီ၊ ခရိုအေးရှား၊ အီတလီ၊ အာဂျင်တီးနားအသင်းများက အစဉ်လိုက်ရပ်တည်နေသည်။ အာရှနိုင်ငံများတွင်မူ ဂျပန်အသင်းက ကမ္ဘာ့အဆင့်-၁၉ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်ထားသည်။

## ရောဝတီရှုံးပွဲမရှိ စံချိန်ရပ် ချန်ပီယံရန်ကုန် ပထမဆုံးရှုံးပွဲတွေ့

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် (၃)တွင် အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲဆက်တိုက် ရှုံးပွဲမရှိခဲ့သည့် ရောဝတီယူနိုက်တက်အသင်းမှာ ဇေယျာရွှေမြေအသင်းအား ရှုံးနိမ့်ခဲ့မှုကြောင့် စံချိန်ရပ်တန့်ခဲ့ရပြီး လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည်လည်း ယခုနှစ်ရာသီ၏ ပထမဆုံးရှုံးပွဲကြုံခဲ့ရသည်။

မုံရွာကွင်းတွင် ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်၌ကျော်ကိုကို၏ ပယ်နယ်တီတစ်ဂိုးဖြင့် ရောဝတီအသင်း၏ စံချိန်အား ရပ်တန့်နိုင်ခဲ့ပြီး၊ တောင်ကြီးကွင်းပွဲစဉ်တွင်မူ ကမ္ဘောဇအသင်းက ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူကာ သုံးပွဲဆက်အနိုင်ဖြင့် အမှတ်ပေးဇယားကိုထိပ်ဆုံးမှ ဦးဆောင်ထားသည်။

အခြားပွဲစဉ်များတွင် နေပြည်တော်အသင်းက ဇွဲကပင်အသင်းအား ၃-၀ ဂိုး၊ မနောမြေအသင်းက ဆောက်သမ်းမြန်မာအသင်းအား ၄-၀ ဖြင့် ဂိုးပြတ်အနိုင်ယူခဲ့ပြီး ရတနာပုံအသင်းက မောရဝတီအသင်းအား ၁-၀ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အသင်းသစ် ချင်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းအား တစ်ဂိုးစီ သရေရလဒ်ကစားနိုင်ခဲ့ပြီး မကွေးနှင့် ရက္ခပူရတို့ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျခဲ့သည်။

| စဉ် | အသင်း | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ၁။ | ကမ္ဘောဇ | ၃ | ၀ | ၀ | ၉ |
| ၂။ | နေပြည်တော် | ၂ | ၁ | ၀ | ၇ |
| ၃။ | ဟံသာဝတီ | ၂ | ၁ | ၀ | ၇ |
| ၄။ | ရတနာပုံ | ၂ | ၁ | ၀ | ၇ |
| ၅။ | ဇေယျာရွှေမြေ | ၂ | ၀ | ၁ | ၆ |



ဓာတ်ပုံ - အောင်အောင်

## ကျော်ကိုကိုအား ဂျာမန်လိဂ် ကလပ်တစ်ခုက ခြေစွမ်းခေါ်ယူစမ်းသပ်လို

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

လက်ရွေးစင်တိုက်စစ်မှူးကျော်ကိုကိုအား ဆားဗီးယားအေးဂျင့် ဒရာဂန်က ဂျာမန်ဘွန်ဒစ်လီဂါ ကလပ်တစ်ခုတွင် ကစားခွင့်ရရှိရန်အတွက် ကမ်းလှမ်းထားကြောင်း သတင်းရရှိသည်။

မြန်မာနေရှင်လိဂ်ပြိုင်ပွဲဝင် ဇေယျာရွှေမြေအသင်း တိုက်စစ်မှူးကျော်ကိုကို၏ ခြေစွမ်းအား အဆိုပါအေးဂျင့်မှ သဘောကျ၍ ဘွန်ဒစ်လီဂါကလပ်အသင်းတစ်ခုတွင် ကစားခွင့်ရရှိရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ခြေစွမ်းစမ်းသပ်လိုကြောင်း ကမ်းလှမ်းခြင်းဖြစ်သည်ဟု ဇေယျာရွှေမြေအသင်းမှ တာဝန်ရှိသူတစ်ဦးက ယခုလ ၂၃ ရက်တွင် ပြောသည်။

"ပြီးခဲ့သည့် ငါးရက်ခန့်က ကျွန်တော်တို့အသင်းကို အေးဂျင့် ဒရာဂန်ဆီက မေးလ်ဝင်လာပါတယ်။ ဘွန်ဒစ်လီဂါက ကလပ်အသင်းတစ်ခုခုနဲ့ ဆက်သွယ်ပေးချင်တယ်၊ ခြေစွမ်းအရင် စမ်းသပ်လိုပါတယ်ဆိုတာပါ။ ဘယ်ကလပ်အသင်း တိတိကျကျလို့တော့ သူ့စာထဲမှာ မပါသေးပါဘူး" ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ခြေစွမ်းကြိုက်နှစ်သက်ပါက ကျော်ကိုကိုအနေဖြင့် တစ်လလျှင် ကန်ဒေါ်လာ၅၀၀၀မှ၇၀၀၀ကြား ရရှိမည်ဖြစ်ကာ ဇေယျာရွှေမြေအသင်းအနေဖြင့်လည်း ပြောင်းရွှေ့ကြေးကန်ဒေါ်လာလေးသိန်းမှ ငါးသိန်းကြားရရှိမည်ဖြစ်ကြောင်း အေးဂျင့်၏ ကမ်းလှမ်းချက်ကို အသင်းတာဝန်ရှိသူက ပြောသည်။

ယခုကဲ့သို့ အေးဂျင့်မှ တစ်ဆင့် ပြည်တွင်းဘောလုံးသမားတစ်ဦးအား အာရှပြင်ပကလပ်မှ ခြေစွမ်း စမ်းသပ်လိုကြောင်း တရားဝင်ကမ်းလှမ်းခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဝါရင့်အားကစားကလောင်ရှင်ဦးခင်မောင်ထွေး(ပျဉ်းမနား)က ဆိုသည်။

"၁၉၅၀ နဲ့ ၆၀ ကြားလောက်က မလေးရှားမှာ ကစားခဲ့တဲ့ အာရှလက်ရွေးစင်အသင်းနဲ့ အင်္ဂလန်ကလပ်အသင်းကြီးတစ်ခုရဲ့ ချစ်ကြည်ရေးပွဲအပြီးမှာ အာရှလက်ရွေးစင်အသင်းမှာ ဝင်ကစားခဲ့တဲ့ မြန်မာဂိုးသမားဦးခင်မောင်ထွန်းကို သဘောကျလို့ သူတို့ဆီမှာ ကစားဖို့ အင်္ဂလန်ကလပ်က ကမ်းလှမ်းခဲ့ပေမယ့် ဦးခင်မောင်ထွန်းက ငြင်းပယ်ခဲ့ဖူးတယ်။ ဒီလိုအေးဂျင့်ကတစ်ဆင့် ဥရောပက တရားဝင်ကမ်းလှမ်းတာမျိုးကတော့ ပထမဆုံးအကြိမ်ပါ" ဟု ဦးခင်မောင်ထွေးကပြောသည်။

ဇေယျာရွှေမြေအသင်းအနေဖြင့် ကျော်ကိုကိုအတွက် ကမ်းလှမ်းချက်အား ဇန်နဝါရီ ၃၁ ရက်နောက်ဆုံးထားအကြောင်း ပြန်ရမည်ဖြစ်ပြီး ဘောလုံးအဖွဲ့ချုပ်ထံ ခွင့်ပြုချက်တင်ပြတောင်းခံထားကြောင်း သတင်းရရှိသည်။

## ၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ပွဲဦးထွက်ပြစ်ဒဏ် နည်းပြတစ်ဦးအပေါ် ချမှတ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ချမှတ်ခဲ့သည့် ၂၀၁၂ဘောလုံးရာသီ၏ ပထမဆုံးပြစ်ဒဏ်များအား နည်းပြဆရာများ ဈေးဦးပေါက်ခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၂ မြန်မာနေရှင်နယ်လိဂ် ပထမဆုံး ရက်သတ္တပတ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရက္ခပူရနှင့် နေပြည်တော်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် ဒိုင်လူကြီးများအပေါ် ဝေဖန်မှုပြုလုပ်ခဲ့သည့်နေပြည်တော်အသင်း နည်းပြချုပ် မင်ကော့ဗ်စကီးအား စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ဒဏ်ငွေ ကျပ်သုံးသိန်းနှင့် ဘောလုံးပွဲတစ်ပွဲ ကြီးကြပ်ခွင့်ပိတ်ပင်ခဲ့ကြောင်း သတင်းရရှိသည်။

ထို့အပြင် ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်က ပဒုမ္မာကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သော မကွေးနှင့် ရတနာပုံပွဲစဉ်၌ ကွင်းလယ်ဒိုင်၏ ဆုံးဖြတ်ချက်အား စောဒကတက်ခဲ့သည့် ရတနာပုံအသင်း နည်းစနစ်ဒါရိုက်တာ မစ္စတာရောဘတ်အား စည်းကမ်းထိန်းသိမ်းရေးကော်မတီက တစ်ပွဲပယ်နှင့် ဒဏ်ငွေကျပ်သုံးသိန်းချမှတ်ခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်မှသတင်းထုတ်ပြန်ခဲ့သည်။

ထို့အတူ ရတနာပုံအသင်း နည်းပြချုပ် မစ္စတာရို့စ်အား နည်းစနစ်ဧရိယာအတွင်း စည်းကမ်းတကျနေထိုင်ပြုမူရန် နောက်ဆုံးအကြိမ် သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည့် ယင်းပွဲစဉ် ပွဲချိန် ၆၇ မိနစ်တွင် ကွင်းလယ်ဒိုင် ဦးလှမင်းက ရတနာပုံအသင်းရရှိသင့်သည့်ပင်နယ်တီပြစ်ဒဏ်ဘောအား မစ္စတာရောဘတ်က နည်းစနစ်ဧရိယာအား ကျော်လွန်ကာ ဒိုင်ဖြစ်သူအား စောဒကတက်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန်အတွင်း ဒိုင်လူကြီး ဦးလှမင်း၏ ပင်နယ်တီပြစ်ဒဏ်မပေးခြင်းနှင့်ပတ်သက်၍ ဒိုင်၏ ထင်မြင်ယူဆချက်ကို ဝေဖန်စရာမရှိသော်လည်း မှတ်တမ်းဗီဒီယိုအပြန်အလှန်ကြည့်ရှုချက် အရ ဦးလှမင်းအား မြန်မာနေရှင်နယ်လိဂ်တတိယအပတ်ပွဲစဉ်များတွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ပေးခြင်းမပြုရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

# Sports

7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## စစ်ကျန်ဗုံးတွေ့၍ လူငယ်အိုလံပစ် ဆုပေးပွဲအခမ်းအနားရွှေ့ဆိုင်း

**အင်းစ်ဘရက်(ဩစတြီးယား)၊ ဇန်နဝါရီ - ၂၁**

ဒုတိယကမ္ဘာစစ်က ကြဲချခဲ့ပြီး ကြွင်းကျန်နေသော ဗုံးတစ်လုံးကို ကျင်းပလျက်ရှိသော ဆောင်းရာသီ လူငယ်အိုလံပစ်ပွဲကျင်းပရာ အင်းစ်ဘရက်မြို့လယ်တွင် ရှာတွေ့ခဲ့ခြင်းကြောင့် နေ့စဉ်ပြုလုပ်နေကျ ဆုပေးပွဲအခမ်းအနားကို ရွှေ့ဆိုင်းခဲ့ရသည်။

အဆိုပါ စစ်လက်ကျန်ဗုံးကို မြို့လယ် ဘော့ဇ်နာပလက်ရပ်ကွက်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင့်တစ်ခုတွင် တွေ့ခဲ့ရခြင်းဖြစ်ပြီး ထိုနေရာအနီးတွင်မြို့တော်ရထားဘူတာရုံလည်းတည်ရှိသည်။ ထိုဗုံးကို စနက်တံဖြုတ်ကာ စစ်ဆေးပြီးဖြစ်သော်လည်း မတော်တဆ ပေါက်ကွဲနိုင်သောကြောင့် ပြိုင်ပွဲအခမ်းအနားအချို့ကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းသည် တာတိုစကိတ်အမြန်စီးပြိုင်ပွဲ၌ တရုတ်ကစားသမားများကို ကျော်ဖြတ်ကာ ရွှေနှစ်ဆုရထားသည်။ *—Ref: Xinhua*



Photo - Getty Images

## ချယ်လ်ဆီးတွင် ဇွန်လအထိ ဆက်နေမည်ဟု ဒရော့ဂ်ဘာအတည်ပြု

**လန်ဒန်၊ ဇန်နဝါရီ - ၂၁**

ချယ်လ်ဆီးအသင်း၏နာမည်ကျော် တိုက်စစ်မှူး ဒရော့ဂ်ဘာက ၎င်းသည် နည်းပြဘိုအာစ်ဦးဆောင်သော ချယ်လ်ဆီးမှ ထွက်ခွာရန် လာမည့်ဇွန်လအထိ အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

အသက် ၃၃နှစ်အရွယ်ရှိ အဆိုပါတိုက်စစ်မှူးသည် မူလကယခု အပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် ပြောင်းရွှေ့ရန်သတင်းများထွက်ပေါ်ခဲ့သေးသည်။ ၎င်း၏ တွဲဖက်တိုက်စစ်မှူး အနယ်ကာမှာမူ ရှန်ဟိုင်းရှင်ဟွာကလပ်သို့ လုပ်ခလစာများပြားစွာဖြင့် ပြောင်းရွှေ့သွား၍ ဒရော့ဂ်ဘာလည်း ရှန်ဟိုင်းသို့ပြောင်းမည်ဟု သတင်းထွက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဒရော့ဂ်ဘာသည် လာမည့် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲတွင် မိခင်အသင်း အိုင်ဗရီကို့စ်နှင့်အတူဝင်ပြိုင်မည်ဖြစ်ရာ ချယ်လ်ဆီးတွင် ပါဝင်နိုင်ခြင်းမရှိသေးပေ။ အိုင်ဗရီကို့စ်လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၂၂ ရက်တွင် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များ စတင်ကစားမည်ဖြစ်သည်။ အိုင်ဗရီကို့စ်သည် ဆူဒန်၊ ဘာကီနာဖာဆို၊ အင်ဂိုလာတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

*—Ref: Soccerway*

## ၂၀၁၄ ကမ္ဘာ့ဖလားအိမ်ရှင် ဘရာဇီးထက် ၂၀၁၈ အိမ်ရှင် ရုရှားက ပြင်ဆင်မှုပိုကောင်းဟု ဘလတ္တာဆို

**လန်ဒန်၊ ဇန်နဝါရီ - ၂၁**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၏ ဥက္ကဋ္ဌ ဆပ်ဘလတ္တာက ၂၀၁၈ တွင် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ရုရှားနိုင်ငံသည် ၂၀၁၄ တွင် အိမ်ရှင်လုပ်မည့် ဘရာဇီးနိုင်ငံထက်ပင် ပြင်ဆင်မှုများ ပိုကောင်းနေကြောင်း ပြောကြားလိုက်သည်။

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်တွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ဘလတ္တာက “ဒီရုရှားမှာ ကျွန်တော်တို့ ပိုခရီးရောက်နေတယ်ဆိုတာ ပြောနိုင်ပါတယ်။ ဒီမှာထက်စာရင် ဘရာဇီးမှာက တကယ်ပဲ ပြဿနာတွေ အများကြီးရှိနေပါတယ်”ဟုနှိုင်းယှဉ်ပြောကြားခဲ့သည်။

ဘလတ္တာသည် ပြီးခဲ့သည့်လကလည်းဘရာဇီးတွင်လေဆိပ်၊ လမ်းနှင့် အများပြည်သူပို့ဆောင်ရေးဆိုင်ရာကဏ္ဍများ၌ ပြဿနာများစွာရှိနေသေးကြောင်း ပြောဆိုခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ၎င်းသည် ဖီဖာအထွေထွေအတွင်းရေးမှူးချုပ် ဂျယ်ရမ်ဗယ်လ်ကီထံမှ ဘရာဇီးတွင် ပြင်ဆင်မှုများ တိုးတက်နေပြီဟု အစီရင်ခံစာရခဲ့ကြောင်း ပြန်ပြောခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် အင်္ဂလန်၊ စပိန်-ပေါ်တူဂီပူးတွဲ၊ ဘယ်လ်ဂျီယံ-နယ်သာလန်ပူးတွဲတို့ကို ကျော်ဖြတ်ကာ ရွေးချယ်ခံခဲ့ရသည်။

*—Ref: Reuters*



Photo - Reuters

လေမဖြတ်အောင် ကာကွယ်ပါ..
သွေးပေါင်ချိန် မှန်မှန်တိုင်းပါ !
" သွေးတိုးရောဂါရှိသူများတွင် လေဖြတ်နိုင်သည်။
သွေးတိုးရောဂါကို ဆရာဝန်နှင့် တိုင်ပင်၍ ထိရောက်စွာ ကုသသင့်သည်။ "
British Hypertension Society နှင့် German Hypertension Society အသိအမှတ်ပြု
အဆင့်မြင့် သွေးပေါင်ချိန်တိုင်း ကိရိယာ
SWISS microlife DESIGN
pad
mam
Clinically Tested
BHS A/A-BHS Protocol
BHS
reddot
microlife






7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012




Photo - AFP

# အမေရိကန်သူလျှိုလေယာဉ် ပုံစံတူအရုပ် ပြန်ပေးရန်အီရန်ကစားစရာကုမ္ပဏီတစ်ခု ကမ်းလှမ်း

**ဝါရှင်တန်၊ ဇန်နဝါရီ – ၁၈**

အမေရိကန်သမ္မတအိုဘားမားသည် အီရန်နိုင်ငံတွင် ပျက်ကျခဲ့သော ၎င်းတို့၏ သူလျှိုလေယာဉ်ကို ပြန်ပေးရန်တောင်းဆိုခဲ့သော်လည်း မပေးခဲ့ပေ။ သို့သော် မကြာသေးမီက အီရန်ကလေးကစားစရာကုမ္ပဏီတစ်ခုကမူ အဆိုပါပျက်ကျခဲ့သည့်လေယာဉ်၏ ပုံစံတူ ပန်းရောင်ပလတ်စတစ်လေယာဉ်ရုပ်တစ်ရုပ်အား အိမ်ဖြူတော်သို့ ပေးပို့ရန် ကတိပြုလိုက်ကြောင်းသိရသည်။

အဆိုပါအီရန်ကလေးကစားစရာကုမ္ပဏီမှာ အယာအတ်အုပ်စုကုမ္ပဏီဖြစ်ပြီး သူလျှိုလေယာဉ် RQ-170 ၏ ပုံစံတူ အရုပ်များကို တစ်နေ့လျှင် ၂,၀၀၀ ခန့်ထုတ်လုပ်နေပြီး သမ္မတအိုဘားမားအတွက်လည်းလက်ဆောင်တစ်ခုပေးရန်ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းကုမ္ပဏီ အကြီးအကဲဖြစ်သူ ရီဇာကီယော်မာက "အိုဘားမားက လေယာဉ်ကို ပြန်လိုချင်တယ်လို့ပြောပါတယ်။ ကျွန်တော်တို့သူ့ကို တစ်ခုပြန်ပေးမှာပါ"ဟုပြောသည်။ ကုမ္ပဏီမှ ထုတ်လုပ်သည့် သူလျှိုလေယာဉ်ပုံစံအရုပ်များတွင် အယာတိုလာခိုမေနီ၏ နာမည်ကျော် ကြွေးကြော်သံဖြစ်သော "အမေရိကကိုငါတို့ခြေထောက်အောက်တွင်ထားရှိမည်" ဟူသောစကားကို ရေးထိုးထားသည်ဟု သိရသည်။

*—Ref: Telegraph*

# ပါကစ္စတန်နိုင်ငံဆိုင်ရာ VOA သတင်းထောက်တစ်ဦး သတ်ဖြတ်ခံရ

**ပက်ရှ်ဝါ၊ ဇန်နဝါရီ – ၁၈**

အမေရိကန်သတင်းဌာန VOA အတွက် အလုပ်လုပ်သော ပါကစ္စတန်နိုင်ငံသား သတင်းထောက် မူကာရမ်ခန်အက်တစ်သည်ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဝတ်ပြုကျောင်းတစ်ခုတွင် သေနတ်နှင့် ပစ်သတ်ခံခဲ့ရကြောင်း သိရသည်။

ခိုင်ဘာ-ပက်တွန်ဟွာပြည်နယ် မြို့တော်ပက်ရှ်ဝါမှ ၂၅မိုင်ခန့်အကွာရှိ ရှက်ကာဒါမြို့တွင် ဖြစ်ပေါ်ခဲ့သည့်လုပ်ကြံသတ်ဖြတ်မှုမှာ၎င်းတို့လက်ချက်ဖြစ်ကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့က ပြောကြားသည်။

အက်တစ်သည် ညနေခင်းဝတ်ပြုချိန် ဝတ်ပြုကျောင်းသို့ ရောက်ရှိလာချိန်၌ လူနှစ်ဦးက ၎င်းအား ခေါင်းနှင့်ရင်ဘတ်ကို သေနတ်နှင့် ပစ်ခတ်ခဲ့ပြီး ထွက်ပြေးသွားကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်သက်သေများအား ကိုးကား၍ သတင်းတွင်ဖော်ပြသည်။

အက်တစ်သည် စစ်သွေးကြွများထံမှ ခြိမ်းခြောက်မှုများရရှိနေခဲ့၍ ၎င်း၏ မိသားစုနှင့်အတူ ရှက်ကာဒါမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ ဆွေမျိုးများကပြောသည်။

အက်တစ်သေဆုံးမှုကို စုံစမ်းစစ်ဆေးရန် လွတ်လပ်သောတောင်အာရှမီဒီယာအစည်းအရုံး အထွေထွေအတွင်းရေးမှူး အင်တီယက်အလမ်က အာဏာပိုင်များအား တိုက်တွန်းပြောကြားထားသည်။

ပါကစ္စတန်ပြန်ကြားရေးဝန်ကြီး အာရှစ်အဝမ်ကလည်း ဗီအိုအေသတင်းထောက် သေဆုံးခြင်းအတွက် ဝမ်းနည်းကြောင်းနှင့် စေ့စပ်သေချာသော စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

*—Ref: UPI*

# ကမ္ဘာပေါ်တွင်စီးပွားရေးလွတ်လပ်ခွင့် အရှိဆုံးနေရာမှာ ဟောင်ကောင်ဟုဆို

**ဟောင်ကောင်၊ ဇန်နဝါရီ – ၁၆**

ဟောင်ကောင်သည် ကမ္ဘာ့ စီးပွားရေးလွတ်လပ်ခွင့်အရှိဆုံး နေရာဖြစ်ကြောင်း Heritage ဖောင်ဒေးရှင်းက ထုတ်ပြန်သည့် ၂၀၁၂ နိုင်ငံတကာ စီးပွားရေးလွတ်လပ်ခွင့်ညွှန်းကိန်းတွင် ဖော်ပြခဲ့သည်။

ဟောင်ကောင်ကျွန်းအစိုးရ၏ အဆိုအရ ၁၉၉၅ ခုနှစ်မှစ၍ နှစ်စဉ်ထုတ်ပြန်ခဲ့သော ယင်းညွှန်းကိန်းတွင် ဟောင်ကောင်မြို့တော်မှာ ၁၈ နှစ်ဆက်တိုက် ထိပ်တန်းနေရာရခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းညွှန်းကိန်းတွင် ဟောင်ကောင်မှာ ပေးမှတ် ၁၀၀ တွင် ရမှတ် ၈၉ ဒသမ ၉ ရခဲ့သည်။

စီးပွားရေးလွတ်လပ်ခွင့် ကမ္ဘာ့အဆင့် ပျမ်းမျှ ရမှတ် ၅၉ ဒသမ ၅ ထက်လည်း များစွာသာလွန်ခဲ့သည်။ ဟောင်ကောင်သည် ဘဏ္ဍာရေးနှင့်ကုန်သွယ်ရေးလွတ်လပ်ခွင့်တွင် ပထမရပြီး ရင်းနှီးမြှုပ်နှံမှုနှင့် အိမ်ခြံမြေဆိုင်ရာလွတ်လပ်ခွင့်များတွင်လည်း ဒုတိယရသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု လွတ်လပ်ခွင့်အရာတွင် တတိယနေရာတွင် ရှိနေသည်။

Heritage ဖောင်ဒေးရှင်းသည် ကမ္ဘာတစ်ဝန်းမှ နိုင်ငံပေါင်း ၁၇၉ နိုင်ငံကိုလေ့လာအညွှန်းပြုစုခဲ့ခြင်းဖြစ်ပြီး စာရင်းတွင် စင်ကာပူနိုင်ငံမှာ ဒုတိယနှင့် ဩစတြေးလျတို့မှာ တတိယနေရာများ အသီးသီးရခဲ့သည်။

*—Ref: China Daily*

# အမေရိကန်ကွန်ဂရက်ဥပဒေကြမ်းကို ကန့်ကွက်သည့်အနေဖြင့် ဝီကီပီးဒီးယားအမှောင်ချ

**နယူးယောက်၊ ဇန်နဝါရီ – ၁၈**

အွန်လိုင်းစွယ်စုံကျမ်းဝက်ဘ်ဆိုက် ဝီကီပီးဒီးယားနှင့် ဂူးဂဲလ်ဝက်ဘ်ဆိုက်တို့သည် အမေရိကန်ကွန်ဂရက်တွင် အတည်ပြုရန်စီစဉ်နေသည့် အင်တာနက်ဝက်ဘ်ဆိုက်များ ထိန်းချုပ်ရေးဥပဒေကြမ်းကို ကန့်ကွက်သည့်အနေဖြင့် အမှောင်ချကာကန့်ကွက်ခဲ့ကြသည်။

ဝီကီပီးဒီးယားဝက်ဘ်ဆိုက်မှာ ၎င်း၏ အင်္ဂလိပ်ဘာသာဆိုက်တွင် ၂၄ နာရီအမှောင်ချကာ အောက်လွှတ်တော်၌ တင်သွင်းထားသည့် အွန်လိုင်းမူပိုင်ခွင့်ဥပဒေ SOPA နှင့် အထက်လွှတ်တော်ဥပဒေကြမ်း Protect IP Act (PIPA) တို့ကို ကန့်ကွက်ခဲ့သည်။ ဂူးဂဲလ်မှာ အမေရိကန်ရှိ ဝက်ဘ်ဆိုက် မူလစာမျက်နှာတွင် ၎င်းတို့အမှတ်တံဆိပ်ပေါ်၌ အနက်ရောင် အမှတ်အသားအကွက်ထားရှိခဲ့သည်။

ထို့ပြင် အခြားလူမှုသတင်းဝက်ဘ်ဆိုက်များဖြစ်သော Reddit နှင့် Cheezburger ကွန်ရက်တို့မှာလည်း ဇန်နဝါရီ ၁၈ ရက်နောက်ပိုင်းတွင် ကန့်ကွက်သည့်အနေဖြင့် ပိတ်ထားမည်ဟုသိရသည်။ ယခု ဥပဒေကြမ်းကို ဟောလိဝုဒ်ရုပ်ရှင်လောက၊ ဂီတလောကနှင့် Business Software Alliance အဖွဲ့တို့အပြင် အမေရိကန်ကုန်သည်ကြီးများအသင်းနှင့် အမျိုးသားအဆင့် ကုန်ထုတ်လုပ်သူများအသင်းတို့က ထောက်ခံထားသည်။

ဝီကီပီးဒီးယား၏ ဝက်ဘ်စာမျက်နှာတွင်မူ ၎င်းတို့၏ ကန့်ကွက်မှုအကြောင်းကို "အခုဆိုရင် အမေရိကန်ကွန်ဂရက်ဟာ လွတ်လပ်ပွင့်လင်းတဲ့ အင်တာနက်ကို ထိခိုက်ပျက်စီးစေနိုင်မယ့် ဥပဒေကြမ်းကို စဉ်းစားနေပါတယ်။ ဒီကိစ္စကို အားလုံးသတိပြုမိစေဖို့အတွက် ကျွန်တော်တို့ဟာ ဝီကီပီးဒီးယားကို ၂၄နာရီကြာအောင် အမှောင်ချထားမှာပါ"ဟုဖော်ပြခဲ့သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

# ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ခြင်းကို အမေရိကန်က မတားမြစ်နိုင်ကြောင်း အီရန်ပြောကြား

**တီဟီရန်၊ ဇန်နဝါရီ - ၁၉**




ဟောမုဇ်ရေလက်ကြားမှ ရေနံတင်သင်္ဘောများသွားလာခြင်းကို အီရန်နိုင်ငံက ခွင့်မပြုခဲ့ပါက ယင်းကို အမေရိကန်နိုင်ငံက မတားဆီးနိုင်ကြောင်း အီရန်စစ်ဘက်အရာရှိများကပြောကြားသည်။

"သူတို့ရဲ့ ပြည်သူလူထုစည်းရုံးမှုတွေ၊ ဝါဒဖြန့်ဖြူးရေးကြိုးပမ်းမှုတွေရှိနေပေမယ့်လည်း အမေရိကန်တွေဟာ ကျွန်တော်တို့ရဲ့ ဟောမုဇ်ရေလက်ကြားကို ပိတ်သိမ်းနိုင်တဲ့အခြေအနေအပါအဝင် နယ်ပယ်အများအပြားမှာ အီရန်နိုင်ငံကို ထိပ်တိုက်ရင်ဆိုင်နိုင်တဲ့ စွမ်းရည်မရှိပါဘူး"ဟု အီရန်နိုင်ငံ၏ ဒုတိယကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မာဆွတ်ဂျာဇာယာရီအားကိုးကား၍ အီရန်အစိုးရပိုင် Press-TV ကပြောကြားသည်။

ယင်းထုတ်ပြန်ချက်မှာ ဟောမုဇ်ရေလက်ကြားအား ပိတ်ဆို့ရေး အီရန်၏ ခြိမ်းခြောက်မှုများနှင့်ပတ်သက်၍ အမေရိကန်က လမ်းကြောင်းသုံးသွယ်မှ ဆက်သွယ်ပြောဆိုခဲ့သည်ကို လက်ခံရရှိကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနကအတည်ပြုခဲ့ပြီးနောက်ပိုင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်၏ ပေးစာကို လက်ခံရရှိခဲ့ကြောင်းနှင့် ယင်းကို အီရန်နိုင်ငံက လေ့လာနေပြီး တုံ့ပြန်ရန်လိုအပ်ပါက တုံ့ပြန်သွားမည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မေမန်ပါရက်စ်ကပြောကြားသည်။ အီရန် နျူအစီအစဉ်နှင့်ပတ်သက်၍ ၎င်း၏ဇဟိုဘဏ်အား သပိတ်မှောက်ရန်အစီအစဉ်များကို အမေရိကန်ကကြေညာခဲ့ပြီးနောက် ဟောမုဇ်ရေလက်ကြားအား ပိတ်ဆို့မည်ဟု အီရန်၏ ခြိမ်းခြောက်မှုများပေါ်ထွက်လာခဲ့သည်။

—*Ref: UPI*

# ကလေးငယ်များသည် လူကြီးများပါးစပ်ကိုကြည့်၍ စကားပြောသင်ယူကြဟုဆို

**ဝါရှင်တန်၊ ဇန်နဝါရီ - ၁၆**



တစ်နှစ်အောက် ကလေးငယ်များသည် စကားပြောတတ်အောင် စတင်သင်ယူရာတွင် အသံကိုသာ နားထောင်၍ သင်ယူခြင်းမဟုတ်ဘဲ လူကြီးများ၏ပါးစပ်ကိုပါကြည့်၍ သင်ယူကြကြောင်း အမေရိကန်သုတေသီများက တွေ့ရှိခဲ့သည်။

ယင်းသို့ သင်ယူခြင်းမှာ ကလေးငယ်များ ဝူးဝူးဝါးဝါးစတင်ပြောဆိုရာမှ မပီကလာ၊ ပီကလာနှင့် ဖေဖေ၊ မေမေ စသောစကားလုံးများ ပေါ်ထွက်လာချိန်တွင် ဖြစ်ပေါ်ကြောင်း သုတေသီများက ပြောကြားသည်။

ကလေးငယ်များသည် အသက်ခြောက်လသား အရွယ်ခန့်မှစ၍ လူကြီးများ စကားပြောချိန်တွင် မျက်လုံးကို ကြည့်နေခြင်းထက် ပါးစပ်ကို ငေးနေတတ်ကြောင်း ဖလော်ရီဒါမှ သိပ္ပံပညာရှင်များကတွေ့ရှိခဲ့သည်။

"ကလေးငယ်ဟာ သူကြားနေတဲ့အသံကို နောက်ကလိုက်ပြီး တုပပြောဆိုဖို့အတွက် သူတို့ရဲ့ နှုတ်ခမ်းကိုဘယ်လိုပြင်ဆင်ရမလဲဆိုတာကို သင်ယူပါတယ်"ဟု ကလေးငယ်များဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိတ်ပညာရှင် ဒေးဗစ်လူကော်ဝစ်ကပြောသည်။ "ဒါဟာ မယုံနိုင်လောက်အောင် ရှုပ်ထွေးတဲ့ဖြစ်စဉ်ပါ"ဟု၎င်းကဆက်လက်ပြောကြားသည်။

သို့သော် ကလေးငယ်များသည် အခြေခံ အသံများကိုသိရှိလာချိန်တွင် အသက်တစ်နှစ်ခန့်အရွယ်၌ လူကြီးများကို မျက်လုံးများဖြင့်ပြန်လည်အာရုံစိုက်၍ ကြည့်ရှုကြောင်း သုတေသီများက ပြောကြားသည်။ ယင်းအတွက် ကလေးငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်စကားပြောနိုင်စွမ်းတွင် ဒီဗီဒီခွေသာ ဖွင့်ပြထားခြင်းထက် ကလေးငယ်နှင့် တီတီတာတာ ပြောဆိုဆက်ဆံပေးရန် အရေးကြီးသောအထောက်အထားဖြစ်သည်ဟု သုတေသီများက ပြောကြားသည်။

—*Ref: AP*

# အီရန်ကို မတိုက်ရန် ရုရှားသတိပေး

**မော်စကို၊ ဇန်နဝါရီ - ၁၉**

အီရန်နိုင်ငံကို တိုက်ခိုက်ခြင်းသည် အရှေ့အလယ်ပိုင်းဒေသတွင် ထိန်းမနိုင်သိမ်းမရ စစ်ပွဲကြီးဖြစ်လာနိုင်ကြောင်း ရုရှားနိုင်ငံက သတိပေးပြောကြားပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေဖြင့် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတွင် ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကို ကျင့်သုံးသင့်ကြောင်း ပြောသည်။

"နောက်ဆက်တွဲအကျိုးဆက်တွေကို စာရင်းပြုစုဖို့တောင်မဖြစ်နိုင်ပါဘူး"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ၎င်း၏နှစ်ပတ်လည်မိန့်ခွန်းတွင်ထည့်သွင်းပြောကြားသည်။ "ဆွန်နီ-ရှီးယိုက်ထိပ်တိုက်ရင်ဆိုင်မှုနဲ့ မီးခိုးအူနေတဲ့မီးပုံကို ဓာတ်ဆီလောင်းလိုက်သလို ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်သံသယမရှိပါဘူး။ အဲဒီကနေ ဆင့်ကဲဖြစ်စဉ်တွေဆီ ဦးတည်သွားပါလိမ့်မယ်"ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဆက်လက် ပြောကြားသည်။

"ဒီလို ထိန်းမနိုင်သိမ်းမရ အခြေအနေ ဖြစ်နိုင်ခြေအလားအလာ ဘယ်လောက်ရှိသလဲဆိုတာကတော့ ဒီလမ်းကို ရွေးချယ်ဖို့ပြောနေသူတွေကိုမေးကြည့်ဖို့ လိုပါလိမ့်မယ်"ဟု ဆာဂျီလက်ရော့ကပြောကြားရင်း ရုရှားနိုင်ငံအနေဖြင့် အီရန်အပေါ် တိုက်ခိုက်မှုကို တားဆီးရန် မိမိ လုပ်နိုင်တာမှန်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဆက်လက်ပြောကြားသည်။

အစ္စရေးအနေဖြင့် အီရန်အား တိုက်ခိုက်ရေး ဆုံးဖြတ်ချက်ချရန် အလွန်ဝေးသေးကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး အီဟွတ်ဘားရက်က ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားခဲ့သော်လည်း အီရန်သည် အဏုမြူလက်နက် ထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဟု မသင်္ကာမှုများနှင့် ပတ်သက်၍ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်အပေါ် စစ်အင်အားမသုံးရေးအလားအလာကို ဖယ်ရှားမထားပေ။

—*Ref: RIA Novosti*

# ၂၀၁၁ ခုနှစ်သည် သဘာဝဘေးအန္တရာယ်များကြောင့် အကုန်အကျအများဆုံးနှစ်ဖြစ်ဟုဆို

**လန်ဒန်၊ ဇန်နဝါရီ - ၁၈**

၂၀၁၁ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့စီးပွားရေးအပေါ် ကုန်ကျစရိတ်မှာ ကန်ဒေါ်လာ ၃၈၀ ဘီလီယံရှိကြောင်းနှင့် ယင်းမှာ မှတ်တမ်းတင်ထားသမျှထဲတွင် အများပြားဆုံးဖြစ်ကြောင်းသိရသည်။

တန်ပြန်အာမခံထားရေးတွင် ကမ္ဘာ့အကြီးမားဆုံး ကုမ္ပဏီတစ်ခုဖြစ်သော Munich Re ဘဏ်က သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်သည့် ကုန်ကျစရိတ်များကို ၁၉၈၀ပြည့်နှစ်မှစ၍ စုဆောင်းခဲ့သည်။ ၎င်းတို့၏ တွေ့ရှိချက်များအရ ယင်းကုန်ကျစရိတ်များမှာ နှစ်ပေါင်း ၃၀ အတွင်း တရိပ်ရိပ်တက်လာပြီး ပြီးခဲ့သည့်နှစ်က ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့တွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် သဘာဝဘေးအန္တရာယ်များကြောင့် သမိုင်းတွင်သည့် ကုန်ကျစရိတ်များဖြစ်ပေါ်လာခဲ့သည်။

ဂျပန်ငလျင်မှာ ဖူကူရှီးမားနျူကလီးယားအကျပ်အတည်းအားထည့်မတွက်ခင်မှာပင်ကုန်ကျစရိတ် ကန်ဒေါ်လာ ၂၁၀ဘီလီယံရှိပြီးယင်းမှာသမိုင်းတစ်လျှောက်အကုန်အကျအများဆုံး သဘာဝဘေးဖြစ်ခဲ့သည်။

၁၉၈၀ပြည့်နှစ်မှစ၍ ငလျင်ဖြစ်ပေါ်မှုမှာ ပုံမှန်ဟုဆိုနိုင်သော်လည်း ရေကြီး၊ ရေလျှံမှုများနှင့် မိုးခေါင်ရေရှားမှုများ ပိုမိုဖြစ်ပေါ်လာခဲ့သည်။ ယင်းသို့ ရာသီဥတုနှင့် ဆက်စပ်နေသော ဘေးအန္တရာယ်များဖြစ်ပေါ်ခြင်းမှာကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်ချိတ်ဆက်နေသည့် အထောက်အထားများဖြစ်သည်ဟု ဗြိတိန်နိုင်ငံ ရာသီဥတုရုံးမှ ပညာရှင် ပီတာစကော့ကပြောသည်။

—*Ref: ANI*






7 DAY NEWS JOURNAL
Vol.10, No.45 · JANUARY 26, 2012

## အိုင်အမ်အက်ဖ်က ကန်ဒေါ်လာ ဘီလီယံ ၅၀၀ ထပ်မံရရှိရန် ကြိုးပမ်း

**ဝါရှင်တန်၊ ဇန်နဝါရီ - ၁၉**

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုခန့်မှန်းချက်ကို လျှော့ချရန်ပြင်ဆင်နေစဉ်မှာပင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)သည် ချေးငွေများကို ပိုမိုထုတ်ချေးနိုင်ရေး ကန်ဒေါ်လာဘီလီယံ ၅၀၀ ထပ်မံရှာဖွေရန်ကြိုးပမ်းနေကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

ငွေတိုက်စာချုပ်ဈေးကွက်များ မတည်ငြိမ်ခြင်းအပေါ် ပူပန်ခြင်းနှင့် ငွေပေးချေရန် ရေတိုအခက်အခဲတွေ့နေသည့် နိုင်ငံများအား ချေးငွေထုတ်ပေးနိုင်ရန် ရှေ့လာမည့်နှစ်များတွင် ကန်ဒေါ်လာတစ်ထရီလီယံခန့် လိုအပ်လိမ့်မည်ဟု အိုင်အမ်အက်ဖ်က ခန့်မှန်းထားသည်။

ထူးခြားသောအခြေအနေများတွင် အိုင်အမ်အက်ဖ်၏ ငွေချေးနိုင်အားမှာ ကန်ဒေါ်လာဘီလီယံ ၃၈၀ သာရှိသည်။ ယင်းအတွက် အိုင်အမ်အက်ဖ်ကဘီလီယံ ၅၀၀ အထိချေးငှားပေးနိုင်ရန်အလိုရှိပြီး အရန် ရန်ပုံငွေအဖြစ် ကန်ဒေါ်လာ ၁၀၀ ဘီလီယံလည်းထပ်မံစုဆောင်းထားလိုသည်။ အိုင်အမ်အက်ဖ်က ထပ်မံရှာဖွေမည့် ငွေကြေး၌ ဒီဇင်ဘာလတွင် ဥရောပသမဂ္ဂက ကတိကဝတ်ပြုခဲ့သည့်ကန်ဒေါ်လာ ၂၀၀ ဘီလီယံလည်း ပါဝင်သည်။

ယခုရက်သတ္တပတ်အတွင်းပြုလုပ်ခဲ့သည့် အိုင်အမ်အက်ဖ် အမှုဆောင်ဘုတ်အဖွဲ့အစည်းအဝေးတွင် အမှုဆောင်အများအပြားက ယူရိုကြွေးမြီပြဿနာထိန်းချုပ်နိုင်ရေး စုပေါင်းကြိုးပမ်းလုပ်ဆောင်ရန်နှင့် အီးယူပြဿနာ အခြားကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့သွားခြင်းမှ ကာကွယ်ရေးကို အလေးအနက်ပြောဆိုကြကြောင်း အိုင်အမ်အက်ဖ်အကြီးအကဲ မစ္စခရစ္စတင်းလားဂါ့ဒ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။ —*Ref: NY.Times*



Photo - AFP

## ပါကစ္စတန်ဝန်ကြီးချုပ် တရားရုံးမထီမဲ့မြင်မှုဖြင့် အမှုရင်ဆိုင်နေရ

**အစ္စလာမာဘတ်၊ ဇန်နဝါရီ - ၁၉**

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီသည် တရားရုံးအား မထီမဲ့မြင်ပြုခြင်းအမှုကိုရင်ဆိုင်ရန်နိုင်ငံ၏တရားရုံးချုပ်သို့ရောက်ရှိလာခဲ့သည်။

ပါကစ္စတန်သမ္မတ အဆစ်အလီဇာဒါရီ၏ ခြစားခြင်းအမှုကိစ္စကို ပြန်လည်စုံစမ်းစစ်ဆေးရန် ဆွစ်ဇာလန်အရာရှိများအား တောင်းဆိုရေးကို ဝန်ကြီးချုပ်ဂီလာနီက ငြင်းဆန်ခဲ့ပြီးနောက် တရားရုံးက ၎င်းအပေါ် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

မစ္စတာဂီလာနီ၏ ရှေ့နေကမူ သမ္မတဇာဒါရီကိစ္စအား ဖြေရှင်းရာတွင် ဆွစ်ဇာလန်နိုင်ငံသို့ စာရေးသားတောင်းဆိုမှုတစ်ရပ် မပေးပို့ရသေးကြောင်း အရိပ်အမြွက်ပြောကြားသည်။

တရားရုံးမထီမဲ့မြင်မှုအတွက် အပြစ်ရှိကြောင်း တွေ့ရှိရပါက မစ္စတာဂီလာနီမှာ အစိုးရရာထူးရယူခြင်းမှ ပိတ်ပင်ခံရနိုင်သည်။

အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ တရားရုံးချုပ်သို့ ရောက်ရှိလာရာတွင် မစ္စတာဂီလာနီက လက်ဝှေ့ယမ်းနှုတ်ဆက်ရင်း ပြုံးနေကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၎င်း၏ ရှည်လျားသော အဖွင့်လျှောက်လဲချက်တွင် မစ္စတာဂီလာနီက ၎င်းအနေဖြင့် ပါကစ္စတန်အခြေခံဥပဒေနှင့် တရားရုံးကို ရိုသေလေးစားကြောင်းပြောကြားသည်။ သမ္မတဇာဒါရီသည် တရားရုံး၏ ဖမ်းဆီးခြင်းမှ ကင်းလွတ်ခွင့်ရရှိသော်လည်း ဝန်ကြီးချုပ်ဖြစ်သူ ၎င်းအနေဖြင့် တရားရုံးအား ဆန့်ကျင်ရန် မရည်ရွယ်ကြောင်း မစ္စတာဂီလာနီကပြောကြားသည်။

—*Ref: BBC*



7 DAY NEWS JOURNAL
# International
Vol.10, No.45 • JANUARY 26, 2012

## အီရန်ရေနံ ပိတ်ဆို့တားဆီးရန် အီးယူ အဆင်သင့်ပြင်


Photo - Reuters

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ-၂၃**

အီရန်နိုင်ငံ၏ မသင်္ကာဖွယ်ရာ နျူကလီးယားကြိုးပမ်းမှုအပေါ် အနောက်နိုင်ငံများက ပိုမိုဖိအားပေးလာပြီး အီရန်အားဆွေးနွေးပွဲသို့ပြန်လာရန် တိုက်တွန်းနေစဉ်မှာပင် ဥရောပသမဂ္ဂသည် အီရန်နိုင်ငံမှ ရေနံတင်ပို့မှုများကို ပိတ်ဆို့ရန် အဆင်သင့်ပြင်ဆင်နေကြောင်း သိရသည်။

နျူကလီးယားလက်နက်အစီအစဉ်အတွက် အီရန်၏ ဘဏ္ဍာငွေထောက်ပံ့နိုင်မှု စွမ်းရည်လျော့ကျစေရန်ရည်ရွယ်သည့် အပြင်းထန်ဆုံးအရေးယူမှုတွင် ဥရောပသမဂ္ဂနိုင်ငံခြားရေးဝန်ကြီးများထပ်မံတွေ့ဆုံ၍ လက်ရှိပိတ်ဆို့တားဆီးမှုများအား ပိုမိုအားကောင်းလာစေရန် အီရန်ရေနံစိမ်းတင်သွင်းခြင်းကို ပိတ်ပင်ခြင်းအပြင် အီရန်၏ ဘဏ္ဍာရေး၊ ရေနံဓာတုနှင့် ရွှေလုပ်ငန်းများကိုပါ ပစ်မှတ်ထားရန် ဆွေးနွေးကြမည်ဖြစ်သည်။

**စာ(၄၅)သို့**

## ဆီးရီးယားပြဿနာကို ယီမင်ပုံစံဖြင့် ဖြေရှင်းမည့်အစီအစဉ် အာရပ်အဖွဲ့ချုပ်ဖော်ထုတ်

**ကိုင်ရို၊ ဇန်နဝါရီ-၂၃**

ယီမင်အကျပ်အတည်းအား ဖြေရှင်းခဲ့သည့် အတွေ့အကြုံပေါ် အခြေခံ၍ ဆီးရီးယားနိုင်ငံ၌ ပြဿနာဖြေရှင်းရေးအစီအစဉ်တစ်ရပ်ကို အာရပ်အဖွဲ့ချုပ်ကြီးက ဖော်ထုတ်လိုက်ကြောင်း ဝန်ကြီးချုပ် ရှိက်ဟာပက်ဘင်ဂျာဆင်အယ်လ်သာနီက ပြောကြားသည်။

ကိုင်ရိုမြို့တွင်ပြုလုပ်ခဲ့သည့် အာရပ်အဖွဲ့ချုပ်အစည်းအဝေး၌ တင်ပြခဲ့သော အစီအစဉ်အရ အကျပ်ရိုက်နေသော ဆီးရီးယားသမ္မတ အယ်လ်အာဆတ်အား ၎င်း၏ လက်ထောက်သမ္မတဖာရွတ်အယ်ရှာရားထံ အာဏာလွှဲပြောင်းပေးရန် တိုက်တွန်းထားသည်။ ယင်းနောက်တွင် ဘက်ပေါင်းစုံမှ လက်ခံနိုင်သော ပုဂ္ဂိုလ်တစ်ဦးခေါင်းဆောင်၍ နှစ်လအတွင်း ညီညွတ်ရေးအစိုးရဖွဲ့စည်းနိုင်ရန် မျှော်မှန်းထားသည်။

**စာ(၄၅)သို့**



Photo - AFP

## ဂရိ ကြွေးမြီပြဿနာ ယူရိုဇုန်ဝန်ကြီးများ ဆုံးဖြတ်မည်

**ဘရပ်ဆဲလ်၊ ဇန်နဝါရီ-၂၃**

ပုဂ္ဂလိကကုမ္ပဏီကြွေးရှင်များဘက်မှ ညှိနှိုင်းလာသူများက ၎င်းတို့၏ ကမ်းလှမ်းမှုကို ထပ်မံမပြင်ဆင်နိုင်ကြောင်း ပြောကြားခဲ့ပြီးနောက် ဂရိကြွေးမြီများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်းတွင် ပါဝင်ရမည့်အချက်များကို ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများက ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာ(၄၅)သို့**

## အမေရိကန်လေယာဉ်တင်သင်္ဘော ပင်လယ်ကွေ့ထဲ ဝင်ရောက်လာ


Photo - Reuters

**ဝါရှင်တန်၊ ဇန်နဝါရီ-၂၃**


အမေရိကန် လေယာဉ်တင်သင်္ဘောအုပ်စု ဟောမုဇ်ရေလက်ကြားသို့ ပြန်လည်ဝင်ရောက်လာပါက အရေးယူမည်ဟု ပြောကြားခဲ့သည့် အစောပိုင်းခြိမ်းခြောက်မှုကို အီရန်က အလျှော့ပေးလိုက်ပြီး နောက်တစ်ရက်တွင် အမေရိကန်လေယာဉ်တင်သင်္ဘောတစ်စီးသည် မည်သည့်ဟန့်တားမှုမှ မကြုံတွေ့ဘဲ ဟောမုဇ်ရေလက်ကြားအားဖြတ်သန်း၍ ပင်လယ်ကွေ့ထဲ ဝင်ရောက်လာကြောင်း သိရသည်။

အမေရိကန် လေယာဉ်တင်သင်္ဘော USS Abraham Lincoln သည် ရေနံသယ်ယူပို့ဆောင်ရေးတွင် အရေးပါသော ဟောမုဇ်ရေလက်ကြားအား ပုံမှန်အတိုင်း ဖြတ်သန်းလာခဲ့ကြောင်း အမေရိကန်အမှတ်-၅ ရေတပ်အုပ်စုမှ ပြောခွင့်ရအမျိုးသမီးလက်ဖတင်နင်ရီဘက်ကာရီဘာရစ်ချ်က ပြောကြားသည်။

အမေရိကန် လေယာဉ်တင်သင်္ဘောနှင့်အတူ အခြားတိုက်ခိုက်ရေးစစ်သင်္ဘောများလည်း ပါဝင်လာပြီး ယင်းဒေသမှ ထွက်ခွာသွားသည့် USS John C.Stennis သင်္ဘော နေရာတွင်အစားထိုးရန် ပင်လယ်ကွေ့သို့ ဝင်ရောက်လာခြင်းဖြစ်သည်။

USS John C.Stennis သင်္ဘောထွက်ခွာသွားပြီးနောက် ယင်းဒေသသို့ အမေရိကန်လေယာဉ်တင်သင်္ဘော ပြန်လာပါက

**စာ(၄၅)သို့**



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
# အချပ်ပို
Vol.10, No.45 · JANUARY 26, 2012

## ၈၈ မျိုးဆက်ကျောင်းသားများက တိုင်းပြည်အတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်

**ဥက္ကာကိုကို**

**ရန်ကုန်၊ ဇန်နဝါရီ - ၂၁**

မြန်မာ့ဒီမိုကရေစီအရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရအဖွဲ့၊ လွှတ်တော်နှစ်ရပ်၊ တပ်မတော်အင်အားစု၊ နိုင်ငံရေးအင်အားစု၊ တိုင်းရင်းသားအင်အားစုများအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးရှိ ပြုပြင်ပြောင်းလဲရေးအင်အားစုများနှင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့နေ့လယ် ၂နာရီက ရန်ကုန်မြို့ တော်ဝင်စင်တာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ၈၈ မျိုးဆက်ကျောင်းသားများက သဘောထား ထုတ်ပြန်ကြေညာခဲ့သည်။

စာပိုဒ်ကိုးပိုဒ် ပါဝင်သော သဘောထားထုတ်ပြန်ချက်ကို ကျောင်းသားခေါင်းဆောင် ကိုဂျင်မီက ဖတ်ကြားခဲ့ပြီး ယင်းထုတ်ပြန်ကြေညာချက်ထဲတွင် ဒေါ်အောင်ဆန်းစုကြည်၏လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဆုံးဖြတ်ချက်အား ထောက်ခံပြီး ၈၈ မျိုးဆက်ကျောင်းသားများအနေဖြင့်လည်း အားပေးဝန်းရံသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သို့သော် ၈၈ မျိုးဆက်ကျောင်းသားများအနေဖြင့် ပါတီတည်ထောင်မည်မဟုတ်ဟု ပြောကြားသည်။

ပြည်တွင်းငြိမ်းချမ်းရေးကိစ္စများကို ယခုထက် ပိုမိုကျယ်ပြန့်ပြည့်စုံစေရန် အမျိုးသားအင်အားစုအားလုံးနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတကာနှင့် ဆက်ဆံရေး တိုးမြင့်လာစေရန် ကြိုးပမ်းမှုများအား ထောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

နိုင်ငံရေးအရ ထိန်းသိမ်းခံထားရသည့် ကျန်ရှိနေသောယုံကြည်ချက် အကျဉ်းသားအားလုံး ပြန်လည်လွတ်မြောက်ရေး၊ နိုင်ငံရေးအရ တိုင်းပြည်မှထွက်ခွာခဲ့ရသော ပြည်ပရောက် နိုင်ငံရေးအင်အားစုများ ဂုဏ်သိက္ခာရှိရှိ ပြန်လာနိုင်ရေးတို့အတွက်လည်းအစိုးရက အမြန်ဆုံးဆောင်ရွက်ပေးပါရန် တိုက်တွန်းထားသည်။

၈၈ မျိုးဆက်ကျောင်းသားများ အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွတ်မြောက်လာပြီး ပထမဆုံးအကြိမ် ပြုလုပ်သည့် ယခု သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်းပြည်ပမီဒီယာသမားများ၊ နိုင်ငံခြားသတင်းထောက်များ၊ နိုင်ငံရေး အင်အားစုများနှင့် အခြားနယ်ပယ်အသီးသီးမှ လူပုဂ္ဂိုလ်ပေါင်း ၁,၅၀၀ ကျော်တက်ရောက်ခဲ့ကြသည်။



၈၈မျိုးဆက်ကျောင်းသားများသတင်းစာရှင်းလင်းပွဲမှ ကိုမင်းကိုနိုင် ဓာတ်ပုံ-ဥက္ကာကိုကို

လက်ရှိအစိုးရအပေါ် အမြင်နှင့်ပတ်သက်၍ သတင်းထောက်တစ်ဦး၏မေးခွန်းအား"ဖန်ခွက်ထဲမှာ ရေအပြည့် ရှိ၊မရှိ ကြည့်တာမဟုတ်ဘူး။ အဲဒီဖန်ခွက်ကိုအကုန်လုံးဝိုင်းပြီး တည်ဆောက်ကြပါလို့ ပြောချင်ပါတယ်"ဟု ကျောင်းသားခေါင်းဆောင် ကိုအောင်သူက ပြန်လည်ဖြေကြားခဲ့သည်။

"ကမ္ဘာပျက်မယ့်နှစ်မှာမှ ကျွန်တော်တို့ လူပြန်ဖြစ်ခွင့်ရတယ်။ ကမ္ဘာပျက်မယ့်နှစ်မှာမှ နိုင်ငံသစ်ပြန်တည်ရတယ်။ ဒီမိုကရေစီလိုလားတဲ့လူတွေညီညွတ်ကြမယ်ဆိုရင် ကမ္ဘာပျက်မယ့်နေ့မှာ နိုင်ငံသစ်တင်မကဘူး၊ ကမ္ဘာသစ်ပါတည်လို့ရတယ်"ဟု ကိုမင်းကိုနိုင်ကပြောကြားသွားခဲ့သည်။

ထိုသတင်းစာရှင်းလင်းပွဲသို့ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်၁၀ဦးဖြစ်သည့် ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုဂျင်မီ၊ ကိုမြအေး၊ ကိုမင်းဇေယျာ၊ ကိုလှမျိုးနောင်၊ ကိုအောင်သူ၊ ကိုထွန်းမြင့်အောင်၊ ကိုစိုးထွန်းတို့က ဦးစီးဖြေကြားပေးခဲ့ကြပြီး ကျောင်းသား ခေါင်းဆောင် ကိုပြုံးချိုက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

## ထားဝယ်ရေနက်ဆိပ်ကမ်းတွင် ပါဝင်သော လယ်ယာမြေအချို့အတွက် လျော်ကြေးပေး

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၁၉**

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အတွက် ဘုလယ်ဒေသမှ ရွှေ့ပြောင်းပေးရမည့် လယ်ယာမြေများအတွက် ငွေပေးချေမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌဦးတင်မောင်ဆွေကပြောသည်။

လျော်ကြေးမပေးချေရသေးသော ကျေးရွာများမှ ဒေသခံများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လိုက်လံကွင်းဆင်းတွေ့ဆုံ၍ လျော်ကြေးပေးမည့် အဆိုပြုလွှာများကို လက်ခံဆောင်ရွက်ပေးနေကြောင်းလည်း ဦးတင်မောင်ဆွေကပြောသည်။

လမ်းဖောက်လုပ်ရေးနှင့် စက်မှုဇုန် အုပ်ချုပ်ရေးရုံးများ တည်ဆောက်ရာတွင် ပါဝင်သော ခြံမြေ ၂၆ ဒသမ ၉၈ ဧကအတွက် မြေပိုင်ရှင် ၃၃ ဦးအား ကျပ် ၁၈၈ ဒသမ ၄ သန်းနှင့် ထိန်ကြီးကျေးရွာအုပ်စုအတွင်းရှိ လူ ၈၄ ဦးပိုင်ဆိုင်သော မြေကွက်အတွက် ကျပ် ၄,၉၈၃ သိန်း လျော်ကြေးပေးမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"တောင်းရင်ပေးတယ်။ ဘယ်လိုပုံစံနဲ့ပေးတာလဲဆိုတော့ တစ်ခုနဲ့တစ်ခုကမတူဘူး။ အပင်တစ်ပင်နဲ့တွက်ပြီး ပေးသလို ဧကပြတ်နဲ့လည်းပေးတယ်။ ဘယ်သူဘာမှမပြောဘူးဆိုရင်ကာလပေါက်ဈေးနဲ့ပေးတယ်။ အရင်ဆုံး ငွေလျော်လက်ခံဖို့ အဆိုပြုလွှာတင်ရတယ်။ ပိုက်ဆံကတော့သိန်းပေါင်းသောင်းချီတော့ ရက်အလိုက် ခွဲပြီးပေးတယ်"ဟု ဥက္ကဋ္ဌဦးတင်မောင်ဆွေကပြောသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်အတွက် ပြောင်းရွှေ့ရမည့် မြေနေရာများအတွက် ငွေပေးချေမည့်ပမာဏများ တောင်းဆိုမှုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှစတင်၍ ညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့သည်။ ငွေပေးချေမှုကိုယခုလဆန်းပိုင်းတွင် စတင်၍ပေးချေခဲ့သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်၏ နိုင်ငံခြားသတင်းထောက်တစ်ဦးနှင့် ပထမဆုံး အင်တာဗျူး

**လွန်ခဲ့သောကိုးလက ဦးသိန်းစိန် မြန်မာနိုင်ငံတော်သမ္မတဖြစ်လာချိန်မှစ၍ နိုင်ငံ၏ ကျော်ကြားသောအတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများစွာကိုလည်းလွှတ်ပေးခဲ့သည်။ အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေးထူထောင်ခဲ့သည်။ ယခုရက်သတ္တပတ်အတွင်း သမ္မတဦးသိန်းစိန်က အမေရိကန်နိုင်ငံ ဝါရှင်တန်ပို့စ်သတင်းစာမှ လယ်လီဝေးမောက်သ်အား ၎င်း၏ ပထမဆုံးနိုင်ငံတကာဂျာနယ်လစ်တစ်ဦးနှင့် အင်တာဗျူးကိုချီးမြှင့်ခဲ့သည်။ ကောက်နုတ်ချက်များမှာ-**

**သမ္မတဦးသိန်းစိန်** - မြန်မာနိုင်ငံရဲ့မြို့တော်က ကြိုဆိုပါတယ်။ ဝါရှင်တန်ပို့စ်ဟာ အမေရိကန်နိုင်ငံမှာ နာမည်ကျော်ကြားတဲ့ သတင်းစာတစ်စောင်ဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါဟာ နိုင်ငံခြားမီဒီယာနဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုပါ။ ဒါက ကျွန်တော်တို့ရဲ့ နိုင်ငံခြားရေးဝန်ကြီး၊ ပြန်ကြားရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးနဲ့ အလုပ်သမားရေးရာဝန်ကြီးတို့ပါ။

**မြန်မာနိုင်ငံမှာ သမ္မတကြီး လုပ်ဆောင်နေတဲ့အပြောင်းအလဲတွေကို အနောက်နိုင်ငံတွေက စောင့်ကြည့်နေပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးတာ၊ ဒေါ်အောင်ဆန်းစုကြည်ပါတီကို ရှေ့လာမယ့် ဧပြီလရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်အောင်လုပ်ပေးတာ၊ တချို့ တိုင်းရင်းသားအုပ်စုတွေနဲ့ အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့တာတွေပေါ့။ အချိန်တိုလေးအတွင်းမှာ ထူးထူးခြားခြားအပြောင်းအလဲတွေလုပ်ခဲ့ပါတယ်။ နိုင်ငံကိုပြောင်းလဲဖို့နဲ့ပြုပြင်ပြောင်းလဲရေးအစီအစဉ် တွေကိုစတင်ဖို့ ဘာတွေကများ လှုံ့ဆော်ခဲ့ပါသလဲ။**

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ ကျွန်တော်တို့ လုပ်နေတဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်နဲ့ပတ်သက်ပြီး တိုက်တွန်းမှုတွေအများကြီးရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေကို ပြည်သူတို့ရဲ့ လိုအင်ဆန္ဒတွေမှာ အခြေခံပြီးလုပ်တာပါ။ ပြည်သူတွေကလည်း ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိလာကို မြင်ချင်ကြပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိဖို့ရာ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ နိုင်ငံရေးပါတီတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့တာပါ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်တော်တွေ့ဆုံတဲ့နေရာမှာလည်း ကျွန်တော်တို့နှစ်ယောက်ကြားမှာ နားလည်မှုတစ်ရပ်ရရှိခဲ့ပါတယ်။

ပြည်သူတွေက ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုကိုမြင်ချင်တယ်။ ဒါကြောင့်လည်း ကျွန်တော်တို့တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနဲ့တွေ့ဆုံဆွေးနွေးခဲ့တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်ဟာပြည်သူတွေရဲ့ဆန္ဒနဲ့ လိုလားတောင့်တမှုတွေအပေါ်မှာ အခြေခံပါတယ်။

**သမ္မတကြီးကသာ ဦးမဆောင်ခဲ့ရင် ဒီလို ပြုပြင်ပြောင်းလဲမှု အစီအစဉ်ကို ပြည်သူတွေရရှိနိုင်ခဲ့မှာမဟုတ်ပါဘူး။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ သမ္မတကြီးဆုံးဖြတ်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့တယ်။ နောက်တစ်ဆင့် ဘာလာဦးမလဲ။ ဒီပြုပြင်ပြောင်းလဲမှုကို ဆက်လက်လုပ်ဆောင်ဦးမလား။**

ကျွန်တော်တို့ရဲ့ အနာဂတ်ရေးရာတွေနဲ့ပတ်သက်လို့ပြောရရင် ကျွန်တော်တို့ ပွင့်လင်းမြင်သာမှုကိုမြင်ချင်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့ ရင်းနှီးတဲ့ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မယ်။ ထိန်းသိမ်းထားနိုင်လိမ့်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။

**ပြုပြင်ပြောင်းလဲရေးအစီအစဉ်မှာ နောက်တစ်ဆင့် ဘာလာမလဲလို့ သမ္မတကြီး ကျွန်မတို့နဲ့ မျှဝေနိုင်မလား။ သမ္မတကြီးရဲ့ အနာဂတ်မျှော်မှန်းချက်က ဘာပါလဲ။**

ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကိုခင်ဗျားသိဖို့လိုအပ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒါတွေကတော့ ကျွန်တော်တို့နိုင်ငံမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိဖို့ပါ။ အနာဂတ်အတွက်ကတော့ အဲဒီရည်မှန်းချက်တွေ အောင်မြင်ဖို့ လိုအပ်တာတွေကို ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်သွားရမှာပဲဖြစ်တယ်။

**သမ္မတကြီးက အမေရိကန်နိုင်ငံနဲ့ ပုံမှန်ဆက်ဆံရေးထူထောင်ခဲ့ပြီ။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်ပြီ။ နောက်ပြီး တချို့ တိုင်းရင်းသားအုပ်စုတွေနဲ့ အပစ်အခတ်ရပ်စဲရေး အောင်မြင်ခဲ့ပြီ။ သမ္မတကြီးမှာ တိကျသေချာတဲ့ နောက်တစ်ဆင့် ရှိပါသလား။**

ပါလီမန်ကလည်း ရှေ့လာမယ့် (ဧပြီ ၁) ကြားဖြတ်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ပါဝင်ယှဉ်ပြိုင်နိုင်ဖို့အတွက် ရွေးကောက်ပွဲဥပဒေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ အခုဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ NLD ပါတီဟာလည်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်လိုက်ပါပြီ။ ဒေါ်အောင်ဆန်းစုကြည်လည်း ရှေ့လာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ပါလိမ့်မယ်။ ပြည်သူလူထုက သူ့ကို မဲပေးကြရင် သူ ရွေးချယ်ခံရပြီး ပါလီမန်အမတ်တစ်ဦးဖြစ်လာပါမယ်။ သေချာပါတယ်။ ပါလီမန်က သူ့ကို နွေးနွေးထွေးထွေး ကြိုဆိုပါလိမ့်မယ်။ ဒါ ကျွန်တော်တို့ရဲ့ အစီအစဉ်ပါ။

နောက်တစ်ခု ကျွန်တော် အသိပေး ပြောကြားလိုတာကတော့ **အချပ်ပို(D)သို့**

7 DAY NEWS JOURNAL
Vol.10, No.45 • JANUARY 26, 2012

## ရန်ကုန် -ဒါကာ တိုက်ရိုက်လေကြောင်းလိုင်း ပြန်လည်ပျံသန်းမည်

**မောင်ကံ**

**ဇန်နဝါရီ - ၂၅**

၂၀၀၇ ခုနှစ်တွင် ရပ်နားခဲ့သော ရန်ကုန်-ဒါကာ တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းမှုကို ယခု အခါပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲရန်အတွက် နှစ်နိုင်ငံအကြား သဘောတူစာချုပ်တစ်ခုကို ဇန်နဝါရီ၁၆ရက်က ရန်ကုန်မြို့တွင် နှစ်ဖက်တာဝန်ရှိသူများ လက်မှတ်ရေးထိုးခဲ့သည်။ တစ်ပတ်လျှင် ခရီးသည်တင်လေယာဉ် ခုနစ်ကြိမ်ပျံသန်းမည်ဖြစ်ပြီး ကုန်တင်လေယာဉ် လေးကြိမ်ပျံသန်းမည်ဖြစ်ကြောင်းသိရသည်။

## ၉/ဂ ကားနံပါတ်များ ပေးတော့မည်

**အေးမြတ်သူ**

**ရန်ကုန်၊ ဇန်နဝါရီ-၂၄**

ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကားနံပါတ်(မူသေနံပါတ်)မှာ ယခုရက်ပိုင်းအတွင်း ၇/ဂ အက္ခရာနံပါတ် ကုန်တော့မည်ဖြစ်၍ ၉/ဂ အက္ခရာဖြင့် နံပါတ်ပေးတော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ကညနရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ၇/ဂ အက္ခရာဖြင့် ပေးသော ကားအစီးရေ ၉၈၀၀ ကျော် ဖြစ်သည်။ ယာဉ်အို ယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်နှင့် နိုင်ငံခြားငွေရှိသူများ ကားသွင်းခွင့်ပြုသည့် အစီအစဉ်အရ မှတ်ပုံတင်နံပါတ်ထုတ်ပြီး ကားအစီးရေ ၇၄၃၇ စီးရှိပြီဖြစ်သည်။

ယာဉ်ဟောင်းအပ်နှံမှုမှာ ဇန်နဝါရီ ၂၃ ထိ ၈၁ နှင့် ထ အက္ခရာကားများအထိလက်ခံနေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

"၇/ဂ နဲ့ ပေးတဲ့ကားတွေ ၉၈၀၀ ကျော်နေပြီ ကုန်တော့မယ်။ ၇/ဂ ကုန်တာနဲ့ ၉/ဂ ဆက်သွားမှာ ၇/ဂ ကားတွေရက်ပိုင်းအတွင်း ကုန်မှာပဲ"ဟု ရန်ကုန်တိုင်း ကညနရုံးချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံမှု အစီအစဉ်အရ လာအပ်သော ကားအစီးရေ ၂၈၅၈၂ ရှိပြီး သွင်းကုန်ပါမစ်ထုတ်ပေးခဲ့သော အစီးရေ ၂၁၃၂၂ စီးရှိကာ၊ သွင်းကုန်လိုင်စင်ယူပြီး ကားအစီး အရေအတွက် ၇၆၂၅ စီးတို့ဖြစ်သည်။



**အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းမကြီး စောရန်ပိုင်(မြောက်)ရပ်ကွက်ရှိ အမှတ်(၃၆၇)မှ နံရံကွဲအက်ခဲ့သော ရှစ်ထပ်တိုက်ကို ပြန်လည်ဖာထေးနေစဉ်။ ထိုသို့ဖာထေးပြီး မူလနေထိုင်သူများကို ပြန်လည်နေထိုင်ခွင့်ပြုပြီး ဇန်နဝါရီ၂၄ရက်နံနက်ပိုင်းမှစတင်၍ အခန်းနှစ်ခန်းမှာ လူနေထိုင်နေပြီဖြစ်သည်။ တိုက်ခန်းတွင်းနေထိုင်သူများက ထိုသို့ တိုက်နံရံကိုဖာ၍နေရသော်လည်း သက်ဆိုင်ရာက စစ်ဆေးပြီးဖြစ်၍ တိုက်ပြိုမည်ကို မစိုးရိမ်ကြောင်း ပြောကြသည်။** သတင်းအဖွဲ့၊ ဓာတ်ပုံ-ဝေယံ

## အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း မြန်မာနိုင်ငံလာမည်

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

မြန်မာနိုင်ငံ၏ အိမ်နီးချင်း မိတ်ဖက်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် လာမည့် မေ ၁၀ရက်မှ ၁၂ရက် အထိ မြန်မာနိုင်ငံသို့ ၂ရက်ကြာ ခရီးစဉ်လာရောက်မည်ဖြစ်ကြောင်း အိန္ဒိယအစိုးရတာဝန်ရှိသူများကို ကိုးကားကာ အိန္ဒိယအိတ်စပရက်စ်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ်မန်မိုဟန်ဆင်း သည် သူ၏ခရီးစဉ်အတွင်း မြန်မာအစိုးရထိပ်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ထိုရက်တွင် ကျင်းပမည့် ဘင်္ဂလားပင်လယ်အော် နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး(BIMSTEC)သို့ တက်ရောက်သွားမည်ဟု သတင်းတွင် ဖော်ပြထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတ ဦးသိန်းစိန်သည် ပြီးခဲ့သောနှစ် အောက်တိုဘာလက အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည်။

Ref: indianexpress

## မျက်နှာဖုံး-ကချင်တိုင်းရင်းသား ခေါင်းဆောင် ဒေါက်တာတူးဂျာနှင့် တွေ့ဆုံခြင်း မှ

**၁၉၉၄ခုနှစ်တွင် အစိုးရနှင့် ကေအိုင်အေအကြား အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၇နှစ်ကြာ အပစ်အခတ်ရပ်နိုင်ခဲ့ရာမှ ၂၀၁၁ ဇွန်လတွင် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခင်သဘောတူခဲ့သော အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုမှာလည်း ၂၀၁၀ စက်တင်ဘာနောက်ပိုင်းတွင် ပျက်ပြားသကဲ့သို့ဖြစ်ခဲ့သည်။ ၂၀၁၁ ဇွန်လမှ စတင်၍ အစိုးရနှင့် ကေအိုင် အေအကြား ဖြစ်ပွားနေသော ပဋိပက္ခများ၊ လက်ရှိငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဒေါက်တာတူးဂျာကို တယ်လီဖုန်းဖြင့် ဆက်သွယ်၍ မေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**အခုကချင်ပြည်နယ်မှာ တိုက်ပွဲတွေ ဆက်ဖြစ်နေတုန်းပဲလား။ ဘယ်လိုကြားမိပါလဲ။**

အခုတော်တော်ပါးသွားပါပြီ။ တော်တော်နည်းသွားပြီ။ တည်ငြိမ်မှုတော်တော်ရှိလာပါပြီ။

**အစိုးရက အပစ်အခတ် အရင်ရပ်လိုပြီး၊ ကေအိုင်ကေဘက်က နိုင်ငံရေးဆွေးနွေးပွဲ ဦးစွာလုပ်လိုတယ်လို့သိရတယ်။ ဘယ်ဟာအရင်လုပ်သင့်တယ်လို့ထင်ပါသလဲ။**

အပစ်အခတ်တွေဘာတွေ အရင်ရပ်ပြီးတော့မှ နိုင်ငံရေးဆွေးနွေးပွဲဖြစ်ပေါ်လာမယ်လို့ ကျွန်တော်မြင်ပါတယ်။

**အစိုးရနဲ့ကေအိုင်အေကြားမှာဖြစ်ပွားခဲ့တဲ့စစ်ပွဲတွေဘာကြောင့်ရှည်ကြာခဲ့တာလို့ထင်ပါသလဲ။**

ကျွန်တော်လည်း အဲဒါကို ကြည့်နေတယ်။ အခုငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးဖို့ဆိုတာလည်းသူတို့ဆန္ဒပြင်းပြနေတယ်။ အစိုးရကလည်း ဒါကို လက်ခံပေးမယ်ဆိုရင်တော့ ရှေ့ဆက်ပြီးတော့ အလားအလာကောင်းလာမယ်လို့ မြင်ပါတယ်။ အခုနည်းနည်းကြန့်ကြာနေတဲ့သဘောပဲရှိပါတယ်။ အခုလောလောဆယ် မရေးထိုးနိုင်ပေမယ့် တဖြည်းဖြည်းချင်းနှစ်ဖက်စလုံးက နားလည်မှုရှိရှိနဲ့ ပိုဆွေးနွေးပြီး အပြန်အလှန် ဖြေလျှော့လာတဲ့အခါကျရင်အပစ်အခတ်ရပ်စဲရေးကို မလွှဲကေန် လုပ်နိုင်ကြမှာပါ။

**အစိုးရနဲ့ ကေအိုင်အေကြားမှာ စစ်ပွဲတွေဖြစ်ရခြင်းရဲ့ အဓိကအကြောင်း အရင်းက ဘာလို့မြင်ပါသလဲ။**

နယ်မြေလုံခြုံရေးကိစ္စကြောင့်ဖြစ်ကြတာပေါ့။ နှစ်ဖက်စလုံးက လုံခြုံရေး ပျက်ပြားမှာကို စိုးရိမ်ပြီး ဖြစ်ကြတာလို့မြင်ပါတယ်။

**တွေ့ဆုံဆွေးနွေးမှုတွေ ပိုပြီးတော့ ခရီးရောက်ဖို့ ဘာတွေပြုလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ အရေးကြီးတယ်။ ပိုပြီးတော့လည်း ထိတွေ့ရမယ်။ အခုယုံကြည်မှုတည်ဆောက်လက်စပေါ့။ ယုံကြည်မှုပိုပြီး ခိုင်မာလာလို့ရှိရင် ငြိမ်းချမ်းရေးဆွေးနွေးတာ ပိုပြီးတွင်ကျယ်လာနိုင်တယ်။ နောက်ပြီးတော့ တွေ့ဆုံဆွေးနွေးတဲ့နေရာမှာပွင့်လင်းဖို့အင်မတန်အရေးကြီးတယ်။ နှစ်ဖက်စလုံးကပေါ့။ နှစ်ဖက် ဆွေးနွေးသဘောတူညီတဲ့အခါမှာ နှစ်ဖက်စလုံးကတပ်တွေကိုဖြုတ်ပေးပြီး သွားလာရေး ပိုမိုလွယ်ကူလာအောင်လုပ်ပေးဖို့ လိုပါတယ်။ နောက်ပြီးတော့ မြစ်ကြီးနားမြို့မှာ ဆွေးနွေးနိုင်အောင်ကို အခြေအနေဖန်တီးယူသင့်တယ်လို့ထင်ပါတယ်။ အခုတော့ စဆွေးနွေးနေကြပါပြီ။ အခိုင်အမာသဘောတူညီမှုပဲ မရသေးတာ။ ကျွန်တော်က အပြင်ကအကဲခတ်ရသလောက် အဲလိုပဲမြင်ပါတယ်။

**နိုင်ငံတော်သမ္မတဦးသိန်းစိန်က ထိုးစစ်တွေ ရပ်ထားဖို့ ညွှန်ကြားချက်ပို့ခဲ့တော့ လူအများစုက တိုက်ပွဲတွေရပ်တော့မယ် လို့ထင်တာ။ ဒါပေမဲ့လက်တွေ့မှာ တိုက်ပွဲတွေဆက်ဖြစ်နေတာကချင်ပြည်နယ်မှာ နေတဲ့သူတစ်ဦးအနေနဲ့ ဘာကြောင့်လို့ကြားမိပါလဲ။**

သမ္မတညွှန်ကြားတာကို အားလုံးက လိုက်နာကြလိမ့်မယ်လို့ယုံကြည်တယ်။ တဖြည်းဖြည်းချင်းတော့အပစ်အရပ်ဖြစ်လာမှာပါ။

**စစ်ပြေးဒုက္ခသည်နဲ့ပတ်သက်ပြီး ဘာများ ကြားမိပါသလဲ။**

ဒုက္ခသည်တွေကတော့ ရှိမြဲရှိဆဲပါပဲ။ ခက်ခဲတာတော့ခက်ခဲတာပေါ့။ အကူအညီတွေအများကြီးလို အပ်တာပေါ့။ ထပ်ပြီးတိုးလာတယ်လို့တော့မကြားမိပါဘူး။ ကျွန်တော်လည်းသူတို့ဆီမရောက်တာတော်တော်ကြာသွားပြီ။

**သမ္မတက ပြည်ထောင်စု အဆင့်ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်ရေးအဖွဲ့နှစ်ဖွဲ့ဖွဲ့ပြီး ရှက်ဆစ်အဖွဲ့၊ ကေအင်န်ယူတို့နှင့် အပစ်အခတ်ရပ်နိုင်ခဲ့တာ။ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း ငြိမ်းချမ်းရေးရဖို့ ဆောင်ရွက်နေတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ချဉ်းကပ်ပုံချဉ်းကပ်နည်းက အရင်နဲ့မတူဘူး။ ပိုကောင်းလာတယ်လို့ ကျွန်တော်မြင်တယ်။ အ ရင်ကနဲ့မတူဘဲနဲ့ အစိုးရက သဘောထားကြီးကြီးနဲ့ ပျော့ပျော့ပျောင်းပျောင်းချဉ်းကပ်လာတာလို့မြင်တယ်။ ဒါကြောင့်မို့ ပြည်တွင်းငြိမ်းချမ်းရေးက အမှန် တကယ်တည်ဆောက်နိုင်မယ်လို့ ကျွန်တော်မြင်တယ်။

**အစိုးရနဲ့ကေအိုင်အို၊ကေအိုင်အေကြားမှာ အရင်ကလည်း အပစ်အခတ်ရပ်စဲရေး သဘောတူထားခဲ့ပေမယ့်ဒီသဘောတူညီချက်ပြတ်သွားတာ ဘယ်တုန်းကလဲ။**

အသွင်ကူးပြောင်းရေး(တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုနယ်ခြားစောင့်တပ်ဖွဲ့အဖြစ် ကူးပြောင်းရေး) မဖြစ်မြောက်တဲ့ နောက်ပိုင်းပေါ့။ ၂၀၁၀ စက်တင် ဘာနောက်ပိုင်းမှပျက်ပြယ်သွားတဲ့ သဘောပါ။

**ပြည်တွင်းငြိမ်းချမ်းရေးအတွက် လူထုက ပါဝင်လုပ်ကိုင်လို့ရတဲ့အပိုင်းရှိတယ်လို့ ထင်လား။ ရှိရင် ဘယ်လိုဆောင်ရွက်သင့်တယ်လို့ထင်ပါသလဲ။**

ပြည်တွင်းငြိမ်းချမ်းရေးကတော့ အားလုံးဝိုင်းပြီး တွန်းအားပေး ကြရမှာပဲလေ။ အားလုံးကလည်း တတ်နိုင်သလောက် ဝိုင်းဝန်းပြီးတော့မှ ပံ့ပိုးကူညီကြရမယ်။ အားပေးကြရမယ်။ သက်ဆိုင်ရာ လူကြီးတွေကိုလည်း ဝိုင်းဝန်းပံ့ပိုးပေး၊ အကြံဉာဏ်ပေးသင့်တယ်။ငြိမ်းချမ်းရေးတည်ဆောက်တဲ့နေရာမှာ အားလုံးဝိုင်းဝန်း ပံ့ပိုး၊ ဝိုင်းရံပေးဖို့လိုတယ်။ အဲလိုမြင်တယ်။ အခုက ပြည်တွင်းငြိမ်းချမ်း ရေးရဖို့အရေးကို အားသွန်ခွန်စိုက် လုပ်နေကြတာကို အားပေးထောက်ခံကြဖို့လည်းလိုတယ်။

**ဦးနဲ့ပတ်သက်ပြီးတော့လည်း မေးချင်ပါတယ်။ ရွေးကောက်ပွဲမှာ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရွေးခံဖို့ ဘာတွေပြင်ဆင်ပြီးပါပြီလဲ။**

ကျွန်တော်က ခရိုင်ကော်မရှင်ဆီမှာ လျှောက်လွှာတင်ထားပြီ။ ဇန်နဝါရီ ၁၈ ရက်က။ ရွေးချယ်ခံပိုင်ခွင့်ရှိပြီဆိုမှ ကွင်းဆင်းပြီး စည်းရုံးရေးတွေဘာတွေ လုပ်ရမှာပေါ့။

**ရွေးကောက်ပွဲဝင်ခွင့်ရလို့ ဝင်ပြိုင်ပြီး နိုင်ခဲ့ရင် လွှတ်တော်ထဲမှာ ကချင်ပြည်နယ်နဲ့ ပတ်သက်ပြီးတော့ ဘာတွေများ တင်ပြဆောင်ရွက်ဖို့စီစဉ်ထားပါလဲ။ စဉ်းစားထားတာရှိပါပြီလား။**

ကြိုပြီးပြောဖို့ နည်းနည်းစောဦးမယ်ထင်ပါတယ်။ ဒါပေမဲ့ ခြုံပြီးပြောရမယ်ဆိုရင်တော့ ပြည်သူလူထုအကျိုးအတွက် ကောင်းရာကောင်းကြောင်း၊ တိုင်းပြည်အကျိုးအတွက် ကောင်းရာကောင်းကြောင်းတွေကိုပဲ ဆောင်ရွက်သွားမှာပါ။

**အပစ်အခတ်ရပ်ပြီး ငြိမ်းချမ်းရေးရဖို့ အစိုးရနဲ့ကေအိုင်အိုကို ဦးအနေနဲ့ဘာများအကြံပြုချင်ပါသလဲ။**

ကျွန်တော်အကြံပြုချင်တာက အခုပြည်တွင်းငြိမ်းချမ်းရေးဟာ အင်မတန်လိုအပ်နေတယ်။ အစိုးရက ပြုပြင်ပြောင်းလဲရေးလုပ်နေတဲ့အပိုင်းမှာ အခြားအပိုင်းတွေက တော်တော်လေးကို အောင်အောင်မြင်မြင်ရှိလာပြီ။ နည်းနည်းကြန့်ကြာနေတာက ပြည်တွင်းငြိမ်းချမ်းရေးပဲ။ ဒါကို အာရုံစူးစိုက်ပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေးကို မြန်မြန်ဆန်ဆန်တည်ဆောက်နိုင်အောင် ဆောင်ရွက်စေချင်တယ်။ ကျွန်တော့်အနေနဲ့လည်း လိုအပ်ရင် ဒီအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ဆောင်ရွက်ဖို့ အဆင်သင့်ရှိပါတယ်။ အခွင့်အရေးရလို့ရှိရင် ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်ပုဂ္ဂိုလ်မျိုးနဲ့ဖြစ်ဖြစ် ကူညီဆောင်ရွက်ချင်တဲ့ စိတ်အပြည့်အဝရှိပါတယ်။ အခုတိုင်းရင်းသားအဖွဲ့အစည်းပေါင်းစုံနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်နေတာ အင်မတန်ကောင်းပါတယ်။ ဒါကို အချိန်ဆွဲမထားဘဲနဲ့ တောက်လျှောက်ဆွေးနွေးသွားစေချင်တယ်။ ပြည်ထောင်စုအတွင်းမှာ ဖြစ်နေတဲ့ပြဿနာကိုပြည်ထောင်စုအတွင်းမှာ ဖြေရှင်းလို့ မရနိုင်စရာမရှိပါဘူး။ အချင်းချင်းနားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ၊ညီအစ်ကိုစိတ်ဓာတ်နဲ့ဖြေရှင်းကြမယ်ဆိုရင်မပြေလည်နိုင်စရာအကြောင်းမရှိဘူးလို့မြင်တယ်။ ဒါကြောင့်မို့ အစိုးရရော၊ တိုင်းရင်းသားအဖွဲ့အစည်းတွေရော နှစ်ဖက်စလုံးကို ဒါကို ပြည်သူလူထုအကျိုး၊ တိုင်းပြည်အကျိုးအတွက် ငြိမ်းချမ်းရေးကို မဖြစ်မနေတည်ဆောက်ကြဖို့ ကျွန်တော် တိုက်တွန်းအကြံပြုချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# ပြည်ပဆန်တင်ပို့မည်သူများကို ချေးငွေပေးမည်ဟုဆို

## ဆန်ပို့ကုန်လိုင်စင်ကို နေ့ချင်းပြီး ထုတ်ပေးမည်ဖြစ်ပြီး ဆန်စပါးအသင်း၏ ထောက်ခံချက်. . .

**အောင်သူရ**

**နေပြည်တော်၊ ဇန်နဝါရီ-၂၃**

ပြည်ပသို့ပို့ကုန်သွယ်ရေးမှ ဆန်တင်ပို့ခွင့်လိုင်စင် လျှောက်ထားရာတွင်မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ထောက်ခံချက်ယူစရာမလိုဘဲ ဆောင်ရွက်ပေးမည်ဟုဝန်ကြီးက ပြောသည်။

"ဆန်တင်ပို့ချင်ရင် ချေးငွေပါပေးမယ်။ နေ့ချင်းပြီးလည်း လုပ်ပေးမယ်" ဟု ဦးဝင်းမြင့်ကဆက်လက်ပြောသည်။

သို့သော် နယ်စပ်မှ ဆန်တင်ပို့ပါက သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရ၏ ထောက်ခံချက်လိုအပ်မည်ဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိကြီးတစ်ဦးက ပြောသည်။

ယခင်က ဆန်တင်ပို့ရာတွင် ပြည်တွင်းရှိ ကုန်သည်ကြီးတချို့က လက်ဝါးကြီးအုပ်မှာ စိုးရိမ်ခြင်းနှင့် ကုမ္ပဏီငယ်များ တင်ပို့နိုင်စေရန်တွက် ဆန်တင်ပို့ခွင့်လိုင်စင်အား မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းက ထောက်ခံချက်ပေးမှာသာ သက်ဆိုင်ရာက လိုင်စင်ထုတ်ပေးခဲ့သည်။

ယခုလက်ရှိတွင်ဆန်စပါးတင်ပို့မှုမှာ ၂၀၁၁မေလမှ ယခုနှစ်ဇန်နဝါရီအထိ ဆန်တန်ချိန်နှစ်သိန်းငါးသောင်းကျော်တင်ပို့ဖြစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

ဆန်နှင့်ပဲ ပြည်ပဈေးကွက်သစ်များရှာဖွေနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့မှာ ပြည်ပသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - အောင်အောင်

## အကယ်ဒမီပွဲတွင် မီဒီယာသမားများ သတ်မှတ်နေရာတွင်သာ ဓာတ်ပုံရိုက်ခွင့်ရ

**ကြူကြူဟာန်**

**ရန်ကုန်၊ ဇန်နဝါရီ-၂၃**

အစိုးရသစ်လက်ထက်တွင် ပထမဆုံးကျင်းပပြုလုပ်သွားမည့် အကယ်ဒမီရွှေစင်ရုပ်ဆုပေးပွဲကို ဖေဖော်ဝါရီ၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် ယခင်နှစ်များကနှင့်မတူ သတင်းမီဒီယာများကို ပွဲခင်းတွင်းရိုက်ခွင့် မပေးဘဲ သတ်မှတ်နေရာမှသာ ရိုက်ကူးရမည်ဟူသည့် စည်းကမ်းချက်သတ်မှတ်လိုက်ကြောင်း ပွဲကျင်းပရေးတာဝန်ရှိသူအချို့ကပြောသည်။

မီဒီယာသမားများက လျှောက်လမ်းမှတက်လာသော အနုပညာရှင်ကိုသာ ရိုက်ကူးနိုင်ပြီး ပရိသတ်ကြားမှ မီဒီယာများအားဓာတ်ပုံရိုက်ခွင့်မပေးဘဲ သတ်မှတ်နေရာမှသာ ရိုက်ကူးရမည်ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက ပြောသည်။

ထိုသို့သတ်မှတ်ခြင်းကို ဓာတ်ပုံသတင်းထောက်အချို့ကလည်း မကြိုက်နှစ်သက်ပေ။ ၎င်းတို့က ဓာတ်ပုံသတင်းထောက်များကို ရိုက်ခွင့်မပေးဘဲ ဗီဒီယိုရိုက်ကူးသူအချို့ကို သာပေးပါက ဓာတ်ပုံကောင်းမရမည်ကို စိုးရိမ်ပြောနေကြခြင်းဖြစ်သည်။

မကြာမီကျင်းပတော့မည့်အကယ်ဒမီဆုပေးပွဲတွင် ရုပ်ရှင်ဇာတ်ကား၁၅ ကားစာရင်း ဝင်ပြီး အများစုမှာ ဟာသကား များသာဖြစ်ပြီး ဒရမ်မာကား လေးကားသာပါဝင်သည်။ အာဒမ်ရယ် ဧဝရယ် ဒသဃရယ်၊ အငိုမျက်လုံး အပြုံးမျက်နှာနှင့် အမေ့ကျေးဇူး ဆပ်ဖူးချင်တယ် ရုပ်ရှင်ဇာတ်ကား များမှာ အကယ်ဒမီဆုထင်ကြေးပေးခံရမှု အများ ဆုံး ရရှိထားသော ဇာတ်ကားများဖြစ်သည်။

## ရွေးကောက်ပွဲဝင်သောဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံကြောင်း ဆုံးဖြတ်ချက်ကိုခက်ခဲစွာချခဲ့ရဟု ကိုကိုကြီးပြောကြား

**သီဟ**

**ရန်ကုန်၊ဇန်နဝါရီ -၂၁**

ဒေါ်အောင်ဆန်းစုကြည်၏ကြားဖြတ်ရွေးကောက်ပွဲဝင်မည် ဆိုသည့်ဆုံးဖြတ်ချက်အား ထောက်ခံခဲ့ခြင်းသည်အင်မတန်စွန့်စားရသည့်ဆုံးဖြတ်ချက်တစ်ခုဖြစ်သည်ဟု ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်ကိုကိုကြီးကယနေ့ပြောကြားသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ဒုက္ခသုက္ခအဝဝအားပြည်သူများနှင့်အတူ တနင့်တပိုး ခံစားပြီးနောက်ပိုင်းလက်တွေ့ကျသည့် ရွေးချယ်မှုတစ်ခုအား စွန့်စားပြီးဆုံးဖြတ်ခဲ့ခြင်းသာဖြစ်ကြောင်း ကိုကိုကြီးကပြောသည်။ ၈၈မျိုးဆက်ကျောင်းသားများအနေဖြင့် ယခုကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်မဟုတ်ဘဲ လွှတ်တော်ပြင်ပနိုင်ငံရေးကိုသာ လုပ်ဆောင်သွားမည်ဟုသိရသည်။

"၈၈မျိုးဆက်တွေထဲကတော့ ဒီကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်မှာမဟုတ်ပါဘူး သို့သော်လည်းပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ရေးဆုံးဖြတ်ချက်ကို အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ကိုကိုကြီးကပြောကြားသည်။ ၈၈မျိုးဆက်ကျောင်းသားများသည် တော်ဝင်စင်တာခုနစ်ထပ်၌ ယနေ့ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်းပြောကြားသွား ခြင်းဖြစ်သည်။

## စာကြည့်တိုက်ဖောင်ဒေးရှင်း ရန်ပုံငွေကျပ်သိန်းပေါင်း တစ်သိန်းခွဲကျော် ရရှိထား

**သန်းဌေး**

**ရန်ကုန်၊ ဇန်နဝါရီ-၂၂**

မြန်မာနိုင်ငံ စာကြည့်တိုက် ဖောင်ဒေးရှင်းတွင် ရန်ပုံငွေ သိန်းပေါင်း တစ်သိန်းခွဲကျော် ရရှိနေပြီဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြောသည်။

"ကျေးရွာတိုင်းမှာ စာကြည့်တိုက်များ ရှိလာပါပြီ။ နိုင်ငံတော်ရဲ့အားက ကျပ်ငွေ ဝမ်းဘီလီယံလောက်ရှိပါတယ်၊ စေတနာရှင်ပြည်သူများရဲ့အားနဲ့ ဒေသခံပြည်သူများရဲ့အားက ဆယ့်လေး ဒသမငါးဘီလီယံကျပ်ငွေ (သိန်းပေါင်းတစ်သိန်းခွဲကျပ်)ပါဝင်ပါတယ်"ဟု ဇန်နဝါရီ ၂၂ရက်က ကျင်းပသောကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ၎င်းကပြောသည်။ အဆိုပါအားများဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်းတွင် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လူတိုင်းစာဖတ်စေရန် စာဖတ်ရှိန်မြှင့်တင်ပေးပြီး စာငှားကတ်စနစ်ကျင့်သုံးကာ အဆောက်အအုံ၊ ပရိဘောဂနှင့် စာကြည့်တိုက်မှူးထားရှိနိုင်အောင် စာကြည့်တိုက်ဖောင်ဒေးရှင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် အများပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

## ဇန်နဝါရီမိုးစက်များအောက်မှ ရှင်သန်လာသောမျှော်လင့်ချက်

**အိဖြူလွင်**

နံနက် ၁ နာရီထိုးရန် ၁၀ မိနစ်ခန့်အလို။ မိုးစက်များက ဖွဲဖွဲ ကျနေသည်။တောင်ငူထောင်အဝမှလိုက်ထရပ် အဖြူရောင် တစ်စီးထွက်လာသည်။

လူအုပ်ကြီးက ကားဆီသို့ ပြေးသွားကြသည်။ "ဘယ်မှာလဲ ဘယ်မှာလဲ"မေးသံများဖြင့် ဆူညံသွားသည်။ ကားရှေ့ခန်းမှ ရှမ်းဘောင်းဘီ မီးခိုးရောင်နှင့် အင်္ကျီအဖြူ ဦးထုပ်အသေးလေး တစ်လုံး ဆောင်းထားသော အသက် ၇၀ အရွယ် ရှမ်းအမျိုးသားကြီးတစ်ဦးဆင်းလာသည်။ လူအုပ်ကြီး၏ မေးမြန်းမှုကို "all right" ဟု ပြန်ပြောရင်း "ဒီနေရာက လမ်းကျဉ်းတယ်၊လာဟိုဘက်သွားမယ်" ဟုဆိုကာ ထောင်မှအထွက် အပြင်လောကသို့ရောက်လျှင် ရောက်ချင်း သူ၏ရင်ထဲမှ စကားများကို ဖွင့်ဟသည်။

"ကျွန်တော် နိုင်ငံတော်ပုန်ကန်ခဲ့တယ်လို့ ကျွန်တော်လုပ်ခဲ့တယ်လို့ သက်သေရှိရင် ဘာမှ စစ်မေးမနေနဲ့၊ တစ်ခါတည်း ပစ်သတ်လိုက် ကျွန်တော်ခံနိုင်တယ်" သူ၏ အသံသည် ပြင်းထန်သော စိတ်ဓာတ်ကြောင့် ပျော်ရွှင်တတ်သော လူတစ်ယောက်၏ အသံအဖြစ်မှ ပြောင်းလဲသွားသည်။

သူသည် ၁၉၉၀ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအရေအတွက် ဒုတိယအများဆုံးဖြင့် အနိုင်ရရှိခဲ့သော ရှမ်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ဥက္ကဋ္ဌဖြစ်သည်။ သီပေါမြို့ ဇာတိဖြစ်သော ဦးခွန်ထွန်းဦးသည် ၂၀၀၅ ခုနှစ်တွင် ပုဒ်မ ၁၂၂ ဖြင့် ထောင်ဒဏ် ၉၃ နှစ် ကျခံခဲ့ရခြင်းဖြစ်သည်။ထောင်မှအထွက် သတင်းထောက်များနှင့်တွေ့ဆုံပြီး ခဏအကြာတွင် ရှမ်းရိုးရာဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီးသုံးဦး ရောက်ရှိလာသည်။ ထို့နောက် မကြာခင်ပင် ရှမ်းဝတ်စုံပြည့်များဝတ်ဆင်ထားသော ရှမ်းအမျိုးသားကြီးတစ်ဦး အပါအဝင် ရှမ်းလူငယ်များ စီးလာသော လူငယ်ပါတီဝင်များ၏ ကားတစ်စီးဆိုက်လာသည်။

တစ်ဦးချင်းစီ ရှမ်းဘာသာဖြင့် နှုတ်ဆက်သံများ ညံစီသွားသည် ရန်ကုန်မြို့မှ မိုင် ၁၅၀ ခန့်ဝေးသောတောင်ငူမြို့သို့လာရောက်၍ သူတို့၏ ခေါင်းဆောင်ကို ပျော်ရွှင်စွာလာကြိုသည့်မြင်ကွင်းသည် မြင်ရသူများ၏ စိတ်ကိုအပျော်များ၊ တက်ကြွမှုများ ကူးစက်လာစေသည်။ မြစ်ကြီးနားမှနေ၍ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဗဟိုအ လုပ်အမှုဆောင် ကော်မတီဝင် ဦးစိုင်းလိတ်ကလည်းလာရောက်ကြိုဆိုခဲ့သည်။

ဦးခွန်ထွန်းဦးက လာမည့် ကြားဖြတ်ရွေးကောက်ပွဲ ဝင်ပြိုင်ရန် ရှိ၊ မရှိနှင့်ပတ်သက်၍ မေးမြန်းမှုကို "ပါတီကိုပြန်မေးပြီး စုပေါင်းဆုံးဖြတ်ချက်နဲ့သာ လုပ်ပါမယ်။ တစ်သီးပုဂ္ဂလအနေနဲ့လည်း လွှတ်တော်ထဲသို့ သွားရန် ရည်ရွယ်ချက် မရှိ" ဟု ဖြေကြားသည်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်တို့ပါဝင်သော ပါတီဝင်ခြောက်ဦးသည် အကျဉ်းထောင် အသီးသီးတွင် နှစ်ရှည်ထောင်ဒဏ်များ ကျခံခဲ့ရပြီး ယခု လွတ်ငြိမ်းချမ်းသာခွင့်တွင်မှ လွတ်မြောက်လာခြင်းဖြစ်သည်။

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ယခု ပါတီခေါင်းဆောင်ပိုင်းများ လွတ်လာပြီးသည့်နောက်တွင် ဗဟိုကော်မတီအစည်းအဝေး ခေါ်ယူကာ ပါတီပြန်လည်တည်ထောင်ရေးကို ဆွေးနွေးမည်ဖြစ်သည်။

ထိုအစည်းအဝေးနှင့်ပတ်သက်၍ ၂၀၁၀ပြည့်နှစ်တွင်စတင်တည်ထောင်ပြီး ရွေးကောက်ပွဲတွင်လည်း ကိုယ်စားလှယ်အရေအတွက်ဒုတိယအများဆုံး ရရှိခဲ့သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ(SNDP)မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက "ကျွန်တော်က SNDP ထောင်တုန်းကလည်း မမီလိုက်ပါဘူး။ ၉၀ မှာတောထဲကပြန်လာတဲ့အတွက်ပါ။ ဒါပေမဲ့ ရှမ်းပါတီကို စည်းစည်းလုံးလုံးနဲ့ တစ်ပါတီတည်း ရှိစေချင်တယ်။အခု SNDP ကိုတည်ထောင်ထားတဲ့ပုဂ္ဂိုလ်တွေကလည်း အရင်တုန်းက SNLD ပါ။ ကွန်စတီကျူးရှင်းအရ ပြည်သူလူထုအတွက် ရသင့်တဲ့ အခွင့်အရေးတွေရအောင် လုပ်ပေးဖို့အတွက် သူတို့ဒီပါတီကို တည်ထောင်တာပါ။ ဒါကြောင့် တိုင်းရင်းသားတွေ အတွက် အခွင့်အရေးတွေရ အောင်ဆိုတဲ့ ရည်ရွယ်ချက်ကတော့ ပါတီနှစ်ခုကြားမှာ ဘာမှခြားနားမယ် မထင်ပါဘူး။ ကျွန်တော့် တစ်ဦးတည်းအမြင်ကတော့ ရှေ့ရေးအတွက်နှစ်ဖက်ခေါင်းဆောင်တွေအားလုံးပါတဲ့ ဆွေးနွေးမှုမျိုးဖြစ်နိုင်ရင် ပိုကောင်းမယ်လို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီနှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် အမည်နာမနှင့် တည်ထောင်ချိန်များသာ ကွဲပြားသော်လည်း ကာလအသီးသီးတွင်ပြည်နယ် မဲဆန္ဒအောင်မြင်မှုအပြည့် ရရှိခဲ့သော ပါတီများဖြစ်သည်။

SNLD ပါတီသည်ခေါင်းဆောင်များ လွတ်မြောက်လာမှုကြောင့် ပါတီ ပြန်လည်တည်ထောင်မည်ဆိုပါက ရှမ်းတိုင်းရင်းသားများကို ကိုယ်စားပြုသော ပါတီနှစ်ပါတီဖြစ်လာမည်ဖြစ်သဖြင့် ဒေသခံများအကြားတွင် စည်းလုံးမှုနှင့် ဝေခွဲနိုင်မှုများ ခက်ခဲလာနိုင်သည်ဟု ရှမ်းပြည်နယ်လားရှိုးမြို့တွင်နေထိုင်သူတစ်ဦးက သူ၏အမြင်ကို ပြောသည်။ SNLD ပါတီသည် ပြန်လည် မှတ်ပုံတင်မည့် အလားအလာရှိနေပြီး အတိအကျထုတ်ပြန်ရန်အတွက် စီအီးစီအဖွဲ့၏ လက်မှတ်ထိုး အတည်ပြုချက်ကို စောင့်နေခြင်းဖြစ်သည်ဟု ပါတီဗဟိုအလုပ်အမှုဆောင်ကပြောသည်။

SNLD ပါတီ ပြန်လည်တည်ထောင်ပါက ရှမ်းတိုင်းရင်းသားပါတီနှစ်ခု ဖြစ်သွားသည့်ပေါ်တွင် ပါတီရပ်တည်ချက် သဘောထားတွေကို ကြည့်ခြင်းအားဖြင့် မည့်သူ့ကိုရွေးချယ်ရမည်ကိုပြည်သူက သိနိုင်မည်ဟုထင်ကြောင်းSNLD ပါတီမှ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းလိတ်ကပြောကြားသည်။

"ပါတီတွေက တစ်ခုပဲရှိရှိ၊ နှစ်ခု၊သုံးခုပဲရှိရှိ၊ ဒီကိစ္စကအရေးမကြီးပါဘူး။ ပြည်သူ့အတွက် အကျိုးရှိရာကို လုပ်ကြမယ်။ စေတနာနဲ့ရည်ရွယ်ချက်မှန်ကန်မယ်ဆိုရင် ဘာဖြစ်လဲဗျာ။ ဒါ ဒီမိုကရေစီလမ်းကြောင်းအရသွားတာပဲ။ အကောင်းမမြင်နိုင်စရာအကြောင်းမရှိပါဘူး" ဟု ဦးစိုင်းလိတ်ကပြောကြားခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP)၏ ဦးစိုင်းအိုက်ပေါင်းက "ကျွန်တော်တို့ ဦးခွန်ထွန်းဦးကို ယခု လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ သူတို့ SNLD က ပါတီမှတ်ပုံတင်ဖို့ မမီတော့တဲ့အတွက် SNDP ကနေ ဝင်ပြိုင်ပါလို့ဖိတ်ခေါ်ပါတယ်။ သူတို့ကလည်းဝမ်းသာပေမယ့်လက်မခံပါဘူးလို့ ပြောတယ်။ ကျွန်တော်တို့အနေနဲ့ SNLD ပြန်ပြီး မှတ်ပုံတင်လို့SNDP ကို ဖျက်သိမ်းမှာမဟုတ်ပါဘူး"ဟု ပြောသည်။

## အချပ်ပို(A) - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်၏ နိုင်ငံခြားသတင်းထောက်တစ်ဦးနှင့် ပထမဆုံး အင်တာဗျူး မှ

ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြားပါ။ ပထမဦးဆုံးအနေနဲ့ နှစ်ဦးနှစ်ဖက်ကြားမှာ ယုံကြည်မှုတည်ဆောက်ဖို့လိုအပ်ပါတယ်။ တချို့ကိစ္စတွေမှာတော့ ကျွန်တော်တို့ သဘောတူညီမှုတွေရရှိပြီးပါပြီ။ ဒီသဘောတူညီချက်ကနေပြီး နှစ်ဖက်စလုံး သဘောတူညီချက်တစ်ရပ် လက်မှတ်ထိုးပြီး လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ ဥပဒေဘောင်အတွင်း ဝင်ရောက်ဖို့ လိုအပ်ပါတယ်။

**သမ္မတကြီးတို့ကရင်အဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ပြီမဟုတ်လား။**

ကျွန်တော်တို့နိုင်ငံမှာ လက်နက်ကိုင်အဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့တွေအကုန်လုံးနဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီထဲမှာ တချို့တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနဲ့ ကျွန်တော်တို့သဘောတူညီချက်တွေရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒါဟာ မပြီးဆုံးသေးပါဘူး။ ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးမှုတွေ ဆက်လုပ်နေပါတယ်။

**သူတို့တွေ (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ)ဥပဒေဘောင်အတွင်းပြန်လာသင့်တယ်လို့ပြောတာလား၊သမ္မတကြီး ဘာကိုဆိုလိုချင်တာပါလဲ။**

ဒါဟာ နှစ်ဖက် သဘောတူညီမှုအပေါ်မှာ အခြေခံထားတာပါ။ မကြာခင် ကျွန်တော်တို့နိုင်ငံမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ကျွန်တော်တို့ ကြိုးစားပါမယ်။ ဒါပေမဲ့ အချိန်တော့ နည်းနည်းလိုပါတယ်။

**အကယ်၍ ရွှေ့လာမယ့်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည် အခြေအနေကောင်းတယ်ဆိုရင် သူ့ကို ဝန်ကြီးနေရာ တစ်နေရာပေးဖို့ စဉ်းစားထားလား။**

ဒါဟာ ရွေးကောက်ပွဲ နဲ့ ပြည်သူတွေက သူ့ကိုမဲပေး၊မပေးပေါ်မှာမူတည်ပါတယ်။ သူ ရွေးချယ်ခံရပြီဆိုရင် ဒေါ်အောင်ဆန်းစုကြည်ပါလီမန်အမတ်ဖြစ်လာပါလိမ့်မယ်။ အခု ကျွန်တော်တို့ အစိုးရအဖွဲ့ထဲမှာရှိတဲ့ဝန်ကြီးတွေအားလုံးဟာ ပါလီမန်က ပေးတဲ့ သဘောတူညီချက် အပေါ်မှာ အခြေခံပြီး ခန့်အပ်ထားတာပါ။

**သမ္မတကြီး သူ့ကို (ဒေါ်အောင်ဆန်းစုကြည်)ဝန်ကြီးတစ်ဦးဖြစ်လာတာ မြင်ချင်ပါသလား။**

ခန့်အပ်ခံရတယ် ဒါမှမဟုတ် ပါလီမန်က သဘောတူညီလိုက်တယ်ဆိုရင် သူ(ဒေါ်အောင်ဆန်းစုကြည်) ဝန်ကြီးအဖွဲ့ဝင်ဖြစ်လာတာကို ကျွန်တော်တို့ လက်ခံရပါလိမ့်မယ်။

**အနာဂတ် အမေရိကန်-မြန်မာဆက်ဆံရေးအတွက် သမ္မတကြီးရဲ့မျှော်မှန်းချက်က ဘာပါလဲ။ အဲဒီဆက်ဆံရေးအတွက် သမ္မတကြီးရဲ့ မျှော်လင့်ချက်တွေက ဘာပါလဲ။ နောက် ဘယ်လိုများ ဖွံ့ဖြိုးပြောင်းလဲစေလိုပါသလဲ။**

အမေရိကန်-မြန်မာဆက်ဆံရေးနဲ့ပတ်သက်ပြီး ကျွန်တော်အချက်သုံးချက်ပြောလိုပါတယ်။ ပထမဦးဆုံး ကျွန်တော်တို့ အမေရိကန်နိုင်ငံနဲ့ တွေ့ဆုံဆွေးနွေးပြီးပါပြီ။ နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန် ကျွန်တော်တို့နိုင်ငံကိုလည်းပတ်ခဲ့တယ်။ နောက်ဒီနေ့ပဲကျွန်တော်တို့ဆီကိုအထက်လွှတ်တော် မစ်ချ်မက်ကော်နယ်လာလည်တယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ကို (သံတမန်ဆက်ဆံရေးမှာ) သံအမတ်ကြီးအဆင့်နဲ့ကိုယ်စားမပြုရသေးဘူး။ ဒီ(သံတမန်)ကိုယ်စားပြုခြင်းကိုမြှင့်တင်မယ်လို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ တတိယတစ်ချက် ကျွန်တော်ပြောချင်တာကတော့ အမေရိကန်နဲ့ အီးယူ (ဥရောပသမဂ္ဂ)က ကျွန်တော်တို့နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုတွေလုပ်ထားပါတယ်။ အခုဆိုရင် နှစ်ပေါင်း ၂၀ နီးပါးရှိပြီ။ ဒါတွေကို ဖြေလျှော့ပေးတာ ကျွန်တော်မြင်ချင်ပါတယ်။ နောက် တဖြည်းဖြည်းနဲ့ ပိတ်ဆို့မှုတွေကိုဖယ်ရှားပေးဖို့ပါ။

**နိုင်ငံခြားရေးဝန်ကြီးမစ္စကလင်တန်ကပြီးခဲ့တဲ့ရက်သတ္တပတ်ကပဲဆက်ဆံရေးကိုပုံမှန်ဖြစ်အောင်လုပ်မယ်၊ အမေရိကန်နဲ့ မြန်မာနိုင်ငံသံအမတ်ကြီးတွေ ဖလှယ်ကြမယ်လို့ကြေညာခဲ့ပါတယ်။**

ဟုတ်ပါတယ်။ ကျွန်တော်လည်း သတင်းတွေကြားပါတယ်။ ဒီနေ့ထိတော့ သံအမတ်တစ်ဦးခန့်အပ်လိုက်တယ်ဆိုပြီး မကြေညာသေးပါဘူး။ အနောက်နိုင်ငံတွေက ကျွန်တော်တို့ကို လုပ်စေချင်တဲ့ လိုအပ်ချက်သုံးချက်ရှိပါတယ်။ ပထမ တစ်ချက်က နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့၊ ဒုတိယ တစ်ချက်က ရွေးကောက်ပွဲကျင်းပဖို့၊ တတိယ တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တခြားလူတွေ ကျွန်တော်တို့ရဲ့နိုင်ငံရေးအစီအစဉ်မှာပါဝင်လာဖို့ဆိုပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီသုံးချက်စလုံးကို အောင်မြင်အောင် လုပ်ဆောင်ပြီးပြီလို့ယုံကြည်တယ်။ အနောက်နိုင်ငံတွေကလည်း သူတို့ဘက်က လုပ်စရာရှိတာ လုပ်ပေးဖို့လိုအပ်ပါတယ်။ ခုန ကျွန်တော်ပြောခဲ့တဲ့အချက်သုံးချက်ကို အရေးယူဆောင်ရွက်ရာမှာလည်း တခြားသူတွေက ကျွန်တော်တို့နိုင်ငံအပေါ် ဖိအားပေးနေလို့ လုပ်ခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်ခဲ့တာ ကျွန်တော်တို့ နိုင်ငံအတွက် လိုအပ်တယ်ထင်လို့ လုပ်ခဲ့တာပါ။

**ဒါဟာ ပိတ်ဆို့တားဆီးမှုတွေရဲ့ဖိအားကြောင့် (ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ တွန်းအားဖြစ်လာတာ)မဟုတ်ဘူးလား။ ပိတ်ဆို့တားဆီးမှုတွေက အလုပ်မဖြစ်ဘူးလား။**

ပိတ်ဆို့တားဆီးမှုတွေက ကျွန်တော်တို့ အစိုးရကို ထိခိုက်စေဖို့ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ တကယ်တမ်းကျတော့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားပဲထိခိုက်ခဲ့ပါတယ်။ အရင် အစိုးရကိုလည်း မထိခိုက်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ဆီကို လွှဲပြောင်းပေးနိုင်ဖို့ရာ(အရင်အစိုးရက)လုပ်ငန်းစဉ်တွေ ချမှတ်ခဲ့တာဖြစ်ပါတယ်။

**၂၀၀၄ ခုနှစ်က ချမှတ်ခဲ့တဲ့ အဆင့်ခုနစ်ဆင့် အစီအစဉ်အကြောင်း သမ္မတကြီးပြောနေတာလား။**

ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်နိုင်အောင် အရင် အစိုးရက အချက်ခုနစ်ချက်ပါ အစီအစဉ်ကို ချမှတ်ခဲ့တာဖြစ်ပါတယ်။ သူတို့က လိုအပ်တာတွေကို တစ်ဆင့်ချင်း လုပ်ကိုင်ခဲ့တာပါ။

**ဒီမိုကရေစီကို အကောင်အထည်ဖော်နိုင်ဖို့ သူတို့က အဲဒီအစီအစဉ်ကို ချမှတ်ခဲ့တယ်ပေါ့။**

ဒါဟာ အမှန်ပါပဲ။

**သမ္မတကြီး ဘာဖြစ်လို့ အခုချိန်မှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်နေသလဲလို့ လူတွေက တွေးတောနေကြတယ်။ သမ္မတကြီးရဲ့အဖြေကတော့ ဒါဟာ ဟိုးအချိန်အကြာကြီးကတည်းက စီစဉ်ထားခဲ့ပြီး အဆင့်ဆင့်သွားနေတယ်လို့ပြောချင်တာပေါ့။**

စနစ်တစ်ခုကို ပြောင်းလဲတဲ့အခါမှာ နေ့ချင်းညချင်း ပြောင်းလဲလို့မရပါဘူး။ နေ့ချင်းညချင်း ပြောင်းလဲဖို့ ကြိုးစားခဲ့တဲ့ နိုင်ငံတချို့ယိုယွင်းပျက်စီးသွားခဲ့ကြပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့က အဆင့်ခုနစ်ဆင့်ပါ လမ်းပြမြေပုံကို ရေးဆွဲပြီးတော့ တစ်ဆင့်ချင်း လုပ်ကိုင်သွားတာပါ။ ကျွန်တော်တို့ဟာ ဒီမိုကရေစီစနစ်နဲ့အညီ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဆိုတာ ခင်ဗျားမြင်တွေ့နိုင်ပါတယ်။

**ဒါပေမဲ့ အစိုးရအဖွဲ့ရဲ့ ၂၅ ရာခိုင်နှုန်းကို တပ်မတော်အတွက် လျာထားတယ်ဆိုတာ ဟုတ်ပါသလား။ နောက်ပြီး သမ္မတကြီးကိုယ်တိုင်အပါအဝင် အစိုးရအဖွဲ့ဝင်အများစုဟာ စစ်ဘက်အရာရှိဟောင်းတွေပါ။ ကျွန်မတို့အတွက် ဒီမိုကရေစီဆိုတာ အရပ်ဘက်အစိုးရက စစ်တပ်အပေါ် ဩဇာရှိတယ်လို့ အဓိပ္ပာယ်ရပါတယ်။**

စစ်ဘက်ဟာ အမှုဆောင်အဖွဲ့အစည်း(ဝန်ကြီးအဖွဲ့)မှာ ပါဝင်ပတ်သက်မှုမရှိတော့ပါဘူး။ ခင်ဗျား ကျွန်တော်တို့ ပါလီမန်ကို ကြည့်မယ်ဆိုရင်တောင်မှ လေးပုံတစ်ပုံကို စစ်တပ်အတွက် ဖယ်ထားပါတယ်။ ကျွန်တော်တို့ စစ်ဘက်ကို နောက်ချန်ထားလို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ စစ်ဘက်ရဲ့ ပါဝင်ဆောင်ရွက်မှုကို ကျွန်တော်တို့ လိုအပ်လို့ဖြစ်ပါတယ်။

**အမေရိကန်ရဲ့ အမြင်ကတော့ တောင့်တင်းတဲ့ စစ်ဘက်ရှိရပါမယ်။ ဒါပေမဲ့ အရပ်သားတွေက အာဏာရှိရမယ်လို့ ဖြစ်ပါလိမ့်မယ်။ကျွန်မတို့ရဲ့သမ္မတဟာကျွန်မတို့နိုင်ငံ စစ်ဦးစီးချုပ်ထက်ပိုပြီး ဩဇာအာဏာကြီးပါတယ်။ကျွန်မတို့အတွက်တော့ အဲဒါဟာ ဒီမိုကရေစီဖြစ်ပါတယ်။ ဆိုတော့ ဒီပြုပြင်ပြောင်းလဲရေးအစီအစဉ်ကို သမ္မတကြီး ဘယ်လောက်ထိလုပ်သွားမလဲ။**

ကျွန်တော်တို့ရဲ့ အခြေခံဥပဒေကို လေ့လာနိုင်မယ်လို့ထင်ပါတယ်။ (အဲဒီအခြေခံဥပဒေအရ) ကျွန်တော်တို့ရဲ့ နိုင်ငံမှာလည်း သမ္မတက လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ အကြီးအကဲကိုခန့်အပ်ပါတယ်။

**အမေရိကန်ဟာ သမ္မတကြီးတို့နိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံရဲ့ ဆက်ဆံရေးကို ပူပန်နေပါတယ်။ အထက်လွှတ်တော်အမတ် ရစ်ချက်လူဂါကလည်း မကြာသေးမီကပဲ သမ္မတကြီးတို့ နိုင်ငံဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ အကူအညီနဲ့ နျူကလီးယားအစီအစဉ်တစ်ရပ်လုပ် ဆောင်နိုင်ကောင်း လုပ်ဆောင်နေမယ်လို့ ပြောကြားခဲ့ပါတယ်။ သမ္မတကြီး ဒီအပေါ်မှာ မှတ်ချက်ပေးနိုင်မလား၊ မြောက်ကိုရီးယားနိုင်ငံနဲ့ စစ်ဘက်အဆက်အသွယ်တွေကို ဖြတ်တောက်ဖို့ စိတ်အားထက်သန်ပါသလား။**

ကျွန်တော်တို့မှာ မြောက်ကိုရီးယားနိုင်ငံနဲ့ သံတမန်ရေးဆက်ဆံမှုရှိပါတယ်။ (ဒါပေမဲ့)ကျွန်တော်တို့မှာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး ဒါမှမဟုတ် နျူကလီးယားအစီအစဉ်နဲ့ပတ်သက်တဲ့ ဘယ်လိုဆက်ဆံရေးမျိုးမှ မရှိပါဘူး။ ဒါတွေဟာ စွပ်စွဲချက်တွေပဲဖြစ်ပါတယ်။ နိုင်ငံတကာရေးရာနယ်ပယ်မှာ ကျွန်တော်တို့နိုင်ငံဟာ နျူကလီးယားလက်နက်မပြန့်ပွားရေးအတွက် ရပ်တည်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ကုလသမဂ္ဂဆုံးဖြတ်ချက်တွေကို ကျွန်တော်တို့ အမြဲတမ်းလိုက်နာခဲ့ပါတယ်။ (နျူကိစ္စနဲ့ပတ်သက်တာ)တွေဟာ စွပ်စွဲချက်သက်သေတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့မှာ မြောက်ကိုရီးယားနိုင်ငံနဲ့ ဘယ်လို နျူကလီးယား ဒါမှမဟုတ် လက်နက်ပူးပေါင်းဆောင်ရွက်မှုမျိုးမှမရှိပါဘူး။ မြောက်ကိုရီးယားနိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံအတွက် အကူအညီပေးနိုင်တဲ့အခြေအနေမရှိပါဘူး။ နောက်ပြီး ကျွန်တော်တို့မှာ နျူကလီးယားအစီအစဉ်ကို အကောင်အထည်ဖော်နိုင်တဲ့ ငွေကြေးအင်အားမရှိပါဘူး။

**သမ္မတကြီးတို့နိုင်ငံကိုနိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီက စစ်ဆေးရေးမှူးတွေကို ခွင့်ပြုဖို့ ဆန္ဒရှိပါသလား။**

ကျွန်တော်တို့ဟာ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီရဲ့ ထပ်တိုးထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လက်မှတ်ထိုးဖို့ လုပ်ဆောင်နေပါတယ်။ ဒါကို လေ့လာဖို့လိုအပ်ပါတယ်။ အတည်ပြုပေးဖို့ ကျွန်တော်တို့ လွှတ်တော်ကိုလည်း တင်ပြရပါဦးမယ်။

**အမေရိကန်စာဖတ်သူတွေကို သမ္မတကြီး ပြောချင်တာများရှိပါသေးသလား။**

ကျွန်တော့်ရဲ့သတင်းစကားကတော့ ကျွန်တော်တို့ဟာ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ် ရောက်နေပါပြီ။ လမ်းကြောင်းမှန်ပေါ် ရောက်နေတဲ့အတွက် ကျွန်တော်တို့ ရှေ့ဆက်သွားဖို့ပဲရှိပါတယ်။ နောက်ပြန်လှည့်ဖို့ ရည်ရွယ်ချက်လုံးဝမရှိပါဘူး။ ကျွန်တော်တို့ အစိုးရ တက်လာတာ ကိုးလပဲရှိပါသေးတယ်။ ဒီမိုကရေစီအတွေ့အကြုံနဲ့ အလေ့အကျင့်တွေအတွက်တော့ကျွန်တော်တို့မှာ အတွေ့အကြုံနဲ့ အလေ့အကျင့် အနည်းအကျဉ်းပဲရှိပါသေးတယ်။ နှစ်ပေါင်းတစ်ရာကျော် ဒီမိုကရေစီကျင့်သုံးခဲ့တဲ့ အမေရိကန်လိုနိုင်ငံနဲ့တော့ကျွန်တော်တို့ နှိုင်းယှဉ်နိုင်မယ်လို့ မထင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့ အဓိကလိုအပ်ချက်နှစ်ချက်ရှိပါတယ်။ ပထမ တစ်ချက်က ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုပါ။ ဒုတိယကတော့ ကျွန်တော်တို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်ပါတယ်။(ဒါကြောင့်လည်း)ကျွန်တော်တို့ပြည်သူတွေရဲ့ လူမှုဘဝတိုးတက်လာဖို့အတွက် ကျွန်တော်တို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင်လိုအပ်တာတွေကို ကျွန်တော်တို့ လုပ်ဆောင်နေပါတယ်။ နောက် ကျွန်တော်တို့နိုင်ငံသားသုံးသန်းလောက် တခြားနိုင်ငံတွေမှာ အလုပ်လုပ်နေပါတယ်။ကျွန်တော်တို့နိုင်ငံမှာ ဆင်းရဲနွမ်းပါးမှု ၂၆ ရာခိုင်နှုန်းရှိပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံအပေါ် အနှစ် ၂၀ ကျော်လောက် ပိတ်ဆို့တားဆီးမှုတွေ ချမှတ်ထားလို့ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီရှင်သန်ကြီးထွားလာတာကို ခင်ဗျားတို့ မြင်ချင်တယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအပေါ်မှာ ထားရှိတဲ့ ပိတ်ဆို့တားဆီးမှုတွေကို ဖြေလျှော့ပေးခြင်းဖြင့် အားပေးကူညီဖို့ လိုအပ်တာတွေကို လုပ်ကိုင်သင့်ပါတယ်။

**နိုင်ငံရဲ့စီးပွားရေးကိုတည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင်တချို့လုပ်ငန်းတွေကိုပုဂ္ဂလိကပိုင်ပြုလုပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ပေးဝင်ဖို့ ဆန္ဒရှိပါသလား။**

ကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကိုကြိုဆိုပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ကျွန်တော်တို့ရဲ့ဥပဒေကိုလည်း လိုအပ်တဲ့ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုတွေကိုဖြေလျှော့လိုက်မှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဝင်လာ မှာဖြစ်ပါတယ်။

**ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံ သူတွေက ဥပဒေစိုးမိုးရေးနဲ့ တရားရုံးတွေကိုလည်း တောင်းဆိုကြပါလိမ့်မယ်။**

နိုင်ငံခြားသားတွေ ကျွန်တော်တို့နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ဘယ်လိုအခက်အခဲမျိုးမှရှိတယ်လို့ကျွန်တော်မထင်ပါဘူး။ သူတို့အတွက် တစ်ခုတည်းသောအခက်အခဲက ပိတ်ဆို့တားဆီးမှုတွေပဲဖြစ်ပါတယ်။

**ဒီနိုင်ငံမှာ လွတ်လပ်တဲ့မီဒီယာကို ခွင့်ပြုဖို့ သမ္မတကြီးစိတ်အားထက်သန်ပါသလား။ ၁၉၆၂ ခု နှစ် မီဒီယာဥပဒေကို ဖျက်သိမ်း၊ နေ့စဉ်သတင်းစာတွေ ပုံနှိပ်ခွင့်ပြုပြီး မီဒီယာကို ပုဂ္ဂလိကပိုင်ဆိုင်ခွင့်ပြုဖို့ ရော ရှိပါသလား။**

မီဒီယာလွတ်လပ်ခွင့်နဲ့ပတ်သက်ရင် အရင်ကနဲ့ မတူတော့ဘူးဆိုတာ ခင်ဗျားတွေ့နိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ နေ့စဉ် ဂျာနယ်တွေ ထုတ်ဝေနေပါတယ်။ (မီဒီယာကလည်း) စာစောင်ထဲမှာ လွတ်လွတ်လပ်လပ်ရေးသားဖော်ပြနိုင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့မှာ ဒီမိုကရေစီအလေ့အကျင့်တွေ လိုအပ်ပါသေးတယ်။ မီဒီယာကတာဝန်ယူပြီး လုပ်သင့်တာတွေ လုပ်ဖို့ လိုအပ်ပါတယ်။ မီဒီယာလွတ်လပ်မှုဟာ သူတို့ တာဝန်ခံနိုင်တဲ့အပေါ်မှာ အခြေတည်ပါလိမ့်မယ်။

*—Ref: The Washinton Post*